## ဒသမတန်းမြန်မာစာ

## ဆရာလမ်းညွှန်အမှာစာ

အထက်တန်းအဆင့် မြန်မာစာသင်ရိုးဘာသာရပ်ကို အောက်ပါရည်ရွယ်ချက်များအရ သင်ကြားခြင်းဖြစ်ပါသည်။

၁။ မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန်

၂။ မြန်မာဘာသာစကားကို အသုံးချဘာသာစကားအဖြစ်လည်းကောင်း၊ မြန်မာစာအရေးအသားကို အသုံးချ မြန်မာစာအဖြစ်လည်းကောင်း လက်တွေ့ဘဝတွင် ထိရောက်စွာ အသုံးပြုနိုင်စေရန်

၃။ စကားပြောပုံသဏ္ဌာန်အမျိုးမျိုး၊ စာအရေးပုံသဏ္ဌာန်အမျိုးမျိုးတို့ကို ကွဲပြားစွာ သိရှိနားလည်ပြီး အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေ အသုံးပြုတတ်စေရန်

၄။ သုတရသစာပေ၏ သဘောသဘာဝနှင့်အာနိသင်ကို သိရှိနားလည်ခံစားတတ်စေပြီး လက်တွေ့ဘဝအတွက် အထောက်အကူဖြစ်စေရန်

၅။ မြန်မာစာပေ၏ အစဉ်အလာနှင့် ဖွံ့ဖြိုးတိုးတက်မှုကို သိရှိလာစေရန်

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိက အပိုင်း ၃ ပိုင်း ပါရှိသည်။

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom’s Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

(က) **ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း** – ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိက အချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- ❖ သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ❖ ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ❖ ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ❖ ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ❖ ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ** – ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ❖ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ
- ❖ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ သင်ကြားနည်းပညာ
- ❖ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (feedback) များကို အပြန်အလှန်ပေးကြသည်။ ⇨ စစ်ဆေးအကဲဖြတ်ခြင်း

**သင်ယူမှုရလဒ်များ (Learning Outcomes) –** သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

(ဂ) **ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)-** အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

(ဃ) **သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ–** ဆရာသည်သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**<u>သင်ခန်းစာအစတွင်</u>** –

❖ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။

❖ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်း မည်နည်း။

❖ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။

❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများ သည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>သင်ခန်းစာအလယ်တွင်</u>–

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

<u>သင်ခန်းစာအဆုံးတွင်</u>–

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ် စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည် မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမို ကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)-** လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝ

ခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှုများမှာ-

❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**- အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group Work)**- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။

❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)**- နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။

❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)**- ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။

❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)**- အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။

❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship)** - ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို မြှင့်တင်ပြခြင်း**– သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁)  **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

❖ **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

❖ **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)** – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုသာ ဆရာက ကျောင်းသားများ၏ သင်ယူမှု တိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန် စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

(၂) **စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

❖ **လေ့လာကြည့်ရှုခြင်း(Observation)** – လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

❖ **မေးခွန်းများမေးခြင်း(Questioning)** – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘာလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

❖ **ကျောင်းသားများ၏သင်ယူမှုဂျာနယ်(Student Learning Journal)**– ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့်သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်းအရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသားဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့် များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)**– အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြား ခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသား

ကောင်းများ မွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

❖ အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည် အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

❖ နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှား ဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည်ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင်နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

❖ ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့် မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကိုအားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသားအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(ဈ) သင်ရိုးမာတိကာ (Syllabus) နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan) –** ဒသမတန်း၊ မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် **(Year Plan)** နှင့် သင်ခန်းစာခေါင်းစဉ် အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့်ဖော်ပြထားသည်။

# ဒသမတန်း(Grade-10)၊ မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ်<br>(Strand) | သင်ယူမှု ရည်ရွယ်ချက်များ<br>(Learning Objectives) | သင်ယူမှုရလဒ်များ<br>(Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ<br>(Achievement Indicators) |
|---|---|---|---|
| အဖတ်အရွတ် စွမ်းရည် (အသုံးချ ဘာသာစကား) သဒ္ဒါအသုံးမှန်နှင့် အရေးအသား တည်ဆောက်ခြင်း | ❖ မိမိဖတ်ရှု ကြားသိသမျှသော အကြောင်းအရာများမှ သဒ္ဒါအသုံး မှားများနှင့် အဓိပ္ပာယ်အသုံးမှား များကို ဆန်းစစ်တွေ့ရှိ လာရန် | ❖ မိမိဖတ်ရှု ကြားသိသမျှသော အကြောင်းအရာများမှ သဒ္ဒါအသုံး မှားများနှင့် အဓိပ္ပာယ်အသုံးမှား များကို ဆန်းစစ်တွေ့ရှိ လာမည်။ | ❖ ဝါကျများ၊ စာပိုဒ်များတွင် ပါဝင် သော နာမ်စကားလုံး များ၊ ကြိယာစကားလုံး များ၊ အထူးပြု စကားလုံးများ၊ အဆက်ပစ္စည်းများကို သူ့နေရာနှင့် သူ အနေအထား မှန်ကန်စွာ ပြေပြေပြစ်ပြစ် ရွတ်ဆိုတတ်ခြင်း |
| အဖတ်အရွတ် စွမ်းရည် (စာပေ) ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် | ❖ သုတစကားပြေများမှ သုတအသိများ ကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့ အသုံးချတတ်ရန်<br>❖ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘော လူ့သဘာဝများကို သတိပြုမိ၍လက်တွေ့ ဘဝတွင်ဆန်းစစ် သုံးသပ်တတ်ရန်<br>❖ ရသစာပေကို နှစ်ခြိုက်စွာ ဖတ်ရှု၊ ကြားနာရသော အတွေ့အကြုံ ခိုင်မာလာပြီး ရှင်းပြတတ်ရန် | ❖ သုတစကားပြေများမှ သုတအသိများ ကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့ အသုံးချတတ်လာမည်။<br>❖ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘောလူ့သဘာဝ များကို သတိပြုမိ၍ လက်တွေ့ဘဝတွင် ဆန်းစစ် သုံးသပ်တတ် လာမည်။<br>❖ ရသစာပေကို နှစ်ခြိုက်စွာ ဖတ်ရှု၊ ကြားနာရသော အတွေ့အကြုံ ခိုင်မာ လာပြီး ရှင်းပြတတ် လာမည်။ | ❖ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်တို့၏ သဘောသဘာဝကို သိရှိပြီး အသံနေ အသံထားဖြင့် အဖြတ်အရပ် မှန်မှန် ဖတ်ကြားနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အဖတ်အရွတ် စွမ်းရည် (စာပေ) ကဗျာ | ❖ ကဗျာကပေးသော ရသကို ကောင်းစွာ ခံစားတတ်၍ ရှင်းပြတတ်လာရန်<br>❖ ကဗျာ အမျိုးမျိုးမှ ကာရန် သဘောကို ခွဲခြားနားလည်၍ ရှင်းပြတတ်လာရန် | ❖ ကဗျာကပေးသော ရသကို ကောင်းစွာ ခံစားတတ်၍ ရှင်းပြတတ်လာမည်။<br>❖ ကဗျာ အမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်၍ ရှင်းပြတတ်လာမည်။ | ❖ ကဗျာ၏ သဘော သဘာဝကို သိရှိပြီး အသံနေ အသံထား ဖြင့် အဖြတ်အရပ် မှန်မှန် ဖတ်ကြား နိုင်ခြင်း |
| အရေးစွမ်းရည် (အသုံးချ ဘာသာစကား) သဒ္ဒါအသုံးမှန်နှင့် အရေးအသား တည်ဆောက်ခြင်း | ❖ သဒ္ဒါအသုံး၊ အဓိပ္ပာယ်အသုံး အမှား၊ အမှန် လေ့ကျင့်ခန်းများမှ တစ်ဆင့် အသုံး မှန်ကန်စွာ ရေးသားတတ်ရန် | ❖ သဒ္ဒါအသုံး၊ အဓိပ္ပာယ်အသုံး အမှား၊ အမှန် လေ့ကျင့်ခန်းများမှ တစ်ဆင့်အသုံးမှန်ကန်စွာ ရေးသားတတ်လာမည်။ | ❖ ဝါကျများ၊ စာပိုဒ်များ တွင် ပါဝင်သော နာမ် စကားလုံးများ၊ ကြိယာစကားလုံးများ၊ အထူးပြုစကားလုံးများ၊ ဝိဘတ်များ၊ ပစ္စည်းများ၊ သမ္ဗန္ဓများကို သူ့နေရာ နှင့်သူ အနေအထား မှန်ကန်စွာ ပြေပြေ ပြစ်ပြစ် ရေးသား တတ်ခြင်း |
| အရေးစွမ်းရည် (အသုံးချ ဘာသာစကား) စကားပုံ၊ စကားထာ၊ စကားလိမ်၊ ဆိုရိုးစကား | ❖ သင်ခန်းစာတွင် ပါဝင်သော စကားပုံ၊ စကားထာ၊ စကားလိမ်၊ ဆိုရိုးစကားတို့ကို မိမိရေးသော အကြောင်းအရာ များတွင် ထည့်သွင်း ရေးသားတတ်သော အလေ့အကျင့်ရရန် | ❖ သင်ခန်းစာတွင် ပါဝင်သော စကားပုံ၊ စကားထာ၊ စကားလိမ်၊ ဆိုရိုးစကားတို့ကို မိမိရေးသော အကြောင်းအရာများတွင် ထည့်သွင်းရေးသားတတ် သော အလေ့အကျင့် ရလာမည်။ | ❖ စကားပုံများ၊ စကားထာများ၊ စကားလိမ်များ၊ ဆိုရိုးစကားများ၏ သဘောသဘာဝကို သိရှိပြီး အဖြတ် အရပ်မှန်မှန် ရေးသား တတ်ခြင်း |

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| အရေးစွမ်းရည် (စာပေ) ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် | ❖ သုတစကားပြေများမှ အချက်အလက်များကို ထုတ်၍ ပြန်လည်စီစဉ် ရေးသားရသော အလေ့အကျင့် ရလာရန်<br>❖ ရသစကားပြေများမှ ရသမြောက် အရေးအသားများကို အတုယူ၍ ပြန်လည် ရေးသားသည့် အလေ့ အကျင့်ရရန် | ❖ သုတစကားပြေများမှ အချက်အလက်များကို ထုတ်၍ ပြန်လည်စီစဉ် ရေးသားရသော အလေ့ အကျင့်ရလာမည်။<br>❖ ရသစကားပြေများမှ ရသမြောက် အရေးအသားများကို အတုယူ၍ ပြန်လည် ရေးသားသည့် အလေ့အကျင့်ရလာမည်။ | ❖ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် တို့၏ သဘော သဘာဝကိုသိရှိပြီး လက်တွေ့ရေးသား နိုင်ခြင်း |
| အရေးစွမ်းရည် (စာပေ) ကဗျာ | ❖ ကဗျာပုံစံ အမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်လာရန်<br>❖ ကဗျာ၏ ရသနှင့် ဆိုလိုရင်းကို မှန်မှန် ကန်ကန် ရှင်းလင်းစွာ ရေးသားတတ်ရန် | ❖ ကဗျာပုံစံ အမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်လာမည်။<br>❖ ကဗျာ၏ ရသနှင့် ဆိုလိုရင်းကို မှန်မှန်ကန်ကန် ရှင်းလင်းစွာ ရေးသား တတ်လာမည်။ | ❖ ကဗျာ၏ သဘော သဘာဝကိုသိရှိပြီး လက်တွေ့ရေးဖွဲ့ နိုင်ခြင်း |
| အပြောစွမ်းရည် (အသုံးချ ဘာသာ စကား) သဒ္ဒါ အသုံးမှန်နှင့် အရေးအသား တည်ဆောက်ခြင်း | ❖ နေ့စဉ်သုံး ပြောစကား များမှ သဒ္ဒါအသုံး အမှားများနှင့် အဓိပ္ပာယ် အသုံး အမှားများကို ဆန်းစစ်တွေ့ရှိလာရန်<br>❖ သဒ္ဒါအသုံး အဓိပ္ပာယ် အသုံးများ မှန်ကန်စွာ ပြောတတ်ရန် | ❖ နေ့စဉ်သုံးပြောစကား များမှ သဒ္ဒါအသုံး အမှား များနှင့် အဓိပ္ပာယ် အသုံးအမှားများကို ဆန်းစစ်တွေ့ရှိလာမည်။<br>❖ သဒ္ဒါအသုံး အဓိပ္ပာယ် အသုံးများ မှန်ကန်စွာ ပြောတတ်လာမည်။ | ❖ ဝါကျများ၊ စာပိုဒ်များတွင် ပါဝင်သော နာမ် စကားလုံးများ၊ ကြိယာစကားလုံးများ၊ အထူးပြုစကားလုံးများ၊ ဝိဘတ်များ၊ ပစ္စည်းများ၊ သမ္ဗန္ဓများကို သူ့နေရာနှင့် သူ အနေအထား မှန်ကန်စွာ အသုံးပြု ပြောဆိုနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အပြောစွမ်းရည် (စာပေ) ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် | ❖ သုတစကားပြေများမှ အချက် အလက်များ နှင့် ရသစကားပြေ များမှ ရသမြောက် အရေးအသားများကို အတုယူ၍ အချက် ကျကျ နှစ်သက်ဖွယ် ဖြစ်အောင် ဆွေးနွေး ပြောဆိုသော အလေ့အကျင့်ရရန်<br>❖ ဝတ္ထုနှင့် ပြဇာတ် များတွင် ပါဝင်သော အချီအချ စကားပြော များကို အတုယူ၍ အချက်ကျကျဆွေးနွေး ပြောဆိုသော အလေ့အကျင့်ရရန်<br>❖ စကားပြောများကို လေ့ကျင့်ခြင်းဖြင့် အသံထွက်အမှားများ ကို သိရှိရန် | ❖ သုတစကားပြေများမှ အချက် အလက်များနှင့် ရသစကားပြေများမှ ရသမြောက် အရေးအသားများကို အတုယူ၍ အချက်ကျကျ နှစ်သက်ဖွယ် ဖြစ်အောင် ဆွေးနွေးပြောဆိုသော အလေ့အကျင့် ရလာမည်။<br>❖ ဝတ္ထုနှင့် ပြဇာတ်များတွင် ပါဝင်သော အချီအချ စကားပြောများကို အတုယူ၍ အချက်ကျကျ ဆွေးနွေးပြောဆိုသော အလေ့အကျင့်ရလာမည်။<br>❖ စကားပြောများကို လေ့ကျင့်ခြင်းဖြင့် အသံထွက်အမှားများကို သိလာမည်။ | ❖ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်တို့၏ သဘောသဘာဝကို သိရှိပြီး လက်တွေ့ ပြောနိုင်ခြင်း |
| အပြောစွမ်းရည် (စာပေ) ကဗျာ | ❖ ကဗျာပုံစံ အမျိုးမျိုး အလိုက် အသံ ကွဲပြားပုံကို သိ၍ အသံမှန်အောင် ရွတ်ဆို တတ်လာရန်<br>❖ ကဗျာရွတ်၍ အဓိပ္ပာယ်ကို ရှင်းပြတတ်ရန် | ❖ ကဗျာပုံစံ အမျိုးမျိုး အလိုက် အသံကွဲ ပြားပုံကို သိ၍ အသံမှန်အောင် ရွတ်ဆို တတ်လာမည်။<br>❖ ကဗျာရွတ်၍ အဓိပ္ပာယ်ကို ရှင်းပြတတ်လာမည်။ | ❖ ကဗျာ၏ သဘောသဘာဝကို သိရှိပြီး လက်တွေ့ ပြောနိုင်ခြင်း |

## စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၃ | ယောမင်းကြီးစိတ်ဓာတ် | ❖ အကြောင်းအရာကိုရှင်းပြခြင်း<br>❖ အရေးအသားကို လေ့လာခြင်း<br>❖ အလင်္ကာနှင့်ရသကို ဖော်ထုတ်ခြင်း |
| | ၂ | အလင်္ကာ | ❖ အလင်္ကာသဘောကိုရှင်းပြခြင်း<br>❖ ဥပမာအလင်္ကာအကြောင်းကိုရှင်းပြခြင်း၊ သင်ကြားခြင်း |
| ၂ | ၄ | အလင်္ကာ | ❖ ရူပကအလင်္ကာအကြောင်းရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ ဝက်ဝုတ္တိအလင်္ကာအကြောင်းရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ အတိသယဝုတ္တိအလင်္ကာနှင့် မြည်သံစွဲအလင်္ကာတို့၏ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း |
| | ၁ | စကားပြောခြင်း | ❖ စကားပြောသည့်ပုံစံအမျိုးမျိုးမိတ်ဆက်ခြင်း |
| ၃ | ၂ | စကားပြောခြင်း | ❖ တစ်ဦးတည်း၊ တစ်ဦးက တစ်ဦး၊ တစ်ဦးက အများကို ပြောသည့်စကားပုံစံများ<br>❖ အများက တစ်ဦးကို၊ အများက အများကိုပြောသည့် စကားပုံစံများ |
| | ၃ | သီကုံးပန်းသွင်<br>နေ့တိုင်းဆင် | ❖ ကဗျာအကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုရှင်းပြခြင်း<br>❖ အက္ခရာရှစ်လုံး၏ အဓိပ္ပာယ်ကို ရှင်းပြသင်ကြားခြင်း<br>❖ အလင်္ကာနှင့် ရသကိုဖော်ထုတ်ခြင်း |
| ၄ | ၅ | ရသ | ❖ ရသကိုးပါးကို ရှင်းပြခြင်း၊သင်ကြားခြင်း<br>❖ သိင်္ဂါရရသအကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ ကရုဏာရသနှင့် ဘယာနကရသ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ ဝိဘစ္ဆရသ၊ ရုဒ္ဒရသနှင့်ဝီရရသ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ အဗ္ဘုတရသ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၅ | ၃ | ဝီရိယနှစ်မျိုး | ❖ ဝီရိယနှစ်မျိုး အကြောင်းကို ရှင်းပြခြင်း<br>❖ ဆောင်းပါးအရေးအသားကို လေ့လာခြင်း<br>❖ ဗဟုသုတများကိုဖော်ထုတ်ခြင်း |
| | ၂ | နှမထွေး မယ့်ကိုလိုလျှင် | ❖ ကဗျာအကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုရှင်းပြခြင်း<br>❖ ကဗျာ၏ပရိယာယ်ကို ရှင်းပြခြင်း |
| ၆ | ၁ | နှမထွေး မယ့်ကိုလိုလျှင် | ❖ ကဗျာစာသားများကိုစကားပြေပြန်၍ ရသခံစားခြင်း |
| | ၃ | ရေးတော့အမှန်<br>ဖတ်တော့အသံ | ❖ အသံနှစ်သံကိုတစ်ဆက်တည်းရွတ်ဆိုသောကြောင့် အသံပြောင်းခြင်း<br>❖ အသံခြား၍ရွတ်ခြင်းကြောင့် အသံပြောင်းခြင်း<br>❖ အသံတူနှစ်လုံးဆင့်၍ရွတ်ဆိုသောကြောင့် အသံပြောင်းခြင်း |
| | ၁ | စာဖတ်ခြင်းအလေ့ | ❖ အကြောင်းအရာကို ဖွင့်ဆိုရှင်းပြခြင်း |
| ၇ | ၂ | စာဖတ်ခြင်းအလေ့ | ❖ ဆောင်းပါးအရေးအသားကိုလေ့လာခြင်း<br>❖ အသိအမြင်များကိုဖော်ထုတ်ခြင်း |
| | ၃ | ဝသန်ကာလ<br>မိုးကျတည့်လျှင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုရှင်းပြခြင်း<br>❖ ကဗျာစာသားအချို့ကို စကားပြေပြန်ဆိုခြင်း<br>❖ ရသခံစားခြင်း |
| ၈ | ၅ | ပထမနှစ်ဝက်စာမေးပွဲ | |
| ၉ | ၃ | ယောက်ျားအမှန် | ❖ ဝတ္ထုဇာတ်လမ်းကိုရှင်းပြခြင်း<br>❖ ဝတ္ထု၏ရည်ရွယ်ချက်နှင့်အသိအမြင်များကို ဖော်ထုတ်ခြင်း<br>❖ ဝတ္ထုဇာတ်လမ်းကိုလေ့လာခြင်း |
| | ၂ | လက်ဆောင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုဖွင့်ဆိုရှင်းပြခြင်း<br>❖ ကဗျာဖတ်ရသည့်ခံစားချက်ကို တင်ပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၀ | ၁ | လက်ဆောင် | ❖ ကဗျာ့အကြောင်းအရာမှ ရသကိုခံစားခြင်း |
| | ၃ | ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့် ပညာရေးအမြင် | ❖ ပညာ၏သဘောတရားများရှင်းပြခြင်း<br>❖ ဗိုလ်ချုပ်၏ပညာရေးအမြင်များကို လေ့လာခြင်း<br>❖ စကားပြေအရေးအသားကို လေ့လာခြင်း |
| | ၁ | ဗုံတော်သား | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုဖွင့်ဆိုရှင်းပြခြင်း |
| ၁၁ | ၂ | ဗုံတော်သား | ❖ လယ်သမားဘဝ သရုပ်ဖော်အရေးအသားကို လေ့လာခြင်း<br>❖ မိမိ၏ခံစားချက်များကို တင်ပြခြင်း |
| | ၃ | သဒ္ဒါအသုံးအနှုန်း မှန်ကန်ခြင်း | ❖ သဒ္ဒါအသုံးအနှုန်း မှန်မှန်ကန်ကန်သုံးတတ်ရန် သင်ကြားပေးခြင်း<br>❖ ကို နှင့် အား၊ အနက် နှင့် တွင်၊ သည် နှင့် မှာ အသုံးတို့ကို သင်ကြားခြင်း<br>❖ နည်းတူ နှင့် ကဲ့သို့၊ စသော နှင့် ဟူသော အသုံးတို့ကို သင်ကြားခြင်း |
| ၁၂ | ၂ | သဒ္ဒါအသုံးအနှုန်း မှန်ကန်ခြင်း | ❖ မျှ နှင့် မဆို၊ ၍ နှင့် လျက် အသုံးတို့ကို သင်ကြားခြင်း<br>❖ တို့ များ၊ တွေ နှင့် ဖြစ်စေ. . ဖြစ်စေ၊ သော်လည်းကောင်း. . သော်လည်းကောင်း အသုံးတို့ကို သင်ကြားခြင်း |
| | ၃ | အိမ်သူအိမ်သားကောင်း၏ အရည်အချင်းများ | ❖ အိမ်သူအိမ်သားကောင်း၏အရည်အချင်းကို ဖော်ထုတ်ကြည့်ခြင်း<br>❖ ဗဟုသုတများကိုဖော်ထုတ်ခြင်း<br>❖ အရေးအသားကို လေ့လာခြင်း |
| ၁၃ | ၃ | အင်းလယ်ကန်ရွှေကြာပန်း | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုဖွင့်ဆိုရှင်းပြခြင်း<br>❖ မယ်နှင့် မောင်တို့၏ဖြတ်ထိုးဉာဏ်ကို လေ့လာကြည့်ခြင်း<br>❖ ရသကို ခံစားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၂ | ပုံပြင် | ❖ ပုံပြင်ပြောနည်းကို သင်ကြားခြင်း<br>❖ ပုံပြင်တစ်ပုဒ်ကိုလက်တွေ့ပြောစေခြင်း |
| ၁၄ | ၃ | ပုံပြင်လက်တွေ့ | ❖ ပုံပြင်တစ်ပုဒ်ဖြစ်အောင် အဖွဲ့လိုက်ပြောစေခြင်း<br>❖ ပုံပြင်တစ်ပုဒ်ကို တစ်ဦးချင်းပြောစေခြင်း<br>❖ ပုံပြင်တစ်ပုဒ်ကို လက်တွေ့သရုပ်ဆောင်၍ပြောစေခြင်း |
| | ၂ | ကျပန်းစကား | ❖ ကျပန်းစကားပြောရာတွင် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကိုရှင်းပြခြင်း<br>❖ လက်တွေ့ပြောစေခြင်း |
| ၁၅ | ၃ | ပြည်သူပြည်သားတာဝန် | ❖ စကားပြေအကြောင်းအရာကိုရှင်းပြခြင်း<br>❖ ပြည်သူပြည်သားကောင်း၏တာဝန် ၄ ရပ်ကိုရှင်းပြခြင်း<br>❖ အသိအမြင်များကိုဖော်ထုတ်ကြည့်ခြင်း |
| | ၂ | ရေဒီယိုအသံလွှင့်ချက် | ❖ အသံလွှင့်နည်းကို သင်ကြားခြင်း<br>❖ လက်တွေ့ပြောစေခြင်း |
| ၁၆ | ၃ | ပတ္တမြားရှေ့ဂူ | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ဥပမာအလင်္ကာများကို ထုတ်နုတ်သင်ကြားခြင်း<br>❖ ကဗျာပါအလင်္ကာများကို ဖော်ထုတ်ကြည့်ခြင်း |
| | ၂ | ဟောပြောချက် | ❖ ဟောပြောနည်းကိုသင်ကြားခြင်း<br>❖ လက်တွေ့ဟောပြောစေခြင်း |
| ၁၇ | ၃ | စကားပြောရာတွင် ရှောင်ကြဉ်သင့်သည်များ | ❖ ရှောင်ကြဉ်ပြောဆိုရမည့် စကားများအကြောင်း ရှင်းပြခြင်း<br>❖ ကျောင်းသားများကို အုပ်စုဖွဲ့လေ့ကျင့်ပေးခြင်း<br>❖ စည်းကမ်းချက်များနှင့်အညီ စကားပြောစေခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၂ | စာပေအင်တာဗျူး | ❖ လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကိုရှင်းပြခြင်း<br>❖ လက်တွေ့အင်တာဗျူးခြင်း |
| ၁၈ | ၂ | နားထောင်သောအလေ့ | ❖ စကားပြောရာတွင် နားထောင်တတ်သည့်အလေ့ရှိရန် သင်ကြားပေးခြင်း<br>❖ လိုက်နာသင့်သည့်အချက်များနှင့် ရှောင်ကြဉ်သင့်သည့် အချက်များကို ရှင်းပြခြင်း |
| | ၃ | လှိုင်းကလေးသင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ထူးခြားသောစကားအသုံးအနှုန်းများကို ထုတ်နုတ်ခြင်း<br>❖ အဓိပ္ပာယ်ပြန်တတ်ရန် သင်ကြားခြင်း |
| ၁၉ | ၅ | စာလုံးပေါင်းသတ်ပုံ မှန်ကန်ခြင်း | ❖ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးသည် အဓိကအချက်ဖြစ်ကြောင်းသင်ကြားခြင်း<br>❖ မှားတတ်သောအသတ်များအကြောင်း သင်ကြားခြင်း<br>❖ မှားတတ်သောဆင်တူရိုးမှား စာလုံးပေါင်းသတ်ပုံများ အကြောင်းရှင်းပြခြင်း<br>❖ အသံနှင့်အရေးရောထွေးတတ်သော စာလုံးပေါင်း သတ်ပုံများအကြောင်း ရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း |
| ၂၀ | ၅ | ပထမနှစ်ဝက် အခန်းဆုံးစစ်ဆေး | |
| ၂၁ | ၂ | ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ် | ❖ စကားပြောဆိုရာတွင်လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းပြခြင်း<br>❖ စည်းကမ်းချက်များနှင့်အညီ လက်တွေ့ပြောစေခြင်း |
| | ၃ | ပေးစာ (အရေးသင်ခန်းစာ) | ❖ ပေးစာပုံစံအမျိုးမျိုးအကြောင်း ရှင်းပြခြင်း<br>❖ ပေးစာအင်္ဂါရပ်များအကြောင်း ရှင်းပြခြင်း<br>❖ ပေးစာရေးနည်း လေ့ကျင့်သင်ကြားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၂ | ၂ | ပေးစာ<br>(အပြောသင်ခန်းစာ) | ❖ ပေးစာတစ်စောင်ဖတ်ရမည့်ပုံကို သင်ကြားခြင်း<br>❖ ပေးစာတစ်စောင်ကို လက်တွေ့ဖတ်ခြင်း |
| | ၃ | ဂီတစာဆို<br>လှိုင်ထိပ်ခေါင်တင် | ❖ လှိုင်ထိပ်ခေါင်တင်၏ဘဝဖြစ်စဉ်ကို ရှင်းပြခြင်း<br>❖ အရေးအသားလေ့လာခြင်း<br>❖ ရသခံစားခြင်း |
| ၂၃ | ၂ | ဆောင်းပါး | ❖ ဆောင်းပါးတစ်စောင်ဖတ်ရမည့်ပုံကို သင်ကြားခြင်း<br>❖ ဆောင်းပါးတစ်စောင်ကို လက်တွေ့ဖတ်ခြင်း |
| | ၃ | အင်တာဗျူးလက်တွေ့ | ❖ နေ့စဉ်လုပ်ငန်းတစ်ခုကို အင်တာဗျူးစေခြင်း<br>❖ စာမေးပွဲအတွေ့အကြုံကို အင်တာဗျူးစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို အင်တာဗျူးစေခြင်း |
| ၂၄ | ၃ | အိုးစည်သံ | ❖ အကြောင်းအရာကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ရသစာတမ်းအရေးအသားကို လေ့လာခြင်း<br>❖ အလင်္ကာနှင့်ရသကို ဖော်ထုတ်ခြင်း |
| | ၂ | လူ့မနော | ❖ ဇာတ်လမ်းနှင့် ဇာတ်ဆောင်စရိုက်ကိုလေ့လာခြင်း<br>❖ လူ့သဘောလူ့သဘာဝကိုဖော်ထုတ်ခြင်း |
| ၂၅ | ၁ | လူ့မနော | ❖ ရည်ရွယ်ချက်နှင့် ဘဝအသိအမြင်ကိုလေ့လာခြင်း |
| | ၂ | အသံလွှင့်ချက်လက်တွေ့ | ❖ ကျန်းမာရေးနှင့်ပတ်သက်သည့်အသံလွှင့်ချက်တစ်ခုကို လက်တွေ့ပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို အသံလွှင့်စေခြင်း |
| | ၂ | ဟောပြောချက်လက်တွေ့ | ❖ ရိုးရာဓလေ့ဟူသည့်ခေါင်းစဉ်ဖြင့် ဟောပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို ဟောပြောစေခြင်း |
| ၂၆ | ၃ | သပြေညို | ❖ အကြောင်းအရာနှင့်အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ နောက်ခံအချက်အလက်များ ရှင်းပြခြင်း<br>❖ ကဗျာအဓိပ္ပာယ်ဖွင့်ဆိုခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
| --- | --- | --- | --- |
| | ၂ | စကားဝိုင်း | ❖ လိုက်နာရမည့်စည်းကမ်းများကို ရှင်းပြခြင်း<br>❖ စကားဝိုင်းဖွဲ့ပြောဆိုခြင်း |
| ၂၇ | ၃ | စလုံးနှင့် ဆလိမ်ပြဿနာ | ❖ အသံများလျှင် အနက်များကြောင်း ရှင်းပြခြင်း<br>❖ စ သံ နှင့် ဆ သံပါသည့် ဝေါဟာရများကို ရွတ်ဆိုခြင်း<br>❖ လက်တွေ့ရွတ်ဆိုလေ့ကျင့်ခြင်း |
| | ၂ | အလွမ်းပြေစာတစ်စောင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ကဗျာမှ အမေ့အကြောင်းကိုလေ့လာခြင်း<br>❖ ကဗျာမှပေးသည့် ခံစားချက်များကို ဖော်ထုတ်ခြင်း |
| ၂၈ | ၅ | ဒုတိယနှစ်ဝက် စာမေးပွဲ | |
| ၂၉ | ၁ | အလွမ်းပြေစာတစ်စောင် | ❖ ကဗျာ့အသံကို လေ့လာခြင်း |
| | ၄ | ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း | ❖ ဝါကျရိုး ဖွဲ့စည်းပုံ ၁၁ နည်းကို ရှင်းပြခြင်း<br>❖ ဝါကျရောအကြောင်း ရှင်းပြခြင်း<br>❖ ကတ္တားအထားအသိုနှင့် ကံအထားအသိုကိုရှင်းပြခြင်း<br>❖ နာမ်နှင့် နာမ်အထူးပြုအထားအသိုကို ရှင်းပြခြင်း |
| ၃၀ | ၁ | ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း | ❖ ကြိယာအထူးပြုအထားအသိုကို ရှင်းပြခြင်း |
| | ၄ | ဝါကျဖွဲ့ထုံးလေ့ကျင့်ခန်းများ | ❖ (၁) ကတ္တားအထားအသို (၂) ကံအထားအသို<br>(၃) နာမ်အထားအသို (၄) နာမ်အထူးပြုနှင့်<br>ကြိယာအထူးပြုအထားအသိုတို့ကိုရှင်းပြခြင်း |
| ၃၁ | ၂ | အချီအချစကား<br>(ဝတ္ထု) | ❖ အချီအချစကားပြောနည်းအကြောင်းကို ရှင်းပြခြင်း<br>❖ ဝတ္ထု၏အချီအချပြောနည်းကို သင်ကြားခြင်း |
| | ၂ | အချီအချစကား<br>(ပြဇာတ်) | ❖ အချီအချစကားပြောနည်းကိုရှင်းပြခြင်း<br>❖ ပြဇာတ်၏အချီအချပြောနည်းကို သင်ကြားခြင်း |
| | ၁ | အချီအချလက်တွေ့ | ❖ အချီအချစကားတစ်ခုကို လက်တွေ့ပြောစေခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၂ | ၃ | နေ့စဉ်မှတ်တမ်း | ❖ နေ့စဉ်မှတ်တမ်း၏ သဘောသဘာဝနှင့် ပါဝင်သည့် အင်္ဂါရပ်များအကြောင်းကို ရှင်းပြခြင်း<br>❖ လိုက်နာသင့်သည့် အခြေခံအချက်များကိုရှင်းပြခြင်း<br>❖ နေ့စဉ်မှတ်တမ်းတစ်စောင်ကို သဘောသဘာဝ၊ အင်္ဂါရပ်များနှင့် ချိန်ထိုးသင်ကြားခြင်း |
| | ၂ | တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံ သတိပြုရန် | ❖ တ သံ နှင့် သ သံ ကို မှန်မှန်ကန်ကန်ရွတ်တတ်စေရန် လေ့ကျင့်ခြင်း<br>❖ အက် သံနှင့် အတ် သံ ကို မှန်မှန်ကန်ကန်ရွတ် တတ်စေရန် လေ့ကျင့်ခြင်း |
| ၃၃ | ၅ | ကျပန်းစကား လက်တွေ့ | ❖ အဆိုတော်ဖြစ်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကားပြော စေခြင်း<br>❖ ကျောင်းဆရာဖြစ်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကားပြော စေခြင်း<br>❖ ရုပ်ရှင်ဒါရိုက်တာဖြစ်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကား ပြောစေခြင်း<br>❖ သိန်းထီကြီးပေါက်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကား ပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်ကို ကျပန်းစကားပြောစေခြင်း |
| ၃၄ | ၃ | စကားဝိုင်း လက်တွေ့ | ❖ ဘုရားဖူးသွားခြင်းအတွေ့အကြုံကို ဝိုင်းဖွဲ့ပြောစေခြင်း<br>❖ ပရဟိတအတွေ့အကြုံကို ဝိုင်းဖွဲ့ပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို ဝိုင်းဖွဲ့ပြောစေခြင်း |
| | ၁ | နေ့စဉ်မှတ်တမ်း လက်တွေ့ | ❖ တစ်ပတ်စာနေ့စဉ်မှတ်တမ်းရေးစေခြင်း |
| | ၁ | ပေးစာ လက်တွေ့ | ❖ သူငယ်ချင်းထံပေးစာရေးစေခြင်း |
| ၃၅ | ၅ | အရန်စာသင်ချိန် | |
| ၃၆ | ၅ | ဒုတိယနှစ်ဝက်အခန်းဆုံးစစ်ဆေး | |

- ❖ တစ်နှစ်အတွင်းစာသင်ချိန်သီတင်းပတ်ပေါင်း ၃၆ ပတ်
- ❖ တစ်နှစ်အတွင်းစာသင်ချိန်စုစုပေါင်း ၁၈၀ ချိန်
- ❖ လျာထားစာသင်ချိန် ၁၃၀ ချိန်
- ❖ လက်တွေ့လေ့ကျင့်ခြင်းအတွက် လျာထားစာသင်ချိန် ၂၅ ချိန်
- ❖ စာမေးပွဲကျင်းပသည့်ရက်များနှင့် အရန်စာသင်ချိန်များ ၂၅ ချိန်

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (<u>I</u>ntroduction) | မူလတန်းနှင့် အလယ်တန်းတို့တွင်သင်ကြားခဲ့ဖူးသည့် သင်ခန်းစာအချို့ကို ပြန်လည်မေးမြန်းခြင်းဖြင့်လည်းကောင်း၊ သင်ကြားမည့်သင်ခန်းစာ၏အကြောင်းအရာကို မိတ်ဆက်ပေးခြင်းဖြင့်လည်းကောင်း သင်ခန်းစာကိုနိဒါန်းပျိုးပါ။ |
| **T** | သင်ကြားခြင်း (<u>T</u>each) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (<u>P</u>ractice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (<u>R</u>eview) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-



# ဒသမတန်းမြန်မာစာ

## ဆရာလမ်းညွှန်အမှာစာ

အထက်တန်းအဆင့် မြန်မာစာသင်ရိုးဘာသာရပ်ကို အောက်ပါရည်ရွယ်ချက်များအရ သင်ကြားခြင်းဖြစ်ပါသည်။

၁။ မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနားအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန်

၂။ မြန်မာဘာသာစကားကို အသုံးချဘာသာစကားအဖြစ်လည်းကောင်း၊ မြန်မာစာအရေးအသားကို အသုံးချ မြန်မာစာအဖြစ်လည်းကောင်း လက်တွေ့ဘဝတွင် ထိရောက်စွာ အသုံးပြုနိုင်စေရန်

၃။ စကားပြောပုံသဏ္ဌာန်အမျိုးမျိုး၊ စာအရေးပုံသဏ္ဌာန်အမျိုးမျိုးတို့ကို ကွဲပြားစွာ သိရှိနားလည်ပြီး အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေ အသုံးပြုတတ်စေရန်

၄။ သုတရသစာပေ၏ သဘောသဘာဝနှင့်အာနိသင်ကို သိရှိနားလည်ခံစားတတ်စေပြီး လက်တွေ့ဘဝအတွက် အထောက်အကူဖြစ်စေရန်

၅။ မြန်မာစာပေ၏ အစဉ်အလာနှင့် ဖွံ့ဖြိုးတိုးတက်မှုကို သိရှိလာစေရန်

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိကအပိုင်း ၃ ပိုင်း ပါရှိသည်။

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(စ) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့်စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

(က) **ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း** – ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိက အချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- ❖ သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ❖ ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ❖ ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ❖ ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်မြင့် ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ❖ ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ** – ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

- ❖ ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ
- ❖ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ သင်ကြားနည်းပညာ
- ❖ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (feedback) များကို အပြန်အလှန်ပေးကြသည်။ ⇨ စစ်ဆေးအကဲဖြတ်ခြင်း

**သင်ယူမှုရလဒ်များ (Learning Outcomes) –** သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (Lesson plans) ကိုကြည့်ပါ)။

(ဂ) **ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)-** အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans) နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

(ဃ) **သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ–** ဆရာသည်သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**<u>သင်ခန်းစာအစတွင်</u>** –

❖ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။

❖ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်း မည်နည်း။

❖ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။

❖ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများ သည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။

❖ သင်ထောက်ကူပစ္စည်းများကို မည်သို့ ရရှိစုစည်းပြီး အသုံးပြုမည်နည်း။

❖ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>သင်ခန်းစာအလယ်တွင်</u>-

❖ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ

❖ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ

<u>သင်ခန်းစာအဆုံးတွင်</u>-

❖ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ

❖ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ် စေခဲ့ခြင်း ရှိ၊ မရှိ

❖ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့သင့်ခြင်း ရှိ၊ မရှိ

❖ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူ နိုင်ခဲ့ကြသနည်း။

❖ ဆရာ၏သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါသဘောတရားများ နားလည် မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ

❖ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမို ကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)-** လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘ၀

ခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C -၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသော ကျွမ်းကျင်မှုများမှာ-

- ❖ **ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)**- အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း **(Group Work)**- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။
- ❖ **ဆက်သွယ်ပြောဆိုခြင်း (Communication)**- နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း- စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- ❖ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)**- ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- ❖ **တီထွင်ဖန်တီးခြင်း (Creativity and Innovation)**- အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။
- ❖ **နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship)** - ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ် ရှိခြင်းတို့ ဖြစ်သည်။

**(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို မြှင့်တင်ပြခြင်း**– သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

❖ **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

❖ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေး အကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

❖ **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (Self-Assessment) တွင်လည်း ပိုမို ကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

❖ **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment)** – သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှု အခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုသာ ဆရာက ကျောင်းသားများ၏ သင်ယူမှု တိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန် စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

## (၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ

- ❖ **လေ့လာကြည့်ရှုခြင်း(Observation)** – လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

- ❖ **မေးခွန်းများမေးခြင်း(Questioning)** – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

- ❖ **ကျောင်းသားများ၏သင်ယူမှုဂျာနယ်(Student Learning Journal)**– ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့်သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်းအရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသားဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ်မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့် များကို ခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)**– အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြား ခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသား

ကောင်းများ မွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

- ❖ အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေး အဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည် အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

- ❖ နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လှုပ်ရှား ဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည်ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင်နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

- ❖ ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့် မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည်မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကိုအားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကိုရှာဖွေပါ။ ကျောင်းသားအားလုံးကိုတန်ဖိုးထား လေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(၉) သင်ရိုးမာတိကာ (Syllabus) နှင့်စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan) –** ဒသမတန်း၊ မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် **(Year Plan)** နှင့် သင်ခန်းစာခေါင်းစဉ် အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့်ဖော်ပြထားသည်။

# ဒသမတန်း(Grade-10)၊ မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| အဖတ်အရွတ် စွမ်းရည် (အသုံးချ ဘာသာစကား) သဒ္ဒါအသုံးမှန်နှင့် အရေးအသား တည်ဆောက်ခြင်း | ❖ မိမိဖတ်ရှု ကြားသိသမျှသော အကြောင်းအရာများမှ သဒ္ဒါအသုံး မှားများနှင့် အဓိပ္ပာယ်အသုံးမှား များကို ဆန်းစစ်တွေ့ရှိ လာရန် | ❖ မိမိဖတ်ရှု ကြားသိသမျှသော အကြောင်းအရာများမှ သဒ္ဒါအသုံး မှားများနှင့် အဓိပ္ပာယ်အသုံးမှား များကို ဆန်းစစ်တွေ့ရှိ လာမည်။ | ❖ ဝါကျများ၊ စာပိုဒ်များတွင် ပါဝင် သော နာမ်စကားလုံး များ၊ ကြိယာစကားလုံး များ၊ အထူးပြု စကားလုံးများ၊ အဆက်ပစ္စည်းများကို သူ့နေရာနှင့် သူ အနေအထား မှန်ကန်စွာ ပြေပြေပြစ်ပြစ် ရွတ်ဆိုတတ်ခြင်း |
| အဖတ်အရွတ် စွမ်းရည် (စာပေ) ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် | ❖ သုတစကားပြေများမှ သုတအသိများ ကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့ အသုံးချတတ်ရန်<br>❖ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘော လူ့သဘာဝများကို သတိပြုမိ၍လက်တွေ့ ဘဝတွင်ဆန်းစစ် သုံးသပ်တတ်ရန်<br>❖ ရသစာပေကို နှစ်ခြိုက်စွာ ဖတ်ရှု၊ ကြားနာရသော အတွေ့အကြုံ ခိုင်မာလာပြီး ရှင်းပြတတ်ရန် | ❖ သုတစကားပြေများမှ သုတအသိများ ကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့ အသုံးချတတ်လာမည်။<br>❖ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘောလူ့သဘာဝ များကို သတိပြုမိ၍ လက်တွေ့ဘဝတွင် ဆန်းစစ် သုံးသပ်တတ် လာမည်။<br>❖ ရသစာပေကို နှစ်ခြိုက်စွာ ဖတ်ရှု၊ ကြားနာရသော အတွေ့အကြုံ ခိုင်မာ လာပြီး ရှင်းပြတတ် လာမည်။ | ❖ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်တို့၏ သဘောသဘာဝကို သိရှိပြီး အသံနေ အသံထားဖြင့် အဖြတ်အရပ် မှန်မှန် ဖတ်ကြားနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အဖတ်အရွတ် စွမ်းရည် (စာပေ) ကဗျာ | ❖ ကဗျာကပေးသော ရသကို ကောင်းစွာ ခံစားတတ်၍ ရှင်းပြတတ်လာရန်<br>❖ ကဗျာ အမျိုးမျိုးမှ ကာရန် သဘောကို ခွဲခြားနားလည်၍ ရှင်းပြတတ်လာရန် | ❖ ကဗျာကပေးသော ရသကို ကောင်းစွာ ခံစားတတ်၍ ရှင်းပြတတ်လာမည်။<br>❖ ကဗျာ အမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်၍ ရှင်းပြတတ်လာမည်။ | ❖ ကဗျာ၏ သဘော သဘာဝကို သိရှိပြီး အသံနေ အသံထား ဖြင့် အဖြတ်အရပ် မှန်မှန် ဖတ်ကြား နိုင်ခြင်း |
| အရေးစွမ်းရည် (အသုံးချ ဘာသာစကား) သဒ္ဒါအသုံးမှန်နှင့် အရေးအသား တည်ဆောက်ခြင်း | ❖ သဒ္ဒါအသုံး၊ အဓိပ္ပာယ်အသုံး အမှား၊ အမှန် လေ့ကျင့်ခန်းများမှ တစ်ဆင့် အသုံး မှန်ကန်စွာ ရေးသားတတ်ရန် | ❖ သဒ္ဒါအသုံး၊ အဓိပ္ပာယ်အသုံး အမှား၊ အမှန် လေ့ကျင့်ခန်းများမှ တစ်ဆင့်အသုံးမှန်ကန်စွာ ရေးသားတတ်လာမည်။ | ❖ ဝါကျများ၊ စာပိုဒ်များ တွင် ပါဝင်သော နာမ် စကားလုံးများ၊ ကြိယာစကားလုံးများ၊ အထူးပြုစကားလုံးများ၊ ဝိဘတ်များ၊ ပစ္စည်းများ၊ သမ္ဗန္ဓများကို သူ့နေရာ နှင့်သူ အနေအထား မှန်ကန်စွာ ပြေပြေ ပြစ်ပြစ် ရေးသား တတ်ခြင်း |
| အရေးစွမ်းရည် (အသုံးချ ဘာသာစကား) စကားပုံ၊ စကားထာ၊ စကားလိမ်၊ ဆိုရိုးစကား | ❖ သင်ခန်းစာတွင် ပါဝင်သော စကားပုံ၊ စကားထာ၊ စကားလိမ်၊ ဆိုရိုးစကားတို့ကို မိမိရေးသော အကြောင်းအရာ များတွင် ထည့်သွင်း ရေးသားတတ်သော အလေ့အကျင့်ရရန် | ❖ သင်ခန်းစာတွင် ပါဝင်သော စကားပုံ၊ စကားထာ၊ စကားလိမ်၊ ဆိုရိုးစကားတို့ကို မိမိရေးသော အကြောင်းအရာများတွင် ထည့်သွင်းရေးသားတတ် သော အလေ့အကျင့် ရလာမည်။ | ❖ စကားပုံများ၊ စကားထာများ၊ စကားလိမ်များ၊ ဆိုရိုးစကားများ၏ သဘောသဘာဝကို သိရှိပြီး အဖြတ် အရပ်မှန်မှန် ရေးသား တတ်ခြင်း |

| နယ်ပယ်<br>(Strand) | သင်ယူမှု ရည်ရွယ်ချက်များ<br>(Learning Objectives) | သင်ယူမှုရလဒ်များ<br>(Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ<br>(Achievement Indicators) |
|---|---|---|---|
| အရေးစွမ်းရည် (စာပေ) ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် | ❖ သုတစကားပြေများမှ အချက်အလက်များကို ထုတ်၍ ပြန်လည်စီစဉ် ရေးသားရသော အလေ့အကျင့် ရလာရန်<br>❖ ရသစကားပြေများမှ ရသမြောက် အရေးအသားများကို အတုယူ၍ ပြန်လည် ရေးသားသည့် အလေ့ အကျင့်ရရန် | ❖ သုတစကားပြေများမှ အချက်အလက်များကို ထုတ်၍ ပြန်လည်စီစဉ် ရေးသားရသော အလေ့ အကျင့်ရလာမည်။<br>❖ ရသစကားပြေများမှ ရသမြောက် အရေးအသားများကို အတုယူ၍ ပြန်လည် ရေးသားသည့် အလေ့အကျင့်ရလာမည်။ | ❖ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် တို့၏ သဘော သဘာဝကိုသိရှိပြီး လက်တွေ့ရေးသား နိုင်ခြင်း |
| အရေးစွမ်းရည် (စာပေ) ကဗျာ | ❖ ကဗျာပုံစံ အမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်လာရန်<br>❖ ကဗျာ၏ ရသနှင့် ဆိုလိုရင်းကို မှန်မှန် ကန်ကန် ရှင်းလင်းစွာ ရေးသားတတ်ရန် | ❖ ကဗျာပုံစံ အမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်လာမည်။<br>❖ ကဗျာ၏ ရသနှင့် ဆိုလိုရင်းကို မှန်မှန်ကန်ကန် ရှင်းလင်းစွာ ရေးသား တတ်လာမည်။ | ❖ ကဗျာ၏ သဘော သဘာဝကိုသိရှိပြီး လက်တွေ့ရေးဖွဲ့ နိုင်ခြင်း |
| အပြောစွမ်းရည် (အသုံးချ ဘာသာ စကား) သဒ္ဒါ အသုံးမှန်နှင့် အရေးအသား တည်ဆောက်ခြင်း | ❖ နေ့စဉ်သုံး ပြောစကား များမှ သဒ္ဒါအသုံး အမှားများနှင့် အဓိပ္ပာယ် အသုံး အမှားများကို ဆန်းစစ်တွေ့ရှိလာရန်<br>❖ သဒ္ဒါအသုံး အဓိပ္ပာယ် အသုံးများ မှန်ကန်စွာ ပြောတတ်ရန် | ❖ နေ့စဉ်သုံးပြောစကား များမှ သဒ္ဒါအသုံး အမှား များနှင့် အဓိပ္ပာယ် အသုံးအမှားများကို ဆန်းစစ်တွေ့ရှိလာမည်။<br>❖ သဒ္ဒါအသုံး အဓိပ္ပာယ် အသုံးများ မှန်ကန်စွာ ပြောတတ်လာမည်။ | ❖ ဝါကျများ၊ စာပိုဒ်များတွင် ပါဝင်သော နာမ် စကားလုံးများ၊ ကြိယာစကားလုံးများ၊ အထူးပြုစကားလုံးများ၊ ဝိဘတ်များ၊ ပစ္စည်းများ၊ သမ္ဗန္ဓများကို သူ့နေရာနှင့် သူ အနေအထား မှန်ကန်စွာ အသုံးပြု ပြောဆိုနိုင်ခြင်း |

| နယ်ပယ် | သင်ယူမှု ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|---|
| (Strand) | (Learning Objectives) | (Learning Outcomes) | (Achievement Indicators) |
| အပြောစွမ်းရည် (စာပေ) ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ် | ❖ သုတစကားပြေများမှ အချက် အလက်များ နှင့် ရသစကားပြေ များမှ ရသမြောက် အရေးအသားများကို အတုယူ၍ အချက် ကျကျ နှစ်သက်ဖွယ် ဖြစ်အောင် ဆွေးနွေး ပြောဆိုသော အလေ့အကျင့်ရရန်<br>❖ ဝတ္ထုနှင့် ပြဇာတ် များတွင် ပါဝင်သော အချီအချ စကားပြော များကို အတုယူ၍ အချက်ကျကျဆွေးနွေး ပြောဆိုသော အလေ့အကျင့်ရရန်<br>❖ စကားပြောများကို လေ့ကျင့်ခြင်းဖြင့် အသံထွက်အမှားများ ကို သိရှိရန် | ❖ သုတစကားပြေများမှ အချက် အလက်များနှင့် ရသစကားပြေများမှ ရသမြောက် အရေးအသားများကို အတုယူ၍ အချက်ကျကျ နှစ်သက်ဖွယ် ဖြစ်အောင် ဆွေးနွေးပြောဆိုသော အလေ့အကျင့် ရလာမည်။<br>❖ ဝတ္ထုနှင့် ပြဇာတ်များတွင် ပါဝင်သော အချီအချ စကားပြောများကို အတုယူ၍ အချက်ကျကျ ဆွေးနွေးပြောဆိုသော အလေ့အကျင့်ရလာမည်။<br>❖ စကားပြောများကို လေ့ကျင့်ခြင်းဖြင့် အသံထွက်အမှားများကို သိလာမည်။ | ❖ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ပေးစာ၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်တို့၏ သဘောသဘာဝကို သိရှိပြီး လက်တွေ့ ပြောနိုင်ခြင်း |
| အပြောစွမ်းရည် (စာပေ) ကဗျာ | ❖ ကဗျာပုံစံ အမျိုးမျိုး အလိုက် အသံ ကွဲပြားပုံကို သိ၍ အသံမှန်အောင် ရွတ်ဆို တတ်လာရန်<br>❖ ကဗျာရွတ်၍ အဓိပ္ပာယ်ကို ရှင်းပြတတ်ရန် | ❖ ကဗျာပုံစံ အမျိုးမျိုး အလိုက် အသံကွဲ ပြားပုံကို သိ၍ အသံမှန်အောင် ရွတ်ဆို တတ်လာမည်။<br>❖ ကဗျာရွတ်၍ အဓိပ္ပာယ်ကို ရှင်းပြတတ်လာမည်။ | ❖ ကဗျာ၏ သဘောသဘာဝကို သိရှိပြီး လက်တွေ့ ပြောနိုင်ခြင်း |

## စာသင်နှစ် တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၃ | ယောမင်းကြီးစိတ်ဓာတ် | ❖ အကြောင်းအရာကိုရှင်းပြခြင်း<br>❖ အရေးအသားကို လေ့လာခြင်း<br>❖ အလင်္ကာနှင့်ရသကို ဖော်ထုတ်ခြင်း |
| | ၂ | အလင်္ကာ | ❖ အလင်္ကာသဘောကိုရှင်းပြခြင်း<br>❖ ဥပမာအလင်္ကာအကြောင်းကိုရှင်းပြခြင်း၊ သင်ကြားခြင်း |
| ၂ | ၄ | အလင်္ကာ | ❖ ရူပကအလင်္ကာအကြောင်းရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ ဝက်ဝုတ္တိအလင်္ကာအကြောင်းရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ အတိသယဝုတ္တိအလင်္ကာနှင့် မြည်သံစွဲအလင်္ကာတို့၏ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း |
| | ၁ | စကားပြောခြင်း | ❖ စကားပြောသည့်ပုံစံအမျိုးမျိုးမိတ်ဆက်ခြင်း |
| ၃ | ၂ | စကားပြောခြင်း | ❖ တစ်ဦးတည်း၊ တစ်ဦးက တစ်ဦး၊ တစ်ဦးက အများကို ပြောသည့်စကားပုံစံများ<br>❖ အများက တစ်ဦးကို၊ အများက အများကိုပြောသည့် စကားပုံစံများ |
| | ၃ | သီကုံးပန်းသွင်<br>နေ့တိုင်းဆင် | ❖ ကဗျာအကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုရှင်းပြခြင်း<br>❖ အက္ခရာရှစ်လုံး၏ အဓိပ္ပာယ်ကို ရှင်းပြသင်ကြားခြင်း<br>❖ အလင်္ကာနှင့် ရသကိုဖော်ထုတ်ခြင်း |
| ၄ | ၅ | ရသ | ❖ ရသကိုးပါးကို ရှင်းပြခြင်း၊သင်ကြားခြင်း<br>❖ သိင်္ဂါရရသအကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ ကရုဏာရသနှင့် ဘယာနကရသ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ ဝိဘစ္ဆရသ၊ ရုဒ္ဒရသနှင့်ဝီရရသ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း<br>❖ အဗ္ဘုတရသ အကြောင်းကို ရှင်းပြခြင်း၊ သင်ကြားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၅ | ၃ | ဝီရိယနှစ်မျိုး | ❖ ဝီရိယနှစ်မျိုး အကြောင်းကို ရှင်းပြခြင်း<br>❖ ဆောင်းပါးအရေးအသားကို လေ့လာခြင်း<br>❖ ဗဟုသုတများကိုဖော်ထုတ်ခြင်း |
| | ၂ | နှမထွေး မယ့်ကိုလိုလျှင် | ❖ ကဗျာအကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုရှင်းပြခြင်း<br>❖ ကဗျာ၏ပရိယာယ်ကို ရှင်းပြခြင်း |
| ၆ | ၁ | နှမထွေး မယ့်ကိုလိုလျှင် | ❖ ကဗျာစာသားများကိုစကားပြေပြန်၍ ရသခံစားခြင်း |
| | ၃ | ရေးတော့အမှန်<br>ဖတ်တော့အသံ | ❖ အသံနှစ်သံကိုတစ်ဆက်တည်းရွတ်ဆိုသောကြောင့် အသံပြောင်းခြင်း<br>❖ အသံခြား၍ရွတ်ခြင်းကြောင့် အသံပြောင်းခြင်း<br>❖ အသံတူနှစ်လုံးဆင့်၍ရွတ်ဆိုသောကြောင့် အသံပြောင်းခြင်း |
| | ၁ | စာဖတ်ခြင်းအလေ့ | ❖ အကြောင်းအရာကို ဖွင့်ဆိုရှင်းပြခြင်း |
| ၇ | ၂ | စာဖတ်ခြင်းအလေ့ | ❖ ဆောင်းပါးအရေးအသားကိုလေ့လာခြင်း<br>❖ အသိအမြင်များကိုဖော်ထုတ်ခြင်း |
| | ၃ | ဝသန်ကာလ<br>မိုးကျတည့်လျှင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုရှင်းပြခြင်း<br>❖ ကဗျာစာသားအချို့ကို စကားပြေပြန်ဆိုခြင်း<br>❖ ရသခံစားခြင်း |
| ၈ | ၅ | ပထမနှစ်ဝက်စာမေးပွဲ | |
| ၉ | ၃ | ယောက်ျားအမှန် | ❖ ဝတ္ထုဇာတ်လမ်းကိုရှင်းပြခြင်း<br>❖ ဝတ္ထု၏ရည်ရွယ်ချက်နှင့်အသိအမြင်များကို ဖော်ထုတ်ခြင်း<br>❖ ဝတ္ထုဇာတ်လမ်းကိုလေ့လာခြင်း |
| | ၂ | လက်ဆောင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုဖွင့်ဆိုရှင်းပြခြင်း<br>❖ ကဗျာဖတ်ရသည့်ခံစားချက်ကို တင်ပြခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
| --- | --- | --- | --- |
| ၁၀ | ၁ | လက်ဆောင် | ❖ ကဗျာ့အကြောင်းအရာမှ ရသကိုခံစားခြင်း |
| | ၃ | ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့် ပညာရေးအမြင် | ❖ ပညာ၏သဘောတရားများရှင်းပြခြင်း<br>❖ ဗိုလ်ချုပ်၏ပညာရေးအမြင်များကို လေ့လာခြင်း<br>❖ စကားပြေအရေးအသားကို လေ့လာခြင်း |
| | ၁ | ဗုံတော်သား | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုဖွင့်ဆိုရှင်းပြခြင်း |
| ၁၁ | ၂ | ဗုံတော်သား | ❖ လယ်သမားဘဝ သရုပ်ဖော်အရေးအသားကို လေ့လာခြင်း<br>❖ မိမိ၏ခံစားချက်များကို တင်ပြခြင်း |
| | ၃ | သဒ္ဒါအသုံးအနှုန်း မှန်ကန်ခြင်း | ❖ သဒ္ဒါအသုံးအနှုန်း မှန်မှန်ကန်ကန်သုံးတတ်ရန် သင်ကြားပေးခြင်း<br>❖ ကို နှင့် အား၊ အနက် နှင့် တွင်၊ သည် နှင့် မှာ အသုံးတို့ကို သင်ကြားခြင်း<br>❖ နည်းတူ နှင့် ကဲ့သို့၊ စသော နှင့် ဟူသော အသုံးတို့ကို သင်ကြားခြင်း |
| ၁၂ | ၂ | သဒ္ဒါအသုံးအနှုန်း မှန်ကန်ခြင်း | ❖ မျှ နှင့် မဆို၊ ၍ နှင့် လျက် အသုံးတို့ကို သင်ကြားခြင်း<br>❖ တို့ များ၊ တွေ နှင့် ဖြစ်စေ. . ဖြစ်စေ၊ သော်လည်းကောင်း. . သော်လည်းကောင်း အသုံးတို့ကို သင်ကြားခြင်း |
| | ၃ | အိမ်သူအိမ်သားကောင်း၏ အရည်အချင်းများ | ❖ အိမ်သူအိမ်သားကောင်း၏အရည်အချင်းကို ဖော်ထုတ်ကြည့်ခြင်း<br>❖ ဗဟုသုတများကိုဖော်ထုတ်ခြင်း<br>❖ အရေးအသားကို လေ့လာခြင်း |
| ၁၃ | ၃ | အင်းလယ်ကရွှေကြာပန်း | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကိုဖွင့်ဆိုရှင်းပြခြင်း<br>❖ မယ်နှင့် မောင်တို့၏ဖြတ်ထိုးညဏ်ကို လေ့လာကြည့်ခြင်း<br>❖ ရသကို ခံစားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၂ | ပုံပြင် | ❖ ပုံပြင်ပြောနည်းကို သင်ကြားခြင်း<br>❖ ပုံပြင်တစ်ပုဒ်ကိုလက်တွေ့ပြောစေခြင်း |
| ၁၄ | ၃ | ပုံပြင်လက်တွေ့ | ❖ ပုံပြင်တစ်ပုဒ်ဖြစ်အောင် အဖွဲ့လိုက်ပြောစေခြင်း<br>❖ ပုံပြင်တစ်ပုဒ်ကို တစ်ဦးချင်းပြောစေခြင်း<br>❖ ပုံပြင်တစ်ပုဒ်ကို လက်တွေ့သရုပ်ဆောင်၍ပြောစေခြင်း |
| | ၂ | ကျပန်းစကား | ❖ ကျပန်းစကားပြောရာတွင် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကိုရှင်းပြခြင်း<br>❖ လက်တွေ့ပြောစေခြင်း |
| ၁၅ | ၃ | ပြည်သူပြည်သားတာဝန် | ❖ စကားပြေအကြောင်းအရာကိုရှင်းပြခြင်း<br>❖ ပြည်သူပြည်သားကောင်း၏တာဝန် ၄ ရပ်ကိုရှင်းပြခြင်း<br>❖ အသိအမြင်များကိုဖော်ထုတ်ကြည့်ခြင်း |
| | ၂ | ရေဒီယိုအသံလွှင့်ချက် | ❖ အသံလွှင့်နည်းကို သင်ကြားခြင်း<br>❖ လက်တွေ့ပြောစေခြင်း |
| ၁၆ | ၃ | ပတ္တမြားရှေ့ဂူ | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ဥပမာအလင်္ကာများကို ထုတ်နုတ်သင်ကြားခြင်း<br>❖ ကဗျာပါအလင်္ကာများကို ဖော်ထုတ်ကြည့်ခြင်း |
| | ၂ | ဟောပြောချက် | ❖ ဟောပြောနည်းကိုသင်ကြားခြင်း<br>❖ လက်တွေ့ဟောပြောစေခြင်း |
| ၁၇ | ၃ | စကားပြောရာတွင် ရှောင်ကြဉ်သင့်သည်များ | ❖ ရှောင်ကြဉ်ပြောဆိုရမည့် စကားများအကြောင်း ရှင်းပြခြင်း<br>❖ ကျောင်းသားများကို အုပ်စုဖွဲ့လေ့ကျင့်ပေးခြင်း<br>❖ စည်းကမ်းချက်များနှင့်အညီ စကားပြောစေခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၂ | စာပေအင်တာဗျူး | ❖ လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကိုရှင်းပြခြင်း<br>❖ လက်တွေ့အင်တာဗျူးခြင်း |
| ၁၈ | ၂ | နားထောင်သောအလေ့ | ❖ စကားပြောရာတွင် နားထောင်တတ်သည့်အလေ့ရှိရန် သင်ကြားပေးခြင်း<br>❖ လိုက်နာသင့်သည့်အချက်များနှင့် ရှောင်ကြဉ်သင့်သည့် အချက်များကို ရှင်းပြခြင်း |
| | ၃ | လှိုင်းကလေးသင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ထူးခြားသောစကားအသုံးအနှုန်းများကို ထုတ်နုတ်ခြင်း<br>❖ အဓိပ္ပာယ်ပြန်တတ်ရန် သင်ကြားခြင်း |
| ၁၉ | ၅ | စာလုံးပေါင်းသတ်ပုံ မှန်ကန်ခြင်း | ❖ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးသည် အဓိကအချက် ဖြစ်ကြောင်းသင်ကြားခြင်း<br>❖ မှားတတ်သောအသတ်များအကြောင်း သင်ကြားခြင်း<br>❖ မှားတတ်သောဆင်တူရိုးမှား စာလုံးပေါင်းသတ်ပုံများ အကြောင်းရှင်းပြခြင်း<br>❖ အသံနှင့်အရေးရောထွေးတတ်သော စာလုံးပေါင်း သတ်ပုံများအကြောင်း ရှင်းပြခြင်း<br>❖ လေ့ကျင့်ခန်းမေးခွန်းများကို ဖြေဆိုခြင်း |
| ၂၀ | ၅ | ပထမနှစ်ဝက် အခန်းဆုံးစစ်ဆေး | |
| ၂၁ | ၂ | ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ် | ❖ စကားပြောဆိုရာတွင်လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းပြခြင်း<br>❖ စည်းကမ်းချက်များနှင့်အညီ လက်တွေ့ပြောစေခြင်း |
| | ၃ | ပေးစာ (အရေးသင်ခန်းစာ) | ❖ ပေးစာပုံစံအမျိုးမျိုးအကြောင်း ရှင်းပြခြင်း<br>❖ ပေးစာအင်္ဂါရပ်များအကြောင်း ရှင်းပြခြင်း<br>❖ ပေးစာရေးနည်း လေ့ကျင့်သင်ကြားခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၂ | ၂ | ပေးစာ<br>(အပြောသင်ခန်းစာ) | ❖ ပေးစာတစ်စောင်ဖတ်ရမည့်ပုံကို သင်ကြားခြင်း<br>❖ ပေးစာတစ်စောင်ကို လက်တွေ့ဖတ်ခြင်း |
| | ၃ | ဂီတစာဆို<br>လှိုင်ထိပ်ခေါင်တင် | ❖ လှိုင်ထိပ်ခေါင်တင်၏ဘဝဖြစ်စဉ်ကို ရှင်းပြခြင်း<br>❖ အရေးအသားလေ့လာခြင်း<br>❖ ရသခံစားခြင်း |
| ၂၃ | ၂ | ဆောင်းပါး | ❖ ဆောင်းပါးတစ်စောင်ဖတ်ရမည့်ပုံကို သင်ကြားခြင်း<br>❖ ဆောင်းပါးတစ်စောင်ကို လက်တွေ့ဖတ်ခြင်း |
| | ၃ | အင်တာဗျူးလက်တွေ့ | ❖ နေ့စဉ်လုပ်ငန်းတစ်ခုကို အင်တာဗျူးစေခြင်း<br>❖ စာမေးပွဲအတွေ့အကြုံကို အင်တာဗျူးစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို အင်တာဗျူးစေခြင်း |
| ၂၄ | ၃ | အိုးစည်သံ | ❖ အကြောင်းအရာကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ရသစာတမ်းအရေးအသားကို လေ့လာခြင်း<br>❖ အလင်္ကာနှင့်ရသကို ဖော်ထုတ်ခြင်း |
| | ၂ | လူ့မနော | ❖ ဇာတ်လမ်းနှင့် ဇာတ်ဆောင်စရိုက်ကိုလေ့လာခြင်း<br>❖ လူ့သဘောလူ့သဘာဝကိုဖော်ထုတ်ခြင်း |
| ၂၅ | ၁ | လူ့မနော | ❖ ရည်ရွယ်ချက်နှင့် ဘဝအသိအမြင်ကိုလေ့လာခြင်း |
| | ၂ | အသံလွှင့်ချက်လက်တွေ့ | ❖ ကျန်းမာရေးနှင့်ပတ်သက်သည့်အသံလွှင့်ချက်တစ်ခုကို လက်တွေ့ပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို အသံလွှင့်စေခြင်း |
| | ၂ | ဟောပြောချက်လက်တွေ့ | ❖ ရိုးရာဓလေ့ဟူသည့်ခေါင်းစဉ်ဖြင့် ဟောပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို ဟောပြောစေခြင်း |
| ၂၆ | ၃ | သပြေညို | ❖ အကြောင်းအရာနှင့်အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ နောက်ခံအချက်အလက်များ ရှင်းပြခြင်း<br>❖ ကဗျာအဓိပ္ပာယ်ဖွင့်ဆိုခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| | ၂ | စကားဝိုင်း | ❖ လိုက်နာရမည့်စည်းကမ်းများကို ရှင်းပြခြင်း<br>❖ စကားဝိုင်းဖွဲ့ပြောဆိုခြင်း |
| ၂၇ | ၃ | စလုံးနှင့် ဆလိမ်ပြသနာ | ❖ အသံများလျှင် အနက်မှားကြောင်း ရှင်းပြခြင်း<br>❖ စ သံ နှင့် ဆ သံပါသည့် ဝေါဟာရများကို ရွတ်ဆိုခြင်း<br>❖ လက်တွေ့ရွတ်ဆိုလေ့ကျင့်ခြင်း |
| | ၂ | အလွမ်းပြေစာတစ်စောင် | ❖ အကြောင်းအရာနှင့် အဖွဲ့အနွဲ့ကို ဖွင့်ဆိုရှင်းပြခြင်း<br>❖ ကဗျာမှ အမေ့အကြောင်းကိုလေ့လာခြင်း<br>❖ ကဗျာမှပေးသည့် ခံစားချက်များကို ဖော်ထုတ်ခြင်း |
| ၂၈ | ၅ | ဒုတိယနှစ်ဝက် စာမေးပွဲ | |
| ၂၉ | ၁ | အလွမ်းပြေစာတစ်စောင် | ❖ ကဗျာ့အသံကို လေ့လာခြင်း |
| | ၄ | ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း | ❖ ဝါကျရိုး ဖွဲ့စည်းပုံ ၁၁ နည်းကို ရှင်းပြခြင်း<br>❖ ဝါကျရောအကြောင်း ရှင်းပြခြင်း<br>❖ ကတ္တားအထားအသိုနှင့် ကံအထားအသိုကိုရှင်းပြခြင်း<br>❖ နာမ်နှင့် နာမ်အထူးပြုအထားအသိုကို ရှင်းပြခြင်း |
| ၃၀ | ၁ | ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း | ❖ ကြိယာအထူးပြုအထားအသိုကို ရှင်းပြခြင်း |
| | ၄ | ဝါကျဖွဲ့ထုံးလေ့ကျင့်ခန်းများ | ❖ (၁) ကတ္တားအထားအသို (၂) ကံအထားအသို (၃) နာမ်အထားအသို (၄) နာမ်အထူးပြုနှင့် ကြိယာအထူးပြုအထားအသိုတို့ကိုရှင်းပြခြင်း |
| ၃၁ | ၂ | အချီအချစကား (ဝတ္ထု) | ❖ အချီအချစကားပြောနည်းအကြောင်းကို ရှင်းပြခြင်း<br>❖ ဝတ္ထု၏အချီအချပြောနည်းကို သင်ကြားခြင်း |
| | ၂ | အချီအချစကား (ပြဇာတ်) | ❖ အချီအချစကားပြောနည်းကိုရှင်းပြခြင်း<br>❖ ပြဇာတ်၏အချီအချပြောနည်းကို သင်ကြားခြင်း |
| | ၁ | အချီအချလက်တွေ့ | ❖ အချီအချစကားတစ်ခုကို လက်တွေ့ပြောစေခြင်း |

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၂ | ၃ | နေ့စဉ်မှတ်တမ်း | ❖ နေ့စဉ်မှတ်တမ်း၏ သဘောသဘာဝနှင့် ပါဝင်သည့် အင်္ဂါရပ်များအကြောင်းကို ရှင်းပြခြင်း<br>❖ လိုက်နာသင့်သည့် အခြေခံအချက်များကိုရှင်းပြခြင်း<br>❖ နေ့စဉ်မှတ်တမ်းတစ်စောင်ကို သဘောသဘာဝ၊ အင်္ဂါရပ်များနှင့် ချိန်ထိုးသင်ကြားခြင်း |
| | ၂ | တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံ သတိပြုရန် | ❖ တ သံ နှင့် သ သံ ကို မှန်မှန်ကန်ကန်ရွတ်တတ်စေရန် လေ့ကျင့်ခြင်း<br>❖ အက် သံနှင့် အတ် သံ ကို မှန်မှန်ကန်ကန်ရွတ် တတ်စေရန် လေ့ကျင့်ခြင်း |
| ၃၃ | ၅ | ကျပန်းစကား လက်တွေ့ | ❖ အဆိုတော်ဖြစ်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကားပြော စေခြင်း<br>❖ ကျောင်းဆရာဖြစ်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကားပြော စေခြင်း<br>❖ ရုပ်ရှင်ဒါရိုက်တာဖြစ်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကား ပြောစေခြင်း<br>❖ သိန်းထီကြီးပေါက်ခဲ့သော်ခေါင်းစဉ်ဖြင့် ကျပန်းစကား ပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်ကို ကျပန်းစကားပြောစေခြင်း |
| ၃၄ | ၃ | စကားဝိုင်း လက်တွေ့ | ❖ ဘုရားဖူးသွားခြင်းအတွေ့အကြုံကို ဝိုင်းဖွဲ့ပြောစေခြင်း<br>❖ ပရဟိတအတွေ့အကြုံကို ဝိုင်းဖွဲ့ပြောစေခြင်း<br>❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကို ဝိုင်းဖွဲ့ပြောစေခြင်း |
| | ၁ | နေ့စဉ်မှတ်တမ်း လက်တွေ့ | ❖ တစ်ပတ်စာနေ့စဉ်မှတ်တမ်းရေးစေခြင်း |
| | ၁ | ပေးစာ လက်တွေ့ | ❖ သူငယ်ချင်းထံပေးစာရေးစေခြင်း |
| ၃၅ | ၅ | အရန်စာသင်ချိန် | |
| ၃၆ | ၅ | ဒုတိယနှစ်ဝက်အခန်းဆုံးစစ်ဆေး | |

❖ တစ်နှစ်အတွင်းစာသင်ချိန်သီတင်းပတ်ပေါင်း ၃၆ ပတ်

❖ တစ်နှစ်အတွင်းစာသင်ချိန်စုစုပေါင်း ၁၈၀ ချိန်

❖ လျာထားစာသင်ချိန် ၁၃၀ ချိန်

❖ လက်တွေ့လေ့ကျင့်ခြင်းအတွက် လျာထားစာသင်ချိန် ၂၅ ချိန်

❖ စာမေးပွဲကျင်းပသည့်ရက်များနှင့် အရန်စာသင်ချိန်များ ၂၅ ချိန်

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

❖ တစ်နှစ်အတွင်းစာသင်ချိန်သီတင်းပတ်ပေါင်း ၃၆ ပတ်

❖ တစ်နှစ်အတွင်းစာသင်ချိန်စုစုပေါင်း ၁၈၀ ချိန်

❖ လျာထားစာသင်ချိန် ၁၃၀ ချိန်

❖ လက်တွေ့လေ့ကျင့်ခြင်းအတွက် လျာထားစာသင်ချိန် ၂၅ ချိန်

❖ စာမေးပွဲကျင်းပသည့်ရက်များနှင့် အရန်စာသင်ချိန်များ ၂၅ ချိန်

**သင်ခန်းစာအစီအစဉ်များ (Lesson Plans)**

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။ (သင်ခန်းစာကို လိုက်၍ အနည်းငယ် ကွဲပြားနိုင်သည်။)

- **I** သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- **T** သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- **P** လေ့ကျင့်ခြင်း (Practice)
- **R** ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| **I** | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (<u>I</u>ntroduction) | မူလတန်းနှင့် အလယ်တန်းတို့တွင်သင်ကြားခဲ့ဖူးသည့် သင်ခန်းစာအချို့ကို ပြန်လည်မေးမြန်းခြင်းဖြင့်လည်းကောင်း၊ သင်ကြားမည့်သင်ခန်းစာ၏အကြောင်းအရာကို မိတ်ဆက်ပေးခြင်းဖြင့်လည်းကောင်း သင်ခန်းစာကိုနိဒါန်းပျိုးပါ။ |
| **T** | သင်ကြားခြင်း (<u>T</u>each) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| **P** | လေ့ကျင့်ခြင်း (<u>P</u>ractice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| **R** | ပြန်လည်သုံးသပ်ခြင်း (<u>R</u>eview) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-



## ဆရာလမ်းညွှန် ယေဘုယျလမ်းညွှန်ချက်များ

### သင်ကြားရေးရည်ရွယ်ချက်

မြန်မာစာအခြေခံခိုင်မာပြီး မြန်မာဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာအထက်တန်း မြန်မာစာသင်ရိုးကို ရေးဆွဲထားပါသည်။ အခြေခံပညာ အထက်တန်းအဆင့် မြန်မာစာတွင် ကျောင်းသားအားလုံးသင်ယူရမည့် မြန်မာစာနှင့် စိတ်ကြိုက်မြန်မာစာဟူ၍ နှစ်မျိုးခွဲထားသည်။ ကျောင်းသားအားလုံးသင်ယူရမည့်မြန်မာစာတွင် ဘာသာစကား ကျွမ်းကျင်မှုနှင့် စာပေဖတ်ရှုခံစားခြင်းကို အလေးပေးထားပြီး စိတ်ကြိုက်မြန်မာစာတွင် အသုံးချမြန်မာစာအဖြစ် စာပေဖတ်ရှုခံစားခြင်းနှင့် စာပေဖန်တီးခြင်းကို အလေးထားရေးဆွဲထားသည်။ အခြေခံပညာအထက်တန်းအဆင့် ဒသမတန်းမြန်မာစာသင်ကြားရာတွင် အောက်ပါရည်ရွယ်ချက်တို့ကို ပေါက်မြောက်အောင်မြင်စေရန် ဦးတည်သင်ကြားရမည်ဖြစ်ပါသည်။

၁။ အပြောစွမ်းရည်

၂။ အနာအကြားစွမ်းရည်

၃။ အဖတ်အရွတ်စွမ်းရည်

၄။ အရေးအသားစွမ်းရည်

တို့ကို တိုးတက်လာစေရေးဟူသောစွမ်းရည် ၄ ရပ် တိုးတက်လာစေရန်နှင့် မြန်မာစာ၊ မြန်မာဘာသာစကားဆိုင်ရာ အသိပညာ၊ အတတ်ပညာများ ကျွမ်းကျင်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် သင်ကြားရမည်ဖြစ်ပါသည်။

### ယေဘုယျလမ်းညွှန်

ဤသို့ သင်ကြားရာတွင် ဒသမတန်းမြန်မာစာ ကျောင်းသုံးစာအုပ် အမှာစာ၏ ယေဘုယျလမ်းညွှန်ချက်ကို အသုံးပြုလျက် စာပေအမျိုးအစားအလိုက် သင်ကြားရန်ဖြစ်သည်။

ဒသမတန်းမြန်မာစာ ကျောင်းသုံးစာအုပ်တွင် စာပေအမျိုးအစားတို့ကို

**အပိုင်း ၁ "အပြောသင်ခန်းစာ"**

အခန်း ၁။ အပြောဆိုင်ရာလမ်းညွှန်ချက်

အခန်း ၂။ အပြောပုံစံအမျိုးမျိုး

**အပိုင်း ၂ "အဖတ်အရွတ်သင်ခန်းစာ"**

အခန်း ၁။ မြန်မာစကားပြေရွေးချယ်ချက်

အခန်း ၂။ မြန်မာကဗျာရွေးချယ်ချက်

**အပိုင်း ၃ "အရေးသင်ခန်းစာ"**

အခန်း ၁။ စာအရေးအသားအခြေခံ

အခန်း ၂။ စာပုံစံအမျိုးမျိုး

အခန်း ၃။ စာအရေးအသားအတတ်ပညာ

ဟူ၍ အပိုင်း ၃ ပိုင်း ခွဲထားပြီး အပိုင်း ၁ ပိုင်းလျှင် အခန်းစဉ်အလိုက် ပိုင်းခြားပြီး လေ့လာသင်ကြားရန်ဖြစ်သည်။ ဒသမတန်းမြန်မာစာကို သင်ကြားပေးရာတွင် ကျောင်းသားများ တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစုအရည်အသွေးများဖြစ်သည့် ဘာသာစကားနှင့် စာပေအရေးအသားဆိုင်ရာ ကျွမ်းကျင်မှုအဖြစ် ဆရာက လက်တွေ့သင်ကြားလေ့ကျင့်ပေးရမည်။

- အပြောသင်ခန်းစာကို လေ့လာရာတွင် စကားပြောခြင်းအကြောင်း၊ တစ်ဦးတည်းပြောစကား၊ နှစ်ဦးအပြန်အလှန်ပြောစကား၊ ဝိုင်းဖွဲ့ပြောစကားဟူသော စကားပြောပုံစံသုံးမျိုး၊ စကားပြောဆိုရာတွင် အသံထွက်မှန်ကန်မှု၊ စကားအသုံးအနှုန်းမှန်ကန်မှု၊ စကားပြောချောင်မှု၊ စကားပြောပရိယာယ်များ၊ ကျပန်းစကားပြောခြင်း၊ စကားရည်လုခြင်းတို့ကို လေ့လာရမည်။
- အဖတ်အရွတ်သင်ခန်းစာတွင် စကားပြေရွေးချယ်ချက်ကိုလေ့လာရာ၌ ရည်ရွယ်ချက် သို့မဟုတ် အာဘော်၊ အကြောင်းအရာ၊ အစီအစဉ်၊ စာရေးနည်းလေးမျိုး၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ၊ ရသနှင့် အသိအမြင်ဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကိုလည်းကောင်း၊ ကဗျာရွေးချယ်ချက်ကို လေ့လာရာ၌ ကဗျာရွတ်ဆိုခြင်း၊ ကဗျာနောက်ခံကို လေ့လာခြင်း၊ ကဗျာအရေးအဖွဲ့၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ၊ ရသနှင့်အသိအမြင် လေ့လာခြင်းဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကိုလည်းကောင်း လေ့လာမည်။
- အရေးသင်ခန်းစာကို လေ့လာရာတွင် သဒ္ဒါအသုံးမှန်ကန်ခြင်း၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း၊ ဝါကျဖွဲ့ထုံး မှန်ကန်ခြင်း၊ စာပုံစံအမျိုးမျိုး၊ စာအရေးအသားအတတ်ပညာများဖြစ်သည့် အလင်္ကာနှင့် ရသတို့ကို လက်တွေ့ရေးသားနိုင်ရန် လေ့လာရမည်ဖြစ်ပါသည်။

❖ ထိုသို့ သင်ခန်းစာအလိုက် လေ့လာရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ နိုင်ငံသားကောင်း ဖြစ်ခြင်းဟူသည့် နည်းလမ်းငါးရပ်ဖြင့် ဦးတည်သင်ကြားပေးရန် ဖြစ်ပါသည်။

ဒသမတန်းမြန်မာစာကို သင်ကြားပို့ချပေးရာတွင် မြန်မာစာအတွက် အတန်းအလိုက် ပြဋ္ဌာန်းထားသော စကားပြေလက်ရွေးစင်စာအုပ်များ၊ ကဗျာလက်ရွေးစင်စာအုပ်များမှ သင်ခန်းစာများနှင့် ဆီလျော်သလို ချိတ်ဆက်သင်ကြားပေးရပါမည်။ ဒသမတန်းမြန်မာစာတွင် စကားပြေ၊ ကဗျာတို့ကို အမျိုးအစားခွဲခြားကာ တစ်ကန့်စီတင်ပြထားပါသည်။ ထိုသို့ပိုင်းကန့်ဖော်ပြထားသော အမျိုးအစားများထဲမှ ဘာသာစကားစွမ်းရည်လေးရပ်ဖြစ်သည့် အပြောစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ တိုးတက်လာစေရေးအတွက် အဓိကထားပြီး မီးမောင်းထိုးလျက် သင်ကြားသွားမည်ဆိုပါက ကျောင်းသားများ ရှင်းရှင်းလင်းလင်း နားလည်သဘော ပေါက်နိုင်မည်ဖြစ်သည်။

## တစ်ပုဒ်ချင်းသင်ကြားမှု လမ်းညွှန်

ဒသမတန်း မြန်မာစာတွင် ခွဲဝေထားသည့်အတိုင်း အပြောသင်ခန်းစာ၊ အဖတ်အရွတ် သင်ခန်းစာ၊ အရေးသင်ခန်းစာ ဟူ၍ ကဏ္ဍအလိုက် အမျိုးအစားများကို ခွဲခြားပြီး သင်ကြားရမည် ဖြစ်ပါသည်။ အခန်း ၁ ခန်း သို့မဟုတ် စာအမျိုးအစားတစ်ခု၏ မိတ်ဆက်၌ ပါဝင်သော လမ်းညွှန်ချက်အတိုင်း ဦးတည်သင်ကြားရပါမည်။ တစ်ပုဒ်ချင်းစီအလိုက် သင်ကြားရာတွင် တစ်ပုဒ်လျှင် အဓိကသင်ကြားရမည့် အပိုင်းနှင့် သဘောတရားပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားထားရာ အခန်းစဉ်အလိုက် သတ်မှတ်ထားသော စာသင်ချိန်အတိုင်း လုပ်ငန်းစဉ်များနှင့်အညီ သင်ကြားရပါမည်။ ထို့နောက် တစ်ပုဒ်ချင်း သင်ကြားရခြင်း၏ ရည်ရွယ်ချက်အသီးသီးကို ပေါက်မြောက်အောင် လမ်းပြပေးထားသည့် သင်ကြားမှု လမ်းညွှန်ချက်များ အရ သင်ကြားသွားရန် ဖြစ်ပါသည်။

## တစ်ပုဒ်ချင်း ဆွေးနွေးလေ့ကျင့်မှုလမ်းညွှန်

ကျောင်းသားများ တစ်ပုဒ်ချင်းစီကို ကျေကျေညက်ညက်သဘောပေါက်စေရေးအတွက် ဆွေးနွေးလေ့ကျင့်မှုလမ်းညွှန်အဖြစ် မေးခွန်းများပေးထားပါသည်။ တစ်ပုဒ်ချင်းအတွက် ပေးထားသည့် မေးခွန်းများကို ကျောင်းသားများက ဖြေစေခြင်း၊ ဆွေးနွေးစေခြင်းဖြင့် လေ့ကျင့်ရန် ဖြစ်ပါသည်။

## စာအညွှန်းများ

ဒသမတန်း မြန်မာစာ သင်ကြားရာတွင် ဆရာများ ကိုးကားရန်အတွက် စာအညွှန်းများကို စာအမျိုးအစားအလိုက် သို့မဟုတ် အခန်းအလိုက် ဖော်ပြထားပါသည်။ ထိုစာအညွှန်းများကို ရှာဖွေဖတ်ရှု လေ့လာထားခြင်းဖြင့် သက်ဆိုင်ရာ သင်ခန်းစာကို သင်ကြားရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ဆရာများအနေဖြင့် စာအညွှန်းတွင်ဖော်ပြထားသော စာအုပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုလေ့လာထားပြီး သင်ကြားရေးအတွက် အထောက်အကူဖြစ်စေရန် ဖြည့်စွက်ပြင်ဆင်ထားသင့်ပါသည်။

## လေ့လာမှုမှ လေ့ကျင့်မှုသို့

ကျောင်းသားများအား ဒသမတန်း မြန်မာစာ စာအုပ်ပါ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာ၊ အရေးသင်ခန်းစာ အမျိုးအစားများကို တစ်ကန့်စီအလိုက် သင်ယူလေ့လာပြီးနောက် မိမိလေ့လာမှတ်သားထားသည့် အချက်များကို သင်ခန်းစာပါ မေးခွန်းများနှင့် လက်တွေ့လေ့ကျင့်ပါစေ။ ထိုသို့ လေ့ကျင့်စေခြင်းဖြင့် သင်ရိုးရည်ရွယ်ချက်နှင့်အညီ ပေါက်မြောက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## သင်ယူမှုရလဒ်များ

ဒသမတန်း မြန်မာစာ ကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

## အပြောသင်ခန်းစာ

❖ အပြောဆိုင်ရာသင်ခန်းစာများကို သင်ယူပြီးသည့်အခါ စကားပြောခြင်း၏အရေးကြီးပုံ၊ အပြောပုံစံအမျိုးမျိုး၊ စကားပြောရာတွင် သတိပြုရမည့်အသံများ၊ စကားပြောရာတွင် ရှောင်ကြဉ်သင့်သည့် အချက်များကို သိရှိပြီးနောက် အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်မည့် စကား အမျိုးမျိုးကို ပြောဆိုအသုံးပြုတတ်လာမည်။ မိမိကိုယ်တိုင် ပြောဆိုခြင်းသာမက အခြားသူများပြောဆိုသည့် စကားကိုလည်း ဂရုတစိုက်နားထောင်တတ်သည့် အလေ့အကျင့်ရရှိလာစေမည်။

## အဖတ်အရွတ်သင်ခန်းစာ

❖ အဖတ်အရွတ်သင်ခန်းစာပါ စကားပြေများကို အသံထွက် ရွတ်ဖတ်ခြင်း၊ ကဗျာကိုအသံထွက် ရွတ်ဆိုခြင်းတို့ဖြင့် အသံထွက်မှန်ကန်ခြင်း၊ အသံနေအသံထားကောင်းမွန်ခြင်း၊ စာကိုစနစ်တကျ ဖတ်ရွတ်တတ်ခြင်း အလေ့အကျင့်များ ရရှိလာစေမည်။ စကားပြေရွေးချယ်ချက်၊ ကဗျာ ရွေးချယ်ချက်တို့ကို လေ့လာဖတ်ရှုသင်ကြားပြီးသည့်အခါတွင် သုတစကားပြေများမှ သုတအသိများ ကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့ အသုံးချတတ်လာမည်။ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘောလူ့သဘာဝများကိုသတိပြုမိ၍ လက်တွေ့ဘဝတွင် ဆန်းစစ်သုံးသပ်တတ်လာမည်။ ကဗျာက ပေးသောရသကို ကောင်းစွာခံစားတတ်၍ ရှင်းပြတတ်လာမည်။ ကဗျာအမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်၍ ရှင်းပြတတ်လာမည်။

## အရေးသင်ခန်းစာ

❖ အရေးသင်ခန်းစာကို သင်ယူပြီးသည့်အခါ စာအရေးအသားအခြေခံများကို ကောင်းစွာနားလည်သဘောပေါက်လာမည်။ သဒ္ဒါအသုံး စာလုံးပေါင်းသတ်ပုံ ဝါကျအထားအသို အမှား၊ အမှန်များကို သိရှိလာပြီး မှန်ကန်စွာ ရေးသားအသုံးပြုတတ်လာမည်။ စာပုံစံအမျိုးမျိုးကို သိရှိလာပြီး ပုံစံအလိုက် ဆီလျော်ညီညွတ်သော စာများကို ရေးသားတတ်လာမည်။ စာအရေးအသားအတတ်ပညာတွင် အရေးပါသော အလင်္ကာ၊ ရသများ၏ သဘောသဘာဝကိုသိရှိလာပြီး စာအရေးအသားတစ်ခု၏ အလင်္ကာမြောက်မှု ရသမြောက်မှုတို့ကို သုံးသပ်အကဲဖြတ်တတ်လာမည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

❖ "စကားအပြောအဆို၊ အဖတ်အရွတ်၊ စာအရေးအသား" တို့နှင့် ပတ်သက်ပြီး ရေးမှတ်ထားသည့် စာကတ်ပြားများ

❖ ဇယားကွက်များ၊ စာချပ်များ၊ စာအုပ်စာတမ်းများ

❖ ဒသမတန်းမြန်မာစာ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာခေါင်းစဉ်များနှင့် ပတ်သက်သည့် အချက်အလက် အထောက်အထားများ

## စစ်ဆေးအကဲဖြတ်ခြင်း

❖ သင်ခန်းစာအပိုင်း ၃ ပိုင်းစလုံးတွင်ပါဝင်သော စွမ်းရည် ၄ ရပ် ကျွမ်းကျင်တတ်မြောက်မှုကို အတန်းတွင် လေ့ကျင့်သင်ကြားရင်း စဉ်ဆက်မပြတ် အကဲဖြတ်သွားရန် အထူးအရေးကြီးပါသည်။ စဉ်ဆက်မပြတ် အကဲဖြတ်ရန်အတွက် ဆရာလမ်းညွှန်ပါ စစ်ဆေးအကဲဖြတ်ခြင်းအပိုင်းကို အထူးအလေးထားလုပ်ဆောင်သွားကြရန်လိုအပ်ပါသည်။

## ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု

❖ "စကားအပြောအဆို၊ အဖတ်အရွတ်၊ စာအရေးအသား" တို့ကို အုပ်စုဖွဲ့ဖတ်ခြင်း၊ မေးခွန်းများကို အုပ်စုလိုက် စုပေါင်းအဖြေရှာခြင်း စသည်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှု စွမ်းရည်မြင့်မားလာမည်။

❖ ဒသမတန်းမြန်မာစာပါ စကားပြေအမျိုးအစားများ၏ သဘောသဘာဝကိုသိရှိပြီး အချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်းမှ ဆက်သွယ်မှုစွမ်းရည် ရရှိလာမည်။

❖ အခြားအုပ်စုများ၏ ပြောဆိုချက်များကို အကဲဖြတ်ခြင်း၊ အဖြေမှန်ကို စဉ်းစားခြင်းတို့မှတစ်ဆင့် ဝေဖန်ဆန်းစစ်မှုစွမ်းရည် တိုးတက်လာမည်။

❖ ဒသမတန်းမြန်မာစာပါ "စကားအပြောအဆို၊ အဖတ်အရွတ်၊ စာအရေးအသား" ကဏ္ဍ ၃ မျိုးအနက် နှစ်သက်ရာတစ်မျိုးမျိုး၏ အကြောင်းအရာကို လက်တွေ့ပြောဆိုခြင်း၊ ရွတ်ဖတ်ခြင်း၊ ရေးသားခြင်းဖြင့် ဖန်တီးမှုဆိုင်ရာ စွမ်းရည်တို့ကို ရရှိလာမည်။

❖ သုတစာပေများမှရရှိသော ဗဟုသုတအကြားအမြင်၊ ရသစာပေများမှရရှိသော ဘဝအသိအမြင်များကို အခြေခံ၍ စိတ်ပိုင်းဆိုင်ရာများဖွံ့ဖြိုးတိုးတက်လာပြီးနိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာမည်။

# အခန်း – ၁။ အပြောအဆိုဆိုင်ရာလမ်းညွှန်ချက်

## စကားပြောခြင်း

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | စကားပြောခြင်း |
| ရည်ရွယ်ချက် | – | စကားပြောပုံစံများနှင့် စကားပြောခြင်းဆိုင်ရာ အချက်အလက်များကို သိရှိစေရန် |
| သင်ယူမှုရလဒ် | – | စကားပြောပုံစံများနှင့် စကားပြောခြင်းဆိုင်ရာ အချက်အလက်များကို သိရှိလာမည်။ စကားပြောခြင်းဆိုင်ရာအချက်အလက်များနှင့်အညီ စကားပြောဆိုတတ်လာမည်။ |
| သင်ကြားနည်း | – | အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ သရုပ်ဆောင်သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း |
| သင်ထောက်ကူပစ္စည်း | – | စကားပြောဆိုခြင်းဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ စကားပြောနည်းပုံစံများကို ရေးမှတ်ထားသည့်စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် အခြေခံကျသော ဆက်သွယ်ရေးကြားခံမှာ မည်သည့်အရာဖြစ်သနည်းဟူသည့်မေးခွန်းကို မေးပါ။

❖ စကားပြောခြင်းသည် လူတို့ နေ့စဉ်ပြုလုပ်ရသော ကိစ္စရပ်ဖြစ်ကြောင်း၊ မနက်အိပ်ရာနိုးသည်မှ ညအိပ်ရာဝင်ချိန်အထိ မိမိပြောလိုသည့် အကြောင်းအရာ၊ အသိပေးလိုသည့် အချက်အလက်၊ မိမိ၏စိတ်ခံစားချက်များကို သူတစ်ပါးသိအောင် စကားဖြင့်ပင်ဖော်ဆောင်ရကြောင်း၊ စကားပြောခြင်းသည် လူမှုကိစ္စအဝဝကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်သဖြင့် စကားပြောခြင်းသည် အရေးကြီးသောလူမှုကိစ္စတစ်ရပ်ဖြစ်ကြောင်း ပြောပါ။

❖ ယခုစာသင်ချိန်တွင် စကားကို စနစ်တကျပြောတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြား၍ နိဒါန်းပျိုးခြင်းကို အဆုံးသတ်ပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ စကားပြောရာတွင် ပြောသူနှင့် နားထောင်သူ နှစ်ဦးရှိရမည်ဖြစ်ကြောင်း၊ ပြောသူမှာ တစ်ဦး သို့မဟုတ် အများဖြစ်နိုင်သကဲ့သို့ နားထောင်သူမှာလည်း တစ်ဦး သို့မဟုတ် အများဖြစ်နိုင်ကြောင်း ရှင်းပါ။

❖ ပြောသူနှင့်နားထောင်သူတို့၏ အခြေအနေကိုလိုက်၍ စကားပြောသည့်ပုံစံ အမျိုးမျိုးရှိသည်။ ၎င်းတို့မှာ-

- ◆ တစ်ဦးက တစ်ဦးကို ပြောစကား
- ◆ တစ်ဦးက အများကို ပြောစကား
- ◆ အများက တစ်ဦးကို ပြောစကား
- ◆ အများက အများကို ပြောစကား

ဟူသည့် ပုံစံ ၄ မျိုးဖြစ်ကြောင်းရှင်းပါ။

❖ တစ်ဦးက တစ်ဦးကို ပြောဆိုသည့် စကားပြောပုံစံတွင်

- ◆ လူနှစ်ဦးတွေ့ဆုံစဉ်ပြောသည့် အပြန်အလှန်ပြောစကား
- ◆ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးကိရိယာဖြင့်ပြောသည့် အပြန်အလှန်ပြောစကားများ ပါဝင်ကြောင်း ရှင်းပါ။ ထိုသို့ နှစ်ဦးအပြန်အလှန်ပြောဆိုရာတွင် ပြောသူနှင့်နားထောင် သူမှာ အလှည့်ကျဖြစ်ရမည်ဖြစ်ကြောင်း၊ ပထမတစ်ဦးက ပြောနေချိန်တွင် ဒုတိယတစ်ဦး က နားထောင်သူဖြစ်ပြီး၊ ဒုတိယတစ်ဦးက ပြောနေချိန်တွင် ပထမတစ်ဦးက နားထောင်သူ ဖြစ်ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ တစ်ဦးက အများကို ပြောဆိုသည့်စကားပုံစံမှာ ရှင်းလင်းပွဲများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများတွင် ဟောပြောခြင်းများ၊ ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးက ကျောင်းသားများကို အမှာစကားပြောကြားခြင်း၊ စာသင်ခန်းတွင် ဆရာက ကျောင်းသားများကို စာသင်ကြားခြင်းသည်လည်း ထိုသဘောပင်ဖြစ်ကြောင်းရှင်းပါ။

❖ ပြောသူကအများ နားထောင်သူကတစ်ဦး ပြောဆိုသည့်စကားပုံစံမှာ ကျောင်းသားများက ဆရာကို မိမိတို့ မရှင်းလင်းသည့် စာမေးမြန်းခြင်း၊ လူတွေ့စစ်ဆေးခြင်းတို့သည် ထိုသဘော ဖြစ်ကြောင်းရှင်းပါ။

❖ အများက အများကို ပြောဆိုသည့်ပုံစံမှာ စာသင်ခန်းအတွင်း အုပ်စုဖွဲ့၍ တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးပြောဆိုခြင်း၊ စကားဝိုင်းဆွေးနွေးခြင်းတို့သည် ထိုသဘောဖြစ်ကြောင်း ရှင်းပါ။

❖ စကားပြောပုံစံများတွင် နာသူမပါသောပြောဆိုသည့်ပုံစံမျိုးလည်း ရှိကြောင်း၊ လူတစ်ယောက်က စိတ်ခံစားမှု အလွန်အမင်းပြင်းထန်လာသည့်အခါတွင် မိမိ၏စိတ်ထဲ၌ ခံစားနေသည့်ခံစားချက်များကို တစ်ကိုယ်တည်း ဖွင့်ထုတ်ပြောဆိုမိလိုက်ခြင်းမျိုးသည် နာသူမပါသည့် တစ်ကိုယ်တည်း ပြောစကားပုံစံဖြစ်ကြောင်း၊ ထိုသို့သော အပြောပုံစံသည် ပြင်ပလောက၌ ထူးခြားသည့် အပြောပုံစံဖြစ်သော်လည်း ဝတ္ထုနှင့် ရုပ်ရှင်ဇာတ်လမ်းများတွင်မူ အသုံးများသည့် အပြောပုံစံမျိုးဖြစ်ကြောင်းရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ စကားပြောပုံစံတွေကိုပြောပါ။

၂။ တစ်ဦးတည်းပြောစကားတွေမှာပါတဲ့ စကားပြောပုံစံတွေကိုပြောပါ။

၃။ နှစ်ဦးအပြန်အလှန်ပြောစကားတွေမှာပါတဲ့ စကားပြောပုံစံတွေကိုပြောပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**
**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် စကားပြောပုံစံများကို အသေးစိတ်ရှင်းပြပေးမည်ဖြစ်ကြောင်းပြောပါ။

❖ တစ်ဦးတည်းပြောစကားတွင် ပါဝင်သည့်စကားပြောပုံစံများမှာ
(၁) ပုံပြင်ပြောဆိုခြင်း
(၂) ရေဒီယိုအသံလွှင့်ခြင်း
(၃) ဟောပြောခြင်း
(၄) မိန့်ခွန်းပြောခြင်း
(၅) အမှာစကားပြောခြင်း
(၆) ကျောင်းသင်ခန်းစာပို့ချခြင်း
(၇) ကျပန်းစကားပြောခြင်း
တို့ပါဝင်ကြောင်းရှင်းပါ။

❖ ကျောင်းသားအားလုံးကို မှတ်မိအောင် ရွတ်ဆိုပါစေ။

❖ အလွတ်ပြန်ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ နှစ်ဦးအပြန်အလှန်ပြောစကားတွင် ပါဝင်သည့်စကားပြောပုံစံများမှာ

(၁) လူနှစ်ဦး မျက်နှာချင်းဆိုင် တွေ့ဆုံပြောဆိုခြင်း

(၂) ဆက်သွယ်ရေးကိရိယာများဖြင့် လူနှစ်ဦးပြောဆိုခြင်း

(၃) ဝတ္ထု၊ ပြဇာတ်စသည်မှ အချီအချစကားပြောခြင်း

(၄) နှစ်ဦးတွေ့ဆုံမေးမြန်းခြင်း

(၅) စကားရည်လုပြောဆိုခြင်း

(၆) အချေအတင်ပြောဆိုခြင်း

တို့ပါဝင်ကြောင်း ရှင်းပြပေးပါ။ နှစ်ဦး အပြန်အလှန်စကားပြောရာတွင် လိုက်နာသင့်သည့် အဓိကအချက်မှာ တစ်ဦးကိုတစ်ဦး အပြန်အလှန်အလှည့်ပေးခြင်းဟူသည့် အချက်ဖြစ်ကြောင်းရှင်းပါ။

❖ ဝိုင်းဖွဲ့ပြောစကားတွင် ပါဝင်သည့်စကားပြောပုံစံများမှာ

(၁) စာသင်ခန်းတွင် အုပ်စုဖွဲ့၍ သင်ခန်းစာဆွေးနွေးခြင်း

(၂) မိတ်ဆွေအချင်းချင်းဝိုင်းဖွဲ့စကားပြောခြင်း

(၃) စကားဝိုင်းဆွေးနွေးခြင်း

တို့ပါဝင်ကြောင်းရှင်းပါ။

❖ စကားဝိုင်းပြောဆိုရာတွင် သုံးဦးအနည်းဆုံး ပါဝင်ရမည်ဖြစ်ကြောင်း၊ စကားပြောဆိုရာတွင် ပါဝင်ပြောဆိုသူအချင်းချင်း အလှည့်ပေးရမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတရမည်ဖြစ်ကြောင်း၊ တစ်ဦးတည်း ဒိုင်ခံပြောနေလျှင် စကားဝိုင်းမှာ ငြီးငွေ့ဖွယ်ကောင်းကြောင်း၊ ပြောဆိုသူအချင်းချင်း အပေးအယူမျှမှသာ ကောင်းမွန်သည့် စကားဝိုင်းဖြစ်လာမည်ဖြစ်ကြောင်းရှင်းပါ။

❖ ကျောင်းသားအားလုံးကို မှတ်မိအောင် ရွတ်ဆိုပါစေ။

❖ အလွတ်ပြန်ဖြေပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) တစ်ဦးတည်း ပြောစကားပုံစံတွေကိုပြောပါ။

(၂) အပြန်အလှန် ပြောစကားပုံစံတွေကိုပြောပါ။

(၃) ဝိုင်းဖွဲ့ ပြောစကားပုံစံတွေကိုပြောပါ။

(၄) နှစ်ဦးနဲ့အထက် ပြောဆိုတဲ့စကားဝိုင်းမှာ ဘယ်အချက်တွေကိုလိုက်နာရမယ်ဆိုတာပြောပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် စကားပြောဆိုရာ၌ လိုက်နာသင့်သည့်အချက်များကို သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ "စကားပြောဆိုရတဲ့အနေအထား ဘယ်နှမျိုးရှိသလဲ။ သိပါသလား" ဟူသည့်မေးခွန်းကို မေးပါ။ ကျောင်းသားများ၏အဖြေကို နားထောင်ပါ။

❖ စကားပြောဆိုရသည့် အနေအထားနှစ်မျိုးရှိပြီး ပုံစံတကျပြောဆိုခြင်းနှင့် လွတ်လွတ်လပ်လပ်ပြောဆိုခြင်းတို့ဖြစ်ကြောင်းရှင်းပါ။

❖ ပုံစံတကျပြောဆိုခြင်းများကို အစည်းအဝေးများ၊ အခမ်းအနားများ၌ အသုံးပြုရမှာဖြစ်ပြီး အလွတ်သဘောပြောဆိုခြင်းများကို သူငယ်ချင်းအချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ မိသားစုဝင် ဆွေမျိုးသားချင်းအချင်းချင်း၊ ခင်မင်ရင်းနှီးသူအချင်းချင်း ပြောဆိုသည့်ပုံစံမျိုးဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ စကားပြောဆိုရသည့် အနေအထားနှစ်ရပ်အကြောင်းကိုရှင်းပါ။

❖ စကားပြောဆိုရသည့် အနေအထားနှစ်ရပ်ရှိကြောင်း၊ ကြိုတင်ပြင်ဆင်ပြီးမှ ပြောဆိုခြင်းနှင့် ကြိုတင်ပြင်ဆင်ချိန်မရဘဲ လက်တန်းပြောဆိုရခြင်းတို့ဖြစ်ကြောင်းရှင်းပါ။

❖ ကြိုတင်ပြင်ဆင်ပြောဆိုခြင်းဟူသည်မှာ မိမိပြောဆိုလိုသည့် အချက်အလက်များကို ကြိုတင်စုဆောင်းခြင်း၊ ပြောကြားမည့်အချက်အလက်များကို အစီအစဉ်ချခြင်းတို့ကို ဆိုလိုကြောင်း၊ ထိုသို့ပြင်ဆင်ရာတွင် အသံနေအသံထား၊ စကားအသုံးအနှုန်း၊ လေယူလေသိမ်းတို့ကိုလည်း ကြိုတင်လေ့ကျင့် ပြင်ဆင်ထားရမည်ဖြစ်ကြောင်းရှင်းပါ။

❖ လက်တန်းပြောဆိုခြင်းဟူသည်မှာ ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ စကားပြောဆိုနေစဉ်အတွင်း မိမိစိတ်ကူးထဲတွင်ပေါ်လာသည့် အချက်အလက်များကို တဒင်္ဂအတွင်း ပြောဆိုခြင်းမျိုးဖြစ်ကြောင်းရှင်းပြပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) "ထီပေါက်ခဲ့သော်" ဆိုတဲ့ ခေါင်းစဉ်ကို လက်တန်းပြောပါစေ။

(၂) ဆရာက မိမိနှစ်သက်ရာခေါင်းစဉ်တစ်ခုကိုပေးပြီး ကျောင်းသားများအား ကြိုတင်ပြင်ဆင်လာပါစေ။

**စာအညွှန်း**

၁။ ခင်မောင်ညို၊ (ဘောဂဗေဒ)။ (၂၀၁၉)။ ကျွန်တော်တို့အားလုံးစကားပြောရမည်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၂။ ဘုန်းမြင့်သွေး၊ (သုတေသီ-)။ (၂၀၀၅)။ စကားပြောတတ်ဖို့။ ရန်ကုန်၊ အင်ကြွင်းမြိုင်ပုံနှိပ်တိုက်။

၃။ အောင်သင်း။ (၂၀၀၅)။ စကားကောင်းနှင့်အမျှားဆောင်းပါးများ။ ရန်ကုန်၊ ဇွန်ပွင့်စာပေ။

## ရေးတော့အမှန် ဖတ်တော့အသံ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– ရေးတော့အမှန် ဖတ်တော့အသံ** |
| **ရည်ရွယ်ချက်** | **– စာရေးလျှင် စာလုံးပေါင်းသတ်ပုံနှင့်အညီ အမှန်အတိုင်းရေးရပြီး စာဖတ်လျှင်အသံထွက်အတိုင်းဖတ်ရကြောင်း သိရှိစေရန်** |
| **သင်ယူမှုရလဒ်** | **– စာရေးလျှင် စာလုံးပေါင်းသတ်ပုံနှင့်အညီ အမှန်အတိုင်းရေးရပြီး စာဖတ်လျှင် အသံထွက်အမှန်အတိုင်းဖတ်ရကြောင်းသိရှိလာမည်။** |
| **သင်ကြားနည်း** | **– အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ သရုပ်ဆောင်သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– ရေးတော့အမှန် ဖတ်တော့အသံဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ထားသည့်စာကတ်ပြားများ၊ မျဉ်းစောင်းနှစ်ခုအတွင်း ပြထားသောအသံထွက်ပုံစံစာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ဆရာက ကျောင်းသားများအား ရေးတော့အမှန် ဖတ်တော့အသံသင်ခန်းစာကို သင်ကြားမည်ဆိုသည့်အကြောင်း နိဒါန်းပျိုးမိတ်ဆက်ပါ။

❖ ဆရာက ကျောင်းသားများကို မြန်မာစကားတွင် 'ရေးတော့အမှန် ဖတ်တော့အသံ' ဟူသောဆိုရိုးအကြောင်း အသေးစိတ်ရှင်းပါ။

❖ စာရေးလျှင် စာလုံးပေါင်းသတ်ပုံနှင့်အညီရေးရပြီး စာဖတ်လျှင် အသံထွက်အတိုင်း ဖတ်ရကြောင်းရှင်းပါ။

❖ အသံနှစ်သံကို တစ်ဆက်တည်းရွတ်ဆိုသောအခါ ရှေ့အသံအဆင်ပြေစေရန်အတွက် နောက်ကအသံကို လိုအပ်သလိုပြောင်းပေးရကြောင်း ဆရာကရှင်းပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ အသံနှစ်သံကို ကြားမှမရပ်နားဘဲ တစ်ဆက်တည်းရွတ်ဆိုလျှင် နောက်ကအသံပျော့များသည် အသံပြင်းသို့ပြောင်းတတ်ကြောင်း ဆရာက ကျောင်းသားများကိုသင်ပါ။

**သာဓက** – သံကွင်း /သံဂွင်း/၊ ရေခွက်/ယေဂွက်/၊ လစာ/လဇာ/

❖ က် ၊စ်၊ တ်၊ ပ်အသတ်ပါသောအသံများသည် ရှေ့၌ရှိပါကနောက်ကအသံကို မလွှမ်းမိုးနိုင်သဖြင့် ရွတ်ဆိုလျှင် နောက်ကအသံမပြောင်းကြောင်း ကျောင်းသားများကိုသင်ပါ။

**သာဓက** – ဝက်ကြီး/ဝက်ကျီး/၊ တစ်ထုပ်/တထုပ်/၊ သစ်ပင်/သစ်ပင်/

❖ အသံနှစ်သံတွဲသောအခါ နောက်ကအသံကြောင့် ရှေ့ကအသံပြောင်းကြောင်းနှင့် ရှေ့က သရသံများသည် အသံတိုသွားပြီး အသံတစ်ဝက်သာကျန်တော့ကြောင်းသင်ပါ။

**သာဓက** – ငါးပိ/ငပိ/၊ သူရဲ/သယဲ/၊ မားမ/ဒမ/

❖ အသံခြားပြီးရွတ်ဆိုလျှင် ရှေ့သံနှင့်နောက်သံမဆက်တော့သည့်အတွက် အသံမပြောင်းတော့ကြောင်းသင်ပါ။

**သာဓက** – အမေ ပဲ ပြုတ်နေတယ် /အသံမပြောင်း/

ပဲပြုတ်ဝယ်ပါ /ပဲဗျုတ် /

ဒီလူ ကြီးတယ် /အသံမပြောင်း/

ဒီလူကြီး /ဒီလူဂျီး /

ခွဲဆိုလျှင် အသံပြောင်းကြောင်း ရှင်းပါ။

❖ အသံမပြောင်းသောစကားလုံးများသည်ကြိယာစကားလုံးများဖြစ်ကြောင်းသင်ပါ။

**သာဓက** – ဘာသာပြန်သင်တန်း /ဘာသ္ဘာဗျန်/ နာမ်စကားလုံးဖြစ်သည့်အတွက် အသံပြောင်း

ဘာသာပြန်သည် ကြိယာဖြစ်သည့်အတွက် အသံမပြောင်း

တောပုန်းကြီး /တောဗုန်းဂျီး/ နာမ်စကားလုံးဖြစ်သည့်အတွက် အသံပြောင်း

တောပုန်းသည် ကြိယာဖြစ်သည့်အတွက် အသံမပြောင်း

❖ အသံတူနှစ်ခုထပ်လျှင် နောက်ကအသံပြောင်းကြောင်းသင်ပါ။

DBE BOX - Copyright Protected

**သာဓက** – ခက်ခက်ခဲခဲ /ခက်ခက်ခဲဂဲ/၊ ပြီးပြီးပျောက်ပျောက် /ပြီးပျီးပျောက်ဗျောက်/

❖ အသံတူနှစ်လုံးဆင့်ထားသောနာမည်များတွင် အသံပြောင်းလေ့မရှိကြောင်းသင်ပါ။

**သာဓက** – သူ့အသားကဖြူဖြူဝင်းနေတာပဲ /ဖျူဗျူဝင်း/ အသံပြောင်းသည်

ဖြူဖြူဝင်း /ဖြူဖြူဝင်း/ အသံမပြောင်းပေ

ကော်ဖီချိုချိုလေး /ချိုဂျိုလေး/ အသံပြောင်းသည်

ချိုချိုလေး /ချိုချိုလေး/ အသံမပြောင်းပေ

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အသံနှစ်သံတွဲတဲ့အခါ နောက်သံကြောင့် ရှေ့သံပြောင်းသွားတဲ့ စကားလုံးတချို့ကိုပြောပါ။

(၂) အသံခြားပြီးရွတ်ဆိုတဲ့အတွက် ရှေ့သံနဲ့နောက်သံ မဆက်တော့ဘဲ အသံမပြောင်းတော့တဲ့ စကားလုံးတချို့ကိုပြောပါ။

(၃) ဘယ်အခြေအနေတွေမှာ အသံမပြောင်းသလဲ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**
**လေ့ကျင့်ခြင်း**

❖ ဆရာက ကျောင်းသားများကို အုပ်စုသုံးစုဖွဲ့ပေးပြီး အုပ်စုနံပါတ်ပေးပါ။

❖ ထို့နောက် ဆရာက အုပ်စု (၁) ကျောင်းသားများကို အဘိဓာန်စကားလုံးများထဲမှ

(၁) အသံနှစ်သံကိုကြားမှ မရပ်နားဘဲ တစ်ဆက်တည်းရွတ်ဆိုလျှင် နောက်ကအသံပျော့များသည် အသံပြင်းသို့ပြောင်းတတ်သော စကားလုံးများ ရှာပါစေ။

(၂) က်၊ စ်၊ တ်၊ ပ်အသတ်ပါသောစကားလုံးများရှာပါစေ။

❖ ထို့နောက် ဆရာက အုပ်စု (၂) ကျောင်းသားများကို အဘိဓာန်စကားလုံးများထဲမှ

(၁) အသံနှစ်သံတွဲသောအခါ နောက်ကအသံကြောင့်ရှေ့ကအသံပြောင်းပြီး ရှေ့ကသရသံများသည် အသံတိုသွားပြီး အသံတစ်ဝက်သာကျန်တော့သည့်စကားလုံးများ ရှာပါစေ။

(၂) အသံခြားပြီးရွတ်ဆိုလျှင် ရှေ့သံနှင့်နောက်သံမဆက်တော့သည့်အတွက် အသံမပြောင်းသွားသည့်စကားလုံးများ ရှာပါစေ။



DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ထို့နောက် ဆရာကအုပ်စု (၃) ကျောင်းသားများကို အဘိဓာန်စကားလုံးများထဲမှ

(၁) အသံမပြောင်းတဲ့ ကြိယာစကားလုံးတွေကိုရှာပါ။

(၂) အသံတူနှစ်ခုထပ်ပါက နောက်ကအသံပြောင်းတဲ့စကားလုံးတွေကိုရှာပါ။

(၃) အသံတူနှစ်လုံးဆင့်ထားတဲ့နာမည်တွေမှာ အသံပြောင်းလေ့မရှိတဲ့စကားလုံးတွေကိုရှာပါ။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၁)။ တစ်သံနှစ်သံသုံးလေးသံ။ ရန်ကုန်၊ ချစ်စရာစာပေ။

၂။ ခင်မင်၊ **မောင်**(ဓနုဖြူ) ။ (၂၀၁၄ )။ ယနေ့လူငယ်နှင့်မြန်မာစကားအပြောအဆို။ ရန်ကုန်၊ ခဝါလှေမွန် စာအုပ်တိုက်။

DBE BOX - Copyright Protected

## စလုံး နှင့် ဆလိမ် ပြဿနာ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **- စလုံး နှင့် ဆလိမ် ပြဿနာ** |
| **ရည်ရွယ်ချက်** | **- စလုံး နှင့် ဆလိမ် အသံထွက် မှန်ကန်စေရန်** |
| **သင်ယူမှုရလဒ်** | **- စလုံး နှင့် ဆလိမ်ကို အသံထွက် မှန်မှန်ကန်ကန် ထွက်တတ်လာမည်။** |
| **သင်ကြားနည်း** | **- အမေးအဖြေနည်း၊ အသံထွက်ရွတ်ဖတ်နည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **- စလုံးနှင့် ဆလိမ်ပါသောစကားလုံးများကို ရေးမှတ်ထားသည့် စာကတ်ပြားများ၊ စလုံး နှင့် ဆလိမ်ပါသည့် ဝါကျတိုများကို ရေးမှတ်ထားသည့်စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **- စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **- ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

DBF BOX - Copyright Protected

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ စကားပြောဆိုရာတွင်ဖြစ်စေ၊ စာရွတ်ဖတ်ရာတွင်ဖြစ်စေ၊ ကဗျာရွတ်ဆိုရာတွင်ဖြစ်စေ အသံထွက်မှန်ကန်ပီသအောင် ရွတ်ဆိုနိုင်ရန်လိုအပ်ကြောင်း၊ အသံထွက်မှန်မှ အနက်အဓိပ္ပာယ် အမှန်ကို သိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာဘာသာစကားကို အသံထွက် မှန်ကန်ပီသအောင် ရွတ်ဆိုတတ်ရန် လေ့ကျင့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "မိမိကိုယ်တိုင်စကားပြောတဲ့အခါ ဒါမှမဟုတ် သူတစ်ပါးစကားပြောတဲ့အခါ စကားသံတွေကို ဂရုတစိုက် နားထောင်ဖူးပါသလား။ စ သံ နဲ့ ဆ သံ ကို မကွဲပြားဘဲ ပြောဆိုနေကြတာကို သတိထားမိပါသလား" ဟူသည့်မေးခွန်းကိုမေးပါ။

❖ ကျောင်းသားများကို စ သံ နှင့် ဆ သံကို လက်တွေ့ အသံထွက်ပါစေ။

❖ ယခုစာသင်ချိန်တွင် စ သံ နှင့် ဆ သံ အသံထွက် မှန်မှန်ကန်ကန်ထွက်တတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ မြန်မာဗျည်း ၃၃ လုံးတွင် စ လုံးနှင့် ဆလိမ်တို့သည် အသံထွက်အားဖြင့် ကွဲပြားခြားနားကြောင်း၊ စလုံး ဗျည်းသည် ဗျည်း ၃၃ လုံးတွင် ၆ လုံးမြောက်ဗျည်းဖြစ်ပြီး ဆလိမ် ဗျည်းသည် ဗျည်း ၃၃ လုံးတွင် ၇ လုံးမြောက်ဗျည်းဖြစ်ကြောင်းရှင်းပါ။

❖ စလုံး နှင့် ဆလိမ် ဗျည်းတို့သည် သွားရင်းနေရာ၌ဖြစ်သော ပွတ်တိုက်ဗျည်းများ ဖြစ်ကြောင်း ရှင်းပြ၍ ကျောင်းသားများ အလွယ်တကူသဘောပေါက်ရန် ဆရာက နှုတ်ခမ်းအနေအထား ဖြင့် လက်တွေ့ ရွတ်ဆိုပါ။

❖ သွားရင်းနေရာဆိုသည်မှာ အပေါ်သွားရင်း၊ အပေါ်သွားဖုံးတို့ တစ်ဆက်တည်းဖြစ်နေသည့် သွားရင်းနှင့် လျှာဖျားတို့ ထိကပ်နေသည့်နေရာကိုခေါ်ကြောင်းရှင်းပါ။

❖ စလုံးသံကို ရွတ်ဆိုရာတွင် လေအားလျော့နည်းပြီး၊ ဆလိမ် သံကိုရွတ်ဆိုရာတွင် လေအားတင်း (လေအားများ)ကြောင်း ရှင်းပြပြီး ဆရာက နမူနာ ရွတ်ပြပါ။

❖ စလုံးသံနှင့် ဆလိမ်သံသည် လေအားလျော့ခြင်းနှင့် လေအားတင်းခြင်းဟူသော အသံအင်အား တို့ကြောင့် ဗျည်းအမျိုးအစား ၂ မျိုးကွဲပြားသွားခြင်းဖြစ်ကြောင်း၊ ဆသံတွင် 'ဟ' သံပို၍ ပါဝင် နေကြောင်းရှင်းပါ။

❖ လေအားလျော့၍ ရွတ်ဆိုရသော သွားရင်းနေရာ၌ဖြစ်သော ပွတ်တိုက်ဗျည်း 'စ၊ တ' နှင့် လေအားတင်း၍ ရွတ်ဆိုရသော 'ဆ၊ ထ' တို့ကို လက်တွေ့ နှိုင်းယှဉ်ရွတ်ဆိုပြီး သဘောပေါက် အောင်ရှင်းပါ။

❖ စာ နှင့် ဆာ၊ စား နှင့် ဆားတို့သည် အသံကွဲပြီး အဓိပ္ပာယ်ကွဲကြောင်း၊ အသံထွက်မှန်မှ အနက်အဓိပ္ပာယ်မှန်မည်ဖြစ်ကြောင်းကို ရှင်းပြပြီး စာသင်ချိန်ကို အဆုံးသတ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) စလုံးနဲ့ ဆလိမ်ဟာ ဘယ်ဗျည်းအမျိုးအစားဖြစ်သလဲ။

(၂) စ သံကို ရွတ်ဆိုတဲ့အခါ လေအားကို ဘယ်လိုသုံးသလဲ။

(၃) ဆ လိမ်သံကို ရွတ်ဆိုတဲ့အခါ လေအားကို ဘယ်လိုသုံးသလဲ။

(၄) စ သံ ကို ဆ လိမ်သံနဲ့ ပြောမိတဲ့အတွက်ကြောင့် အဓိပ္ပာယ်လွဲနိုင်တာကို သာဓကတစ်ခု ပြောပါ။

(၅) ဖော်ပြပါအသံတွေမှာ လေအားလျော့ဗျည်းနဲ့ လေအားတင်းဗျည်းတွေကို ခွဲခြားပါ။

စ၊ ထ၊ ဆ၊ တ ၊ပ၊ ဖ

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁
### ရှင်းပြခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ ကျောင်းသားများကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ အသင့်ရေးမှတ်ထားသည့် စလုံးသံနှင့် ဆလိမ်သံပါသည့် စာကတ်များကို အသုံးပြု၍ အသံထွက်မှန်ကန်အောင် အုပ်စုလိုက် လေ့ကျင့်ပါ။

❖ အုပ်စု (၁) ကို လေ့ကျင့်ပေးနေစဉ် ကျန်အုပ်စု (၂) က နားထောင်နေပါစေ။

❖ အသံထွက်မှန်ကန်အောင် ရွတ်ဆိုနိုင်သည်အထိ စလုံးသံနှင့် ဆလိမ်သံကို ရွတ်ဆိုပါစေ။

❖ ဆရာက ဦးဆောင်၍ နမူနာရွတ်ဆိုပြပြီးသင်ပါ။

❖ စ သံ နှင့် ဆ သံကို အသံထွက်မှား၍ စာလုံးပေါင်းသတ်ပုံ မှားရေးတတ်သည့် သာဓကများကိုရှင်းပါ။

**သာဓက**

♦ ဆုငွေ နှင့် စုငွေ

ဆုငွေဆိုသည်မှာ ကြိုးပမ်းလုပ်ဆောင်မှုအတွက် ဆုအဖြစ်ရသောငွေဖြစ်ကြောင်း၊ စုငွေဆိုသည်မှာ စုဆောင်းထားသောငွေဖြစ်ကြောင်းရှင်းပါ။

♦ ဆိတ်ငြိမ်ခြင်းနှင့် စိတ်ငြိမ်ခြင်း

ဆိတ်ငြိမ်ခြင်းဆိုသည်မှာ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်ကြောင်း၊ စိတ်ငြိမ်ခြင်းဆိုသည်မှာ စိတ်နှလုံးငြိမ်သက်ခြင်းဖြစ်ကြောင်းရှင်းပါ။

♦ ဆိုက်ကပ်နှင့် စိုက်ကပ်

ဆိုက်ကပ်ဆိုသည်မှာ ကျရောက်ခြင်း၊ ယာဉ်တစ်ခုခု ရောက်လာရပ်နားခြင်းဖြစ်ကြောင်း၊ စိုက်ကပ်ဆိုသည်မှာ စိုက်ပြီးစကောက်ပင်များ ရေမရ၍ မအောင်မြင်ခြင်းကိုခေါ်ကြောင်း ရှင်းပါ။

❖ အသံထွက်မှားခြင်းကြောင့် သတင်းစာနှင့် စာအုပ်စာတမ်းအချို့တွင် သတ်ပုံမှားရေးနေကြပြီး အဓိပ္ပာယ်လွဲမှားခြင်းသည် စာပေရေးထုံးစနစ်ပါ ဆုတ်ယုတ်စေတတ်ကြောင်း ကျောင်းသားများကိုရှင်းပါ။

❖ စာလုံးပေါင်းသတ်ပုံမှားပါက အဓိပ္ပာယ်လွဲမှားတတ်သည့်အကြောင်းကိုရှင်းပါ။

DBE BOX - Copyright Protected

## လုပ်ငန်းစဉ် ၂

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ဆ သံ အစား စ သံ သို့ ပြောင်းလဲရွတ်ဆိုကြခြင်းမှာ ဆ သံကို အသုံးပြုရသော လေအားသည် စ သံကို ရွတ်ဆိုရာတွင် အသုံးပြုရသော လေအားထက် ပိုများခြင်းကြောင့် အနည်းငယ်ပင်ပန်းကြောင်း၊ စ သံကို အစားထိုးအသုံးပြုပါက အားစိုက်ရသက်သာပြီး အလွယ်လိုက်ခြင်းဖြစ်ကြောင်း၊ အချိန်မီ ပြုပြင်လေ့ကျင့်ပါက အသံထွက်ပီသမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ရှင်းပါ။

❖ ကျောင်းသားများကို အုပ်စု နှစ်စု ဖွဲ့ပါ။

'စာ၊ ဆာ၊ စား၊ ဆား၊ စု၊ ဆု၊ စို၊ ဆို၊ စောက်၊ ဆောက်' ကဲ့သို့ စကားလုံး စာကတ်များကိုပြ၍ တစ်ဖွဲ့ကို အသံထွက်ပါစေ။

❖ ကျန်အဖွဲ့ကို အသံမှန် မမှန် နားထောင်၍ အကဲဖြတ်ပါစေ။

❖ အသံထွက် မှားနေလျှင် ဆရာက ပြင်ပါ။

(စာကတ်များကို အလုံအလောက်ပြုလုပ်ထားရန် လိုအပ်ပါသည်။ )

### စစ်ဆေးအကဲဖြတ်ခြင်း

(၁) ဆုငွေကို  စုငွေလို့ အသံထွက်မိရင် ဘယ်လိုအဓိပ္ပာယ် သက်ရောက်နိုင်သလဲ။

(၂) ဆ လိမ်သံအစား စ သံသို့ ပြောင်းလဲရွတ်ဆိုကြတာဟာ ဘာကြောင့်လို့ ထင်သလဲ။

(၃) အသံထွက် မှားတဲ့အတွက် ဘယ်လိုဆိုးကျိုးတွေ ဖြစ်စေသလဲ။

(၄) စ သံ နဲ့ ဆလိမ်သံ ကို အသံထွက်မှန်အောင် ဘယ်လို ပြုလုပ်သင့်သလဲ။

(၅) စ သံ နဲ့ ဆလိမ်သံ ပါတဲ့ စကားလုံး ငါးလုံးပြောပါ။

DDEBOX Copyright Protected

## စာသင်ချိန် ၃

### လုပ်ငန်းစဉ် ၁
### လေ့ကျင့်ခြင်း

❖ ကျောင်းသားများကို အုပ်စုနှစ်စု ဖွဲ့ပါ။

❖ သင်ခန်းစာထဲမှ အောက်ပါ စာကြောင်းတို့ကို အသံထွက်မှန်မှန်ဖြင့် ရွတ်ဆိုပါစေ။

| | |
|---|---|
| ◆ စ - ဆ | စကားအရာ လိမ္မာပါ။ မိဘဆရာ၊ ရိုသေကြ။ |
| ◆ စာ - ဆာ | စာအောင်သူကို ဂုဏ်ပြုပါ။ ဆာလောင်သူကို ဖေးမပါ။ |
| ◆ စား - ဆား | စားပါ၊ သောက်ပါ၊ ဆားလျှော့ပါ။ |
| ◆ စီ - ဆီ | စီစဉ်ပေးပါ။ ဆီလျှော့ကျွေးပါ။ |
| ◆ စီး - ဆီး | စီးဆင်းရေသံ။ ဆီးနှင်းဝေလျှံ။ |
| ◆ စူး - ဆူး | စူးစိုက်လုံ့လ၊ ထုတ်ကြပါ။ ဆူးစူးလွတ်အောင်၊ ကြည့်ရှောင်ပါ။ |
| ◆ စေး - ဆေး | စေးပျစ်ချိုများ၊ ရှင်းလင်းထား။ ဆေးဝါးဒါန၊ ပေးလှူကြ။ |
| ◆ စဲ - ဆဲ | စဲသည့် မိုးနှယ်ပွင့်လင်းဖွယ်။ ဆဲရေးတိုင်းထွာရှောင်ကြဉ်ပါ။ |
| ◆ စံ - ဆံ | စံပယ်တော်မူ၏။ ဆံပယ်တော်မူ၏။ |
| ◆ စို - ဆို | စိုပြည်လှပ၊ ယှဉ်ပြိုင်ကြ။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး။ |
| ◆ စို့ - ဆို့ | စို့ထွက်နေပြီ၊ ကျမျက်ရည်။ ဆို့ပိတ်နေပြီ၊ မြူနှင်းရည်။ |
| ◆ စိုး - ဆိုး | စိုးရိမ်သောက၊ ကင်းကြပါစေ။ ဆိုးသွမ်းဒေါသ၊ ရှင်းကြပါစေ။ |
| ◆ စိုက် - ဆိုက် | စိုက်ရေးပျိုးရေး၊ တို့အားပေး။ ဆိုက်ရေးကပ်ရေး၊ လှော်ခတ်ပေး။ |
| ◆ စင် - ဆင် | စင်ကြယ်ဒါန၊ ကုသိုလ်ရ၊ ဆင်ခြင်တုံတရား၊ လက်ကိုင်ထား။ |
| ◆ စောင့် - ဆောင့် | စောင့်လေမျိုးနွယ်၊ ကျင့်ကြကွယ်။ ဆောင့်အောင့်မူရာ၊ ရှောင်ကြဉ်ပါ။ |
| ◆ စိတ် - ဆိတ် | စိတ်ငြိမ်အောင်ပြု၊ တရားရှု။ ဆိတ်ငြိမ်ရာတွင်၊ တရားဝင်။ |
| ◆ စုတ် - ဆုတ် | စုတ်ပြကင်းအောင်၊ သတိဆောင်။ ဆုတ်ဖြဲလိုမှု၊ သတိပြု။ |
| ◆ စွတ် - ဆွတ် | စွတ်စိုလှပြီ၊ မိုးရာသီ။ ဆွတ်လိုလှပြီ၊ ပန်းပေါင်းဆီ။ |

❖ အုပ်စုတစ်စု ရွတ်ဆိုနေချိန်တွင် ကျန်အုပ်စုက အကဲဖြတ်ပါ။

DBE BOX - Copyright Protected

❖ အုပ်စုတစ်စု၏ လိုအပ်ချက်ကို ကျန်အုပ်စုတစ်စုက ထောက်ပြပါစေ။

❖ လိုအပ်လျှင် ဆရာက အသံထွက်ပြပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ မဲလိပ်များပြုလုပ်ပါ။ မဲလိပ်တွင် အထက်ပါ စာကြောင်းများထဲမှ တစ်ကြောင်းစီ ရေးထားပါ။

❖ ကျောင်းသားများ မဲလိပ်နှိုက်ပါစေ။ ပေါက်မဲကျသော ကျောင်းသားက မဲလိပ်ပါစာကြောင်းကို အသံထွက် မှန်မှန်ကန်ကန်ဖြင့် ရွတ်ဆိုပါစေ။

❖ ထိုကျောင်းသား ရွတ်ဆိုစဉ် ကျန်ကျောင်းသားများက အာရုံစိုက် နားထောင်ပါစေ။ စလုံးသံနှင့် ဆလိမ်သံ အသံထွက် မှန် မမှန်ကို လေ့လာအကဲဖြတ်ရန် ဆရာက မှာကြားပါ။

❖ ထိုကျောင်းသား မှန်ကန်စွာရွတ်ဆိုနိုင်လျှင် နောက်အလှည့်ကျသူတစ်ဦးကို ထိုကျောင်းသားက ရွေးချယ်နိုင်သည်ဖြစ်ကြောင်း ဆရာကပြောပါ။

❖ ကျန်ကျောင်းသားများလည်း မဲနှိုက်၍ မိမိကျရာစာကြောင်းကို ဆိုပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) စ လုံး ပါတဲ့ အက္ခရာတချို့ကို အသံမှန်မှန်နဲ့ရွတ်ပါ။

(၂) ဆ လိမ် ပါတဲ့ အက္ခရာတချို့ကို အသံမှန်မှန်နဲ့ရွတ်ပါ။

(၃) စ လုံးနဲ့ ဆလိမ် ပါတဲ့ ပုဒ်စုတစ်စု ဒါမှမဟုတ် ဝါကျတစ်ကြောင်းကို အသံမှန်မှန်နဲ့ ရွတ်ပါ။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၁၄ )။ ယနေ့လူငယ်နှင့်မြန်မာစကားအပြောအဆို။ ရန်ကုန်၊ ခဝါလှေမွန် စာအုပ်တိုက်။

၂။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၆)။ မြန်မာစာကိုယ်ခံတည်ဆောက်ရေး၊ (ဒု-ကြိမ်)။ ရန်ကုန်၊ THE KEY COLLECTION PRESS.

၃။ ရွှေလမင်းသွင်(မြန်စာမြေ)။ (၂၀၀၇)။ ပညာလရောင်စာလက်ဆောင်။ ရန်ကုန်၊ သင်းစာပေ။

DBE BOX - Copyright Protected

# တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံ သတိပြုရန်

| | | |
|---|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – | **တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံ သတိပြုရန်** |
| **ရည်ရွယ်ချက်** | – | **တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံ အသံထွက် မှန်ကန်စေရန်** |
| **သင်ယူမှုရလဒ်** | – | **တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံ အသံထွက် မှန်ကန်လာမည်။** |
| **သင်ကြားနည်း** | – | **အမေးအဖြေနည်း၊ အသံထွက်ရွတ်ဖတ်နည်း၊ လက်တွေ့ သရုပ်ဆောင်သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | – | **တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံပါသည့် စကားလုံးများကို ရေးမှတ်ထားသည့် စာကတ်ပြားများ၊ တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံပါသည့် ဝါကျတိုများကို ရေးမှတ်ထားသည့် စာကတ်ပြားများ၊ မဲလိပ်များ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – | **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – | **၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- စကားပြောဆိုရာတွင်ဖြစ်စေ၊ စာရွတ်ဖတ်ရာတွင်ဖြစ်စေ၊ ကဗျာရွတ်ဆိုရာတွင်ဖြစ်စေ တ သံ နှင့် သ သံ၊ အက် သံ နှင့် အတ် သံတို့ကို အသံထွက်မှန်ကန်ပီသအောင် ရွတ်ဆိုနိုင်ရန်လိုအပ် ကြောင်းရှင်းပါ။
- ယခုစာသင်ချိန်တွင် ထိုအသံများကို အသံထွက် မှန်ကန်ပီသအောင် ရွတ်ဆိုတတ်ရန် လေ့ကျင့် ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- စာကတ်ပြားများ၏အကူအညီဖြင့် ကျောင်းသားများအား တ သံနှင့် သ သံများကို လက်တွေ့ အသံထွက်ပါစေ။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါစာသားများကို မဲလိပ်ပြုလုပ်ပါ။

❖ "သေသောသူသည် သုသာန်သို့ သွားသည်"

❖ "တာတီးတို့တစ်တွေ တောင်တက်တာ တောတန်းတွေ၊ တံတားတွေ၊ တံတိုင်းတွေ၊ တူတွေ၊ တစ်တီတူးတွေ၊ တောက်တဲ့တွေ တွေ့တယ်တဲ့တော့"

❖ ကျောင်းသားတစ်ယောက်ချင်းစီကို မဲလိပ်နှိုက်စေ၍ မိမိမဲလိပ်ကျသည့် စာသားကို ရွတ်ဆိုပါစေ။

❖ ကျန်ကျောင်းသားများကို အကဲဖြတ်ပါစေ။

❖ အသံထွက်မှားနေလျှင် အချင်းချင်း ပြင်ပေးပါစေ။

❖ လိုအပ်လျှင် ဆရာက အသံထွက်ကို ပြန်လည်လေ့ကျင့်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) သ ပါတဲ့ စကားလုံး ငါးလုံးစီကို ရွတ်ဆိုပါ။

(၂) တ ပါတဲ့ စကားလုံး ငါးလုံးစီကို ရွတ်ဆိုပါ။

(၃) သ နဲ့ တ ပါတဲ့ စကားလုံးငါးလုံးစီကို ရွတ်ဆိုပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို အုပ်စုနှစ်စု ဖွဲ့ပါ။

❖ အသင့်ရေးမှတ်ထားသည့် ကသတ်သံနှင့် တသတ်သံ ပါသည့် စာကတ်များကို အသုံးပြု၍ အသံထွက်မှန်ကန်အောင် အုပ်စုလိုက် လေ့ကျင့်ပါ။

❖ အုပ်စု (၁) ကို လေ့ကျင့်ပေးနေစဉ် အုပ်စု (၂) က နားထောင်၍ အကဲဖြတ်ပါစေ။

❖ အုပ်စု (၂) ကို လေ့ကျင့်ပေးနေစဉ် အုပ်စု (၁) က နားထောင်၍ အကဲဖြတ်ပါစေ။

❖ အသံထွက်မှန်ကန်အောင် ရွတ်ဆိုနိုင်သည်အထိသင်ပါ။

❖ ဆရာက ဦးဆောင်၍ ရွတ်ဆိုပြပြီးသင်ပါ။

DBE BOX - Copyright Protected

## လုပ်ငန်းစဉ် ၂

### လေ့ကျင့်ခြင်း

❖ မဲလိပ်များပြုလုပ်ပါ။ မဲလိပ်တွင် အက် သံနှင့် အတ် သံပါသည့် စာကြောင်းတစ်ကြောင်းစီ ရေးထားပါ။

❖ ကျောင်းသားများ မဲလိပ်နှိုက်ပါစေ။ ပေါက်မဲကျသော ကျောင်းသားက မဲလိပ်ပါ စာကြောင်းကို အသံထွက် မှန်မှန်ကန်ကန်ဖြင့် ရွတ်ဆိုပါစေ။

❖ ထိုကျောင်းသားရွတ်ဆိုနေစဉ် ကျန်ကျောင်းသားများက အာရုံစိုက် နားထောင်ပါစေ။ အသံထွက် မှန်၊ မမှန်ကို လေ့လာအကဲဖြတ်ရန် ဆရာကမှာပါ။

❖ ထိုကျောင်းသား မှန်ကန်စွာရွတ်ဆိုနိုင်လျှင် နောက်အလှည့်ကျသူတစ်ဦးကို ထိုကျောင်းသားက ရွေးချယ်နိုင်သည်ဖြစ်ကြောင်း ဆရာက ပြောပါ။

❖ ကျန်ကျောင်းသားများကိုလည်း မဲနှိုက်၍ မိမိကျရာစာကြောင်းကို ဆိုပါစေ။

### စစ်ဆေးအကဲဖြတ်ခြင်း

(၁) သ သံနဲ့ တ သံ ပါတဲ့ ဝါကျတစ်ကြောင်းကို ရွတ်ပြပါ။

(၂) က သတ် သံနဲ့ တ သတ် သံပါတဲ့ ဝါကျတစ်ကြောင်းကို ရွတ်ပြပါ။

### စာအညွှန်း

၁။ ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၁၄)။ ယနေ့လူငယ်နှင့်မြန်မာစကားအပြောအဆို။ ရန်ကုန်၊ ခဝါလှေ့မွန် စာအုပ်တိုက်။

၂။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၅)။ မြန်မာစာမြန်မာစကားဝိုင်း။ နေပြည်တော်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန။

၃။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၆)။ မြန်မာစာကိုယ်ခံတည်ဆောက်ရေး၊ (ဒု-ကြိမ်)။ ရန်ကုန်၊ THE KEY COLLECTION PRESS.

LIBEBOX - Copyright Protected

## စကားပြောရာတွင် ရှောင်ကြဉ် သင့်သည်များ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **စကားပြောရာတွင် ရှောင်ကြဉ်သင့်သည်များ** |
| **ရည်ရွယ်ချက်** | – **စကားပြောဆိုရာတွင်ရှောင်ကြဉ်ပြောဆိုရမည့်စကားလုံးများနှင့် လိုက်နာရမည့်အပြုအမူများကိုသိရှိစေရန်၊လိုက်နာစေရန်** |
| **သင်ယူမှုရလဒ်** | – **စကားပြောဆိုရာတွင်ရှောင်ကြဉ်ပြောဆိုရမည့်စကားလုံးများနှင့် အပြုအမူများကိုသိရှိ လိုက်နာတတ်လာမည်။** |
| **သင်ကြားနည်း** | – **အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ သရုပ်ဆောင် သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **စကားပြောဆိုရာတွင် ရှောင်ကြဉ်ရမည့်စကားလုံးများ ရေးမှတ်ထားသည့် အချက်အလက်မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

DBE BOX - Copyright Protected

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ကျောင်းသားများကို စကားပြောဆိုရာတွင်ရှောင်ကြဉ်သင့်သည့်သင်ခန်းစာများ သင်ကြားမည် ဆိုသည့်အကြောင်း ဆရာက နိဒါန်းပျိုးပါ။

❖ ကျောင်းသားများကို မြန်မာစကားတွင်ရှိသော ရှောင်ကြဉ်ပြောဆိုရမည့် စကားများအကြောင်း ဆရာက အသေးစိတ်ရှင်းပါ။

❖ ကျောင်းသားများကို မြန်မာစကားတွင်ရှိသောလိုက်နာပြောဆိုရမည့် စကားများအကြောင်း ဆရာက အသေးစိတ်ရှင်းပါ။

# စာသင်ချိန် ၂

## လုပ်ငန်းစဉ် ၁
## ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ကျောင်းသားများကို မြန်မာစကားတွင်ရှိသော ရှောင်ကြဉ်ပြောဆိုရမည့် စကားများ အကြောင်း ဆရာက အသေးစိတ်သင်ပါ။

◆ ရှောင်ကြဉ်ရမည့်အချက်များ

- "ဘဲ"၊ "စော်"ကဲ့သို့သော ဗန်းစကားများကို ရှောင်ကြဉ်ပြောရန်သင်ပါ။
- စကားပြောလျှင် "ပါ" ကြိယာထောက်ထည့်ပြောရန်သင်ပါ။
- "အရမ်း"ဟူသောစကားလုံးကို ရှောင်ကြဉ်ရန်သင်ပါ။
- "နော်"၊ "ပေါ့နော်"ဟူသောစကားကို တည်တည်တံ့တံ့ပြောဆိုသော စကားများထဲတွင် ထည့်သွင်းမပြောရန်သင်ပါ။
- ဆဲသည့်စကားမျိုးကို ရှောင်ကြဉ်ရန်ရှင်းပါ။
- ရှေ့ကဆွေးနွေးချက်ကိုနားမထောင်ဘဲ တိုးတိုးတိတ်တိတ်ပြောသော အမူအကျင့်ကို ရှောင်ကြဉ်ရန်ရှင်းပါ။

❖ ကျောင်းသားများကို မြန်မာစကားတွင်ရှိသော လိုက်နာပြောဆိုရမည့် စကားများအကြောင်း ဆရာက အသေးစိတ်သင်ပါ။

◆ လိုက်နာရမည့်အချက်များ

- ဂုဏ်အဆင့်အတန်းကိုလိုက်၍ ပြောဆိုရန်ရှင်းပါ။
- လောကဝတ်စကား ပြောဆိုရန်ရှင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

(၁) စကားပြောရာမှာရှောင်ကြဉ်ရမဲ့ အချက်တွေကိုပြောပါ။

(၂) စကားပြောရာမှာ လိုက်နာရမဲ့အချက်တွေကိုပြောပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ဆရာက ကျောင်းသားများကို အုပ်စုလေးစုဖွဲ့ပေးပြီး အုပ်စုနံပါတ်ပေးပါ။

❖ ထို့နောက် ဆရာက အုပ်စု (၁) ကျောင်းသားများနှင့် အုပ်စု (၂) ကျောင်းသားများကို ခေါင်းစဉ်တစ်ခုပေး၍ စကားဝိုင်းဖြစ်အောင်အပြန်အလှန်စကားပြောပါစေ။

❖ ဆရာက ရှောင်ကြဉ်ရမည့်စကားလုံး ပါ၊ မပါ စစ်ဆေးပါ။

❖ ထို့နောက် ဆရာက အုပ်စု (၃) ကျောင်းသားများနှင့် အုပ်စု (၄) ကျောင်းသားများကို ခေါင်းစဉ်တစ်ခုပေး၍ သရုပ်ဆောင်ပါစေ။

❖ ဆရာက လိုက်နာရမည့်အချက် ပါ၊ မပါ စစ်ဆေးပါ။

❖ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ရှောင်ကြဉ်ရမဲ့စကားလုံးတွေပါတဲ့ ကြိုက်နှစ်သက်ရာခေါင်းစဉ်ကိုပြောပါ။

(၂) လိုက်နာရမဲ့စကားလုံးတွေပါတဲ့ ကြိုက်နှစ်သက်ရာခေါင်းစဉ်ကိုပြောပါ။

**စာအညွှန်း**

၁။ ကြီး၊ **ဦး** (ဝန်စာရေးမင်း-)။ (၂၀၁၉)။ စကားပြောပုံစည်းကမ်းဥပဒေ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၂။ ပီမိုးနင်း။ (၂၀၀၈)။ စကားပြောဟောနည်း(ဒု-ကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၃။ မုန်တိုင်ပင်ဆရာတော်။ (၁၃၈၈)။ စကားပြောဖွယ်ကျမ်း။ ရန်ကုန်၊ မြန်မာယူနီယမ်စာပုံနှိပ်တိုက်။

၄။ အောင်အေး(ရန်ကုန်တက္ကသိုလ်)။ (၁၉၉၁)။ စကားပြောအတတ်ပညာ။ ရန်ကုန်၊ ရွှေပင့်ကူစာပေ။

DBE BOX - Copyright Protected

# ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ်

**သင်ခန်းစာခေါင်းစဉ်** – ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ်

**ရည်ရွယ်ချက်** – အကျိုးရှိ၍ ဟုတ်မှန်သောစကားကိုသာပြောဆိုတတ်စေရန်

**သင်ယူမှုရလဒ်** – အကျိုးရှိ၍ ဟုတ်မှန်သောစကားကိုသာ ပြောဆိုတတ်လာမည်။

**သင်ကြားနည်း** – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ သရုပ်ဆောင်သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း

**သင်ထောက်ကူပစ္စည်း** – အပြန်အလှန်ပြောစကားအသံဖိုင်များ

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် စကားပြောဆိုရာ၌ သူတစ်ပါးလည်းလက်ခံနိုင်ပြီး အကျိုးရှိသည့်စကားမျိုးကို ပြောဆိုတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ်"ဆောင်းပါးကို ကျောင်းသားများအား ဖတ်ပါစေ။

❖ လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို ဆရာက ကျောင်းသားများအား ပြောပါစေ။

❖ (က) လိုက်နာရမည့်အချက်များ

◆ ဟုတ်မှန်၍ အကျိုးရှိပြီး နားထောင်သူနှစ်သက်သောစကားကို ပြောဆိုအပ်သည်။

◆ ဟုတ်မှန်၍ အကျိုးရှိပြီး နားထောင်သူ မနှစ်သက်သောစကားကို ပြောဆိုအပ်သည်။

❖ (ခ) ရှောင်ကြဉ်ရမည့်အချက်များ

◆ ဟုတ်မှန်သော်လည်း အကျိုးမရှိသောစကားကို နားထောင်သူ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မပြောဆိုအပ်ပါ။

◆ မဟုတ်မှန်ဘဲ အကျိုးမရှိသောစကားကို နားထောင်သူ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မပြောဆိုအပ်ပါ။

❖ ထိုအချက်များကို ကျောင်းသားများအား မှတ်မိအောင်ဖတ်ပါစေ။

DBE BOX - Copyright Protected

❖ ကျောင်းသားများ မှတ်မိ၊ မမှတ်မိ သိစေရန် အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပြောပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဆရာက ကျောင်းသားများအား စကားပြောဆိုရာတွင် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို သာဓကများနှင့်တကွရှင်းပါ။

❖ ကျီးသဲလေးထပ်ဆရာတော်က ဘုရားရှင်ဟောကြားခဲ့သည့် စကားခြောက်ခွန်းအကြောင်းကို ရေးသားခဲ့ကြောင်း၊ "စကားခြောက်ခွန်း လူ၌ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတည်" ဟု မိန့်ဆိုခဲ့ကြောင်းရှင်းပါ။

❖ ဘုရားရှင်က လူသားတို့အား ပြောစေလိုသည့် စကားနှစ်ခွန်းမှာ လိုက်နာရမည့်အချက်များနှင့် အတူတူပင်ဖြစ်ကြောင်းရှင်းပါ။

❖ ကျောင်းသားများ မရှင်းလင်းသည့် အချက်များကို ဆရာက ပြန်လည်ဆွေးနွေးပါ။

DBE BOX - Copyright Protected

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ဆရာက ကျောင်းသားတစ်ယောက်စီကို ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ် သင်ခန်းစာမှ လိုက်နာရမည့်အချက်နှင့် ရှောင်ကြဉ်ရမည့် အချက်များကို ပြန်လည်ဆွေးနွေးပါ။

❖ ထိုမှတစ်ဆင့် ကျောင်းသားများကို အုပ်စုဖွဲ့ပေးပြီး ပြောဆိုအပ်သောစကားနှင့် ရှောင်ကြဉ်အပ်သော စကားများကို ခွဲခြားတတ်ရန်သင်ပါ။

❖ ဆရာက စကားအချို့ကို ပြောပြပါ။ ကျောင်းသားများအား ထိုစကားသည် ပြောသင့်သော စကား၊ မပြောသင့်သောစကားနှစ်မျိုးအနက် မည်သည့်စကားမျိုးဖြစ်ကြောင်းပြောပါစေ။

❖ "ဘာကြောင့် ပြောသင့်သလဲ"၊ "ဘာကြောင့် မပြောသင့်သလဲ" ဟူသည့် မေးခွန်းကိုမေးပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာကဆုံးဖြတ်ပါ။

## လုပ်ငန်းစဉ် ၂

## လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။ အုပ်စု (က) နှင့် အုပ်စု (ခ) ဟု သတ်မှတ်ပါ။

❖ ဆရာက စကားအသံဖိုင်များကိုဖွင့်ပြပါ။

❖ အုပ်စု (က) မှ ကျောင်းသား ၁ ယောက်နှင့် အုပ်စု (ခ) မှ ကျောင်းသား ၁ ယောက်အား မည်သည့်စကားမျိုးဖြစ်ကြောင်းပြောပါ။

❖ အုပ်စု (က) ၏ အဖြေကို အုပ်စု (ခ) က မှန်၊ မမှန် အကဲဖြတ်ပါစေ။ အုပ်စု (ခ)၏ အဖြေကို အုပ်စု (က) က မှန်၊ မမှန် အကဲဖြတ်ပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက ဆုံးဖြတ်ပါ။

**စာအညွှန်း**


၁။ ပညာဗလ၊ **ဦး**။ (၁၉၁၂)။ စကားအရာအင်္ဂါလေးတန်ကျမ်း။ ရန်ကုန်၊ မြန်မာ့ချစ်ဆွေစာပုံနှိပ်တိုက်။

၂။ မုန်တိုင်ပင်ဆရာတော်။ (မ-၁၃၈၈)။ စကားပြောဖွယ်ကျမ်း။ ရန်ကုန်၊ မြန်မာယူနီယံစာပုံနှိပ်တိုက်။

၃။ သွင်၊ **ဦး**(ရတနာ-)။ (မ-၁၃၁၂)။ စကားကြီးဆယ်မျိုးနှင့်မြန်မာသံပေါက်သတ်ပုံအမျိုးစုံ။ ရန်ကုန်၊ ဆေးရောင်စုံပုံနှိပ်တိုက်။


DBE BOX - Copyright Protected

## နားထောင်သောအလေ့

**သင်ခန်းစာခေါင်းစဉ်** – **နားထောင်သောအလေ့**

**ရည်ရွယ်ချက်** – **တစ်ဖက်လူပြောသောစကားကို စိတ်ဝင်တစား နားထောင်တတ်သောအကျင့်ရရန်**

**သင်ယူမှုရလဒ်** – **တစ်ဖက်လူပြောသောစကားကို စိတ်ဝင်တစားနားထောင်တတ်လာမည်။**

**သင်ကြားနည်း** – **ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ သရုပ်ဆောင်သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း**

**သင်ထောက်ကူပစ္စည်း** – **စာကတ်ပြားများ**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ "လူတစ်ယောက်နဲ့တစ်ယောက် စကားပြောရာမှာ လိုက်နာသင့်တဲ့ အဓိကစည်းကမ်းချက်များကို သိပါသလား၊ ဘယ်လိုစည်းကမ်းချက်တွေလဲ" ဟူသည့် မေးခွန်းကို မေးပါ။

❖ ကျောင်းသားများ၏အဖြေကို ဆရာက နားထောင်ပါ။

❖ စကားပြောရာတွင် လိုက်နာသင့်သည့်အဓိကအချက်မှာ တစ်ဖက်သား၏စကားကို နားထောင်ပေးတတ်ခြင်းဖြစ်ကြောင်းရှင်းပါ။

❖ ယခုစာသင်ချိန်တွင် နားထောင်ပေးတတ်သည့်အလေ့ရှိရန်လိုအပ်ကြောင်းကို ရှင်းပြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "နားထောင်သောအလေ့"ဆောင်းပါးရှိလိုက်နာရမည့်အချက်နှင့်ရှောင်ကြဉ်ရမည့်အချက်များကို ကျောင်းသားများအား ဆရာက အသေးစိတ်ရှင်းပါ။

❖ (က) လိုက်နာရမည့်အချက်များ

(၁) သူတစ်ပါးပြောသည်ကိုကောင်းစွာနားထောင်ခြင်း

(၂) မည်သည့်အကြောင်းကိုပြောသည်၊ မည်သည့်အနှစ်သာရပါသည်ကို မှတ်သားရန် အတွက် ကောင်းစွာဂရုပြုနားထောင်ခြင်း

DPF BOX - Copyright Protected

စသည့်အချက်များကို လိုက်နာရမည်ဖြစ်ကြောင်းရှင်းပါ။

❖ (ခ) ရှောင်ကြဉ်ရမည့်အချက်များ

(၁) စကားကိုလုပြောခြင်း

(၂) မိမိပြောသည့်အကြောင်းအရာကသာ အရေးကြီးသည်ဟု ထင်မှတ်ခြင်း

(၃) တစ်ဦးဦးက စကားဝိုင်းထဲတွင် စကားပြောနေစဉ် မိမိကစိတ်မဝင်စားသကဲ့သို့ ဟိုကြည့် သည်ကြည့်လုပ်နေခြင်း

တို့ကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ ထိုအချက်များကို ကျောင်းသားများအား မှတ်မိအောင်ဖတ်ပါစေ။

❖ ဆရာက တစ်ချက်ချင်း ပြန်မေးပါ။

**လုပ်ငန်းစဉ်– ၂**

**သင်ကြားခြင်း**

❖ ဆရာကကျောင်းသားတစ်ယောက်စီကို နားထောင်သောအလေ့မှ လိုက်နာရမည့်အချက်များ နှင့် ရှောင်ကြဉ်ရမည့်အချက်များကို တစ်ချက်ချင်းပြောပါစေ။

❖ သင်ထောက်ကူ ရုပ်သံဖိုင်ကိုဖွင့်ပြပါ။

❖ ကျောင်းသားများအား စကားပြောဆိုကြပုံကို ဂရုတစိုက်လေ့လာပါစေ။

❖ ကျောင်းသားများ မရှင်းလင်းသည့်အချက်ကို ဆရာက ပြန်လည်ဆွေးနွေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) စကားပြောရာမှာ လိုက်နာရမဲ့အချက်တွေကိုပြောပါ။

(၂) စကားပြောရာမှာ ရှောင်ကြဉ်ရမဲ့အချက်တွေကိုပြောပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ကျောင်းသားများကို အုပ်စုငယ်များဖွဲ့ပါ။

❖ မောင်ခင်မင်(ဓနုဖြူ)၏ မြန်မာစာစကားဝိုင်းစာအုပ်မှ ကြိုက်နှစ်သက်ရာခေါင်းစဉ်တစ်ခုပေး၍ ဇာတ်ဆောင်အရေအတွက်အတိုင်း ကျောင်းသားများကို အုပ်စုဖွဲ့ပေး၍ သရုပ်ဆောင်ပြောပါစေ။

❖ အုပ်စုတစ်စုသရုပ်ဆောင်ပြောနေစဉ် အခြားအုပ်စုများက အကဲဖြတ်ပါစေ။

❖ ဆရာကလည်း အကဲခတ်ပါ။

❖ လိုက်နာသင့်သည့်အချက်များကို မလိုက်နာသည့် ကျောင်းသားများအား ဆရာက စည်းကမ်းချက်များ ပြန်လည်ပြောပြပြီး လေ့ကျင့်ပါစေ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဆရာကကျောင်းသားများအား ၅ ယောက်တစ်အုပ်စုဖွဲ့ပါ။

❖ ထို့နောက် ကျောင်းသားများအား ကြိုက်နှစ်သက်ရာအကြောင်းအရာများကို ပြောပါစေ။

❖ ထိုကျောင်းသားများပြောနေသောအချိန်တွင် နားထောင်သောအလေ့တွင်ပါသော ဆောင်ရန်ရှောင်ရန်အချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆရာက စစ်ဆေးပါ။

❖ ကိုက်ညီမှုမရှိသည့် ကျောင်းသားများကို ဆရာက ထပ်မံလေ့ကျင့်ပါစေ။

**စာအညွှန်း**

၁။ ခင်မောင်ညို(ဘောဂဗေဒ)။ (၂၀၁၉)။ ကျွန်တော်တို့အားလုံးစကားပြောရမည်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၂။ ဘုန်းမြင့်သွေး(သုတေသီ-)။ (၂၀၀၅)။ စကားပြောတတ်ဖို့။ ရန်ကုန်၊ အင်ကြင်းမြိုင်ပုံနှိပ်တိုက်။

DBE BOX - Copyright Protected

## အခန်း – ၂။ အပြောပုံစံအမျိုးမျိုး

## ပေးစာ (တစ်ဦးတည်းအပြောပုံစံ)

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | **– ပေးစာ (တစ်ဦးတည်းအပြောပုံစံ)** |
| **ရည်ရွယ်ချက်** | **– ပေးစာတစ်စောင်ကို အသံနေအသံထားနှင့် ဖတ်တတ်ရန်** |
| **သင်ယူမှုရလဒ်** | **– ပေးစာတစ်စောင်ကိုအသံနေအသံထားနှင့်ဖတ်တတ်လာမည်။** |
| **သင်ကြားနည်း** | **– သရုပ်ပြသင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | **– ဆရာကိုယ်တိုင်ရေးသားထားသည့် နမူနာပေးစာများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | **– စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | **– ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

DBE BOX - Copyright Protected

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ပေးစာဟူသည်မှာ 'တစ်စုံတစ်ဦးမှ တစ်စုံတစ်ဦးထံသို့ ရေးသားပေးပို့သည့်စာ' ဖြစ်ကြောင်း ရှင်းပါ။
- ပေးစာမှာ မည်သူ့ဆီမဆိုရေးနိုင်ကြောင်းပြောပါ။
- ပေးစာများမှာ အများအားဖြင့် တစ်ဦးနှင့်တစ်ဦး သာကြောင်း၊ မာကြောင်း၊ ဆောင်ရန်၊ ရှောင်ရန် အသိပေးစရာအကြောင်းများ၊ ဗဟုသုတပေးလိုသည့်အကြောင်းများ၊ နှိုးဆော်တိုက်တွန်း လိုသည့်အကြောင်းအရာများ ပါဝင်ကြောင်းရှင်းပါ။
- ပေးစာမှာ အပြောစကားပြေအမျိုးအစားဖြစ်၍ ပေးစာဖတ်သည့်အခါ စာဖတ်သူအနေနှင့် ရင်းနှီးမှု၊ လှိုက်လှဲမှု၊ စေတနာထက်သန်မှု၊ တိုက်တွန်းနှိုးဆော်လိုမှု စသည့်လေသံများပါအောင် ဖတ်ရမည် ဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

- ကျောင်းသားများအား ပေးစာတစ်စောင် ဖတ်ရမည့်လေသံကို မှတ်မိသလောက်ပြန်ပြောပါစေ။
- ကျောင်းသုံးစာအုပ်ပါ ပေးစာကို ဆရာက နမူနာ ဖတ်ပြပါ။ ဖတ်ပြနေစဉ်အတွင်း ကျောင်းသား များကို လေသံအား ဂရုတစိုက် နားထောင်ပါစေ။
- ဖတ်ပြီးသွားသည့်အခါ ဆရာက "ဘယ်လိုဖတ်သွားသလဲ၊ ဘယ်လိုလေသံပေါ်နေသလဲ" ဟူသည့် မေးခွန်းမေးပါ။

❖ ပေးစာဖတ်သည့်အခါ ပေးစာ၌ရေးသားထားသည့် အကြောင်းအရာနှင့်လိုက်ဖက်သည့်လေသံ ပေါ်ရမည်ဖြစ်ကြောင်း ရှင်းပြ၍ သင်ကြားခြင်းကို အဆုံးသတ်ပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို တစ်ဖွဲ့လျှင် ၅ ယောက် သို့မဟုတ် ၈ ယောက်ပါသော အုပ်စုများဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါ ပေးစာကို အုပ်စုလိုက် ဖတ်ပါစေ။

❖ အုပ်စုတစ်စုက ဖတ်နေစဉ် ကျန်အုပ်စုများကို အကြောင်းအရာနှင့်လေသံ ကိုက်ညီမှုရှိ မရှိ အကဲဖြတ်ပါစေ။

❖ လိုအပ်ချက်များကို အုပ်စုအချင်းချင်း ဝေဖန်ထောက်ပြပါစေ။

❖ ဆရာက လိုအပ်သည်များ ဖြည့်စွက်သင်ပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို အုပ်စု (၄) စု ဖွဲ့ပါ။

❖ တစ်အုပ်စုလျှင် ပေးစာတစ်စောင်စီ ရေးပါစေ။ (မည်သူ့ထံမဆို ရေးစေ၍ အကြောင်းအရာ စုံစေရန် ဆရာက ခေါင်းစဉ်သတ်မှတ်၍ တစ်ဖွဲ့တစ်ယောက် ခေါင်းစဉ်ကို မဲနှိုက်ပါစေ။)

❖ မည်သို့ရေးမည်ကို အချင်းချင်းတိုင်ပင်ရန်နှင့် စာရေးချိန် သီးသန့်ပေးပါ။

❖ အုပ်စုလိုက်ရေးထားသော ပေးစာများကို အုပ်စုအချင်းချင်း အပြန်အလှန်လဲလှယ်၍ ဖတ်ပါစေ။

❖ အုပ်စုအချင်းချင်း အကဲဖြတ်ပါစေ။

❖ ဆရာက မှတ်ချက်ပေးပါ။ လိုအပ်သည်များ ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ပေးစာတစ်စောင်ကို ခံစားချက်ပေါ်အောင်ဖတ်ပါ။

**စာအညွှန်း**

၁။ ကောင်းသန့်။ (၂၀၁၅)။ ချစ်တပည့်---သို့။ ရန်ကုန်၊ ကောင်းသန့်စာပေ။

၂။ ဝ၊ **မောင်** (သိပ္ပံ-)။ (၂၀၁၂)။ ပေးစာများ။ ရန်ကုန်၊ သင်းစာပေ။

## ဆောင်းပါး (တစ်ဦးတည်းအပြောပုံစံ)

**သင်ခန်းစာခေါင်းစဉ်** – ဆောင်းပါး (တစ်ဦးတည်းအပြောပုံစံ)

**ရည်ရွယ်ချက်** – ဆောင်းပါးတစ်စောင်ကို အသံနေအသံထားနှင့်ဖတ်တတ်ရန်

**သင်ယူမှုရလဒ်** – ဆောင်းပါးတစ်စောင်ကို အသံနေအသံထားနှင့် ဖတ်တတ်လာမည်။

**သင်ကြားနည်း** – သရုပ်ပြသင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း

**သင်ထောက်ကူပစ္စည်း** – လူထုဒေါ်အမာ၏ အမေ့ရေးစကားကောက်နုတ်ချက်စာရွက်များ

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ဆောင်းပါးဟူသည်မှာ "အကြောင်းအရာတစ်ရပ်ကို ရှုထောင့်အသွယ်သွယ်မှ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားထားသောစာ" ဖြစ်ကြောင်းရှင်းပါ။

❖ ဆောင်းပါးမှာ မည်သည့်အကြောင်းအရာကိုမဆိုရေးနိုင်ကြောင်းပြောပါ။ ဆောင်းပါးများမှာ အများအားဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရပ်ဆိုင်ရာ၊ သတင်းဆောင်းပါး ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်အနုပညာ စသည့်အကြောင်းအရာများကို ရေးသားထားသည့် ဆောင်းပါးများကိုတွေ့ရကြောင်းပြောပါ။

❖ အချို့ဆောင်းပါးများမှာ အပြောစကားပြေအမျိုးအစားဖြစ်၍ ထိုဆောင်းပါးများကို ဖတ်သည့်အခါ စာဖတ်သူအနေနှင့် စာရေးသူ၏လေသံများပါအောင် ဖတ်ရမည်ဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ ဆောင်းပါးကို ဆရာက နမူနာဖတ်ပြပါ။ ဖတ်ပြနေစဉ်အတွင်း ကျောင်းသားများကို လေသံအား ဂရုတစိုက် နားထောင်ပါစေ။

❖ ဖတ်ပြီးသွားသည့်အခါ ဆရာက "ဘယ်လိုဖတ်သွားသလဲ၊ ဘယ်လိုလေသံပေါ်နေသလဲ" ဟူသည့် မေးခွန်းမေးပါ။

❖ စကားပြောဖြင့်ရေးသားထားသည့် ဆောင်းပါးကိုဖတ်သည့်အခါ ဆောင်းပါး၌ရေးသားထားသည့် အကြောင်းအရာနှင့်လိုက်ဖက်သည့်လေသံ ပေါ်ရမည်ဖြစ်ကြောင်းရှင်းပြ၍ သင်ကြားခြင်းကို အဆုံးသတ်ပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို တစ်ဖွဲ့လျှင် ၅ ယောက်ပါသော အုပ်စုများဖွဲ့ပါ။

❖ ကျောင်းသုံးစာအုပ်ပါ ဆောင်းပါးကို အုပ်စုလိုက် ဖတ်ပါစေ။

❖ အုပ်စုတစ်စုက ဖတ်နေလျှင် ကျန်အုပ်စုများကို အကြောင်းအရာနှင့်လေသံ ကိုက်ညီမှု ရှိ၊ မရှိ အကဲဖြတ်ပါစေ။

❖ လိုအပ်ချက်များကို အုပ်စုအချင်းချင်း အကဲဖြတ်ပါစေ။

❖ ဆရာက လိုအပ်သည်များ ဖြည့်စွက်သင်ကြားပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။

❖ အသင့်ပြုလုပ်ထားသည့် ဆောင်းပါးခေါင်းစဉ်များကို မဲလိပ်နှိုက်ပါစေ။

❖ မိမိတို့ကျသည့် ခေါင်းစဉ်ကို အုပ်စုကိုယ်စားလှယ်တစ်ဦးအား ဖတ်ပါစေ။

❖ အုပ်စုအချင်းချင်း အကဲဖြတ်ပါစေ။

❖ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပါ။

**စာအညွှန်း**

၁။ အမာ၊ **ဒေါ်**(လူထု-)။ (၂၀၁၉)။ အမေ့ရှေးစကား။ မန္တလေး၊ လူထုစာပေ။

DBF BOX - Copyright Protected

## ပုံပြင် (တစ်ဦးတည်းအပြောပုံစံ)

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – ပုံပြင် (တစ်ဦးတည်းအပြောပုံစံ) |
| **ရည်ရွယ်ချက်** | – ပုံပြင်တစ်ပုဒ်ကို အမူအရာနှင့်တကွ စိတ်ဝင်စားအောင်ပြောပြတတ်စေရန် |
| **သင်ယူမှုရလဒ်များ** | – ပုံပြင်တစ်ပုဒ်ကို အမူအရာနှင့်တကွ စိတ်ဝင်စားအောင်ပြောပြတတ်လာမည်။ |
| **လက်တွေ့** | – ၃ ချိန် |
| **သင်ကြားနည်း** | – သရုပ်ဆောင်သင်ကြားနည်း၊ ကြည့်ရှုလေ့လာနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း၊ ပုံပြင်ဖြတ်ဆက်နည်း |
| **သင်ထောက်ကူပစ္စည်း** | – ပုံပြင်စာအုပ်များ၊ ရုပ်သံဖိုင်များ |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| **စာသင်ချိန်** | – ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

- ကျောင်းသားများကို “ငယ်ငယ်က ပုံပြင်နားထောင်ဖူးသလား” ဟုမေးပါ။
- “ဘယ်သူပြောတဲ့ ပုံပြင်တွေကို အကြိုက်ဆုံးလဲ” ဟူသည့် မေးခွန်းကို မေးပါ။
- “ဘာကြောင့်ကြိုက်တာလဲ” ဟူသည့် မေးခွန်းကို မေးပါ။
- ပုံပြင်ဟူသည်မှာ နားထောင်ကောင်းအောင်၊ စိတ်ဝင်စားဖွယ်ကောင်းအောင် ပြောပြရသည့် စာပေပုံစံမျိုးဖြစ်သည့်အတွက် စိတ်ဝင်စားအောင်ပြောတတ်ရန်လိုကြောင်းရှင်းပါ။
- ပုံပြင်ကို ကိုယ်တိုင်ပြောတတ်အောင်သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပြောပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊သင်ကြားခြင်း**

- အသင့်ပြုလုပ်ထားသည့် ပုံပြင်ရုပ်သံဖိုင်ကို ကျောင်းသားများအား ဖွင့်ပြပါ။
- ပုံပြင်တွင် ဇာတ်ကြောင်းပြောသူနှင့် ပုံပြင်ဇာတ်လမ်းထဲက ဇာတ်ဆောင်များပါဝင်ကြောင်း၊ ပုံပြင်ပြောသောအခါ ကိုယ်ဟန်အမူအရာ၊ အသံအနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်တို့ကို ဇာတ်လမ်းအခြေအနေ၊ ဇာတ်ဆောင်သရုပ်နှင့်ကိုက်ညီအောင် ပြောပြရမည်ဖြစ်ကြောင်း

(ဥပမာ- ဘုရင်တစ်ပါးဖြစ်လျှင် ဘုရင်၏လေယူလေသိမ်း ဟန်ပန်အမူအရာတို့နှင့် ပြောဆိုရန်) ရှင်းပါ။

❖ ယခုဖွင့်ပြသောအသံဖိုင်တွင် ထိုအချက်များနှင့်ကိုက်ညီ မညီ ကျောင်းသားများကိုမေးပါ။

❖ မိမိတို့ကိုယ်တိုင် ပုံပြင်ပြောဆိုရသည့်အခါများတွင်လည်း ထိုကဲ့သို့ ဟန်ပန်အမူအရာ၊ ထိုကဲ့သို့ အသံများအတိုင်း ပြောပြတတ်ရမည်ဖြစ်ကြောင်းပြော၍ သင်ကြားခြင်းကို အဆုံးသတ်ပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ဆရာက ဖိုးအ မယ်န ပုံပြင်ကို အသံနေအသံထား၊ ဟန်ပန်အမူအရာနှင့်တကွ ပြောပါ။

❖ ကျောင်းသားများကို ဂရုတစိုက်နားထောင်ပါစေ။ ဟန်ပန်အမူအရာ၊ လေယူလေသိမ်း၊ ပြောဆိုပုံကို ဂရုတစိုက်မှတ်သားပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ ဖိုးအ မယ်နပုံပြင်ကို ဆရာက အပိုင်း ၆ ပိုင်း ပိုင်းပေးပါ။ ကျောင်းသားများကို အုပ်စုငယ် ၆ စုခွဲ၍ ဟန်ပန်အမူအရာနှင့်တကွ ပုံပြောပါစေ။

❖ အုပ်စုတစ်စုလျှင် တစ်ဦးကပုံပြင်ဇာတ်ကြောင်းပြောသူ၊ အခြားသူများက ပုံပြင်ပါဇာတ်ဆောင်များနေရာမှနေ၍ ဟန်ပန်အမူအရာနှင့်တကွ ပြုလုပ်ပါစေ။

❖ အုပ်စုတစ်စုက တင်ဆက်နေစဉ်တွင် ကျန်အုပ်စုများကို လေ့လာအကဲဖြတ်ပါစေ။

❖ ဆရာကလည်း အကဲခတ်နေပါ။ လိုအပ်သည့်နေရာကို လမ်းညွှန်သင်ကြားပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ပုံပြင်တစ်ပုဒ်ဖန်တီးရန် ဆရာအပါအဝင် ကျောင်းသားများအားလုံး မတ်တတ်ရပ်၍ စက်ဝိုင်းပုံသဏ္ဍာန်ပြုလုပ်ပါ။ တစ်ဦးနှင့်တစ်ဦး လက်ချင်း ချိတ်ဆက်ထားပါ။

❖ ဆရာကဦးဆောင်၍ ပုံပြင်ဖြစ်စေရန် စပြောပါ။ (**သာဓက–** ဟိုး . . . ရှေးရှေးတုန်းက ရွာတစ်ရွာမှာ )



DBE BOX - Copyright Protected

- ဆရာနှင့် အနီးဆုံးကပ်လျက်ရှိသော ကျောင်းသားတစ်ဦးဦးကို ဆက်ပြောရန်၊ ဆက် ပြောရာတွင် ရှေ့ကပြောခဲ့သောအကြောင်းအရာနှင့် ဆက်စပ်ပြောစေရန် (**သာဓက**– အလွန်ချမ်းသာ ကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦး ရှိသတဲ့ကွယ်) စသည်ဖြင့် ကျန်သူများ အားလုံးလည်း ဆက်စပ်ပြော၍ ပုံပြင် တစ်ပုဒ်အဖြစ် ဖန်တီးသွားရန် ညွှန်ကြားပါ။
- အားလုံးပြောပြီးနောက် ပုံပြင်ပြောသည့်ကျောင်းသားကို ပုံပြင်ပြောရသောခံစားချက်အား ဆရာက မေးပါ။
- ကျန်ကျောင်းသားများကို ပုံပြင်နားထောင်ရသည့် ခံစားချက်ကိုမေးပါ။
- လိုအပ်ချက်များကို ဆရာက ထောက်ပြဆွေးနွေးလမ်းညွှန်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

- ကျောင်းသားတစ်ဦးချင်းစီအား ပုံပြင်တစ်ပုဒ်ကို အစအဆုံး ဟန်ပန်အမူအရာနဲ့တကွပြောပါ။

**စာအညွှန်း**

၁။ ကျေးဇူး၊ **မောင်**။ (၁၉၉၉)။ ပုံပြင်မှသင်ခန်းစာများ။ ရန်ကုန်၊ မြန်မာနိုင်ငံခရစ်ယာန်ဝတ်အသင်း။
၂။ ပါရဂူ။ (၁၉၉၃)။ နီတိပုံပြင်များ။ ရန်ကုန်၊ ရွှေပင့်ကူစာပေ။
၃။ မင်းယုဝေ။ (၂၀၁၂)။ ၃၈ ဖြာ မင်္ဂလာပုံပြင်များ။ ရန်ကုန်၊ စာနဒီစာအုပ်တိုက်။
၄။ မင်းယုဝေနှင့်ငွေတာရီ။ (၁၉၅၄)။ ကမ္ဘာကျော်အီစွတ်ပုံပြင်များ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်တိုက်။
၅။ မင်းသုဝဏ်။ (၂၀၀၇)။ ကလေးများအဖို့ပုံပြင်ဝတ္ထုများ။ ရန်ကုန်၊ သီဟရတနာစာပေ။

DBE BOX - Copyright Protected

## ရေဒီယိုအသံလွှင့်ချက် (တစ်ဦးတည်းအပြောပုံစံ)

**သင်ခန်းစာခေါင်းစဉ်** – ရေဒီယိုအသံလွှင့်ချက် (တစ်ဦးတည်းအပြောပုံစံ)

**ရည်ရွယ်ချက်** – ရေဒီယိုအသံလွှင့်မှုဆိုင်ရာအချက်အလက်များနှင့် အပြောအဆို၊ လေယူလေသိမ်းတို့ကိုသိရှိစေရန်၊ လက်တွေ့ပြောတတ်စေရန်

**သင်ယူမှုရလဒ်** – ရေဒီယိုအသံလွှင့်မှုဆိုင်ရာအချက်အလက်များနှင့် အပြောအဆို၊ လေယူလေသိမ်းတို့ကိုသိရှိလာမည်။ လက်တွေ့ပြောတတ်လာမည်။

**လက်တွေ့** – ၂ ချိန်

**သင်ကြားနည်း** – သရုပ်ဆောင်သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း

**သင်ထောက်ကူပစ္စည်း** – ရေဒီယိုအသံလွှင့်မှုနှင့်ပတ်သက်သည့် လိုက်နာရမည့် အချက်အလက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ အသံလွှင့်ရာတွင် ရှောင်ကြဉ်ရမည့်အချက်များကို ရေးမှတ်ထားသည့် စာကတ်ပြားများ

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ ရေဒီယိုအသံလွှင့်ခြင်းသည် လူအများနှင့်ဆက်သွယ်ရသော အလုပ်ဖြစ်ကြောင်း၊ မိမိ၏ပြောစကားကို ပရိသတ်တို့က စိတ်ဝင်စားအောင် ပြောဆိုနိုင်ရန်လိုကြောင်း၊ ပရိသတ်၏ခံစားချက်ကို မိမိက မသိနိုင်သောကြောင့် အထူးသတိထားပြီး ဆက်သွယ်ရသည့် ပြောဆိုနည်းဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ရေဒီယိုအသံလွှင့်ခြင်းသည် စကားပြောသည့်ပုံစံ အမျိုးမျိုးအနက် "တစ်ဦးတည်း ပြောစကား" ပုံစံဖြစ်ကြောင်းရှင်းပါ။

❖ "ရေဒီယိုအသံလွှင့်ချက်"အဖြစ် ထုတ်လွှင့်မှုတွင် လိုက်နာရမည့်စည်းကမ်းများ၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများလည်းရှိကြောင်း ပြောကြား၍ နိဒါန်းပျိုးခြင်းကို အဆုံးသတ်ပါ။

DBE BOX - Copyright Protected

## လုပ်ငန်းစဉ် ၂

## ရှင်းပြခြင်း

- ❖ ယခုဆွေးနွေးပေးမည့်အချက်များမှာ "လိုက်နာရမည့်စည်းကမ်းများ၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများ" ဖြစ်ကြောင်း ပြောကြား၍ အစပျိုးပါ။
- ❖ ရေဒီယိုအသံလွှင့်ရာတွင် အသံအတက်အကျ၊ လေယူလေသိမ်းသည် အရေးကြီးကြောင်း၊ ပရိသတ်စိတ်ဝင်စားမှုရှိစေရန် မိမိအသံသည် ကြည်လင်ပြတ်သားရန်လိုကြောင်း၊ အသံမကောင်းသည့်တိုင် စကားလုံးပြတ်သားအောင်ပြောနိုင်ပါက ပရိသတ်စိတ်ဝင်စားနိုင်ကြောင်း ရှင်းပါ။
- ❖ ရေဒီယိုအသံလွှင့်ချက်သည် ပရိသတ်နှင့် တိုက်ရိုက်ထိတွေ့ပြောဆိုခြင်းမဟုတ်သည့်အတွက် လွတ်လွတ်လပ်လပ် ရှိသည်ဟု ဆိုနိုင်သော်လည်း ပေါ့ပေါ့ပြက်ပြက်ပြောဆို၍ မရကြောင်း၊ အကြောင်းအရာတစ်ခုကို ပရိသတ် စိတ်ဝင်စားအောင် ပြောရသည့်အတွက် "မိမိ၏ဆန္ဒကို ဖော်ပြသောစကားများ၊ ရင်းနှီးမှုကို ရယူသောစကားများ၊ ထောက်ခံခြင်း၊ နှိမ့်ချခြင်းသဘော ပါသော စကားများဖြင့် ပရိသတ်ကို စည်းရုံးနိုင်ရမည်ဖြစ်ကြောင်းရှင်းပါ။
- ❖ သင်ခန်းစာပါ နမူနာပြောစကားမှ ကောက်နုတ်ပြရလျှင် မိမိ၏ဆန္ဒကို ဖော်ပြသော စကားအဖြစ် "ပြောချင်ပါတယ်" ဟူသော စကား၊ ရင်းနှီးမှုကို ရယူသော စကားများအဖြစ် "ကျွန်တော်" ဟု မိမိကိုယ်ကို မိတ်ဆက်ပြောဆိုခြင်းစကား၊ ထောက်ခံခြင်း စကားအဖြစ်လည်း "ဟုတ်ပါတယ်" ဟု ပရိသတ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြောသောစကား၊ နှိမ့်ချခြင်း သဘောပါသောစကားများ အဖြစ်လည်း "ကျွန်တော် တစ်သက်လုံး ဒီအဆုံးအမကို မမေ့နိုင်တော့ပါဘူး။" ဟု မိမိကိုယ်ကို သိသူတတ်သူတစ်ဦးအနေဖြင့် မရပ်တည်ဘဲ ရိုကျိုးသူတစ်ယောက် အဖြစ် ပြောသောစကားများကို တွေ့ရကြောင်း၊ ထိုပြောစကားများကြောင့်ပင် ပရိသတ်၏ ချစ်ခင်မှု၊ ကြင်နာမှု၊ ရင်းနှီးမှုတို့ကို ရယူနိုင်ကြောင်းရှင်းပါ။
- ❖ အသံလွှင့်မှုအစီအစဉ်ပြီးဆုံးသည့်အခါ ပရိသတ်ကို နှုတ်ဆက်သည့်သဘောဖြင့် "ဒီအပတ်ဒီမျှနဲ့ ရပ်နားထားပါရစေ" ဟူသည့် ပြောသောစကားမျိုး ပြောရန်လိုကြောင်းရှင်းပါ။
- ❖ ရှောင်ကြဉ်ရမည့် နည်းလမ်းများအနေဖြင့် အထွေအထူးပြောစရာမရှိကြောင်း၊ လိုက်နာရမည့်အချက်များကို ဂရုပြုထားပါက အလိုလိုရှောင်ကြဉ်ပြီးသားဖြစ်ကြောင်း၊ သာဓကအနေဖြင့် ပြောရလျှင် နှုတ်ခွန်းဆက်စကားမပါခြင်း၊ စကားသံမရှင်းလင်းခြင်း၊ အဆုံးသတ်စကားမပါခြင်းတို့က ပရိသတ်၏ စိတ်ကိုအနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် အထူးရှောင်ရှားသင့်ကြောင်း အသိပေးမှာကြားလိုပါသည်ဟု ပြောကြားရင်း ရှင်းပြခြင်းကို အဆုံးသတ်ပါ။
- ❖ ကျောင်းသားများကို ရှောင်ကြဉ်ရမည့်အချက်များကို မေးပါ။
- ❖ လိုက်နာရမည့်အချက်များကို မေးပါ။
- ❖ လိုအပ်လျှင် ဆရာက ထပ်မံရှင်းပါ။

DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) လိုက်နာရမဲ့စည်းကမ်းတွေကို ပြောပါ။

(၂) ရှောင်ကြဉ်ရမဲ့စည်းကမ်းတွေကို ပြောပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

- ယခုစာသင်ချိန်တွင် ရေဒီယိုအသံလွှင့်ချက်ဆိုင်ရာစကားပြောနည်းကို လက်တွေ့ပြောဆိုတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။
- ရေဒီယိုအသံလွှင့်ချက် အသံဖိုင်ကို ဖွင့်ပြပါ။
- ကျောင်းသားများကို ဂရုစိုက် နားထောင်ပါစေ။
- ကျောင်းသုံးစာအုပ်ပါ ရေဒီယိုအသံလွှင့်ချက်ကို ဆရာက လက်တွေ့ ပြောပြပါ။
- ကျောင်းသားများကို ဂရုစိုက်နားထောင်ပါစေ။
- အသံလွှင့်ရာတွင် လိုက်နာရမည့်အချက်၊ ရှောင်ကြဉ်ရမည့်အချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ကျောင်းသားများကို အကဲခတ်ပြောပါစေ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ကျောင်းသားများကို မဲလိပ်နှိုက်ပါစေ။
- မိမိကျသည့်ခေါင်းစဉ်ကို ရေဒီယိုအသံလွှင့်ပုံစံအတိုင်း ပြောပါစေ။
- တစ်ဦးပြောဆိုနေစဉ်အတွင်း ကျန်ကျောင်းသားများက ပြောဟန်၊ လေယူလေသိမ်းကို အကဲဖြတ်ပါစေ။
- ကောင်း မကောင်း မှတ်ချက်ကို အကြောင်းပြချက်နှင့်တကွ ဆရာက မေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

- နှစ်သက်တဲ့ခေါင်းစဉ်တစ်ခုကိုပေးပြီး ရေဒီယိုအသံလွှင့်ချက် ပြောစကားဟန် ကြိုတင်ပြင်ဆင်လာပါ။

**စာအညွှန်း**

၁။ ဝင်းဖေ။ (၂၀၁၅ )။ လွယ်အိတ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

DBE BOX - Copyright Protected

## ဟောပြောချက် (တစ်ဦးတည်းအပြောပုံစံ)

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **ဟောပြောချက် (တစ်ဦးတည်းအပြောပုံစံ)** |
| **ရည်ရွယ်ချက်** | – **ဟောပြောချက်ဆိုင်ရာအချက်အလက်များနှင့် အပြောအဆို၊ လေယူလေသိမ်းတို့ကို သိရှိစေရန်၊ လက်တွေ့ပြောတတ်စေရန်** |
| **သင်ယူမှုရလဒ်** | – **ဟောပြောချက်ဆိုင်ရာ အချက်အလက်များနှင့် အပြောအဆို၊ လေယူလေသိမ်းတို့ကိုသိရှိလာမည်။ လက်တွေ့ပြောတတ်လာမည်။** |
| **လက်တွေ့** | – **၂ ချိန်** |
| **သင်ကြားနည်း** | – **သရုပ်ဆောင်သင်ကြားနည်း၊ ကြည့်ရှုလေ့လာနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **ဟောပြောချက်နှင့်ပတ်သက်သည် လိုက်နာရမည့် အချက်အလက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ ဟောပြောရာတွင် ရှောင်ကြဉ်ရမည့်အချက်များကို ရေးမှတ်ထားသည့်စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ "ဟောပြောချက်တွေကို နားထောင်ဖူးပါသလား၊ ဘယ်မှာနားထောင်ဖူးတာလဲ" ဟူသော မေးခွန်းဖြင့် အစပျိုးပါ။
- ❖ "ဘယ်သူတွေရဲ့ဟောပြောချက်ကို နားထောင်ဖူးသလဲ" ဟု မေးပါ။
- ❖ ဟောပြောချက်သည် လူအများနှင့် ဆက်သွယ်ရသော အလုပ်ဖြစ်ကြောင်း၊ မိမိ၏ စကားကို ပရိသတ်တို့က စိတ်ဝင်စားအောင် ပြောဆိုနိုင်ရန်လိုကြောင်း နိဒါန်းပျိုးပါ။
- ❖ ဟောပြောချက်များ လေ့လာကြည့်ပါက "စာပေဟောပြောချက်များ၊ မိန့်ခွန်းများ" စသည်ဖြင့် အမျိုးမျိုးရှိနိုင်ကြောင်းရှင်းပါ။
- ❖ ဟောပြောချက်သည် စကားပြောသည့်ပုံစံ အမျိုးမျိုးအနက် "တစ်ဦးတည်း ပြောစကား" ဖြစ်သောကြောင့် ယေဘုယျအားဖြင့် ရေဒီယိုအသံလွှင့်ချက်၊ ပုံပြင်ပြောခြင်းတို့နှင့် ခပ်ဆင်ဆင်တူကြောင်းရှင်းပါ။

❖ "ဟောပြောချက်" ပြောကြားရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများလည်း ရှိနေကြောင်းပြောကြား၍ နိဒါန်းပျိုးခြင်းကို အဆုံးသတ်ပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ ယခု ဆွေးနွေး ပေးမည့်အချက်များမှာ "ဟောပြောရာတွင် ပါဝင်ရမည့်စကားများ၊ ရှောင်ကြဉ်ရမည့် နည်းလမ်းများ" ဖြစ်ကြောင်း ပြောကြား၍ အစပျိုးပါ။

❖ ဟောပြောရာတွင် ပရိသတ်နှင့် တိုက်ရိုက်ထိတွေ့ ပြောရသည့်အတွက် ကိုယ်ဟန်လက်ဟန် အနေအထား၊ မျက်နှာအမူအရာ၊ အသံအနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်နှင့် လေယူလေသိမ်းတို့ကို ကောင်းစွာအသုံးချတတ်ရမည် ဖြစ်ကြောင်း ရှင်းပါ။

❖ ဟောပြောရာတွင် ပါဝင်သင့်သည့်နည်းများမှာ

(၁) မေးခွန်းမေးနည်း

(၂) တိုက်တွန်းနည်း

(၃) အကြံပြုလမ်းညွှန်နည်း

(၄) အရွှန်းဖောက်နည်း

(၅) အတည်အခန့်နည်း

(၆) ရင်းနှီးမှုရယူနည်း

ဟူ၍ ဟောပြောသူနှင့် ပရိသတ် တစ်သားတည်းကျနေသည့် သဘောပါသော စကားများကိုလည်း သုံးကြကြောင်းရှင်းပါ။

❖ ဟောပြောချက်သည် ပရိသတ်နှင့်တိုက်ရိုက်ဆက်သွယ်ရသည့် စကားဖြစ်သောကြောင့် မျက်နှာအမူအရာ၊ ကိုယ်နေဟန်ထား၊ လက်ဟန်စသည့် ဟန်အမူအရာသည် အရေးကြီးကြောင်း၊ ဟောပြောသည့်အခါ ပရိသတ်ကို အနှောင့်အယှက်ဖြစ်စေမည့် မျက်နှာအမူအရာ၊ အသံနေအသံထားနှင့် စကားအသုံးအနှုန်း၊ ကိုယ်ဟန်အမူအရာတို့ကို ရှောင်ရှားသင့်ကြောင်းရှင်းပါ။

❖ ဟောပြောရာတွင် အသံအတက်အကျ၊ အတိုးအကျယ်နှင့် လေယူလေသိမ်းသည်လည်း အရေးကြီးကြောင်း၊ ပရိသတ်စိတ်ဝင်စားမှုရှိစေရန် မိမိအသံသည် ကြည်လင်ပြတ်သားဖို့လိုကြောင်း၊ အသံမကောင်းသည့်တိုင် စကားလုံးပြတ်သားအောင်ပြောနိုင်ပါက ပရိသတ်စိတ်ဝင်စားနိုင်ကြောင်းရှင်းပါ။

DPH-BOX - Copyright Protected

❖ စကားအသုံးအနှုန်းသည်လည်း အရေးကြီးကြောင်း၊ သုံးနှုန်းသင့်သော ပြောစကားများကို အထက်တွင် ရှင်းပြခဲ့ပြီးဖြစ်သည့်အတွက် မသုံးနှုန်းသင့်သော စကားများကို ယခု ရှင်းပြသွားမည်ဖြစ်ကြောင်းရှင်းပါ။

❖ ရှောင်ကြဉ်ရမည့်အနေဖြင့် ဟောပြောချက်သည် ပြောစကားဖြစ်သောကြောင့် အရေးစကားဖြင့် မပြောသင့်ကြောင်း၊ ရိုင်းစိုင်းကြမ်းတမ်းသော စကားများကို ရှောင်ရှားသင့်ကြောင်း၊ ပရိသတ်ကို ဆရာလုပ်သည့်သဘောမျိုးမပါဘဲ ဆွေးနွေးညှိနှိုင်းသည့် သဘောပါအောင်ပြောသင့်ကြောင်းရှင်းပါ။

❖ ကျောင်းသားများကို ရှောင်ကြဉ်ရမည့်အချက်များကို မေးပါ။

❖ လိုက်နာရမည့်အချက်များကို မေးပါ။

❖ လိုအပ်လျှင် ဆရာက ထပ်မံရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) လိုက်နာရမဲ့စည်းကမ်းတွေကိုပြောပါ။

(၂) ရှောင်ကြဉ်ရမဲ့စည်းကမ်းတွေကိုပြောပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ဟောပြောချက်ဆိုင်ရာစကားပြောနည်းကို လက်တွေ့ ပြောဆိုတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ကျောင်းသုံးစာအုပ်ပါ ဟောပြောချက်ကို ဆရာက နမူနာဖတ်ပါ။

❖ ကျောင်းသားများကို ဂရုစိုက် နားထောင်ပါစေ။

❖ ဟောပြောရာတွင် ပြောသင့်သောစကားများ၊ ရှောင်ကြဉ်ရမည့်အချက်များ အမှန်တကယ် လိုအပ်မှု ရှိ မရှိ ကျောင်းသားများအား အကဲခတ်ပြောပါစေ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို မဲလိပ်နှိုက်ပါစေ။

❖ မိမိကျသည့်ခေါင်းစဉ်ကို ရေဒီယိုအသံလွှင့်ပုံစံအတိုင်း ပြောပါစေ။

❖ တစ်ဦးပြောဆိုနေစဉ်အတွင်း ကျန်ကျောင်းသားများက ပြောဟန်၊ လေယူလေသိမ်းကို အကဲဖြတ်ပါစေ။

❖ ကောင်း မကောင်း မှတ်ချက်ကို အကြောင်းပြချက်နှင့်တကွ ဆရာကမေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကိုပေးပြီး ဟောပြောချက်ကို ကြိုတင်ပြင်ဆင်လာပါ။

**စာအညွှန်း**

၁။ ဂုဏ်ဘဏ်၊ **ဦး**။ (၁၉၅၄)။ ဂီတစာပေနှင့်အခြားဟောပြောချက်များ။ ရန်ကုန်၊ စာပေဗိမာန်။

၂။ မောင်ဦး၊ **ဦး**။ (၁၉၅၄)။ နည်းသုံးမျိုး။ ရန်ကုန်၊ Baptist board.

၃။ အောင်သင်း။ (၁၉၉၅) ။ အမွေ ။ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

DBE BOX - Copyright Protected

## ကျပန်းစကား (တစ်ဦးတည်းအပြောပုံစံ)

**သင်ခန်းစာခေါင်းစဉ်** – ကျပန်းစကား (တစ်ဦးတည်းအပြောပုံစံ)

**ရည်ရွယ်ချက်** – စင်မြင့်ပေါ်တွင်ကျပန်းစကားပြောတတ်ရန်

**သင်ယူမှုရလဒ်** – စင်မြင့်ပေါ်တွင်ကျပန်းစကားပြောတတ်လာမည်။

**လက်တွေ့** – ၅ ချိန်

**သင်ကြားနည်း** – သရုပ်ဆောင်သင်ကြားနည်း၊ ကြည့်ရှုလေ့လာနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း

**သင်ထောက်ကူပစ္စည်း** – မှတ်စုများမှတ်ရန် စာကတ်ပြားအလွတ်များ၊ ကျပန်းစကားပြောရုပ်သံဖိုင်

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ကျပန်းစကားပြောဖူးပါသလား။ နားထောင်ဖူးပါသလားဟုမေးပါ။
- ယခုသင်ခန်းစာသည် ကျပန်းစကားပြောတတ်အောင် လေ့ကျင့်သင်ကြားပေးမည့် သင်ခန်းစာဖြစ်ကြောင်းရှင်းပါ။
- အသင့်ပြုလုပ်ထားသည့် ကျပန်းစကားရုပ်သံဖိုင်ကို ဖွင့်ပြပါ။
- ကျောင်းသားများကို ဂရုတစိုက်နားထောင်ပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ကျပန်းစကားပြောဆိုရာတွင် လိုက်နာရမည့် စည်းကမ်းချက် ၂ မျိုးရှိကြောင်း၊ ကိုယ်နေဟန်ထားဆိုင်ရာစည်းကမ်းချက်နှင့် ကျပန်းစကားပြောဆိုနည်းဆိုင်ရာ စည်းကမ်းချက်များဖြစ်ကြောင်းရှင်းပါ။
- ကိုယ်နေဟန်ထားဆိုင်ရာ စည်းကမ်းချက် ၅ ချက်ကို ရှင်းပါ။
    - (၁) ကျပန်းစကားပြောသူသည် မိုက်ကရိုဖုန်းရှေ့တွင် ရပ်ရမည်။ ပရိသတ်ဘက်သို့ တည့်တည့်လှည့်၍ ခြေနှစ်ချောင်းပေါ်တွင် ဟန်ချက်ကျကျ တည့်တည့်မတ်မတ် ရပ်ရမည်။

- ♦ (၂) လက်ကိုဘေးနှစ်ဖက်တွင်ချထားရမည်။
- ♦ (၃) ကျပန်းစကားမပြောမီ မိုက်ကရိုဖုန်းကို ကိုယ်နှင့်အံကိုက်ဖြစ်အောင် ပြုပြင်ရမည်။ မိုက်ကရိုဖုန်းသည် မိမိပါးစပ်နှင့် တည့်တည့်ရှိနေရပါမည်။ မိုက်ကရိုဖုန်းနှင့် ပါးစပ်အကွာအဝေးသည် တစ်ပေခန့်ရှိရမည်။
- ♦ (၄) မိုက်ကရိုဖုန်းကိုဖြုတ်၍ ပြောဆိုခြင်းမပြုရပါ။ စင်ပေါ်တွင် မိုက်ကရိုဖုန်းကိုင်၍ လမ်းလျှောက် ပြောခြင်းမျိုးကိုလည်း ရှောင်ကြဉ်ရမည်။
- ♦ (၅) မပြောမီ မိုက်ကရိုဖုန်းကို လက်နှင့်ခေါက်ခြင်း၊ ပါးစပ်ဖြင့်မှုတ်ခြင်းများကို အထူးဂရုပြု ရှောင်ရှားရမည်ဖြစ်သည်။ အသံမထွက်ဟုထင်လျှင် လက်ဖြင့်အသာအယာ စမ်းကြည့်နိုင်ပါသည်။

❖ ကျပန်းစကားပြောဆိုရာတွင် လိုက်နာရမည့် ၇ ချက်ကိုပြောပါ။

- ♦ (၁) မိမိစိတ်ကြိုက်ပြင်ဆင်ထားသည့် နှုတ်ဆက်စကား၊ မိတ်ဆက်စကား၊ နိဒါန်းစကားများကို တည်ငြိမ်ကျွန်ရစွာ စတင်ပြောဆိုရမည်။
- ♦ (၂) နိဒါန်းစကားပြောနေရင်း ခေါင်းစဉ်အရ ဘာပြောရမည်ဆိုသည်များကို စဉ်းစားထားပါ။
- ♦ (၃) ပြီးနောက် ခေါင်းစဉ်၏အဓိပ္ပာယ်ကိုရှင်းပါ။
- ♦ (၄) မိမိဖတ်ရှုထားသည့် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ၊ စာစောင် အစရှိသည်တို့မှ ကမ္ဘာ့ဗဟုသုတ၊ မြန်မာ့အခြေအနေ၊ ခေတ်စနစ်တို့ကို မှီငြမ်းပြုကာ ကောင်းနိုးရာရာ ထည့်သွင်း ပြောဆိုနိုင်သည်။
- ♦ (၅) ကျပန်းစကားပြောရာတွင် အကြောင်းအရာတစ်ခုလျှင် အနည်းဆုံး ၃ မိနစ်မှ အများဆုံး ၇ မိနစ်အထိသာ ပြောဆိုစေသည်ဖြစ်ရာ အချိန်နှင့်အံဝင်ခွင်ကျ ပြောနိုင်ရန် လိုအပ်ပါသည်။
- ♦ (၆) ကျပန်းစကားပြောရာတွင် အချိန်စေ့ခါနီး နှစ်မိနစ်အလို၌ သတိပေးခေါင်းလောင်း တီးပါသည်။ နိဂုံးချုပ်ရန် သတိပေးခြင်းဖြစ်သည်။ ပြောလက်စကိုအဆုံးသတ်ပြီး နိဂုံးချုပ်ရမည်။
- ♦ (၇) နောက်တစ်ကြိမ် ခေါင်းလောင်းတီးလျှင် အချိန်ပြည့်သွားပြီဖြစ်ရာ ဆက်ပြောသော်လည်း အမှတ်မရတော့ပေ။ စည်းကမ်းကိုလေးစားစွာလိုက်နာပြီး သတ်မှတ်ချိန်အတွင်းမှာ နိဂုံးချုပ်ပေးရမည်။

DBE BOX - Copyright Protected

- ❖ ထိုအချက်များကို ဆရာက တစ်ချက်ချင်း အမေးအဖြေပြုခြင်းနည်းဖြင့် ကျောင်းသားများ မှတ်မိအောင်သင်ပါ။
- ❖ စည်းကမ်းချက် (၅)၊ (၆)၊ (၇) တို့ကို မှတ်မိပါစေ။
- ❖ စာကတ်အလွတ်များကိုပေး၍ မိမိတို့ဖတ်ရှုထားသည့် စာနယ်ဇင်းတို့မှ ဗဟုသုတအချက်များကို မှတ်မိသလောက် ရေးပါစေ။
- ❖ ကျောင်းသားများကို ကျပန်းစကားပြောရာတွင် ဗဟုသုတများရန်လိုသဖြင့် စာဖတ်ခြင်းအလေ့၊ မှတ်စုထုတ်တတ်သည့်အလေ့များကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း သဘောပေါက်အောင် ရှင်းပါ။

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

**လေ့ကျင့်ခြင်း**

- ❖ ကျပန်းစကားပြောရာတွင် လိုက်နာရမည့် စည်းကမ်းချက်နှစ်ချက်ကို ဖတ်ပါစေ။
- ❖ ကျောင်းသားများကို သင့်လျော်သလို အုပ်စုငယ်များဖွဲ့၍ ကိုယ်အမူအရာများကို လက်တွေ့သရုပ်ဆောင်လေ့ကျင့်ပါစေ။
- ❖ အုပ်စုတစ်စုက လက်တွေ့သရုပ်ဆောင်လျှင် ကျန်အုပ်စုများက ကြည့်ရှုအကဲဖြတ်ပါစေ။ မှားယွင်းနေသည့် အမူအရာများကို အုပ်စုအချင်းချင်း တည့်မတ်ပေးပါစေ။
- ❖ ဆရာက လိုအပ်နေသောအမူအရာများကို ဖြည့်စွက်သင်ကြားပါ။

(စာသင်ချိန်အတွင်း အဖွဲ့အားလုံးကို သရုပ်ဆောင်စေရမည်ဖြစ်ရာ အဖွဲ့အရေအတွက်နည်းရန် လိုအပ်ပါသည်။)

### လုပ်ငန်းစဉ် ၂

**လေ့ကျင့်ခြင်း**

- ❖ သင်ပုန်းပေါ်တွင် ခေါင်းစဉ်တစ်ခုကို ဆရာက တင်ပေးပါ။
- ❖ ခေါင်းစဉ်၏ အဓိပ္ပာယ်ကို တစ်ဦးချင်း ရှင်းလင်းပြောပါစေ။
- ❖ တစ်ဦးပြောဆိုနေစဉ် ကျန်ကျောင်းသားများက ကိုယ်အမူအရာကို အကဲဖြတ်ကြည့်ရှုနေပါစေ။
- ❖ ခေါင်းစဉ်၏ အဓိပ္ပာယ် လွဲမှားသွားလျှင် ဆရာက တည့်မတ်ပါ။

❖ ဆရာက တစ်ဦးချင်း၏ တင်ပြပုံကို အမှတ်ပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဆရာကကျောင်းသားများရဲ့ ရမှတ်ကိုပြောပြပြီး လိုအပ်ချက်တွေကို လမ်းညွှန်သင်ကြားပါ။

(၂) ခေါင်းစဉ်သုံးခုပေးလိုက်ပါ။ အချက်အလက်တွေကို အိမ်ကနေ စုဆောင်းလာပါစေ။ လက်တွေ့စာသင်ချိန်မှာ အဲဒီခေါင်းစဉ်သုံးခုက မဲကျတဲ့ခေါင်းစဉ်ကို ကျပန်းစကားပြောဆိုရမှာဖြစ်ကြောင်း၊ လေ့ကျင့်နေချိန်ဖြစ်တဲ့အတွက် ခေါင်းစဉ်ကြိုပေးတာဖြစ်ကြောင်း၊ တကယ့်ပြိုင်ပွဲများမှာ ခေါင်းစဉ် ကြိုပေးမှာမဟုတ်ကြောင်း၊ ဒါကြောင့် စာများများဖတ်၊ အလေ့အကျင့်များများလုပ်ထားဖို့လိုကြောင်းရှင်းပါ။

**စာအညွှန်း**

၁။ ခင်မောင်ဝင်း၊ **ဦး**။ (၁၉၇၂)။ စကားစစ်ထိုးနည်း။ ရန်ကုန်၊ စစ်သည်တော်စာပေ။

DBE BOX - Copyright Protected

## စာပေအင်တာဗျူး (နှစ်ဦးအပြန်အလှန်အပြောပုံစံ)

**သင်ခန်းစာခေါင်းစဉ်** – **စာပေအင်တာဗျူး(နှစ်ဦးအပြန်အလှန်အပြောပုံစံ)**

**ရည်ရွယ်ချက်** – **အင်တာဗျူးတတ်စေရန်၊ မေးခွန်းမေးနည်း၊ အဖြေဖြေနည်းကို သိရှိစေရန်**

**သင်ယူမှုရလဒ်** – **အင်တာဗျူးတတ်လာမည်။ မေးခွန်းမေးနည်း၊ အဖြေဖြေနည်းကို သိရှိလာမည်။**

**လက်တွေ့** – **၃ ချိန်**

**သင်ကြားနည်း** – **သရုပ်ဆောင်သင်ကြားနည်း၊ နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောဆိုနည်း**

**သင်ထောက်ကူပစ္စည်း** – **စာပေအင်တာဗျူးနှင့်ပတ်သက်သည့် သတိပြုရမည့်နည်းလမ်းများကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ၊ စကားပြောရာတွင် ရှောင်ကြဉ်ရမည့် စည်းကမ်းများကိုရေးမှတ်ထားသည့်စာကတ်ပြားများ**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုဆွေးနွေးပေးမည့် သင်ခန်းစာမှာဘာသာစကားကို အသုံးပြုပြီးလူတစ်ဦးနှင့် တစ်ဦး အပြန်အလှန် ဆက်သွယ်သောအတတ်ဖြစ်သည့် စာပေအင်တာဗျူးစကားပြောဆိုနည်းဖြစ်ကြောင်း မိတ်ဆက်ပါ။
- အင်တာဗျူးခြင်းသည် လူတစ်ဦးနှင့် တစ်ဦးအပြန်အလှန်ဆက်သွယ်သော အလုပ်ဖြစ်ကြောင်း၊ အချီအချ ပြောစကားဖြစ်သောကြောင့် မိမိ၏စကားကို တစ်ဖက်လူက စိတ်ဝင်စားရန် ပြောဆိုရသကဲ့သို့ တစ်ဖက်လူ၏စကားကိုလည်း စိတ်ဝင်တစားနားထောင်ဖို့လိုကြောင်း နိဒါန်းပျိုးပါ။
- အင်တာဗျူးခြင်းသည် စကားပြောသည့်ပုံစံအမျိုးမျိုးအနက် "တစ်ဦးကတစ်ဦးကို ပြောစကား" ဖြစ်ကြောင်း ရှင်းပါ။
- "အင်တာဗျူး"အဖြစ် ပြောသောစကားတွင် "သတိပြုသင့်သော နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်စည်းကမ်းများ"လည်း ရှိနေကြောင်း ပြောကြား၍ နိဒါန်းပျိုးခြင်းကို အဆုံးသတ်ပါ။

DRE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ အင်တာဗျူး ပြောစကားတွင် "သတိပြုသင့်သော နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့် စည်းကမ်းများ" ရှိကြောင်း ပြောကြား၍ အစပျိုးပါ။

❖ အင်တာဗျူးရာတွင် သတိပြုသင့်သောနည်းလမ်းများကို ကျောင်းသုံးစာအုပ်ပါ နမူနာစာဖြင့် သာဓကပေးသွားမည်ဖြစ်သည့်အတွက် သင်ခန်းစာကို ကြိုတင်ပြီး ဖတ်ရှုထားသင့်ကြောင်း အကြံပြုလမ်းညွှန်ပါ။

(၁) အမေးအဖြေနည်း

"ဝင်းငြိမ်း - ကိုမင်းလူ ဘယ်အရွယ်လောက်ကစပြီး စာရေးတာ ဝါသနာပါလာသလဲ။

မင်းလူ - ပြောရမယ်ဆိုရင်တော့ ကျွန်တော်"ပန်းကျောင်း" အမှာစာမှာ ရေးခဲ့သလိုပါပဲ။"

(၂) ညှိနှိုင်းဆွေးနွေးနည်း

"ဝင်းငြိမ်း - ကိုမင်းလူရော ဘယ်လိုမြင်ပါသလဲ။"

"မင်းလူ - အဲဒီအယူအဆကိုတော့ ကျွန်တော်လက်မခံဘူး။"

(၃) မိမိအမြင်ကို ပြောဆိုနည်း

"မင်းလူ - ကဗျာဆိုတာပြည်သူပိုင် ပစ္စည်း။ အားလုံးပိုင်တယ်။ အားလုံးနဲ့ဆိုင်တယ်။ အားလုံးနားလည်အောင် ရေးနိုင်ရင်ပိုကောင်းတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ယူဆတယ်။"

❖ စာပေအင်တာဗျူးရာတွင် အသံအတက်အကျ၊ လေယူလေသိမ်းသည်လည်း အရေးကြီးကြောင်း၊ တစ်ဖက်လူစိတ်ဝင်စားမှုရှိစေရန် မိမိအသံသည် ကြည်လင်ပြတ်သားဖို့လိုကြောင်း၊ အသံမကောင်းသည့်တိုင် စကားလုံးပြတ်သားအောင် ပြောနိုင်ပါက ပရိသတ်စိတ်ဝင်စားနိုင်ကြောင်းရှင်းပါ။

❖ စာပေအင်တာဗျူး ပြောစကားသည် တစ်ဖက်လူနှင့် တိုက်ရိုက်ထိတွေ့ပြောဆိုခြင်းဖြစ်သည့်အတွက် လွတ်လွတ်လပ်လပ်ရှိသော်လည်း ပေါ့ပေါ့ပြက်ပြက်ပြောဆို၍မရကြောင်း၊ အကြောင်းအရာတစ်ခုကို တစ်ဖက်လူ စိတ်ဝင်စားအောင် ပြောရသည့်အတွက်

(၁) တစ်ဖက်လူ၏ စကားကို စိတ်ဝင်တစားနားမထောင်ခြင်း

(၂) တစ်ဖက်လူစကားပြောရန် အလှည့်မပေးခြင်း

(၃) တစ်ဖက်လူကို အထက်စီးက ပြောခြင်း

(၄) အပေးအယူ မညီမျှခြင်း

(၅) တစ်ဖက်လူ ဖြေဆိုရန် ခက်ခဲသော မေးခွန်းမျိုးမေးခြင်း

(၆) ပုံပြင်ပြောသော လေသံဖြင့် ပြောဆိုခြင်း

❖ စသည့်အချက်များကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်ဟု ပြောကြားရင်း ရှင်းပြခြင်းကို အဆုံးသတ်ပါ။

❖ ကျောင်းသားများကို သတိပြုသင့်သော နည်းလမ်းများအကြောင်းမေးပါ။

❖ ကျောင်းသားများကို ရှောင်ကြဉ်ရမည့် အချက်များအကြောင်းမေးပါ။

❖ လိုအပ်လျှင် ဆရာက ထပ်မံရှင်းပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် အင်တာဗျူးဆိုင်ရာစကားပြောနည်းကို လက်တွေ့ပြောဆိုတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသုံးစာအုပ်ပါ စာပေအင်တာဗျူး သင်ခန်းစာကို ဆရာက နမူနာဖတ်ပါ။

❖ ကျောင်းသားများကို ဂရုစိုက် နားထောင်ပါစေ။

❖ စာပေအင်တာဗျူးရာတွင် သတိပြုရမည့် နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့် စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ ကျောင်းသားများကို အကဲခတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို မဲလိပ်နှိုက်ပါစေ။

❖ မိမိကျသည့်ခေါင်းစဉ်ကို စာပေအင်တာဗျူးပြောစကားပုံစံအတိုင်း ပြောပါစေ။

❖ ကျောင်းသားနှစ်ဦး အချီအချပြောဆိုနေစဉ် ကျန်ကျောင်းသားများက ပြောဟန် လေယူလေသိမ်းကို အကဲဖြတ်ပါစေ။

❖ ကောင်း၊ မကောင်း မှတ်ချက်ကို အကြောင်းပြချက်နှင့်တကွ ဆရာကပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ နှစ်သက်ရာခေါင်းစဉ်တစ်ခုကိုပေးပြီး စာပေအင်တာဗျူး ပြောစကားဟန်ဖြင့် ကြိုတင်ပြင်ဆင်လာပါ။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၃)။ မောင်ခင်မင်(ဓနုဖြူ)စာပေအင်တာဗျူး။ ရန်ကုန်၊ ရာပြည့်စာပေ။

၂။ ဝင်းငြိမ်း။ (၂၀၀၀)။ ဝင်းငြိမ်းနှင့်စာရေးဆရာများ -၂။ ရန်ကုန်၊ တိုင်းလင်းစာပေ။

DBE BOX - Copyright Protected

# အချီအချစကား (နှစ်ဦးအပြန်အလှန်အပြောပုံစံ) (ဝတ္ထု၊ ပြဇာတ်)

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **အချီအချစကား (နှစ်ဦးအပြန်အလှန်အပြောပုံစံ) (ဝတ္ထု၊ ပြဇာတ်)** |
| **ရည်ရွယ်ချက်** | – **အချီအချစကားပြောတတ်ရန်** |
| **သင်ယူမှုရလဒ်** | – **အချီအချစကားပြောတတ်လာမည်။** |
| **လက်တွေ့** | – **၁ ချိန်** |
| **သင်ကြားနည်း** | – **သရုပ်ဆောင်သင်ကြားနည်း၊ နှစ်ယောက်တစ်တွဲအပြန်အလှန်ပြောဆိုနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **အချီအချစကားပြောရုပ်သံဖိုင်၊ အချီအချစကားပြောများကို ရေးမှတ်ထားသည့်စာရွက်များ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၄ ချိန်(ဝတ္ထု–၂၊ ပြဇာတ်–၂)၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁+၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်တွင် အချီအချစကားပြောဆိုတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ အသင့်ပြုလုပ်ထားသည့် ရုပ်သံဖိုင်များကို ဖွင့်ပြပါ။
- ❖ ကျောင်းသားများကို ဂရုတစိုက်နားထောင်ပါစေ။
- ❖ စကားအချီအချသဘောမှာ အတုံ့အပြန်ပြောဆိုခြင်း သဘောဖြစ်ကြောင်းရှင်းပါ။
- ❖ အချီအချစကား ပြောဆိုရာတွင် လိုက်နာရမည့်အချက်များကို ရှင်းပါ။
    - ♦ တစ်ဖက်သတ်အယူအဆ တင်ပြမှုမျိုး မဖြစ်စေရ။ စကားအပေးအယူမျှတသော သဘော ရှိရမည်။
    - ♦ တစ်ခါတစ်ရံ တစ်ဖက်လူစကားမဆုံးမီ ဖြတ်၍ပြောသောအလေ့မျိုးကို စကားအချီအချ ပြောရာတွင် တွေ့ရတတ်သည်။ သို့သော် သူ့နေရာနှင့်သူ ဖြတ်၍ပြောရသည်ကို သတိပြုပါ။ တစ်ဖက်လူစကားကို မနာခံလိုသောသဘော၊ မိမိကသာ ပြောချင်အားကြီးသော သဘောဖြင့် စကားစဖြတ်ကာ ဝင်ပြောခြင်းမျိုးကို ရှောင်ကြဉ်ပါ။

- ♦ စကားအချီအချပြောရာ၌ အမေးအဖြေသဘော၊ တင်ပြသောထင်မြင်ချက် တောင်းခံသော သဘောများပါဝင်လေ့ရှိသည်။ တစ်ဖက်လူအား မိမိအယူအဆကို ထင်မြင်ချက်ပေးစေလိုသော သဘောဖြစ်သည်။
- ♦ စကားအချီအချပြောရာတွင် အစနှင့်အဆုံးသည် အလွန်အရေးကြီးသည်။ အစသည် တစ်ဖက်လူ၏ အာရုံကိုဖမ်းမိစေရမည်။ အဆုံး၌ တိကျသောအဆုံးအဖြတ် ရှိရမည်။ စကားစမပြီးပြတ်ဘဲ အဆုံးသတ်ခြင်းမျိုး မဖြစ်စေရ။ ဆုံးဖြတ်ချက်၊ သဘောတူညီချက်ရှိသော စကားအချီအချပြောခြင်းမျိုးဖြစ်ရမည်။

❖ အချီအချစကားများတွင် အမေးအဖြေပုံစံဖြင့်ပြောဆိုခြင်း၊ ညှိနှိုင်းသည့်ပုံစံဖြင့် ပြောဆိုခြင်း၊ ငြင်းခုန်သည့်ပုံစံဖြင့်ပြောဆိုခြင်း၊ ဆွေးနွေးသည့်ပုံစံဖြင့်ပြောဆိုခြင်း စသည့်ပုံစံများရှိကြောင်း ရှင်းပါ။

❖ ထိုအချက်များကို ဆရာက တစ်ချက်ချင်း အမေးအဖြေပြုခြင်းနည်းဖြင့် ကျောင်းသားများ မှတ်မိအောင်သင်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) လိုက်နာရမဲ့အချက်တွေကိုပြောပါ။

(၂) အချီအချပြောစကားပုံစံတွေကိုပြောပါ။

## စာသင်ချိန် ၃+၄

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသားများကို သင့်လျော်သလို အုပ်စုငယ်များဖွဲ့၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို လက်တွေ့သရုပ်ဆောင် လေ့ကျင့်ပါစေ။

❖ ကျောင်းသုံးစာအုပ်ပါ အချီအချစကားပြောပုံစံကို အုပ်စုလိုက် ပြောဆိုလေ့ကျင့်ပါစေ။

❖ ကျောင်းသားတစ်ယောက်ချင်းစီကို မိမိတို့ပြောဆိုရမည့် စကားများကို ရေးမှတ်ထားသည့် စာရွက်များကိုပေးပါ။

❖ အုပ်စုတစ်စုက လက်တွေ့သရုပ်ဆောင်လျှင် ကျန်အုပ်စုများက ကြည့်ရှုအကဲဖြတ်ပါစေ။ မှားယွင်းနေသည့် အမူအရာများကို အုပ်စုအချင်းချင်းတည့်မတ်ပါစေ။

DBE BOX - Copyright Protection

❖ ဆရာက လိုအပ်နေသောအမှုအရာများကို ဖြည့်စွက်သင်ကြားပါ။

(စာသင်ချိန်အတွင်း အုပ်စုအားလုံးကို သရုပ်ဆောင်စေရမည်ဖြစ်ရာ အုပ်စုအရေအတွက်နည်းရန် လိုအပ်ပါသည်။)

❖ ကျောင်းသားအားလုံးကို မဲလိပ်နှိုက်ပါစေ။ တစ်ခါနှိုက်လျှင် နှစ်ယောက်ဖြစ်ပါစေ။

❖ မဲပေါက်သည့်ကျောင်းသားများကို အမှုအရာနှင့်တကွ သရုပ်ဆောင်၍ အချီအချစကား ပြောပါစေ။

❖ စကားဝိုင်းတစ်ဝိုင်းကို ၅ မိနစ် အချိန်ပေးပါ။

❖ ကျောင်းသားများ အချီအချစကားပြောနေစဉ် ဆရာက အကဲဖြတ်ပါ။

❖ လိုအပ်သည်များကို ဖြည့်စွက်ပါ။

**စာအညွှန်း**

၁။ ခင်နှင်းယု။ (၁၉၉၆)။ လက်ရွေးစင်ဝတ္ထုတိုများ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၂။ ဇော်ဂျီ။ (၁၉၆၄)။ မဟာဆန်ချင်သူပြဇာတ်။ ရန်ကုန်၊ ပုဂံစာပေတိုက်။

DBE BOX - Copyright Protected

## စကားဝိုင်း (ဝိုင်းဖွဲ့အပြောပုံစံ)

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **စကားဝိုင်း (ဝိုင်းဖွဲ့အပြောပုံစံ)** |
| **ရည်ရွယ်ချက်** | – **လူအများနှင့် စကားဝိုင်းဖွဲ့ပြောဆိုတတ်ရန်** |
| **သင်ယူမှုရလဒ်** | – **လူအများနှင့် စကားဝိုင်းဖွဲ့ပြောဆိုတတ်လာမည်။** |
| **လက်တွေ့** | – **၄ ချိန်** |
| **သင်ကြားနည်း** | – **သရုပ်ဆောင်သင်ကြားနည်း၊ ပူးပေါင်းပါဝင်သင်ကြားနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **စကားဝိုင်းဗီဒီယိုဖိုင်၊ စကားပြောများကို ရေးမှတ်ထားသည့် စာရွက်များ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၂ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ "ဆွေးနွေးစကားပြောဖူးပါသလား။ နားထောင်ဖူးပါသလား"ဟု မေးပါ။

❖ ယခုသင်ခန်းစာသည်ဆွေးနွေးစကားပြောတတ်အောင် လေ့ကျင့်သင်ကြားပေးမည့် သင်ခန်းစာဖြစ်ကြောင်းရှင်းပါ။

❖ ဆွေးနွေးစကားပြောခြင်းပုံစံကို သိရှိရန် သင်ထောက်ကူဗီဒီယိုဖိုင်၏အကူအညီဖြင့် စကားဝိုင်းဆွေးနွေးကြပုံကို ပြသပါ။

❖ အချီအချစကားပြောဆိုရာတွင် လိုက်နာရမည့် စည်းကမ်းများကိုပြောပါ။

- ◆ စကားကို လုမပြောရခြင်း
- ◆ တစ်ဦးကပြောဆိုနေစဉ်တွင် ကျန်လူများက ဂရုတစိုက်နားထောင်ပေးခြင်း
- ◆ မိမိတစ်ဦးတည်း၏ အလှည့်မယူဘဲ အခြားသူများကို အလှည့်ပေးခြင်း
- ◆ မိမိပြောသည့် အကြောင်းအရာများကို တစ်ဖက်လူနားထောင်ချင်စိတ်ဖြစ်အောင် ဆွဲဆောင်ပြောကြားရခြင်း
- ◆ ဆွေးနွေးချက်ဖြစ်လျှင် အခြားသူများ၏ ဆွေးနွေးချက်ကို လက်ခံစဉ်းစားပေးသင့်ခြင်း

❖ ထိုအချက်များကို ဆရာက တစ်ချက်ချင်း အမေးအဖြေပြုခြင်းနည်းဖြင့် ကျောင်းသားများမှတ်မိအောင်သင်ပါ။

DBHBOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုငယ်များဖွဲ့၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို လက်တွေ့သရုပ်ဆောင် လေ့ကျင့်ပါစေ။
- ကျောင်းသုံးစာအုပ်ပါ အချီအချစကားပြောပုံစံကို အုပ်စုလိုက် ပြောဆိုလေ့ကျင့်ပါစေ။
- ကျောင်းသားတစ်ယောက်ချင်းစီကို မိမိတို့ပြောဆိုရမည့် စကားများ ရေးမှတ်ထားသည့် စာရွက်များ ပေးပါ။
- အုပ်စုတစ်စုက လက်တွေ့သရုပ်ဆောင်လျှင် ကျန်အုပ်စုများက ကြည့်ရှုအကဲဖြတ်ပါစေ။ မှားယွင်းနေသည့် အမူအရာများကို အုပ်စုအချင်းချင်းတည့်မတ်ပါစေ။
- ဆရာက လိုအပ်နေသောအမူအရာများကို ဖြည့်စွက်သင်ကြားပါ။

(စာသင်ချိန်အတွင်း အဖွဲ့အားလုံးကို သရုပ်ဆောင်စေရမည်ဖြစ်ရာ အဖွဲ့အရေအတွက်နည်းရန် လိုအပ်ပါသည်။)

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

- ကျောင်းသားအားလုံး မဲလိပ်နှိုက်ပါစေ။ တစ်ခါနှိုက်လျှင် သုံးယောက်ဖြစ်ပါစေ။
- မဲပေါက်သည့်ကျောင်းသားများကို အမူအရာနှင့်တကွ သရုပ်ဆောင်၍ အချီအချစကားပြောပါစေ။
- စကားဝိုင်းတစ်ဝိုင်းကို ၇ မိနစ် အချိန်ပေးပါ။
- ကျောင်းသားများ အချီအချစကားပြောနေစဉ် ဆရာက အကဲဖြတ်ပါ။
- လိုအပ်သည်များကို ဖြည့်စွက်သင်ကြားပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

- ဆရာက သင်ပုန်းပေါ်တွင် ခေါင်းစဉ်တစ်ခုရေးပါ။
- ခေါင်းစဉ်၏ အကြောင်းအရာကိုဆွေးနွေးကြရမည်ဖြစ်ကြောင်းပြောပါ။

DBE BOX - Copyright Protected

❖ ကျောင်းသားများကို အနည်းဆုံး ၃ ဦးပါသည့် အဖွဲ့ငယ်များဖွဲ့ပါ။

❖ တစ်ဖွဲ့ပြောဆိုနေစဉ် ကျန်ကျောင်းသားများက စကားပြောသည့်အမူအရာများကို အကဲဖြတ်ကြည့်ရှုနေပါစေ။

❖ ဆွေးနွေးသွားသည့်ခေါင်းစဉ်၏ အဓိပ္ပာယ်လွဲမှားသွားလျှင် ဆရာက တည့်မတ်ပါ။

❖ ဆရာက စကားဝိုင်းအတွင်းမှ တစ်ဦးချင်း၏ စကားပြောပုံကို အမှတ်ပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ခေါင်းစဉ်သုံးခုပေးလိုက်ပါ။ အချက်အလက်တွေကို အိမ်ကနေ စုဆောင်းလာပါစေ။ လက်တွေ့စာသင်ချိန်မှာ အဲဒီခေါင်းစဉ်သုံးခုက မဲကျတဲ့ခေါင်းစဉ်ကို အဖွဲ့လိုက် စကားဝိုင်း ဆွေးနွေးပြောဆိုရမယ်ဖြစ်ကြောင်း၊ အဲဒါကြောင့် ခေါင်းစဉ်ရဲ့အကြောင်းအရာကို အချက်ကျကျ ဆွေးနွေးနိုင်အောင် စာများများဖတ်ဖို့လိုကြောင်း၊ အလေ့အကျင့်များများလုပ်ထားဖို့လိုကြောင်းရှင်းပါ။

မှတ်ချက် - ခေါင်းစဉ်ပေးရာတွင် ကျောင်းသားများ၏ အတန်း၊ ပတ်ဝန်းကျင်၊ လူမှုနယ်ပယ်နှင့် ကိုက်ညီသည့် ခေါင်းစဉ်ဖြစ်ရန်လိုပါသည်။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၃)။ မောင်ခင်မင်(ဓနုဖြူ)စာပေအင်တာဗျူး။ ရန်ကုန်၊ ရာပြည့်စာပေ။

၂။ ဝင်းငြိမ်း။ (၂၀၀၀)။ ဝင်းငြိမ်းနှင့်စာရေးဆရာများ -၂။ ရန်ကုန်၊ တိုင်းလင်းစာပေ။

DBE BOX - Copyright Protected

## အခန်း – ၁။ မြန်မာစကားပြေရွေးချယ်ချက်

## ယောမင်းကြီးစိတ်ဓာတ်

**သင်ခန်းစာခေါင်းစဉ်** – ယောမင်းကြီးစိတ်ဓာတ်

**ရည်ရွယ်ချက်** – ရှေးခေတ်မြန်မာမှူးမတ်တစ်ဦးဖြစ်သည့်ယောမင်းကြီး၏ အတုယူဖွယ် စိတ်ဓာတ်ကိုသိရှိစေရန်၊ မော်ဘီဆရာသိန်း၏ ရိုးရှင်းသောစကားပြေအရေးအသားကိုသိရှိ၍ နည်းယူရေးသားတတ်စေရန်

**သင်ယူမှုရလဒ်** – မော်ဘီဆရာသိန်း၏ ရိုးရှင်းသောစကားပြေအရေးအသားကို သိရှိ၍ နည်းယူရေးသားတတ်လာမည်။

**သင်ကြားနည်း** – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ မြုပယူဆင်ခြင်နည်း၊ သရုပ်ဆောင်သင်ကြားနည်း

**သင်ထောက်ကူပစ္စည်း** – ယောမင်းကြီး၏ ရုပ်ပုံကားချပ်၊ စကားလုံးကတ်ပြားများ

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

DLE BOX - Copyright Protected

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် ယောမင်းကြီး၏ စိတ်ဓာတ်ကိုသိရှိစေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ယောမင်းကြီး၏အကြောင်းကို မိတ်ဆက်ပါ။
- ယောမင်းကြီးရေးခဲ့သော ကျမ်းများအနက် မည်သည့်ကျမ်းကိုကြားဖူးသနည်းဟု ဆရာက ကျောင်းသားများကိုမေးပါ။
- ယောမင်းကြီးရေးသားခဲ့သည့် ကျမ်းများအကြောင်းကို မိတ်ဆက်ပါ။
- စကားပြေပါ ဇာတ်ဆောင်အရေအတွက်အတိုင်း အုပ်စုဖွဲ့ပါ။ ထိုဖွဲ့ပေးထားသော အုပ်စုကို စကားပြေပါ ဇာတ်ဆောင်များ၏အပြန်အလှန်စကားပြောဟန်ဖြင့် သရုပ်ဆောင်ဖတ်ပါစေ။

## လုပ်ငန်းစဉ် ၂

### ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

❖ ဆရာက ယောမင်းကြီးစိတ်ဓာတ်စကားပြေပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင်ယောမင်းကြီး၏ ထူးခြားသည့်စိတ်ဓာတ်များကို ထင်ရှားပေါ်လွင်အောင် ရှင်းပါ။

❖ မိမိ၏စာပေကျမ်းဂန်များကို ကိုယ်တိုင်မဖတ်မသိဘဲ ချီးမွမ်းနေခြင်းကို မနှစ်သက်သော ယောမင်းကြီးစိတ်ဓာတ်

- ♦ မင်းလိုလိုက် မင်းကြိုက်ဆောင် မလျှောက်တင်တတ်သောစိတ်ဓာတ်
- ♦ မိမိမှန်သည်ဟုထင်လျှင် အသက်ကိုပင်စွန့်ရဲသောစိတ်ဓာတ်ရှိသူဖြစ်ကြောင်း ပေါ်လွင်အောင် ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ယောမင်းကြီး၏စိတ်ဓာတ်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့် ယောမင်းကြီး၏စိတ်ဓာတ်များကို ဆရာကအမှားအမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

(၁) ယောမင်းကြီးက သူ့ရဲ့ကျမ်းတွေနဲ့ပတ်သက်ပြီး စာမတတ်သူတစ်ဦးကချီးမွမ်းပြောဆိုတာကို မကြိုက်မနှစ်သက်တဲ့အကြောင်း သင်ဘယ်လိုထင်မြင်ယူဆသလဲ။ ရှင်းပါ။

(၂) မင်းလိုလိုက် မင်းကြိုက်မဆောင် ရဲရဲဝံ့ဝံ့လျှောက်ထားရဲတဲ့ ယောမင်းကြီးစိတ်ဓာတ်ကို သင် ဘယ်လိုထင်မြင်ယူဆသလဲ။ ရှင်းပါ။

### လေ့ကျင့်ရန်မေးခွန်းများ

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃)၊ (၄) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁
### သင်ကြားခြင်း

❖ ယခုစာသင်ချိန်တွင် မော်ဘီဆရာသိန်း၏စကားပြေအရေးအသားကို လေ့လာတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

❖ ဆရာက ကျောင်းသားများအား မော်ဘီဆရာသိန်း၏အရေးအသားကိုသိရှိစေရန် လေ့လာရမည့်ပုံစံကို နမူနာပြပြီးသင်ပါ။

❖ အရေးအသားပိုင်းတွင် စကားအသုံးအနှုန်း၊ ဝါကျ၊ စာအရေးအသားများကို မည်သို့အသုံးပြုထားကြောင်း၊ သေချာစွာလေ့လာရမည်ဖြစ်ကြောင်းသင်ပါ။

❖ စကားလုံးအသုံးအနှုန်းပိုင်းတွင် လုံးချင်းအသုံး၊ လုံးတွဲအသုံး၊ အသုံးထူး စသည်တို့ကို လေ့လာကြည့်ရမည်ဖြစ်ကြောင်းပြောပါ။

❖ ဝါကျအသုံးပိုင်းတွင် ဝါကျတို၊ ဝါကျရှည်၊ ပုံစံတူဝါကျ စသည်တို့ကို လေ့လာကြည့်ရမည်ဖြစ်ကြောင်းသင်ပါ။

❖ စာအရေးအသားပိုင်းတွင် သရုပ်ဖော်အရေးအသား၊ ကျိုးကြောင်းပြအရေးအသား၊ ဖွင့်ဆိုရှင်းပြအရေးအသား၊ ဖြစ်စဉ်ပြ အရေးအသားတို့ကို လေ့လာကြည့်ရမည်ဖြစ်ကြောင်း စာကတ်ပြားများ၏အကူအညီဖြင့်သင်ပါ။

### လုပ်ငန်းစဉ် ၂

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။ (အုပ်စုများဖွဲ့၍ အုပ်စုလိုက်ဖတ်ပါစေ။)

◆ တစ်ခါသော် လက်ဝဲရေကြောင်းဗိုလ်မင်းအိမ်၌ မြင်းထိန်းနေသော ငတာဆိုသူသည် အလျှုမသာရှိရာတို့၌ သူငယ်ချင်းများကို "ဟော့ ရွှေပြည်ဝန်ကြီးရေးတဲ့ ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်း၊ ဥတုဘောဇနသင်္ဂဟကျမ်းများကို ကြည့်ကြပါကွယ်။ ဝိမုတ္တိရသကျမ်းမှာဆိုထားလိုက်တာ ဘာပြောဖို့ရှိမလဲ။ လွန်ရော။ ကာယာနုပဿနာကျမ်းမှာ မိန်းမအူ ဘယ်မျှရှည်သည်။ ယောကျ်ားအူ ဘယ်မျှရှည်သည်။ ကလေးများ အဘယ်အရွယ်ရှိတဲ့ အခါ ဝိုသောအားသည် အချိန်မည်မျှရှိသည် ဆိုထားလိုက်တာကွယ်။ လွန်ရော။ ဥတု



DBE BOX - Copyright Protected

ဘောဇန သင်္ဂဟကျမ်းက အစားအသောက် အစာအမျိုးမျိုး၊ ရေချိုးနည်း၊ နံ့သာလိမ်းရသောနည်း၊ အသားကို စားနည်းများကို ဆိုထားလိုက်တာကွယ်။ အသက်ရှည်ဖို့ချည်းပဲကွဲ့။ ဖတ်ကြပါကွယ်"ဟု အပြောများသည်ကို နေရာတိုင်း ကြားဖန်များသဖြင့် ရွှေပြည်ဝန်ကြီး၏ အိမ်ဦးစာရေးတစ်ယောက်က မခံချင်သောကြောင့် ဝန်ကြီးမင်းအား ဤအကြောင်းကို လျှောက်တင်လေ၏။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း၊ စကားအသုံးအနှုန်း၊ ဝါကျအသုံးအနှုန်း၊ စာအရေးအသားများကို ဖော်ထုတ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ မှော်ဘီဆရာသိန်းရဲ့ စကားပြေအရေးအသားကို လေ့လာပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**
**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် စကားပြေ၌ပါသောအလင်္ကာနှင့် ရသများကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

❖ ထို့နောက် ဆရာကစကားပြေတွင်ပါရှိသော အလင်္ကာနှင့်ရသများကို ရှင်းပြသင်ကြားပါ။

❖ စကားပြေကိုဖတ်ပြီး မည်သို့သောခံစားချက်များ ခံစားရကြောင်းကို အုပ်စုတွင်းအချင်းချင်း ပြောဆိုဆွေးနွေးပါစေ။

❖ ကျောင်းသားများကိုအုပ်စုဖွဲ့ပေးပြီး ဖတ်စာထဲမှအလင်္ကာများကို အုပ်စုတွင်းအချင်းချင်းတိုင်ပင်၍ ရှာပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။

❖ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

DBEBOX - Copyright Protected

## လုပ်ငန်းစဉ် ၂

## သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။

- ♦ ဤအခါ ဘုန်းတော်ကြီးဘုရားက "ငလှိုင်၊ သည်လှံကို ကြည့်စမ်း။ မည်သူကိုင်တဲ့ လှံတုံး။" ဟု မေးတော်မူရာ "အရှင့် ခမည်းတော်ဘုရား ကိုင်တော်မူသော လှံဖြစ်ပါကြောင်း"ကို လျှောက်သည်။ မင်းတရားကြီးက "ငါ့ ခမည်းတော်သည် ဤလှံနှင့် မည်သူ့ကို စီရင်သနည်း။"ဟု မေးတော်မူရာ "ကျွန်တော်မျိုး ကျေးဇူးရှင် အဖကို စီရင်ပါကြောင်း" လျှောက်၏။ ဤလှံတော်နှင့် မောင်မင်းစီရင်ခြင်းကို ခံလိုသလား" ဟုမေးတော်မူရာ ရွှေပြည်ဝန်ကြီးက "ထိုးတော်မူပါ ဘုရား"ဟု ရင်ဘတ်ကိုကော့၍ ပေးတော်မူလေသည်။ မင်းတရားကြီးလည်း လှံတော်ကိုကိုင်၍ အတွင်းတော်သို့ ဝင်တော်မူလေသည်။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့် လည်းကောင်း၊ ဟောပြောဆွေးနွေးသည့် ပုံစံဖြင့်လည်းကောင်း သဒ္ဒါအသုံးအနှုန်းများ အပြန်အလှန်ပြောစကားများ၊ ရသများကို ဖော်ထုတ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

❖ စာမတတ်သူတစ်ယောက်က သင်ရေးထားတဲ့စာတွေကို ချိုးမွမ်းရင် သင့်စိတ်ထဲမှာ ဘယ်လို ခံစားရသလဲ။

❖ ယောမင်းကြီးစိတ်ဓာတ်စကားပြေကိုဖတ်ပြီး ဘာရသတွေကို သင်ခံစားရသလဲ။ ဘာကြောင့် အဲဒီရသတွေကို ခံစားရသလဲ။

## လေ့ကျင့်ရန်မေးခွန်း

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာအညွှန်း

၁။ ထင်၊ **မောင်**။ (၁၉၈၃)။ ယောမင်းကြီးဦးဖိုးလှိုင် အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်းအမှာစာ။ ရန်ကုန်၊ ရေသောက်မြစ်စာပေ။

၂။ သိန်း၊ **ဆရာ**(မော်ဘီ-)။ ( ၁၉၆၇)။ မြန်မာဝန်ကြီးမှူးကြီးများအတ္ထုပ္ပတ္တိ။ ရန်ကုန်၊ အေးအေးစာပေ။

DBE BOX - Copyright Protected

# ဝီရိယနှစ်မျိုး

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **ဝီရိယနှစ်မျိုး** |
| **ရည်ရွယ်ချက်** | – **မှန်ကန်သောဝီရိယကို ရွေးချယ်အသုံးပြုတတ်ပြီး မိမိဘဝကို တိုးတက်အောင် ပြုလုပ်တတ်စေရန်နှင့် လယ်တီပဏ္ဍိတဦးမောင်ကြီး၏အရေးအသားကို သိရှိစေရန်** |
| **သင်ယူမှုရလဒ်** | – **မှန်ကန်သောဝီရိယကို ရွေးချယ်အသုံးပြုတတ်လာမည်။** |
| **သင်ကြားနည်း** | – **ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ မြဲယူဆင်ခြင်နည်း၊ အမေးအဖြေနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **မှားယွင်းသောဝီရိယရုပ်ပုံကားချပ်၊ မှန်ကန်သောဝီရိယရုပ်ပုံကားချပ်၊ စကားပြေထဲတွင်ပါသော ဥပမာပြထားသည်များကိုရုပ်ပုံကားချပ်ဖြင့်ဖော်ပြရန်၊ စကားလုံးကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဝီရိယနှစ်မျိုးအကြောင်းသိရှိစေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ လယ်တီပဏ္ဍိတဦးမောင်ကြီး၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။

❖ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ စာပေလက်ရာအချို့ကို မိတ်ဆက်ပါ။

❖ နီတိမဥ္ဇရီကျမ်းအကြောင်းကို မိတ်ဆက်ပါ။

❖ ဝီရိယ၏အနက်အဓိပ္ပာယ်ကို ကျောင်းသားများ မည်သို့နားလည်ထားသည်ကို သိရှိရန်အတွက် ဆရာက ကျောင်းသားများကိုမေးပါ။

❖ ဝီရိယနှစ်မျိုး စကားပြေကို အုပ်စုလိုက်ဖတ်ပါစေ။

DBE BOX - Copyright Protected

## လုပ်ငန်းစဉ် ၂

## ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

❖ ဆရာက ဝီရိယနှစ်မျိုးစကားပြေပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် ဝီရိယနှစ်မျိုး၏ ကွဲပြားခြားနားချက်များနှင့် အကျိုးအပြစ်များကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

- ♦ အရာမဟုတ်သည်တို့၌ ကြိုးစားသောဝီရိယ
- ♦ အရာဟုတ်သည်တို့၌ ကြိုးစားသောဝီရိယ
- ♦ မှားသောဝီရိယမှ အပြစ်များ
- ♦ မှန်သောဝီရိယမှ အကျိုးများ

❖ မှားသောဝီရိယနှင့် မှန်သောဝီရိယတို့၏ ကွဲပြားခြားနားချက်များအကြောင်း ပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စုနှစ်စု ဖွဲ့ပါ။

❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ဝီရိယနှစ်မျိုးကွဲပြားခြားနားချက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများ အုပ်စုလိုက်ထုတ်နုတ်ထားသည့် ဝီရိယနှစ်မျိုး၏ ကွဲပြားခြားနားချက်များကို ဆရာက အမှား၊ အမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

(၁) မှားတဲ့ဝီရိယမှာ ဘယ်လိုအချက်တွေပါဝင်သလဲ။

(၂) မှန်တဲ့ဝီရိယမှာ ဘယ်လိုအချက်တွေပါဝင်သလဲ။

### လေ့ကျင့်ရန်မေးခွန်း

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**
**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဆောင်းပါးအရေးအသားကို လေ့လာတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများကို လယ်တီပဏ္ဍိတဦးမောင်ကြီး၏ အရေးအသားသိရှိစေရန် လေ့လာရမည့်နည်းကို ထပ်မံသင်ကြားပါ။

❖ ယောမင်းကြီးစိတ်ဓာတ်စကားပြေကို လေ့လာသည့်နည်းအတိုင်းပင် လေ့လာကြရမည်ဖြစ်ကြောင်း သေချာစွာသင်ကြားပါ။

❖ ကျောင်းသားများနှင့် ဆွေးနွေးမေးမြန်း အဖြေရှာသောပုံစံဖြင့် ဆရာကဦးဆောင်၍ အရေးအသားကို လေ့လာပြပါ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ဝီရိယနှစ်မျိုးစကားပြေတွင်ပါရှိသည့် ဝီရိယနှစ်မျိုးအကြောင်းကို နှိုင်းယှဉ်လေ့လာကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။ ကျောင်းသားများအား ရွေးချယ်ပြီး အသံထွက်ဖတ်ပါစေ။

♦ ပြုလုပ်အားထုတ်ခြင်းတည်းဟူသော ဝီရိယသည် မှားသောဝီရိယ၊ မှန်သောဝီရိယဟူ၍ နှစ်မျိုးရှိလေ၏။ မှန်သောဝီရိယနှင့်ပြုလုပ်မှ ဟုတ်မှန်သော အကျိုးစီးပွားကို ရနိုင်သည်။ မှားသောဝီရိယနှင့် ပြုလုပ်သောအခါ တစ်စုံတစ်ရာအကျိုးရှိမည်မဟုတ်ဘဲ ပင်ပန်းနွမ်းနယ်ခြင်းသာလျှင် အဖတ်တင်ခံရလိမ့်မည်။ ပညာသင်ကြားခြင်း၊ ကုန်သွယ်လယ်လုပ်ခြင်းစသော အကျိုးဖြစ်ထွန်းမည့်အရာတို့၌ အားထုတ်ကြိုးစားခြင်းအလုပ်သည် မှန်သောဝီရိယမျိုးဖြစ်၍ အခွင့်သင့်သောအခါ မှန်စွာအကျိုးရှိ၍လာလိမ့်မည်။ ပိုးစုန်းကြူးကို မီးပွားထင်၍ မီးတောက်အောင် အစွမ်းကုန်မှုတ်သောလူမိုက်ကြီး၏ အားထုတ်မှုကဲ့သို့သော ဝီရိယဖြစ်၍ တစ်စုံတစ်ရာအကျိုးရှိမည်မဟုတ်ချေ။ အရာမဟုတ်သည်၌ ကြိုးစားမှုကို မှားသောဝီရိယ၊ အရာဟုတ်သည်၌ ကြိုးစားမှုကို မှန်သောဝီရိယဟု ဆိုလိုသည်။

DBE BOX - Copyright Protected

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဆွေးနွေးအဖြေရှာသည့်ပုံစံဖြင့်လည်းကောင်း ဝီရိယနှစ်မျိုးကိုပေါ်လွင်စေသည့် အလင်္ကာအသုံးများကို ဖော်ထုတ်ပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဝီရိယရဲ့ဂုဏ်ရည်ကိုပေါ်လွင်စေတဲ့ ဥပမာအလင်္ကာများကို ရေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ဝီရိယနှင့်ပတ်သက်၍ ဖော်ပြထားသည့် ဗဟုသုတများကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ထို့နောက် ဆရာက စကားပြေတွင်ပါရှိသောဝီရိယနှင့်ပတ်သက်၍ မှန်သောဝီရိယနှင့် မှားသောဝီရိယအကြောင်းကိုနှိုင်းယှဉ်၍ ရှင်းပြသင်ကြားပါ။

❖ ကျောင်းသားများကို စကားပြေဖတ်စေပြီး ဝီရိယနှစ်မျိုးအကြောင်းကို အုပ်စုတွင်းအချင်းချင်းပြောဆိုဆွေးနွေးပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။

♦ နှေးစွာပြုသင့်သောဝီရိယ၊ လျင်စွာပြုသင့်သောဝီရိယဟူ၍ နှစ်မျိုးရှိပြန်ရာ ဆိုင်ရာဌာနတွင် ဆိုင်ရာဝီရိယကိုသုံးစွဲရာ၏။ နှေးစွာပြုရမည့်အရာတွင် လျင်မြန်စွာပြုက အကျိုးမရှိ၊ လျင်စွာပြုရမည့်အရာတွင် နှေးစွာပြုကလည်း အကျိုးမပြီးဖြစ်တတ်သည်။ မိုးမရွာခင်ကကောက်စိုက်ခြင်းစသော ဝီရိယမျိုးသည် မလျင်တန်ဘဲလျက် အလျင်အမြန်ပြုသောဝီရိယမျိုး မည်၏။ “မိုးလွန်မှထွန်ချ၊ နေဝင်မှစပါးလှန်း”ဆိုသော ဝီရိယမျိုးသည် မနှေးသင့်ဘဲလျက်နှေးကန်သောဝီရိယမျိုးမည်၏။ အလျင်အမြန် မပြုတန်ဘဲပြုလုပ်သောအခါ ဖြစ်ကတတ်ဆန်းနှင့် အစမသေသပ်ဘဲ ခိုင်မြဲတည်တံ့ခြင်းမရှိချေ။ သေသပ်လွန်းအားကြီးစွာနှင့် အလွန်တရာနှေးနှေးကန်ကန်ပြုပြန်ပါကလည်း အပြီးမသတ်နိုင်ဘဲရှိတတ်သည်။ “ဆင်ချည်သောကြိုး

နှင့် ကြက်ကိုချည်လျှင် မမြဲ၊ ကြက်ချည်သောကြိုးနှင့် ဆင်ကိုချည်လျှင် မခိုင်"ဆိုသော စကားမျိုးကဲ့သို့ ဝီရိယအကြီး၊ အငယ်များကိုလည်း အရာဌာနအားလျော်စွာ သတိထား သင့်ပေသေးသည်။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့် လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့် လည်းကောင်း ဝီရိယနှစ်မျိုးအကြောင်းကို ဖော်ထုတ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဝီရိယနှစ်မျိုးစကားပြေက ရရှိတဲ့ မှတ်သားဖွယ်ရာတွေကိုပြောပါ။
(၂) သင့်ရဲ့လုပ်ဆောင်ခဲ့မှုတွေဟာ ဘယ်ဝီရိယအမျိုးအစားထဲမှာပါတယ်လို့ ထင်မြင်မိပါသလဲ။
(၃) ဘယ်စကားပုံတွေကို တွေ့ရသလဲ။
(၄) ဘယ်လို ဗဟုသုတတွေကို သင်ရရှိသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။

❖ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄)၊ (၅) ကို အိမ်က ဖြေလာပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**စာအညွှန်း**

၁။ ကေလာသ၊ **ရှင်**။ (၁၉၈၉)။ ဝီရိယမြတ်ကျေးဇူး။ ရန်ကုန်၊ တင်တင်အေးပိဋကတ်စာပေ။

၂။ လှဘော၊ **ဒေါက်တာ**။ (၂၀၀၁)။ ဝီရိယကိုထူ ဉာဏ်နှင့်ချူ ကံကဖေးမသူ။ ရန်ကုန်၊ ယုံကြည်ချက်စာပေ။

DBE BOX - Copyright Protected

## စာဖတ်ခြင်းအလေ့

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – စာဖတ်ခြင်းအလေ့ |
| ရည်ရွယ်ချက် | – ပညာဗဟုသုတကြီးမားကျယ်ပြန့်ရန်အတွက် စာဖတ်ခြင်းအလေ့အကျင့်များ ပြုလုပ်ကြစေရန်နှင့် ဇေယျ၏ စာအရေးအသားကို သိရှိစေရန် |
| သင်ယူမှုရလဒ် | – ပညာဗဟုသုတကြီးမားကျယ်ပြန့်လာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း |
| သင်ထောက်ကူပစ္စည်း | – စာဖတ်ခြင်းနှင့်သက်ဆိုင်သည့် အဆိုအမိန့်များပါရှိသည့် ကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် ဆရာကြီးဇေယျ၏ စာဖတ်ခြင်းအလေ့စကားပြေကိုသိရှိစေရန် သင်ကြားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ဆရာကြီးဇေယျ၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- ဆရာကြီးဇေယျ၏ စာပေလက်ရာများကို မိတ်ဆက်ပါ။
- စာဖတ်ခြင်းအလေ့ကို "သူကြီးဂေဇက်စာစောင် ခေါင်းကြီးပိုင်း"မှ ထုတ်နုတ်ထားကြောင်း ပြောကြား၍ "ဂေဇက်" ဟူသောဝေါဟာရ၊ "ခေါင်းကြီးပိုင်း"ဟူသောဝေါဟာရများ၏ အဓိပ္ပာယ်ကို ရှင်းပါ။
- "အလေ့"ဆိုသည့်ဝေါဟာရအဓိပ္ပာယ်ကို ကျောင်းသားများ မည်သို့နားလည်ထားကြောင်း သိရှိရန် ဆရာက ကျောင်းသားများကိုမေးပါ။

DBE BOX - Copyright Protected

❖ "စာဖတ်ခြင်းအလေ့"ဆိုတာ စာဖတ်တတ်သည့် အလေ့အကျင့်ကိုဆိုလိုတာဖြစ်ကြောင်းရှင်းပြပေးပြီး စာဖတ်တဲ့အလေ့ကို လေ့ကျင့်ပျိုးထောင်ရမှာဖြစ်ကြောင်း၊ ဘာကြောင့်စာဖတ်တဲ့အလေ့အကျင့် ပျိုးထောင်သင့်တယ်လို့ထင်သလဲဆိုတဲ့မေးခွန်းကို ကျောင်းသားများအားမေးပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စုဖွဲ့ပေးပြီး အုပ်စုလိုက်ဖတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ဆရာက စာဖတ်ခြင်းအလေ့စကားပြေပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပြပါ။

❖ ထိုသို့ရှင်းပြရာတွင် စာဖတ်ခြင်းအလေ့အကျင့်၏ အကျိုးကျေးဇူးများကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ လူတို့အခြေအနေ တိုးတက်ကြီးပွားလာမည်။ ပညာဗဟုသုတလည်း ကြီးပွားကျယ်ပြန့်လာမည်။ စာဖတ်ခြင်းဖြင့် ဉာဏ်ပညာကြီးမားထက်သန်လာမည်ဖြစ်ကြောင်း ပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ စာဖတ်ခြင်းအလေ့အကျင့်၊ အကျိုးကျေးဇူးများကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့် စာဖတ်ခြင်းအလေ့အကျင့်၏ အကျိုးကျေးဇူးများကိုဆရာက အမှား အမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်၍ ကျောင်းသားများ နားလည်သဘောပေါက်အောင်ရှင်းပါ။

DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) သင်စာဖတ်တဲ့အလေ့ကို လေ့ကျင့်ပျိုးထောင်ခဲ့ဖူးပါသလား။ လေ့ကျင့်ပျိုးထောင်ဖူးခဲ့ရင် ဘယ်အရွယ်ကစပြီး လေ့ကျင့်ပျိုးထောင်ခဲ့သလဲ။

(၂) စာဖတ်တဲ့အလေ့ကို လေ့ကျင့်ပျိုးထောင်တဲ့အခါ လွယ်ကူတယ်လို့ သင်ထင်ပါသလား။

ဒါမှမဟုတ် ခက်ခဲတယ်လို့ ထင်ပါသလား။ သင့်ထင်မြင်ချက်ကို ပြောပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဇေယျ၏ဆောင်းပါးအရေးအသားကိုလေ့လာတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများအား ဇေယျ၏အရေးအသားကိုသိရှိစေရန် လေ့လာရမည့်နည်းကို သင်ကြားပါ။

❖ ကျောင်းသားများနှင့် ဆွေးနွေးမေးမြန်းအဖြေရှာသောပုံစံဖြင့် ဆရာကဦးဆောင်၍ အရေးအသားကို လေ့လာပြပါ။

❖ အဖြေကို ဆရာက စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။

♦ ဤသို့လူတို့၏ အလုပ်ကိစ္စ အဆောင်အရွက်ဟူသမျှတို့ကို အလေ့အကျင့်က စီမံဖန်တီးပေးလျက်ရှိရာ စာပေဖတ်ရှုမှတ်သားခြင်းမှာ ဤအလေ့အကျင့်၏စက်အတွင်းက လွတ်ကင်းသည်မရှိ ဖြစ်ချေသည်။ သို့နှင့်အချို့သောသူတို့သည် အခြားသော အရာကိစ္စကိုလိုလျှင် အလေ့အကျင့်ပြုသော်လည်း စာပေဖတ်ရှုခြင်းနှင့် စပ်လျဉ်းသောအခါမူကား အလေ့အကျင့်ပြုမှ ရနိုင်မည်ကို သတိမထား၊ ဖတ်လိုသောအခါ ဖတ်နိုင်သည်ဟု အထင်ရှိကာ ဖတ်လိုမှတ်လိုသောအခါမှ ဖတ်ရှုခြင်းပြုကြလေသည်။ ထိုအခါ ဖတ်လေ့မှတ်လေ့မရှိသောကြောင့် မဖတ်နိုင် မမှတ်နိုင်သည်ကို တွေ့ရသောအခါ စိတ်ပျက်လျက် တောင်တောင်မြောက်မြောက် အပြစ်ဖို့ခြင်း ပြုတတ်ကြလေသည်။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း စကားအသုံးအနှုန်း၊ ဝါကျ၊ စာအရေးအသားများကို ဖော်ထုတ်ပါ။

DBE BOX - Copyright Protected

# စာသင်ချိန် ၃

## လုပ်ငန်းစဉ် ၁

## သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ ယခုစာသင်ချိန်တွင် စကားပြေ၌ပါသော အသိအမြင်များကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

❖ ထို့နောက် ဆရာက စကားပြေတွင်ပါရှိသောအသိအမြင်များကို ဆွေးနွေးအဖြေရှာသောနည်းဖြင့် အဖြေရှာပါစေ။

❖ စကားပြေကိုဖတ်ပြီး မည်သို့သောအသိအမြင်များရရှိကြောင်းကို အုပ်စုတွင်းအချင်းချင်း ပြောဆိုဆွေးနွေးပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

## လုပ်ငန်းစဉ် ၂

## သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါစာပိုဒ်ကို ဖတ်ပါစေ။

♦ စင်စစ်အားဖြင့် စာဖတ်ခြင်းသည် လူတို့၌ ထမင်းစားခြင်း၊ ရေသောက်ခြင်း၊ အသက်ရှူခြင်းတို့ကဲ့သို့ပင် အရေးကြီးသော ဆောင်ရွက်ဖွယ်တစ်ရပ်ဖြစ်ပေသည်။ ထမင်းစားခြင်း၊ ရေသောက်ခြင်း စသည်တို့မှာ ကိုယ်ကာယ၏ အာဟာရကို ဖြည့်တင်းရုံမျှသာဖြစ်၍ စိတ်၏အလိုဆန္ဒ အာဟာရကို မဖြည့်တင်းနိုင်ချေ။ စိတ်မှာလည်း ကိုယ်ကာယကဲ့သို့ပင် ပညာဗဟုသုတတည်းဟူသော အာဟာရလိုပေသည်။ ထက်သန်သောစိတ်မျိုးတို့မှာ ထိုသို့သော အာဟာရမျိုးကို လွန်စွာတောင့်တလျက် ထိုထို၌၌ ကြံဆဆင်ခြင်ခြင်းကို အမြဲမပြတ်ပြု၍နေတတ်ရာ မိမိအနီးပတ်ဝန်းကျင်ရှိအရာများဖြင့်သာလျှင် တင်းတိမ်ရောင့်ရဲခြင်းမရှိ။ လမ်းပြသဖွယ်ဖြစ်သော ပညာဗဟုသုတတို့ကို များစွာလိုပေသည်။ ထိုအခါ စာဖတ်ခြင်းအလေ့သည် အလွန့်အလွန် အသုံးဝင်လာလေသည်။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း စာပိုဒ်ပါ အသိအမြင်ဗဟုသုတများကို ဖော်ထုတ်ပါ။

DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) စာဖတ်ခြင်းအလေ့စကားပြေကရရှိတဲ့ မှတ်သားဖွယ်ရာတွေကိုပြောပါ။

(၂) စာဖတ်ခြင်းအလေ့အထမရှိတဲ့ လူတစ်ယောက်ကို သင့်ပတ်ဝန်းကျင်မှာတွေ့ရင် စာဖတ်ခြင်း အလေ့အထရှိအောင် သင်ဘယ်လို လမ်းညွှန်ပေးမလဲ။

(၃) အလိုအလျောက်ဖြစ်တဲ့အလေ့အကျင့်နဲ့ စီမံဖန်တီးယူရတဲ့အလေ့အကျင့်အပေါ် သင်ဘယ်လို ထင်မြင်မိသလဲ။

(၄) ဘယ်လို ဗဟုသုတတွေကို သင်ရရှိသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်မှ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄)၊ (၅) ကို အိမ်မှ ဖြေလာပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**စာအညွှန်း**

၁။ ဇေယျ။ (၁၉၆၅)။ ဇေယျ၏စာ။ ရန်ကုန်၊ ညွှန့်ဌေးစာပေတိုက်။

၂။ သောင်းငွေ၊ **ဦး**။ (၁၉၈၁)။ စာဖတ်လိုသော်။ ရန်ကုန်၊ စာပေဗိမာန်။

DBE BOX - Copyright Protected

## ယောက်ျားအမှန်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – ယောက်ျားအမှန် |
| ရည်ရွယ်ချက် | – စိတ်ဓာတ်မြင့်မြတ်သော ယောက်ျားစစ် ယောက်ျားအမှန်တို့၏ ကိုယ်ကျင့်တရားကိုသိရှိပြီး လိုက်နာကျင့်ကြံတတ်စေရန်နှင့် ပီမိုးနင်း၏ ဝတ္ထုတိုအရေးအသားကိုသိရှိစေရန် |
| သင်ယူမှုရလဒ် | – စိတ်ဓာတ်မြင့်မြတ်သော ယောက်ျားစစ် ယောက်ျားအမှန်တို့၏ ကိုယ်ကျင့်တရားကိုသိရှိလာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ ခြုံယူဆင်ခြင်နည်း၊ အမေးအဖြေနည်း၊ သရုပ်ဆောင်သင်ကြားနည်း |
| သင်ထောက်ကူပစ္စည်း | – ပီမိုးနင်း၏ရုပ်ပုံကားချပ်၊ စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်တွင် ပီမိုးနင်း၏ ယောက်ျားအမှန်ဝတ္ထုတိုအကြောင်းသိရှိစေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။
- ❖ ပီမိုးနင်း၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- ❖ ပီမိုးနင်း၏ဝတ္ထုတိုများအကြောင်းကို အကျဉ်းမျှ မိတ်ဆက်ပါ။
- ❖ ယခုစာသင်ချိန်တွင် ပီမိုးနင်း၏ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည့် "ယောက်ျားအမှန်"ဝတ္ထုကို လေ့လာကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ ယောက်ျားအမှန်၏အဓိပ္ပာယ်ကို ကျောင်းသားများမည်သို့နားလည်ထားကြောင်း သိရှိရန်အတွက် ဆရာက မေးပါ။
- ❖ ဝတ္ထုစကားပြေပါ ဇာတ်ဆောင်အရေအတွက်အတိုင်း အုပ်စုဖွဲ့ပေးပါ။ ထိုဖွဲ့ပေးထားသော အုပ်စုကိုဝတ္ထုစကားပြေပါ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်စကားပြောဟန်ဖြင့် ဖတ်ပါစေ။

DBEBOX - Copyright Protected

## လုပ်ငန်းစဉ် ၂

## ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

❖ ဆရာက "ယောကျ်ားအမှန်" ဝတ္ထုတိုပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် စိတ်ဓာတ်မြင့်မြတ်သော ယောကျ်ားစစ်ယောကျ်ားအမှန်တို့၏ ကိုယ်ကျင့်တရားများကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ ထက်မြက်သည့်မိန်းမတစ်ယောက်၏ ဖြတ်ထိုးဉာဏ်ကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ အုပ်စုတစ်စုချင်းစီကို အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ဘထွန်း၏ ကိုယ်ကျင့်တရားနှင့် မိန်းမပျို၏ ဖြတ်ထိုးဉာဏ်ကို ပေါ်လွင်စေသည့် ဇာတ်ကွက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို အခြားအုပ်စုတစ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများ အုပ်စုလိုက်ထုတ်နုတ်ထားသည့်အချက်များကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ကာ တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

(၁) ယောကျ်ားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ဘယ်လိုအချက်တွေ ရှိရမလဲ။

(၂) မိမိသာယောကျ်ားတစ်ဦးဖြစ်ခဲ့ရင် ယောကျ်ားကောင်းတစ်ဦးဖြစ်အောင် ဘယ်လိုကျင့်ကြံနေထိုင်မလဲ။

(၃) မိမိသာမိန်းမပျိုလေးဖြစ်ခဲ့ရင် ဘထွန်းရဲ့အကူအညီတောင်းခံမှုကို ဘယ်လိုတုံ့ပြန်မလဲ။

## လေ့ကျင့်ရန်မေးခွန်းများ

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂)၊ (၃)၊ (၄) ကို အိမ်က ဖြေလာပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် "ယောက်ျားအမှန်"ဝတ္ထုတို၏ရည်ရွယ်ချက်နှင့် အသိအမြင်များကို လေ့လာတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများကို စာရေးသူ၏ ရည်ရွယ်ချက်က ဘာလဲဟူသည့်မေးခွန်းကိုမေးပါ။

❖ ကျောင်းသားများ၏ အဖြေများကို သင်ပုန်းပေါ်တွင်ရေးပါ။

❖ ထို့နောက် ယောက်ျားအမှန်ဝတ္ထုတို၏ ရည်ရွယ်ချက်မှာ ယောက်ျားကောင်းတို့၏စိတ်ထားနှင့် မိန်းမတို့ အရေးကိစ္စကြုံလာလျှင် ဖြတ်ထိုးဉာဏ်သုံးသင့်သည်ကို သိရှိစေလိုခြင်းဖြစ်ကြောင်း သင်ကြားပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ဝတ္ထုမှရရှိသည့် အသိအမြင်များကို ဖော်ထုတ်ကြည့်ရမည်ဖြစ်ကြောင်း နိဒါန်းပျိုးပြောကြားပါ။

❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။

❖ အဖွဲ့တွင်း အချင်းချင်းအပြန်အလှန် ဆွေးနွေးမေးမြန်းစေသောနည်းဖြင့် ဝတ္ထုမှတွေ့ရသည့် အသိအမြင်များကို ဖော်ထုတ်ကြပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို အုပ်စုကိုယ်စားလှယ်တစ်ယောက်က တင်ပြပါစေ။

❖ အုပ်စုတစ်စုကတင်ပြနေလျှင် ကျန်အုပ်စုများက ဂရုတစိုက်နားထောင်နေပါစေ။

❖ အုပ်စုအချင်းချင်း အပြန်အလှန် ဆွေးနွေးကြပါစေ။

❖ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DDE BOX Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင်"ယောကျ်ားအမှန်" ဝတ္ထုဇာတ်လမ်းကို လေ့လာကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ထို့နောက် ဆရာက ဇာတ်လမ်းကောင်းတစ်ခု၏အင်္ဂါရပ်များကို သင်ကြားပါ။

❖ ဇာတ်လမ်း၏အင်္ဂါရပ်များမှာ ဇာတ်ပျိုး၊ ဇာတ်နှီး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း ဖြစ်ကြောင်းပြောပါ။

❖ ဇာတ်ပျိုးပိုင်းဆိုသည်မှာ ဇာတ်လမ်းအစပျိုးသည့်အပိုင်းဖြစ်ကြောင်း၊ အများအားဖြင့် ဇာတ်လမ်း၌ ပါဝင်လှုပ်ရှားမည့်ဇာတ်ဆောင်များနှင့် စာဖတ်သူကို မိတ်ဆက်ပေးသည့်အပိုင်းဖြစ်ကြောင်းရှင်းပါ။

❖ ဇာတ်နှီးပိုင်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ရပ်များနှင့် စာဖတ်သူကရှေ့၌ဘာဆက်ဖြစ်မည်နည်း ဟူသည့် သိချင်စိတ်များကို နှိုးဆွပေးသောအပိုင်းဖြစ်ကြောင်းရှင်းပါ။

❖ ဇာတ်တက်ပိုင်းဆိုသည်မှာ အားပြိုင်မှုများ၊ မြုပ်ကွက်များ၊ စိတ်လှုပ်ရှားစရာဖြစ်ရပ်များနှင့် စာဖတ်သူ၏ သိလိုစိတ်ကို မြင့်တက်လာအောင် နှိုးဆွပေးသောအပိုင်းဖြစ်ကြောင်းရှင်းပါ။

❖ ဇာတ်ထွတ်ပိုင်းဆိုသည်မှာ စိတ်လှုပ်ရှားမှုများ၊ သိချင်စိတ်များ အထွတ်အထိပ်ရောက်စေသည့် အပိုင်းဖြစ်ကြောင်း၊ ပြဿနာများ၏အဖြေကို ဖြေရှင်းပေးရသောအပိုင်းဖြစ်ကြောင်းရှင်းပါ။

❖ ဇာတ်ဆင်းပိုင်းဆိုသည်မှာ ပြဿနာရပ်များအားလုံး ပြီးပြေသွားသည့်အပိုင်းဖြစ်ကြောင်းရှင်းပါ။ အချို့ဝတ္ထုများ၌မူ ဇာတ်ဆင်းပိုင်းတွင် စာဖတ်သူ သိချင်နေသည့် အဖြေများကိုပေးလေ့ရှိကြောင်း ရှင်းပါ။

❖ ဇာတ်သိမ်းပိုင်းဆိုသည်မှာ ဇာတ်လမ်းတစ်ခုလုံး၏အဆုံးသတ်အပိုင်းဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ "ယောကျ်ားအမှန်"ဝတ္ထုဇာတ်လမ်းကို အစအဆုံး အသံတိတ်ဖတ်ပါစေ။

❖ ဝတ္ထုဇာတ်လမ်းကိုကြိုက်သလားဟူသည့် မေးခွန်းကိုမေးပါ။

DBE BOX - Copyright Protected

❖ ကြိုက်လျှင် ဘာကြောင့်ကြိုက်သည်၊ မကြိုက်လျှင် ဘာကြောင့်မကြိုက်သည် ဟူသည့်မေးခွန်းကို မေးပါ။

❖ ဝတ္ထုဇာတ်လမ်းတွင် မည်သည့်အပိုင်းကိုအကြိုက်ဆုံးလဲဟူသည့်မေးခွန်း၊ ဘာကြောင့် အကြိုက်ဆုံးလဲဟူသည့်မေးခွန်းများကိုမေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ယောက်ျားအမှန်ဝတ္ထုဇာတ်လမ်းက ဇာတ်လမ်းအင်္ဂါရပ်တွေနဲ့ ကိုက်ညီပါသလား။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**စာအညွှန်း**

၁။ မိုးမြေ၊ မ။ (၂၀၁၇)။ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ။ ရန်ကုန်၊ စိုးမိုးလွင်စာပေ။

DBE BOX - Copyright Protected

## ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့် ပညာရေးအမြင်

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | ဗိုလ်ချုပ်အောင်ဆန်း၏ကျောင်းသားဘဝနှင့်ပညာရေးအမြင် |
| ရည်ရွယ်ချက် | – | ဗိုလ်ချုပ်အောင်ဆန်း၏ကျောင်းသားဘဝနှင့် ပညာရေး အလေးထားသော သဘောထားအမြင်ကို သိရှိစေရန်နှင့် ဗိုလ်ချုပ်ဆောင်ဆန်း၏ အရေးအသားကိုသိရှိစေရန် |
| သင်ယူမှုရလဒ် | – | ဗိုလ်ချုပ်အောင်ဆန်း၏ကျောင်းသားဘဝနှင့် ပညာရေး အလေးထားသော သဘောထားအမြင်ကိုသိရှိလာမည်။ |
| သင်ကြားနည်း | – | ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ မြှုပ်ယူဆင်ခြင်နည်း၊ အမေးအဖြေနည်း |
| သင်ထောက်ကူပစ္စည်း | – | ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကားချပ်၊ စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ကျောင်းသားဘဝနှင့် ပညာရေးအပေါ်ထားရှိသော သဘောထားကိုသိရှိစေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ ကျောင်းသားများမည်မျှ သိထားသည်ကို ဆရာကမေးပါ။
- ❖ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို ကျောင်းသားများအားမိတ်ဆက်ပါ။
- ❖ ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သည့် စာပေလက်ရာအချို့ကိုမိတ်ဆက်ပါ။
- ❖ ထို့နောက် ကျောင်းသားများ စကားပြေကိုဖတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

- ❖ ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့်ပညာရေးအမြင်စကားပြေပါ အကြောင်းအရာများကို ဆရာကရှင်းပါ။



DREBOX - Copyright Protected

❖ ထိုသို့ရှင်းပြရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပညာရေးအပေါ်ထားရှိသော သဘောထားအမြင်များကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။

❖ ကျောင်းသားများကို အုပ်စုဖွဲ့ပေးပြီး ဗိုလ်ချုပ်အောင်ဆန်းကျောင်းသားဘဝ အားကျစိတ်ဝင်စားဖွယ်အချက်များနှင့် ပညာရေးအပေါ်ထားရှိသော သဘောထားအမြင်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုတစ်စုက အကဲဖြတ်ပါစေ။

❖ ဆရာက အမှား၊ အမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များနားလည်သဘောပေါက်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့် ပညာရေးအမြင် ဆောင်းပါးထဲက သင်အားအကျဆုံး အချက်တွေကို ထုတ်နုတ်တင်ပြပါ။

(၂) ငယ်ရွယ်စဉ်ကျောင်းသားဘဝမှာ စည်းကမ်းတင်းကျပ်ပြီးနေထိုင်ရတာနဲ့ လွတ်လပ်ပျော်ရွှင်စွာနေထိုင်ရတာနှစ်ခုမှာ ဘယ်အချက်ကို ကြိုက်နှစ်သက်သလဲ။ ကျိုးကြောင်းပြဖြေဆိုပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် "ပညာ"၏သဘောတရားများကို ရှင်းပြပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ထို့နောက် စကားပြေတွင်ပါရှိသော "ပညာ"၏ သဘောတရားများကို ဆရာကရှင်းပြပါ။

❖ ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။

❖ စကားပြေကိုဖတ်စေ၍ အုပ်စုတစ်စုကို "ပညာ"၏သဘော၊ အုပ်စုတစ်စုကို "သညာ"၏ သဘောကို ထုတ်နုတ်ပါစေ။

❖ အဖွဲ့တစ်ဖွဲ့စီမှ ကိုယ်စားလှယ်တစ်ဦးက ထုတ်နုတ်ချက်များကို ဖတ်ပါစေ။

DRE BOX - Copyright Protected

❖ ဆရာက ထိုအချက်များကို သင်ပုန်းပေါ်တွင် ရေးမှတ်ပါ။

❖ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

❖ ကျောင်းသားအားလုံးက သင်ပုန်းကိုကြည့်၍ ထိုအချက်များကို တစ်ခေါက်ရွတ်ဖတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ဆောင်းပါးမှတွေ့ရသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ပညာရေးအမြင်များကို လေ့လာကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ကျောင်းသားအားလုံး ဆောင်းပါးကိုအသံတိတ်ဖတ်စေ၍ ဗိုလ်ချုပ်အောင်ဆန်း၏ ပညာရေးအမြင်များကို ထုတ်နုတ်ကြပါစေ။

❖ ဆရာက အမှား၊ အမှန်နှင့် လိုအပ်ချက်များကို ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) "ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့်ပညာရေးအမြင်" စကားပြေကရရှိတဲ့ အသိအမြင်တွေကိုပြောပါ။

(၂) ဗိုလ်ချုပ်အောင်ဆန်းအပေါ် သင်ဘယ်လိုထင်မြင်ယူဆသလဲ။

DBE BOX Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၅)ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ အားကစားနှင့်ပညာရေးဆက်စပ်နေပုံကို ဆရာကရှင်းပါ။

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## လုပ်ငန်းစဉ် ၂
## သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

- ❖ ယခုစာသင်ချိန်တွင် ဆရာက ကျောင်းသားများအား ဗိုလ်ချုပ်အောင်ဆန်း၏စကားပြေအရေး အသားကို သိရှိစေရန်နှင့် လေ့လာတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ ဆရာက ကျောင်းသားများကို ဗိုလ်ချုပ်အောင်ဆန်း၏ စာအရေးအသားသိရှိစေရန် လေ့လာရမည့်နည်းကိုသင်ပါ။
- ❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း စကားအသုံးအနှုန်း၊ ဝါကျအသုံးအနှုန်း၊ စာအရေးအသားများကို ဖော်ထုတ်ပါ။
- ❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။

**စာအညွှန်း**

---


၁။ မှိုင်း၊ **သခင်ကိုယ်တော်**(အလင်္ကာကျော်စွာဆရာကြီး-) (တည်းဖြတ်)။ (၂၀၁၁)။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၂။ သန်းဦး၊ **ဒေါက်တာ**(ဆရာကြီး-)။ (၂၀၁၇)။ ပညာရေးဆောင်းပါးပေါင်းချုပ်။ ရန်ကုန်၊ ဆုစာပေ။

၃။ အောင်သင်း၊ **ဦး**။ (၂၀၀၀)။ ပညာသာလျှင်နှင့် သစ်လွင်အတွေးဆောင်းပါးများ။ ရန်ကုန်၊ တိုင်းလင်းစာပေ။


DBE BOX - Copyright Protected

## အိမ်သူအိမ်သားကောင်း၏ အရည်အချင်းများ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – အိမ်သူအိမ်သားကောင်း၏ အရည်အချင်းများ |
| ရည်ရွယ်ချက် | – အသေးငယ်ဆုံးဖြစ်သောအိမ်သူအိမ်သားအစုအသင်းမှနေ၍ အကြီးမားဆုံးသောအစုအသင်းဖြစ်သည့် တိုင်းနိုင်ငံအထိ စည်းလုံးညီညွတ်စွာနေထိုင်တတ်သော အလေ့အကျင့်ကောင်းများသိရှိစေရန်နှင့် လက်ထောက်ပညာမင်းကြီးဦးထွန်းအောင်၏ အရေးအသားကို သိရှိစေရန် |
| သင်ယူမှုရလဒ် | – အသေးငယ်ဆုံးဖြစ်သောအိမ်သူအိမ်သားအစုအသင်းမှနေ၍ အကြီးမားဆုံးသောအစုအသင်းဖြစ်သည့် တိုင်းနိုင်ငံအထိ စည်းလုံးညီညွတ်စွာနေထိုင်တတ်သောအလေ့အကျင့်ကောင်းများ သိရှိလာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ မြုပ်ယူဆင်ခြင်နည်း၊ အမေးအဖြေနည်း |
| သင်ထောက်ကူပစ္စည်း | – မိသားစုရုပ်ပုံကားချပ်၊ တိုင်းရင်းသားများစုပေါင်းနေထိုင်ပုံရုပ်ပုံကားချပ်၊ စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် စာသင်ချိန် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

DBE BOX - Copyright Protected

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် လက်ထောက်ပညာမင်းကြီးဦးထွန်းအောင်၏ အိမ်သူအိမ်သားကောင်းအရည်အချင်းများကိုသိရှိစေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်းနိဒါန်းပျိုးပါ။
- လက်ထောက်ပညာဝန်မင်းကြီးဦးထွန်းအောင်၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- လက်ထောက်ပညာဝန်မင်းကြီးဦးထွန်းအောင် ရေးသားခဲ့သည့် စာပေလက်ရာများကို မိတ်ဆက်ပါ။

❖ အိမ်သူအိမ်သားကောင်း၏အနက်အဓိပ္ပာယ်ကို ကျောင်းသားများ မည်သို့နားလည်ထားသည်ကို သိရှိရန်အတွက် ဆရာက ကျောင်းသားများကိုမေးပါ။

❖ အိမ်သူအိမ်သားကောင်း၏အရည်အချင်းများစကားပြေကို အုပ်စုလိုက်ဖတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ အိမ်သူအိမ်သားကောင်း၏အရည်အချင်းများစကားပြေပါ အကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် အိမ်သူအိမ်သားကောင်း၏သဘောကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ အိမ်သူအိမ်သားကောင်းဖြစ်ရန်အတွက် ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ်ကြောင်းရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် အိမ်သူအိမ်သားကောင်းတစ်ယောက်ဖြစ်ရန် အဘယ်ကြောင့်လိုအပ်ကြောင်းကို အကြောင်းအကျိုးနှင့်တကွရှင်းပါ။

❖ အိမ်သူအိမ်သားကောင်းဖြစ်ရန်အတွက် လိုက်နာရမည့်ကျင့်ဝတ်များကို ဆရာက တပည့်များ နားလည်သဘောပေါက်အောင်အသေးစိတ်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ရှေးတုန်းက အိမ်သားတစ်စုနဲ့ အခုခေတ်အိမ်သားတစ်စု ဘယ်လိုကွာခြားသွားသလဲ။

(၂) အိမ်သူအိမ်သားကောင်းတစ်ဦးဖြစ်ဖို့အတွက် ငယ်ငယ်ကတည်းက ဘယ်လိုပြုမူကျင့်ကြံနေထိုင်ရမလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၃) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် စကားပြေ၌ပါသော အိမ်သူအိမ်သားကောင်းတို့၏ အရည်အချင်းများကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

DBE BOX - Copyright Protected

❖ ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပေးပြီး အချင်းချင်း အပြန်အလှန်ဆွေးနွေးစေကာ အိမ်သူအိမ်သားကောင်း၏ ကျင့်ဝတ်များကို ထုတ်နုတ်ပါစေ။
❖ တစ်ဖွဲ့ချင်းစီက မိမိတို့၏အဖြေများကို သင်ပုန်းပေါ်တွင် ရေးပါစေ။
❖ ထိုကျင့်ဝတ်များကိုလိုက်နာလျှင် အိမ်သူအိမ်သားကောင်းတစ်ယောက်ဖြစ်လာမည်ဖြစ်ကြောင်း ဆရာကရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ စကားပြေကိုဖတ်ပြီး မည်သို့သောအသိအမြင်များရကြောင်းကို အုပ်စုတွင်းအချင်းချင်း ပြောဆိုဆွေးနွေးပါစေ။

**သာဓက–**

- ♦ အိမ်သူအိမ်သားတစ်စုသည် စည်းစည်းလုံးလုံးနေထိုင်မှုရှိရမည်။
- ♦ မိမိပတ်ဝန်းကျင်နှင့် သင့်တင့်စွာနေထိုင်တတ်ရမည်။
- ♦ လိုအပ်သောအရည်အချင်းများကို ငယ်စဉ်ကပင် ဖြည့်ဆည်းသင့်သည်။

❖ တစ်အုပ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။
❖ လိုအပ်လျှင်ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အိမ်သူအိမ်သားကောင်း၏အရည်အချင်းများ စကားပြေက ရရှိတဲ့အသိအမြင်တွေကိုပြောပါ။

(၂) အိမ်သူအိမ်သားကောင်း၏အရည်အချင်းများ စကားပြေကိုဖတ်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။
❖ လေ့ကျင့်ခန်းမေးခွန်း (၄)၊ (၅) ကို အိမ်က ဖြေလာပါစေ။
❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**
**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဆရာက ကျောင်းသားများကို လက်ထောက်ပညာမင်းကြီးဦးထွန်းအောင်၏ ဆောင်းပါးအရေးအသားလေ့လာတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း မိတ်ဆက်ပြောပါ။

❖ ဆရာက ကျောင်းသားများကို လက်ထောက်ပညာမင်းကြီးဦးထွန်းအောင်၏ စာအရေးအသားကို သိရှိစေရန် လေ့လာရမည့်နည်းကိုသင်ပါ။

❖ စကားလုံးအသုံးအနှုန်း၊ ဝါကျ၊ စာအရေးအသားများကို မည်သို့အသုံးပြုထားကြောင်းသေချာစွာ သင်ပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါစာပိုဒ်ကို အုပ်စုဖွဲ့၍ ဖတ်ပါစေ။

♦ လူသည် အစုအသင်းဖွဲ့စည်းနေထိုင်သော သတ္တဝါဖြစ်၏။ များစွာမယဉ်ကျေးသေးမီ အချိန်အခါက ထိုကဲ့သို့ ပေါင်းစုဖွဲ့စည်းနေထိုင်သော အစုအသင်းငယ်များမှာ သေးငယ်၍ လူအနည်းငယ်မျှသာ ပါဝင်ကြ၏။ ယဉ်ကျေးလာသည့်အလျောက် ဆက်သွယ်ရင်းနှီးခြင်း ကျယ်ဝန်းလာသောအခါစုပေါင်းနေထိုင်ကြသော အစုအသင်းများသည် ကြီးမားလာသည်။ လူတိုင်းပင် လူမျိုးတစ်မျိုးပါဝင်သည့် တိုင်းနိုင်ငံတည်းဟူသော အစုအသင်းကြီး၏ အသင်းသားတစ်ယောက် ဖြစ်လာခဲ့၏။ တိုင်းနိုင်ငံကဲ့သို့သော အစုအသင်းကြီးများသည် သေးငယ်သော အစုအသင်းငယ်များကို စုပေါင်းခြင်းမှ ရရှိသည်။ အသေးငယ်ဆုံးသော အစုအသင်းမှာ အိမ်သူအိမ်သားတစ်စုပင် ဖြစ်ချေသည်။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံ၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့် အထက်ပါစာပိုဒ်၏ စကားအသုံးအနှုန်း၊ ဝါကျအသုံးအနှုန်း၊စာအရေးအသားများကို ဖော်ထုတ်ကြည့်ပါစေ။

**စာအညွှန်း**

၁။ ထွန်းအောင်၊ **ဦး**(လက်ထောက်ပညာမင်းကြီး-)။ (၁၉၅၄ )။ ပညာ၏အခြေခံသဘာဝ။ ရန်ကုန်၊ ဘာသာပြန်စာပေအသင်း။

၂။ နန္ဒာသိန်းဇံ။ (၁၉၈၀)။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့်အဆင့်မြင့်ခရီးစဉ်။ ရန်ကုန်၊ လှိုင်းသစ်စာပေ။

## ပြည်သူပြည်သားတာဝန်

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **ပြည်သူပြည်သားတာဝန်** |
| **ရည်ရွယ်ချက်** | – **ပြည်သူပြည်သားများ လိုက်နာကျင့်သုံးရမည့် တာဝန်ဝတ္တရားများကို သိရှိစေရန်နှင့် လိုက်နာကျင့်သုံးတတ်စေရန်၊ ထိုအရေးအသားမျိုး နည်းယူရေးတတ်စေရန်** |
| **သင်ယူမှုရလဒ်** | – **ပြည်သူပြည်သားများ လိုက်နာကျင့်သုံးရမည့် တာဝန်ဝတ္တရားများကိုသိရှိပြီး လိုက်နာကျင့်သုံးတတ်လာမည်။** |
| **သင်ကြားနည်း** | – **ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ မြုပ်ယူဆင်ခြင်နည်း၊ အမေးအဖြေနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **တာဝန်ဝတ္တရား ၄ မျိုးနှင့်သက်ဆိုင်သည့် ရုပ်ပုံကားချပ်၊ စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် ပြည်သူပြည်သားကောင်းတာဝန်ဝတ္တရားများကို သိရှိစေရန် သင်ကြားပေးမည်ဖြစ်ကြောင်းနိဒါန်းပျိုးပါ။

❖ ဆရာမကြီးဒေါ်သန်းတင်၏အတ္ထုပ္ပတ္တိနှင့် စာပေလက်ရာများကို မိတ်ဆက်ပါ။

❖ တာဝန်ဝတ္တရား၏အဓိပ္ပာယ်နှင့်ပတ်သက်ပြီး မည်သို့နားလည်ထားသည်ကို ဆရာက ကျောင်းသားများအားမေးပါ။

❖ တာဝန်နှင့်ဝတ္တရား၏ကွဲပြားချက်ကို ကျောင်းသားများအားရှင်းပါ။

❖ ပြည်သူပြည်သားတာဝန်စကားပြေကို အုပ်စုလိုက်ဖတ်ပါစေ။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ပြည်သူပြည်သားတာဝန်စကားပြေပါ အကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် တိုင်းသူပြည်သားများလိုက်နာဆောင်ရွက်ရမည့်တာဝန်ဝတ္တရားလေးမျိုးကို ကျေပွန်စွာ မပျက်မကွက်လိုက်နာဆောင်ရွက်ခြင်းသည် ပြည်သူပြည်သားကောင်းပင် ဖြစ်ကြောင်း ပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။

❖ ကျောင်းသားများကို အုပ်စုဖွဲ့ပေးပြီး ပြည်သူပြည်သားကောင်းများ လိုက်နာရမည့် တာဝန်ဝတ္တရားကျင့်ဝတ်များထဲမှ နှစ်သက်လက်ခံသောအချက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက် ထုတ်နုတ်ထားသည့် ပြည်သူပြည်သားကောင်းများလိုက်နာရမည့် တာဝန်ဝတ္တရားကျင့်ဝတ်များထဲမှ နှစ်သက်လက်ခံသောအချက်များကို ဆရာက အမှား၊ အမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များနားလည်သဘောပေါက်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသားများ စကားပြေတစ်ပုဒ်လုံးပေါ်တွင် ခြုံငုံယူစဉ်းစားတတ်စေရန် ဆရာက မေးခွန်းမေးပါ။

(၁) ပြည်သူပြည်သားကောင်းတာဝန်ဝတ္တရား ၄ မျိုးကိုလိုက်နာပါက တိုင်းပြည်မှာ ဘယ်လိုအကျိုးကျေးဇူးတွေ ဖြစ်ထွန်းလာမယ်လို့ သင်ထင်ပါသလဲ။

(၂) ပြည်သူပြည်သားကောင်းတာဝန်ဝတ္တရား ၄ မျိုးကို မလိုက်နာပါက တိုင်းပြည်မှာ ဘယ်လိုဆုတ်ယုတ်မှုမျိုးတွေ ဖြစ်လာမယ်လို့ သင်ထင်ပါသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၃) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

❖ ယခုစာသင်ချိန်တွင်စကားပြေ၌ပါသော အသိအမြင်များကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက စကားပြေတွင်ပါရှိသော ပြည်သူပြည်သားကောင်းတစ်ယောက်၌ရှိရမည့် တာဝန်နှင့် ဝတ္တရားများကို အကိုးအကားများနှင့်တကွရှင်းပါ။

❖ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။

❖ အဖွဲ့တစ်ဖွဲ့လျှင် ပြည်သူပြည်သားကောင်းတစ်ယောက်၌ရှိရမည့် တာဝန်ဝတ္တရားများကို အုပ်စုတွင်း အချင်းချင်းဆွေးနွေးအဖြေရှာပါစေ။

❖ လက်ခံနိုင်၊ လက်မခံနိုင်ကို စဉ်းစားသုံးသပ်ပါစေ။

❖ မိမိတို့၏ အဖြေ၊ သုံးသပ်ချက်များကို စာအုပ်တွင် အကြမ်းရေးမှတ်ထားပါစေ။

### လေ့ကျင့်ရန်မေးခွန်း

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

### လုပ်ငန်းစဉ် ၂

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါစာပိုဒ်ကို အုပ်စုဖွဲ့၍ ဖတ်ပါစေ။

♦ မိမိတိုင်းပြည်အပေါ်၌ သစ္စာတရားစောင့်ထိန်းရခြင်း၊ တိုင်းပြည်အား ထိခိုက်နစ်နာစေမည့် ဘေးအန္တရာယ်များ ပေါ်ပေါက်လာသောအချိန်တွင် မိမိတိုင်းပြည်အတွက် မျိုးချစ်စိတ်ထက်သန်စွာ ထောက်ခံခြင်း၊ ခုခံတိုက်ခိုက်ခြင်းများ ပြုလုပ်ပေးရမည်။ ထို့ပြင် တိုင်းပြည်နစ်နာစေမည့် စကားများကိုလည်းကောင်း၊ အလုပ်ကိုလည်းကောင်း မပြောဆို မလုပ်ကိုင်မိအောင် စောင့်ထိန်းပေးရမည်။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့် လည်းကောင်း အထက်ပါစာပိုဒ်မှ စာရေးသူ၏အတွေးအမြင်ကို ဖော်ထုတ်ပါ။

DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ပြည်သူပြည်သားတာဝန် စကားပြေကရရှိတဲ့အသိအမြင်တွေကိုပြောပါ။

(၂) ပြည်သူပြည်သားတာဝန်စကားပြေကိုဖတ်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေကိုရရှိသလဲ။

(၃) ဘယ်လိုဗဟုသုတတွေကို ရရှိသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂)၊ (၄) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ဆရာက ဒေါ်သန်းတင်၏ ဆောင်းပါးအရေးအသားကိုလေ့လာတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသားများ ဒေါ်သန်းတင်၏အရေးအသားကိုသိရှိစေရန် မည်သို့မည်ပုံလေ့လာရမည်ကို ဆရာကသင်ပါ။

❖ စကားလုံးအသုံး၊ ဝါကျ၊ စာအရေးအသားများကို မည်သို့အသုံးပြုထားကြောင်း သေချာစွာသင်ပါ။

❖ ကျောင်းသားများကို ဆရာကဦးဆောင်၍ မေးခွန်းမေးနည်းပုံစံဖြင့် အရေးအသားကို လေ့လာပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါစာပိုဒ်ကို အုပ်စုဖွဲ့၍ ဖတ်ပါစေ။

♦ ယဉ်ကျေးသောလူတိုင်းတွင် တာဝန်ဝတ္တရားအသီးသီးရှိလေသည်။ မိဘ၌ဝတ္တရားရှိသကဲ့သို့ သားသမီးများမှာလည်း ဝတ္တရားရှိသည်။ ထို့အတူ ဆရာ၏ ဝတ္တရား၊ တပည့်၏ဝတ္တရား၊



DBE BOX - Copyright Protected

လင်ယောကျ်ား၏ ဝတ္တရား၊ အိမ်သူဇနီး၏ ဝတ္တရားစသည်ဖြင့် တာဝန်အသီးသီးရှိကြရာ တိုင်းပြည်အတွက် ပြည်သူပြည်သားတို့ လိုက်နာဆောင်ရွက်ရမည့် ဝတ္တရားများလည်း ရှိလေသည်။ တိုင်းပြည်တစ်ပြည်၏ အစိုးရသည် မည်မျှလောက်ပင် တိုင်းပြည်ကောင်းစားရေးကို စီမံအုပ်ချုပ်လုပ်ကိုင်သော်လည်း တိုင်းသူပြည်သားများက ဆောင်ရွက်ရမည့် ဝတ္တရားများကို ကျေပွန်စွာ မဆောင်ရွက်ဘဲ ပျက်ကွက်နေပါက အဆိုပါတိုင်းပြည်သည် တိုးတက်ကြီးပွားခိုင်ခံ့ တည်မြဲရန် မဖြစ်နိုင်ပေ။

- ❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း အထက်ပါစာပိုဒ်၏ စကားအသုံးအနှုန်း၊ ဝါကျ၊ စာအရေးအသားများကို ဖော်ထုတ်ပါစေ။
- ❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။
- ❖ ကျောင်းသားများကို အုပ်စုနှစ်စုဖွဲ့ပါ။
- ❖ စာကြည့်တိုက်သို့သွားစေ၍ နောက်စာသင်ချိန်တွင် သင်ကြားရမည့် လှိုင်ထိပ်ခေါင်တင်၏ အကြောင်းကို အုပ်စုလိုက် အချက်အလက်စုဆောင်းလာကြစေရန် ညွှန်ကြားပါ။

**စာအညွှန်း**

၁။ သန်းတင်၊ **ဒေါ်**(ဆရာမကြီး-)။ (၁၉၆၁)။ ဘဝရတနာ။ မကွေး၊ ဗမာ့တံခွန်စာအုပ်တိုက်။
၂။ နန္ဒာသိန်းဇံ။ (၁၉၈၀)။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ်။ ရန်ကုန်၊ လှိုင်းသစ်စာပေ။

DBE BOX - Copyright Protected

## ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – ဂီတစာဆိုလှိုင်ထိပ်ခေါင်တင် |
| ရည်ရွယ်ချက် | – လှိုင်ထိပ်ခေါင်တင်၏ အတ္ထုပ္ပတ္တိနှင့် ဆရာကြီးဦးမြင့်ကြည်၏ အရေးအသားကိုလေ့လာသိရှိစေရန် |
| သင်ယူမှုရလဒ် | – လှိုင်ထိပ်ခေါင်တင်၏ အတ္ထုပ္ပတ္တိနှင့် ဆရာကြီးဦးမြင့်ကြည်၏ အရေးအသားကိုလေ့လာသိရှိလာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ မြှုပ်ယူဆင်ခြင်နည်း၊ အမေးအဖြေနည်း |
| သင်ထောက်ကူပစ္စည်း | – လှိုင်ထိပ်ခေါင်တင်ရုပ်ပုံကားချပ်၊ စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် လှိုင်ထိပ်ခေါင်တင်အတ္ထုပ္ပတ္တိကို သိရှိစေရန်သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ဆရာကြီးဦးမြင့်ကြည်၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ရှင်းပြပါ။
- လှိုင်ထိပ်ခေါင်တင်အတ္ထုပ္ပတ္တိကို ကျောင်းသားများမည်မျှသိထားကြောင်း ဆရာက မေးပါ။
- ကျောင်းသားများဖြေကြားချက်ကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ထားပါ။
- ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်အတ္ထုပ္ပတ္တိကို အုပ်စုလိုက်ဖတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

- ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်အတ္ထုပ္ပတ္တိစကားပြေပါ အကြောင်းအရာများကို ဖွင့်ဆိုရှင်းပြပါ။
- ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။

DRE BOX - Copyright Protected

❖ လှိုင်ထိပ်ခေါင်တင်၏ ဘဝဖြစ်စဉ်ကို ခုနှစ်အလိုက်ရေးသားပါစေ။

❖ ခုနှစ်သက္ကရာဇ်အရ အသက်ပြန်တွက်ကြည့်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက် ထုတ်နုတ်ထားသည့် လှိုင်ထိပ်ခေါင်တင်မွေးဖွားချိန်မှစ၍ သေဆုံးချိန်ထိ ဘဝဖြစ်စဉ်အချက်များကို ဆရာက အမှားအမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များနားလည် သဘောပေါက်အောင်ရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်၏ အတ္ထုပ္ပတ္တိပါဘဝမှတ်တိုင် အနိမ့်အမြင့်များကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) လှိုင်ထိပ်ခေါင်တင်ရဲ့အတ္ထုပ္ပတ္တိကိုဖတ်ပြီး ဘယ်လိုခံစားရသလဲ။

(၂) လှိုင်ထိပ်ခေါင်တင်ရဲ့ ဘဝဖြစ်စဉ်အပေါ် သင်ဘယ်လိုထင်မြင်မိသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃) ကို ဖြေပါစေ။

LBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဆရာကြီးဦးမြင့်ကြည်၏ အတ္ထုပ္ပတ္တိအရေးအသားကို လေ့လာတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသားများအား ဆရာကြီးဦးမြင့်ကြည်၏ အရေးအသားကို သိရှိစေရန် ဆရာကသင်ပါ။

❖ ဆရာကြီး၏ “ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်”အတ္ထုပ္ပတ္တိပါ အချက်အလက်များကို ထုတ်နုတ်ပါစေ။

❖ ဆရာကြီး၏ အရေးအသားမှာ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးသားထားသည့် ရေးဟန်ဖြစ်ကြောင်းသင်ပါ။

❖ ဆရာကြီး၏ စကားလုံးအသုံးအနှုန်း၊ ဝါကျ၊ စာအရေးအသားများကို သေချာစွာသင်ပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါစာပိုဒ်ကို အုပ်စုဖွဲ့၍ ဖတ်ပါစေ။

♦ လှိုင်ထိပ်ခေါင်တင်သည် သက်တော် ၂၀ အရွယ်တွင် အိမ်ရှေ့မိဖုရားဖြစ်လာရ၍ လောကီသုခအဝဝကို ခံစားနေရပေလိမ့်မည်ဟုထင်မှတ်ဖွယ်ရှိသော်လည်း ထိုသို့မဟုတ်ပါချေ။ မြောက်သားတော် ကနောင်မင်းသည် မျက်နှာများသူဖြစ်သဖြင့် လှိုင်ထိပ်ခေါင်တင်သည် အချစ်သုခကို မခံစားရရှာဘဲ ချစ်သောကမီး ဖိစီးနှိပ်စက်ခြင်းကိုသာ တရိရိနှင့်ခံခဲ့ရပေသည်။ ဤသို့ ဘဝ၏အခြေအနေ ဖန်တီးလာပုံကပင်လျှင် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များကို အရောင်အသွေးတောက်ပအောင် ဖန်တီးပေးသကဲ့သို့ ရှိနေသည်။ စာဆို၏ ဘဝပတ်ဝန်းကျင်က လှုံ့ဆော်ပေးသဖြင့် စာဆို၏အသည်းနှလုံးမှ တေးဂီတများ ပေါက်ဖွားခဲ့ရသည်။ ထိုတေးဂီတများက တစ်ဖန် စာဆို၏ဘဝကို ရောင်ပြန်ဟပ်၍ ကြေးမုံသဖွယ် ကိုယ်စားပြုလျက်ရှိသည်။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း အထက်ပါစာပိုဒ်မှ စကားအသုံးအနှုန်းကောင်းများကို ဖော်ထုတ်ပါစေ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**စာသင်ချိန် ၃**

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် စကားပြေကခံစားရသည့် ရသများကို ခံစားကြည့်ကြမည်ဖြစ်ကြောင်း မိတ်ဆက်ပါ။

❖ ဆရာက ရသကိုးပါးအကြောင်းကို ပြန်လည်ရှင်းပါ။

❖ မည်သို့ ခံစားရလျှင် မည်သည့်ရသမြောက်ကြောင်းသင်ပါ။

DBE BOX - Copyright Protected

❖ စကားပြေတွင်ပါရှိသော ရသမြောက်စာပိုဒ်အချို့ကိုဖတ်ပြ၍ မည်သည့်ရသမြောက်ကြောင်း နမူနာပြ ရှင်းလင်းသင်ကြားပါ။

❖ ဆရာက ရသမြောက်စာပိုဒ်များကိုဖတ်ပြ၍ မည်သို့ခံစားရကြောင်း မေးမြန်းပါ။ မည်သည့် ရသမြောက်သနည်းဟူသည့် မေးခွန်းကိုမေးပါ။

**သာဓက–**

"လှိုင်ထိပ်ခေါင်တင်၏ ချစ်ပန်းနွယ်ကလေးသည် ကနောင်မင်းသား၏ မေတ္တာမိုးရေဖြင့် ပြန်လည် လန်းဆန်းလာနိုင်ခဲ့ပေသည်။"

ဟူသည့် စာကြောင်းကို ဖတ်ပြပါ။ မည်သည့်အကြောင်းအရာကို ရေးသားထားသနည်း ဟူသည့် မေးခွန်းကိုမေးပါ။ မည်သို့ခံစားရကြောင်း မေးပါ။ ချစ်ခင်ခြင်း အမူအရာများကို ရေးသားထား သဖြင့် စိတ်ထဲ၌နှစ်သက်သာယာကြည်နူးမိသဖြင့် သိင်္ဂါရရသမြောက်ကြောင်းသင်ပါ။

❖ ကျန်ရသမြောက်စာပိုဒ်များကို ဆရာကဖတ်ပြ၍ မည်သည့်ရသများခံစားရကြောင်းကို တစ်ဦးချင်း ပြောဆိုပါစေ။

❖ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

## လုပ်ငန်းစဉ် ၂

## သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါစာပိုဒ်ကို အုပ်စုဖွဲ့ဖတ်ပါစေ။

- ထို့နောက်ကနောင်မင်းနှင့် ကတောက်ကဆတ်ဖြစ်ကာ ခွဲခွာနေခဲ့ပြီးနောက် မင်းတုန်းမင်းကြီးနှင့် မိဖုရားကြီးတို့၏ ပြန်လည်စေ့စပ်ပေးမှုကြောင့် လှိုင်ထိပ်ခေါင်တင်၏ ချစ်ပန်းနွယ်ကလေးသည် ကနောင်မင်းသား၏ မေတ္တာမိုးရေဖြင့် ပြန်လည်လန်းဆန်းလာနိုင်ခဲ့ပေသည်။ လောကဓံတရားသည် လှိုင်ထိပ်ခေါင်တင်အား မြှောက်ချည် နှိမ့်ချည်ဖြင့် ကလူလွန်းလှသည်။ ပြန်လည်ချစ်ကြင်နာစ မောင်နှံနှစ်ဦး ကြည်နူး၍ မဝနိုင်သေးမီ ကြေကွဲဖွယ်အဖြစ်နှင့် ကြုံရသည်။ သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် မြင်ကွန်းစား၊ မြင်းခုန်တိုင်စားတို့ပုန်ကန်သည့် အရေးတော်၌ အိမ်ရှေ့ကနောင်မင်းသားကျဆုံး ကံတော်ကုန်ခဲ့သဖြင့် လှိုင်ထိပ်ခေါင်တင်သည် မုဆိုးမဖြစ်ကာ သားတော်ထန်းတပင်မင်းသားနှင့် ကျန်ရစ်ခဲ့ရှာသည်။

❖ အထက်ပါစာပိုဒ်ကို ခံစားကြည့်ပါစေ။



DREBOX - Copyright Protected

❖ မည်သို့ခံစားရကြောင်းကို စာတစ်ပုဒ်အနေဖြင့် ရေးသားပါစေ။

❖ အမှား၊ အမှန်ကို ဆရာကစစ်ဆေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်အတ္ထုပ္ပတ္တိစကားပြေက ရရှိတဲ့ အသိအမြင်တွေကိုပြောပါ။

(၂) ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်အတ္ထုပ္ပတ္တိစကားပြေကိုဖတ်ပြီး ဘယ်လိုခံစားချက်တွေကို ခံစားရသလဲ။

(၃) ဘယ်လိုအလင်္ကာတွေကို တွေ့ရသလဲ။

(၄) ဘယ်လိုရသကို ခံစားရသလဲ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**စာအညွှန်း**

၁။ စိမ့်(ပညာရေး)။ (၁၉၉၉)။ ကနောင်မင်းသားနှင့်လှိုင်ထိပ်ခေါင်တင်။ ရန်ကုန်၊ ဝင်းမြင့်အောင်စာပေ။

၂။ သုတ၊ **မောင်**။( ၂၀၀၂)။ စာဆိုတော်များအတ္ထုပ္ပတ္တိ (ပဉ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

DBE BOX -Copyright Protected

# အိုးစည်သံ

**သင်ခန်းစာခေါင်းစဉ်** – **အိုးစည်သံ**

**ရည်ရွယ်ချက်** – **ကျေးရွာများတွင်ပျော်ပွဲရွှင်ပွဲကျင်းပသည့်အခါ အိုးစည်သည် မပါမဖြစ် ပါရသော မြန်မာတူရိယာဖြစ်ကြောင်း သိရှိရန် နှင့် မင်းသုဝဏ်၏အရေးအသားကိုသိရှိစေရန်**

**သင်ယူမှုရလဒ်** – **ကျေးရွာများတွင်ပျော်ပွဲရွှင်ပွဲကျင်းပသည့်အခါ အိုးစည်သည် မပါမဖြစ်ပါရသော မြန်မာတူရိယာဖြစ်ပြီး အိုးစည်သံသည် ကြားရသူ၏စိတ်နှလုံးကို ပျော်ရွှင်စေသော သဘောသဘာဝ ရှိကြောင်းကို သိရှိလာမည်။**

**သင်ကြားနည်း** – **ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ မြှုပ်ယူဆင်ခြင်နည်း၊ အမေးအဖြေနည်း**

**သင်ထောက်ကူပစ္စည်း** – **အိုးစည်ရုပ်ပုံကားချပ်၊ အိုးစည်ပစ္စည်းစစ်၊ အိုးစည်သံ ကြားရသည့် “လ”များ၏ပွဲတော်ရုပ်ပုံကားချပ်များ**

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်**

**စာသင်ချိန်** – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်**

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်တွင် မင်းသုဝဏ်၏“အိုးစည်သံ”ရသစာတမ်းကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ ဆရာကြီးမင်းသုဝဏ်၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- ❖ ဆရာကြီးမင်းသုဝဏ်၏ မြန်မာ့ယဉ်ကျေးမှုဆောင်းပါးအချို့ကို မိတ်ဆက်ပါ။
- ❖ အိုးစည်ကို မြန်မာတို့သည် မည်သို့သောနေရာများတွင် အသုံးပြုသောတူရိယာဖြစ်သည်ကို သိပါသလားဟူသည့်မေးခွန်းကို ဆရာက ကျောင်းသားများကိုမေးပါ။
- ❖ အိုးစည်သံရသစာတမ်းကို အုပ်စုလိုက်ဖတ်ပါစေ။

DBEBOX - Copyright Protected

## လုပ်ငန်းစဉ် ၂

## ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

❖ အိုးစည်သံရသစာတမ်းပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် အိုးစည်သည် မြန်မာ့ကျေးရွာများတွင် အရေးပါသော တူရိယာပစ္စည်းဖြစ်ကြောင်းနှင့် အိုးစည်ဝိုင်း၏တူရိယာပစ္စည်းများကို ထင်ရှားပေါ်လွင်အောင် ရုပ်ပုံကားချပ်များ၊ ပစ္စည်းစစ်များ၏ အကူအညီဖြင့် ရှင်းပါ။

❖ အိုးစည်ဝိုင်းကိုချစ်ခင်နှစ်သက်လာစေရန် မြန်မာ့ယဉ်ကျေးမှုဓလေ့ကို ချစ်မြတ်နိုးတတ်လာစေရန်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပေးပြီး အိုးစည်သံကြားရသည့်မြန်မာ 'လ' အမည်များနှင့် ပွဲတော်အမည်များကို ထုတ်နုတ်ပါစေ။

❖ ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ ပွဲတော်များအကြောင်းကို တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

(၁) အိုးစည်သံကိုကြားရတဲ့အခါ သင့်စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ။

(၂) မြန်မာ့ကျေးရွာများရဲ့ ပျော်ပွဲရွှင်ပွဲတွေမှာ အိုးစည်ကို ဘာကြောင့်အသုံးပြုရတယ်လို့ သင်ထင်သလဲ။

## လေ့ကျင့်ရန်မေးခွန်းများ

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX Copyright Protected

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁
### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ ယခုစာသင်ချိန်တွင် ဆရာက ကျောင်းသားများကို မင်းသုဝဏ်၏ ရသစာတမ်း အရေးအသား လေ့လာတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာကကျောင်းသားများကို မင်းသုဝဏ်၏ ရသစာတမ်းအရေးအသားကိုသိရှိစေရန် လေ့လာရမည့်နည်းကိုသင်ပါ။

❖ စကားလုံးအသုံးအနှုန်း၊ ဝါကျအထားအသို၊ စာအရေးအသား၊ အလင်္ကာအသုံးကောင်းများကို မည်သို့ အသုံးပြုထားကြောင်းသေချာစွာသင်ပါ။

❖ ထူးခြားသည့်စကားအသုံးအနှုန်းများကို ကျောင်းသားများအား ထုတ်နုတ်မှတ်သားပါစေ။

❖ ဝါကျအသုံးများကို ဆရာက ပထမဦးစွာ လေ့လာပါ။

**သာဓက–**

♦ ကျန်းမာခဲ့ကြသည်။ (ဝါကျတို)

♦ ၎င်းရဲဘော်တစ်စုတို့သည် သီတင်းကျွတ်လပြည့်နေ့၌ ပဒေသာပင်များတွင် ရံ၍ဘုန်းကြီး ကန်တော့သွားကြသည်။ (ဝါကျရှည်)

♦ ရွာ့ထိပ်မှလည်း ပေါ်ထွက်လာ၏။ (ပုံစံတူဝါကျ)
ရွာ့တောင်မှလည်း ပေါ်ထွက်လာ၏။
ရွာ့မြောက်မှလည်း ပေါ်ထွက်လာ၏။

❖ ပုံစံတူဝါကျ၏သဘောကို ကျောင်းသားများနားလည်အောင် သေချာစွာရှင်းပါ။ အထက်ပါ ဝါကျများ၏ပုံစံမှာ တူညီနေသဖြင့် ပုံစံတူဝါကျဟုခေါ်ကြောင်းသင်ပါ။

### လုပ်ငန်းစဉ် ၂

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါစာပိုဒ်ကို အုပ်စုဖွဲ့၍ဖတ်ပါစေ။

DBE BOX - Copyright Protected

◆ တပေါင်းလတွင် ခဏအနားယူကြပြန်၏။ အားမွေးကြပြန်၏။ တန်ခူးလ သင်္ကြန်တွင်းသို့ ရောက်သောအခါ တစုတဝေးကြီး ထွက်လာကြပြန်၏။ ထိုအချိန်ကား နွေခေါင်ခေါင်တည်း။ ရေလည်းပူ၏။ လေလည်းပူ၏။ သစ်ပင်တို့သည်လည်း ကျိုးတိကျိုးတဲနှင့် ခပ်မွဲမွဲပင်ရှိကြ၏။ ရွာလမ်းတို့သည် ဖုန်တထောင်းထောင်းနှင့် ဖြစ်လေသည်။ အထက်ပူ၊ အောက်ပူ၊ ရှေ့ပူ၊ နောက်ပူ၊ ဝဲယာနှစ်ဖက်လည်းပူသော တန်ခူးလအပူထဲတွင် အိုးစည်အသံ စီညံညံသည် ရွာရိုးတွင် မြည်ဟိန်းပြန်၏။ သင်္ကြန်ထမင်းကျွေးသော အိမ်ရှေ့ဆီကလည်း မြည်၏။ လူမျောက်ပွဲဆီကလည်း မြည်၏။ ဘေးမဲ့နွားကြီးအတွက် အလှူခံသည့်ဆီကလည်း မြည်၏။

❖ ကျောင်းသားများကို အုပ်စုငယ်များဖွဲ့ပါ။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း အထက်ပါစာပိုဒ်၏ စကားအသုံးအနှုန်း၊ ဝါကျ၊ စာအရေးအသားများကို ဖော်ထုတ်ပါစေ။

## စာသင်ချိန် ၃

### လုပ်ငန်းစဉ် ၁
### သင်ကြားခြင်း

❖ ယခုစာသင်ချိန်တွင် စကားပြေဥ္စပါသောအလင်္ကာနှင့် ရသများကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက အလင်္ကာနှင့် ရသသဘောကို အကျဉ်းမျှ ပြန်လည်ရှင်းလင်းသင်ကြားပါ။

❖ ကျောင်းသားများကို အုပ်စုဖွဲ့ပေးပြီး ဖတ်စာထဲမှအလင်္ကာများကို အုပ်စုတွင်း အချင်းချင်းတိုင်ပင်၍ရှာပါစေ။

❖ အဖြေကို ဆရာက စစ်ဆေးပါ။

❖ လိုအပ်လျှင် ဆရာကထပ်မံသင်ကြားပါ။



DBE BOX - Copyright Protected

## လုပ်ငန်းစဉ် ၂

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါစာပိုဒ်ကို အုပ်စုဖွဲ့၍ဖတ်ပါစေ။

♦ ရွာ့ထိပ်မှလည်း ပေါ်ထွက်လာ၏။ ရွာ့တောင်မှလည်း ပေါ်ထွက်လာ၏။ ရွာ့မြောက်မှလည်း ပေါ်ထွက်လာ၏။ ရွာကလေးတွင် အိုးစည်သံသည် မိုးမွှန်လေပြီ။ ညဦးလရောင်အောက်တွင် ရွာကလေးကို ထုတ်ချင်းခပ် မြည်ဟိန်းသွားသော မုန့်ဆန်းထောင်းလက်ဆုံသည် အိုးစည်သံနှင့် သမီးမောင်နှံပမာ ဘုရားသွားကျောင်းတက် အတူထွက်ပေါ်လာလေသည်။ အိုးစည်ကြီးတို့သည် ပလွေနှင့် လင်းကွင်း၊ လက်ခုပ်နှင့်မောင်းတို့ကိုလည်းအဖော်ခေါ်ခဲ့ကြသေး၏။ ၎င်းရဲဘော်တစ်စုတို့သည် သီတင်းကျွတ်လပြည့်နေ့၌ ပဒေသာပင်များတွင်ရံ၍ ဘုန်းကြီးကန်တော့သွားကြသည်။ သံချပ်တွေ တမြိုင်မြိုင်နှင့် အလွန်ပျော်ပါးကြလေသည်။

❖ ကျောင်းသားများကို အထက်ပါစာပိုဒ်အား မည်သို့ခံစားရသနည်းဟူသည့် မေးခွန်းကို မေးပါ။

❖ ကျောင်းသားများက မိမိတို့၏ခံစားချက်ကိုပြောပြသည့်အခါ ထိုခံစားချက်များသည် မည်သည့်ရသမြောက်သနည်းဟူသည့် မေးခွန်းမေးပါ။

❖ အဖြေမှန်ကို ဖြေနိုင်ပြီဆိုလျှင် ရသစာတမ်းတစ်ပုဒ်လုံးကို အပိုင်းလိုက်ဖတ်စေ၍ မည်သို့ခံစားရကြောင်း၊ မည်သည့်ရသမြောက်ကြောင်းကို မေးခွန်းမေးနည်းပုံစံဖြင့် ဖော်ထုတ်ပါ။

DBE BOX - Copyright Protected

### စစ်ဆေးအကဲဖြတ်ခြင်း

(၁) အိုးစည်သံ ရသစာတမ်းက ရရှိတဲ့ အသိအမြင်တွေကိုပြောပြပါ။

(၂) အိုးစည်သံရသစာတမ်းကိုဖတ်ပြီး သင့်ရဲ့စိတ်မှာ ဘယ်လိုခံစားချက်တွေကို ခံစားရသလဲ။

(၃) ဘယ်လိုအလင်္ကာတွေကို တွေ့ရသလဲ။

(၄) ဘယ်လိုရသကို ခံစားရသလဲ။

### လေ့ကျင့်ရန်မေးခွန်းများ

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄)၊ (၅) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

### စာအညွှန်း

၁။ မင်းလဲ့ရီ၊ **ဒေါက်တာ**။ (၂၀၀၇ )။ ကျေးလက်အလှသုခမ။ ရန်ကုန်၊ နိုင်ငံ့ဂုဏ်ရည်ပုံနှိပ်တိုက်။

၂။ မင်းသုဝဏ်။ (၂၀၀၉)။ ရေချမ်းစင်။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

# လူ့မနော

**သင်ခန်းစာခေါင်းစဉ်** – လူ့မနော

**ရည်ရွယ်ချက်** – လူ့အလို နတ်မလိုက်နိုင်ဟူသောစကားအတိုင်း လူတို့၏ စိတ်သဘောကို သိရှိစေရန်နှင့် သော်တာဆွေ၏ အရေးအသားကို သိရှိစေရန်

**သင်ယူမှုရလဒ်** – လူတို့၏ စိတ်သဘောကို သိရှိလာမည်။

**သင်ကြားနည်း** – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ ခြုံငုံယူဆင်ခြင်နည်း၊ အမေးအဖြေနည်း၊ သရုပ်ဆောင်သင်ကြားနည်း

**သင်ထောက်ကူပစ္စည်း** – တောရွာရုပ်ပုံကားချပ်၊ ဒန့်သလွန်သီးပုံ၊ စကားလုံးကတ်ပြားများ

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်

**စာသင်ချိန်** – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် သော်တာဆွေ၏လူ့မနောဝတ္ထုတိုကို သိရှိစေရန်သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- သော်တာဆွေ၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။
- သော်တာဆွေ၏ "ဤလောကမြေမဟီဝယ် "စာအုပ်မှ ဝတ္ထုတိုများအကြောင်းကို အကျဉ်းမျှမိတ်ဆက်ပါ။
- လူ့မနော၏ အနက်အဓိပ္ပာယ်ကို ကျောင်းသားများမည်သို့ နားလည်ထားသည်ကို သိရှိရန်အတွက် ဆရာက ကျောင်းသားများကိုမေးပါ။
- "လူ့မနော"ဆိုသည်မှာ လူတို့၏စိတ်တွင်ဖြစ်လေ့ဖြစ်ထရှိသော သဘောသဘာဝကိုဆိုလိုကြောင်း၊ လူ့မနောဝတ္ထုတွင် လူတို့၏စိတ်အကြောင်းကို ရေးဖွဲ့ထားကြောင်းပြောပါ။

DRFBOX - Copyright Protected

❖ ဝတ္ထုတွင်ပါရှိသော ဇာတ်ဆောင်အရေအတွက်အတိုင်း အုပ်စုဖွဲ့ပါ။ ထိုဖွဲ့ပေးထားသော အုပ်စုကို ဇာတ်ဆောင်များ၏ အပြန်အလှန်စကားပြောဟန်ဖြင့် သရုပ်ဆောင်ဖတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ဆရာက လူမနော၀တ္ထုတို၏ ဇာတ်လမ်းကို သရုပ်ဖော်ရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် လူမနော၀တ္ထုမှ ဇာတ်ဆောင်တို့၏ စရိုက်၊ လူ့သဘောလူ့သဘာဝများကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ စရိုက်ဆိုသည်မှာ ဇာတ်ဆောင်တစ်ယောက်၏ အမူအကျင့်၊ စိတ်ထားဟု ယေဘုယျဆိုနိုင်ကြောင်းရှင်းပါ။

❖ လူမနော၀တ္ထုတိုမှ ဇာတ်ဆောင်များတွင် မရောင့်ရဲနိုင်သော၊ အားမနာတတ်သော၊ သူတစ်ပါးပစ္စည်းကိုအလကားယူလိုသော စသည့် လူ့စရိုက်များကိုတွေ့ရကြောင်းရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။

❖ လူမနော၀တ္ထုတိုမှဇာတ်ဆောင်များကို ထုတ်နုတ်ပါစေ။ ၎င်းတို့၏စရိုက်များကို မိမိမြင်သည့်အမြင်အတိုင်း ရေးပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက် ထုတ်နုတ်ထားသည့် ဇာတ်ဆောင်စရိုက်များကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဝတ္ထုထဲကဇာတ်ဆောင်တွေရဲ့စရိုက်ဟာ ဘယ်လိုစရိုက်တွေလဲ့ သင်ထင်သလဲ။

(၂) ဝတ္ထုကိုဖတ်ပြီး သင် ဘယ်လိုသင်ခန်းစာတွေရရှိသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂)၊ (၅) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း

❖ ယခုစာသင်ချိန်တွင် ဆရာက ကျောင်းသားများကို သော်တာဆွေ၏ ဝတ္ထုတိုရေးသားရသည့် ရည်ရွယ်ချက်နှင့် ဝတ္ထုမှရရှိသည့် အသိအမြင်၊ သင်ခန်းစာများကို လေ့လာကြမည်ဖြစ်ကြောင်း နိဒါန်းစကားပြောပါ။

❖ ပထမဦးစွာဆရာက ရည်ရွယ်ချက်ဟူသည့် ဝေါဟာရ၏အဓိပ္ပာယ်ကို ကျောင်းသားများ အလွယ်တကူ သဘောပေါက်စေရန် သာဓကများနှင့်တကွရှင်းပါ။

❖ ရည်ရွယ်ချက်ဟူသည်မှာ ဝတ္ထုတွင် စာရေးဆရာက စာဖတ်ပရိသတ်ကို အဓိက ပြောပြချင်သည့်အချက်၊ အကြောင်းအရာကို ဆိုလိုကြောင်းရှင်းပါ။

❖ လူ့မနော၀တ္ထုတိုတွင် စာရေးသူအဓိကပြောချင်သည့်အချက်၊ အကြောင်းအရာကို ရှာကြည့်ကြမည်ဟုပြော၍ ဝတ္ထုတိုကို အသံတိတ်ဖတ်ပါစေ။

❖ ထို့နောက် ဆွေးနွေးမေးမြန်းသောနည်းဖြင့် စာရေးဆရာ၏ရည်ရွယ်ချက်ကိုရှာပါ။

❖ ဆွေးနွေးရာတွင် ဆရာက ဦးဆောင်ဆွေးနွေးပါ။

❖ ကျောင်းသားများအဖြေရအောင် လမ်းညွှန်ပါ။

❖ အဖြေမှန်မရလျှင် ဆရာက ဇာတ်လမ်းကိုလည်းကောင်း၊ ဇာတ်ဆောင်စရိုက်များကိုလည်းကောင်း ပြောပြ၍ ကူညီပါ။

### လေ့ကျင့်ရန်မေးခွန်း

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

### လုပ်ငန်းစဉ် ၂

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ လူ့မနော၀တ္ထုတိုမှ စာရေးဆရာအသိပေးလိုသည့် သင်ခန်းစာများကို ရှာဖွေကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ သင်ခန်းစာဟူသည်မှာ မိမိအတွက် ဆောင်သင့်သည့်အချက်များနှင့် ရှောင်ကြဉ်သင့်သည့်အချက်များကိုဆိုလိုကြောင်းသင်ပါ။

DBE BOX - Copyright Protected

❖ လူမနေသောဝတ္ထုမှရသည့် သင်ခန်းစာများကို မိမိစိတ်ထဲရှိသည့်အတိုင်းရေးကြည့်ရန်ပြောပါ။

❖ အားနည်းသည့်ကျောင်းသားကို ဆရာက ကူညီပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ဝတ္ထုတိုမှ ခံစားရသည့်ရသများကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်း ပြောပါ။

❖ ကျောင်းသားများအား ဝတ္ထုကိုအသံတိတ်ဖတ်စေပြီး မိမိ၏ခံစားချက်များကို ရေးမှတ်ပါစေ။

❖ မည်သည့်အကြောင်းအရာကြောင့် ဤသို့ခံစားရကြောင်းကိုလည်း ရေးမှတ်ပါစေ။

❖ ထိုခံစားချက်များကို ရသအမည်တပ်ပါစေ။

❖ လိုအပ်လျှင်ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

❖ ကျောင်းသားများဖြေနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။

❖ လိုအပ်ချက်ရှိသူများကို ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် ကူညီအဖြေရှာပါ။

**စာအညွှန်း**

၁။ မိုးမြေ၊ မ။ (၂၀၁၇) ။ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ။ ရန်ကုန်၊ စိုးမိုးလွင်စာပေ။

၂။ အောင်ခန့်။ (၁၉၆၅)။ လူ့သဘောလူ့သဘာဝ။ ရန်ကုန်၊ အလိမ္မာစာပေ။

DBE BOX - Copyright Protected

# အခန်း – ၂။ မြန်မာကဗျာရွေးချယ်ချက်

## သီကုံးပန်းသွင် နေ့တိုင်းဆင်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – သီကုံးပန်းသွင် နေ့တိုင်းဆင် |
| ရည်ရွယ်ချက် | – စာသင်သားတို့ ကြိုးစားအားထုတ်မှုထက်သန်စေရန်နှင့် စာပေလေ့လာ ဆည်းပူးရာတွင် လိုက်နာသင့်သည့် နည်းလမ်းများကို သိရှိစေရန်၊ ရတု ကဗျာကို အသံနေ အသံထား မှန်မှန်ရွတ်ဆိုတတ်စေရန် |
| သင်ယူမှုရလဒ် | – စာပေလေ့လာဆည်းပူးရာတွင် စနစ်တကျလေ့လာတတ်လာမည်။ ရတုကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုတတ်လာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | – ကဗျာစာသားများကို ရေးမှတ်ထားသည့်စာကတ်ပြားများ၊ ဥပမာအလင်္ကာများကို ရေးမှတ်ထားသည့်စာကတ်ပြားများ၊ အလင်္ကာ ၅ မျိုးကိုရေးမှတ်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် သီကုံးပန်းသွင်နေ့တိုင်းဆင်ကဗျာကိုသိရှိစေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်းနိဒါန်းပျိုးပါ။

❖ "ရှင်မဟာရဋ္ဌသာရရေးခဲ့တဲ့ ကဗျာတွေအနက် ဘယ်ကဗျာတွေကို ကြားဖူးသလဲ" ဟူသည့် မေးခွန်းကို ဆရာက ကျောင်းသားများအားမေးပါ။

DBEBOX - Copyright Protected

❖ ကျောင်းသားများ ကဗျာအမည်ကိုပြောလာလျှင် ထိုကဗျာကို ရွတ်ဆိုပါစေ။ လိုအပ်သည့်နေရာတွင် ဆရာက ဖြည့်စွက်ပါ။

❖ "ရှင်မဟာရဋ္ဌသာရဟာ ဘယ်ခေတ်ကစာဆိုလဲ၊ ဆရာတော်ရဲ့အတ္ထုပ္ပတ္တိကို သိပါသလား"ဟူသည့် မေးခွန်းများကို ဆရာက ကျောင်းသားများအားမေးပါ။

❖ ကျောင်းသားများ၏အဖြေကို ဆရာက သင်ပုန်းပေါ်တွင် ရေးမှတ်ပါ။

❖ ထို့နောက် ဆရာက ရှင်မဟာရဋ္ဌသာရ၏အတ္ထုပ္ပတ္တိကိုရှင်းပါ။

❖ ယခုစာသင်ချိန်တွင် ရှင်မဟာရဋ္ဌသာရ၏ သီကုံးပန်းသွင်နေ့တိုင်းဆင် ဧကပိုဒ်ရတုအကြောင်းကို ရှင်းပြသင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက ဧကပိုဒ်ရတုအကြောင်းရှင်းပါ။

❖ ဆရာက ကဗျာခေါင်းစဉ်၏အဓိပ္ပာယ်ကို ရှင်းပါ။

❖ ဆရာက ကဗျာကိုအစအဆုံး အသံနေအသံထားမှန်မှန်ရွတ်ဆိုပါ။

❖ ဆရာက ရှေ့မှကဗျာကိုရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှလိုက်ပြီး ရွတ်ဆိုပါစေ။

❖ ကျောင်းသားများကို အုပ်စု ၄ စုဖွဲ့ပေးပါ။ အုပ်စု ၁ စုကို ကဗျာ ၁ ပိုဒ်စီရွတ်ဆိုပါစေ။

❖ ကဗျာ၏အပေါ်ဆုံးအပိုင်းကို ဆရာက ဦးစွာရွတ်ဆိုပြပါ။ ထို့နောက် ကျောင်းသားများကို အဖွဲ့လိုက် ၁ ပိုင်းစီ ရွတ်ဆိုပါစေ။

DBEBOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဆရာက စာကတ်များ၏အကူအညီဖြင့် ကဗျာ၏ဆိုလိုရင်းကိုမေးပါ။

❖ ကျောင်းသားများကို ခက်ဆစ်အကူအညီဖြင့် ဖြေဆိုပါစေ။

❖ ကဗျာ၏အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာ၌ စာပေလေ့လာဆည်းပူးရာတွင် လိုက်နာရမည့်အချက် ၈ ချက်ကို ပေါ်လွင်အောင်ရှင်းပါ။

❖ ကဗျာ၌ပါရှိသော ကြိုးစားအားထုတ်မှု ထက်သန်ပါက အကျိုးရှိမည့်အချက်များ၊ ကြိုးစားအားထုတ်မှုလျော့နည်းပါက အကျိုးယုတ်မည့်အချက်များကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။

❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ကဗျာ၌ပါရှိသောလိုက်နာရမည့်အချက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို အခြားအုပ်စုတစ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက် ထုတ်နုတ်ထားသည့် လိုက်နာရမည့်အချက်များကို ဆရာက အမှားအမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ ကျောင်းသားများ နားလည်သဘောပေါက်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ရှင်မဟာရဋ္ဌသာရရဲ့ ကြိုးစားအားထုတ်ဖို့တိုက်တွန်းမှုတွေကိုလိုက်နာရင် ဘယ်လို အကျိုးကျေးဇူးတွေရှိမယ်လို့ သင်ထင်မြင်ပါသလဲ။ ဘာကြောင့်လဲ။

(၂) ရှင်မဟာရဋ္ဌသာရရဲ့ ကြိုးစားအားထုတ်ဖို့ တိုက်တွန်းမှုတွေကို မလိုက်နာရင် ဘယ်လိုဆိုးကျိုးတွေဖြစ်ပေါ်မယ်လို့ သင်ထင်မြင်ပါသလဲ။ ဘာကြောင့်လဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် သီကုံးပန်းသွင်နေ့တိုင်းဆင်ကဗျာ၏ စကားလုံးအသုံးအနှုန်းကောင်းများကို လေ့လာတတ်ရန် သင်ကြားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက ရှင်မဟာရဋ္ဌသာရ၏အသုံးအနှုန်းကောင်းများကို လေ့လာရမည့် ပုံစံနမူနာပြပြီး သင်ပါ။

❖ ကဗျာတစ်ကြောင်းကို ပထမဦးစွာ ဖတ်ပါစေ။

❖ ထိုစာကြောင်းမှ အသုံးထူးသောစကားလုံးများကို ဆရာက ရွေးထုတ်ပြပါ။

❖ ထိုစကားလုံးများ၏အနက်ကို ကျောင်းသားများအား ခက်ဆစ်တွင် ရှာပါစေ။

❖ ထိုစကားလုံးများကို စာဆိုက ကဗျာတွင် မည်သို့သုံးနှုန်းထားကြောင်း ဆရာကရှင်းပါ။

DBE BOX - Copyright Protected

❖ ကျန်စကားလုံးများကို ထိုသို့လေ့လာကြည့်ကြမည်ဖြစ်ကြောင်းပြောကြား၍ ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။

❖ ဆရာက အသင့်ရေးမှတ်ထားသည့် စာကတ်များကို ဝေငှပါ။

❖ အုပ်စုတိုင်း မိမိတို့ရရှိသည့် စာကတ်ပြားများ၌ပါသည့် ကဗျာစာသားများမှ စကားအသုံးအနှုန်းများ၏အဓိပ္ပာယ်ကို အုပ်စုတွင်းအချင်းချင်း ဆွေးနွေးအဖြေရှာသောနည်းဖြင့် ရှာကြပါစေ။

❖ အဖြေကို အုပ်စုကိုယ်စားလှယ်များက တင်ပြပါစေ။

❖ ဆရာက လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်ပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျစ်ကျစ်လျစ်လျစ်သုံးထားသည့် " သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ မာ" ဟူသည့် အက္ခရာရှစ်လုံး၏ အဓိပ္ပာယ်ကို ဆရာက သေသေချာချာရှင်းပြပါ။

❖ အတိုကောက် စကားလုံးများ၏ စကားလုံးအပြည့်အစုံကို ဦးစွာရှင်းပြပါ။ (သာဓက "သု " သည် သုဏေယျ ဖြစ်ကြောင်း)

❖ ထို့နောက် ထိုစကားလုံး၏အဓိပ္ပာယ်ကို ကျောင်းသားများအား ခက်ဆစ်တွင် ကြည့်ပါစေ။

❖ ထိုအဓိပ္ပာယ်ကို ဆရာက အကျယ်တဝင့်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄)၊ (၅) ကို ဖြေပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

❖ လိုအပ်တဲ့နေရာကို ဆရာကဖြည့်စွက်လမ်းညွှန်ပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားများအား အလင်္ကာ ၅ မျိုး၏ အမည်များကို မေး၍အလွတ်ဖြေကြပါစေ။

❖ ယခုစာသင်ချိန်တွင် ဥပမာအလင်္ကာအကြောင်း သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

- ❖ မိမိဆိုလိုချင်သည့်အကြောင်းအချက်ကို ပို၍ပေါ်လွင်အောင် သဘောတရားတူသည့်အချက်တို့နှင့် ခိုင်းနှိုင်းထားလျှင် ဥပမာအလင်္ကာဖြစ်ကြောင်း ရှင်းပါ။
- ❖ အသင့်ပြုလုပ်ထားသည့် ကတ်ပြားများ၏အကူအညီဖြင့် ဥပမာအလင်္ကာအကြောင်းကို ရှင်းပါ။
- ❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။ အသင့်ပြုလုပ်ထားသည့် အလင်္ကာ ၅ မျိုးစလုံးပါသည့် စာကတ်များကို တစ်ဖွဲ့လျှင် တစ်ကတ်စီဝေပါ။
- ❖ အုပ်စုတွင်း အချင်းချင်း အပြန်အလှန် ဆွေးနွေးအဖြေရှာသောနည်းဖြင့် ဥပမာအလင်္ကာများကို ရွေးထုတ်ပါစေ။
- ❖ အဖြေကို အုပ်စုအချင်းချင်း အပြန်အလှန် အကဲဖြတ်ပါစေ။
- ❖ ထို့နောက် ဆရာက ကဗျာတွင်ပါရှိသောအလင်္ကာနှင့် ရသများကိုရှင်းပါ။
- ❖ ကဗျာကိုဖတ်ပြီး မည်သို့သောခံစားချက်များခံစားရကြောင်းကို အုပ်စုတွင်းအချင်းချင်း ပြောဆိုဆွေးနွေးပါစေ။
- ❖ ကျောင်းသားများကိုအုပ်စုဖွဲ့ပြီး ကဗျာထဲမှအလင်္ကာများကို အုပ်စုတွင်းအချင်းချင်းတိုင်ပင်၍ရှာပါစေ။
    - ♦ အုပ်စုတစ်စု၏အဖြေကို အုပ်စုတစ်စုက အကဲဖြတ်ပါစေ။
    - ♦ လိုအပ်လျှင် ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

- ❖ ဥပမာအလင်္ကာ၏သဘောကို သိပြီဆိုလျှင် ကဗျာ၌ပါသောအလင်္ကာများကို ဖော်ထုတ်ကြမည်ဖြစ်ကြောင်းပြောပါ။
- ❖ အောက်ပါကဗျာစာပိုဒ်ကို ဖတ်ပါစေ။

အရဲကြိုးကုတ်၊ ကြက်ရဲစုတ်သို့ အားထုတ်ခုံမင်၊ မသင်မအံ မကြံမမေး၊ ဆွေးနွေးရောနှော ပြောဟောမဲ့ထွေ၊ ပေချပ်ရေဖြင့် ကုန်စေဆန်းသာ၊ သင်ချေပါလည်း ဘယ်မှာဂုဏ်ရှင်၊ ကျော်စောထင်ချိမ့်။ စာသင်ဟူက၊ ကျမ်းထိုမျှကို တွေ့ကမရှောင် ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့ လွှသွားပမာ၊ ကျောက်ထက်စာသို့ လိုရာရအောင်၊ ကြံဆောင်လေ့ကျက် အနက်ဓိပ္ပာယ်၊ နှုတ်ဝယ်ရွရွ ထားချေမှတည့်။



DREBOX Copyright Protected

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း ဥပမာအလင်္ကာများကို ဖော်ထုတ်ပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဥပမာအလင်္ကာဆိုတာ ဘာလဲ။

(၂) ဥပမာအလင်္ကာတွေကိုရွေးထုတ်ပြပါ။

(၃) ဥပမာအလင်္ကာတွေက ကဗျာအကြောင်းအရာ ပေါ်လွင်စေပါသလား။ အကြောင်းပြ ဖြေပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

**စာအညွှန်း**

၁။ ကျေးဇူး၊ **မောင်**။ ( ၁၉၉၄) ။ မြန်မာ့ရိုးရာ ပညာရေးလမ်းညွှန် ။ ရန်ကုန်၊ သုခနဒီစာပေ။

DBE BOX - Copyright Protected

## နှမထွေး မယ့်ကိုလိုလျှင်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – နှမထွေး မယ့်ကိုလိုလျှင် |
| ရည်ရွယ်ချက် | – ညောင်ရမ်းခေတ်မိန်းမပျိုလေးများ၏ ကိုယ်ကျင့်သိက္ခာနှင့် စာဆို၏ စကားပရိယာယ်ကြွယ်ဝပုံကို သိရှိစေရန်၊ အိုင်ချင်းကဗျာကို အသံနေအသံထားမှန်မှန်ရွတ်ဆိုတတ်စေရန် |
| သင်ယူမှုရလဒ် | – ညောင်ရမ်းခေတ်မိန်းမပျိုလေးများ၏ ကိုယ်ကျင့်သိက္ခာနှင့် စာဆို၏ စကားပရိယာယ်ကြွယ်ဝပုံကို သိရှိလာမည်။ အိုင်ချင်းကဗျာကို အသံနေအသံထားမှန်မှန်ရွတ်ဆိုတတ်လာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | – ကဗျာစာသားအချို့ကို ထုတ်နုတ်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် နှမထွေး မယ့်ကိုလိုလျှင်ကဗျာကိုသိရှိစေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "တောင်တွင်းရှင်ငြိမ်းမယ်ရေးခဲ့တဲ့ ကဗျာတွေကိုကြားဖူးကြပါသလား"ဟူသည့် မေးခွန်းကို ဆရာက ကျောင်းသားများကိုမေးပါ။

❖ မကြားဖူးလျှင် ဆရာက အိုင်ချင်းအချို့ကို ရွတ်ဆိုပြ၍ မိတ်ဆက်ပါ။

DBE BOX - Copyright Protected

- ❖ အိုင်ချင်းများသည် ညောင်ရမ်းခေတ်တွင် ထွန်းကားလာသည့် ကဗျာအမျိုးအစားဖြစ်ကြောင်းကို ရှင်းပါ။
- ❖ ရာပြည့်အိုင်ချင်းအကြောင်း ရှင်းပါ။
- ❖ တောင်တွင်းရှင်ငြိမ်းမယ်၏ အတ္ထုပ္ပတ္တိကိုမိတ်ဆက်ပါ။
- ❖ ဆရာက အိုင်ချင်းကဗျာကို အသံနေအသံထားမှန်မှန်ဖြင့်ရွတ်ဆိုပြပါ။
- ❖ ကျောင်းသားများကို ဆရာ့နောက်မှလိုက်၍ ရွတ်ဆိုပါစေ။
- ❖ ယောကျ်ားလေးအုပ်စုနှင့် မိန်းကလေးအုပ်စုဟူ၍ အုပ်စု ၂ စု ဖွဲ့ပေးပါ။ ထိုဖွဲ့ပေးထားသော အုပ်စုအလိုက် ကဗျာကိုအလှည့်ကျရွတ်ဆိုပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

- ❖ ဆရာက နှမထွေး မယ့်ကိုလိုလျှင်ကဗျာပါ အကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။ ထိုသို့ ရှင်းပြရာတွင် စာဆို၏ စကားပရိယာယ်ကြွယ်ဝသည့်အချက်ကို ထည့်သွင်းရှင်းပါ။
- ❖ ထို့နောက် ကျောင်းသားများကို အုပ်စုနှစ်စု ဖွဲ့ပါ။
- ❖ အုပ်စုတွင်းအချင်းချင်း ဆွေးနွေးစေ၍ ကဗျာ၌ပါရှိသော စာဆို၏ စကားပရိယာယ်များကို ထုတ်နုတ်ပါစေ။
- ❖ အုပ်စုတစ်စုချင်းစီ၏ အဖြေကို အုပ်စုကိုယ်စားလှယ်နှစ်ယောက်အား သင်ပုန်းပေါ်တွင် ရေးပါစေ။
- ❖ လိုအပ်သည့်အချက်များကို ဆရာက ဖြည့်စွက်ပေးပြီး မိန်းမပျိုလေး၏ နေအိမ်တည်နေရာကို ညွှန်းဆိုရာ၌တွေ့ရသည့် စာဆို၏စကားပရိယာယ်ကြွယ်ဝပုံကို ထင်ရှားပေါ်လွင်အောင် ရှင်းပါ။

  "အိမ်ရှေ့တွင် နတ်စင်နှင့် ဈေးဆိုင်၊ အုတ်ပလ္လင်နှင့် ညောင်ပင်"

  "အိမ်တောင်ဘက်တွင် ကြက်သွန်ခင်းနှင့် ရေတွင်း"

  "အိမ်မြောက်ဘက်တွင် စပါးလင်နှင့် ဒန်းပင်"

  "အိမ်နောက်ဘက်တွင် မိဿလင်နှင့် ချင်းပင်" တို့ရှိကြောင်းရှင်းပါ။
- ❖ မိန်းမပျိုလေးတို့စောင့်ထိန်းအပ်သည့် ကိုယ်ကျင့်သိက္ခာကိုစောင့်ထိန်းရင်း ချစ်သူအား မိမိကို တောင်းရမ်းယူရမည့်အချိန်ကို ပရိယာယ်နှင့်ပြောလိုက်သည့် စာဆို၏စကားပရိယာယ်ကြွယ်ဝပုံကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

DBE BOX - Copyright Protected

♦ နှမထွေး မယ့်ကိုလိုလျှင် တပေါင်းတန်ခူးတွင်ဦးစွာပွင့်သော သရဖီပန်းပွင့်ချိန်လာရောက် တောင်းရမ်းယူနိုင်ကြောင်းရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ညောင်ရမ်းခေတ် မိန်းကလေး၏ စကားအရာလိမ္မာပါးနပ်မှုအပေါ် သင်ဘယ်လိုထင်မြင်သလဲ။

(၂) ကဗျာခေါင်းစဉ်နဲ့ ကဗျာ လိုက်ဖက်မှုရှိသလား။ ဘာကြောင့်လဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကိုဖြေပါစေ။

❖ လေ့ကျင့်ခန်းမေးခွန်း (၅) ကို အိမ်မှ ဖြေလာပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် နှမထွေး မယ့်ကိုလိုလျှင်ကဗျာ၏ဆိုလိုရင်းကို နားလည်သဘောပေါက်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများအား တောင်တွင်းရှင်ငြိမ်းမယ်၏အရေးအသားကိုသိရှိစေရန်သင်ပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို ဖတ်ပါစေ။

"သူငယ်ချင်းကောင်း ယောက်မတို့လေ။ နှမထွေး မယ်တို့အိမ်ကို သိလိုချင်မူ နတ်ခရိုင်နှင့်၊ ဈေးဆိုင်နှင့် အိမ်ရှေ့ကမူ၊ အုတ်ပလ္လင်နှင့်၊ ညောင်ပင်နှင့် အိမ်တောင်ကမူ၊ ကြက်သွန်ခင်းနှင့်၊ ရေတွင်းနှင့် အိမ်မြောက်ကမူ၊ စပါးလင်နှင့်၊ ဒန်းပင်နှင့် အိမ်နောက်ကမူ၊ မိဿလင်နှင့်၊ ချင်းပင်နှင့်"

❖ ကျောင်းသားများကို မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း ကဗျာ၏ဆိုလိုရင်းအဓိပ္ပာယ်ကို စကားပြေပြန်ဆိုပါ။

❖ စကားပြေပြန်ထားသည့်စာကို နှစ်သက်ဖွယ်ကောင်းအောင် ပြန်ရေးပါ။

UBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါကဗျာစာသားများကို ဖတ်ပါစေ။

"မိဿလင်နှင့် ချင်းကိုလိုလျှင်၊ ဝါဆိုငယ်မှ ဝါဦး မြေနူးနူးကို တူးလှည့်ပါရှင်"

"နှမထွေး မယ့်ကိုလိုလျှင် တပေါင်းငယ်မှတန်ခူး ရွှေဖီဦးကို ခူးလှည့်ပါရှင်"

❖ ကျောင်းသားများအား ကဗျာ၏ဆိုလိုရင်းအဓိပ္ပာယ်ကို စကားပြေပြန်ဆိုပါစေ။

❖ ထိုအဖွဲ့နှစ်ခုတို့၏ သဘောတရားတူပုံကို ဆရာကရှင်းပါ။

❖ မိဿလင်နှင့် ချင်းကို လိုချင်လျှင် တူးရမည့်အချိန်၊ မိမိကိုလိုချင်လျှင် လာတောင်းရမည့်အချိန် ညွှန်းဆိုပုံများကို ယှဉ်၍ရှင်းပါ။

❖ "ရွှေဖီဦးကို ခူးလှည့်ပါရှင်" ဟူသည့် စကား၏အဓိပ္ပာယ်ကို သေချာရှင်းပါ။

❖ ထိုရှင်းလင်းချက်များပေါ်မူတည်၍ ကျောင်းသားများကို နှစ်သက်ဖွယ်ကောင်းအောင်ရေးပါစေ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

DREBOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင်ကဗျာ၌ပါသော ရသများကို ခံစားကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသားများကို ယောကျ်ားလေး ၁ စု၊ မိန်းကလေး ၁ စု အုပ်စု ၂ စု ဖွဲ့ပါ။

❖ ကျောင်းသူများကို အိုင်ချင်းကဗျာအား ဟန်အမူအရာနှင့် သံနေသံထားမှန်မှန် ညီညီညာညာ ရွတ်ဆိုပါစေ။

❖ ကျောင်းသားများကို ဂရုတစိုက်ကြည့်ရှုနားထောင်ပါစေ။

❖ မိန်းကလေး၏အသံ၊ မိန်းကလေး၏ဟန်ပေါ်လွင်အောင် ဆရာက လမ်းညွှန်ပါ။

❖ ကဗျာရွတ်သည်ကို နားထောင်ရသည့်အခါ မည်သို့သောခံစားချက်များ ခံစားရကြောင်း ကျောင်းသားများအား တင်ပြပါစေ။

❖ ကဗျာရွတ်ဆိုရသည့်အခါ မည်သို့သောခံစားချက်များအား ခံစားရကြောင်း ကျောင်းသူများကို တင်ပြပါစေ။

♦ အုပ်စု ၁ စု၏ တင်ပြချက်ကို ကျန်အုပ်စု ၁ စုက အကဲဖြတ်ပါစေ။

♦ လိုအပ်လျှင်ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

❖ ထို့နောက် ကျောင်းသားများ၏တင်ပြချက်ကို ဆရာက အမှား၊ အမှန်စစ်ဆေးပေးပြီး လိုအပ်သည့် အချက်များကိုဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

❖ ကျောင်းသားများဖြေနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် ကူညီအဖြေရှာပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကဗျာကနေ ဘယ်ရသတွေကို ခံစားရသလဲ။

**စာအညွှန်း**

၁။ မင်းလှဲ့ရီ၊ **ဒေါက်တာ**။ (၂၀၀၇ )။ ကျေးလက်အလှသုခုမ။ ရန်ကုန်၊ နိုင်ငံဂုဏ်ရည်ပုံနှိပ်တိုက်။

၂။ မြမြသန်း၊ **ဒေါ်**(တည်းဖြတ်)။ (၁၉၉၀)။ အိုင်ချင်းစု။ ရန်ကုန်၊ ပညာရေးဝန်ကြီးဌာန။

DREBOX - Copyright Protected

## ဝသန်ကာလ မိုးကျတည့်လျှင်

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – **ဝသန်ကာလ မိုးကျတည့်လျှင်** |
| **ရည်ရွယ်ချက်** | – **ညောင်ရမ်းခေတ်လယ်သမားတို့၏ဘဝအခြေအနေကိုသိရှိစေရန်၊ တျာချင်းကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုတတ်စေရန်** |
| **သင်ယူမှုရလဒ်** | – **ညောင်ရမ်းခေတ်လယ်သမားတို့၏ဘဝအခြေအနေကိုသိရှိလာမည်။ တျာချင်းကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုတတ်လာမည်။** |
| **သင်ကြားနည်း** | – **ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း** |
| **သင်ထောက်ကူပစ္စည်း** | – **လယ်သမားမိသားစုပုံပန်းချီကားချပ်၊ ကဗျာစာသားအချို့ကို ထုတ်နုတ်ထားသည့် စာကတ်ပြားများ** |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – **စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန်** |
| **စာသင်ချိန်** | – **၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်** |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်တွင် ဝသန်ကာလ မိုးကျတည့်လျှင်ကဗျာကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ "ဝန်ကြီးပဒေသရာဇာရဲ့ ကဗျာတွေထဲက ဘယ်ကဗျာတွေကိုကြားဖူးသလဲ" ဟူသည့် မေးခွန်းကို ဆရာက ကျောင်းသားများအားမေးပါ။
- ❖ ဝန်ကြီးပဒေသရာဇာ၏ တျာချင်းအချို့ကို ဆရာက ရွတ်ဆိုပါ။
- ❖ တျာချင်းကဗျာများကို ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာက စတင်ရေးဖွဲ့ခဲ့ကြောင်း ရှင်းပါ။
- ❖ ဆရာက ညောင်ရမ်းခေတ်အကြောင်းကို မိတ်ဆက်ပါ။
- ❖ တျာချင်းကဗျာအကြောင်းရှင်းပါ။

DBEBOX - Copyright Protected

❖ ထို့နောက် ဆရာက ဝန်ကြီးပဒေသရာဇာ၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။

❖ ဆရာက ကဗျာကိုအစအဆုံး အသံနေအသံထားမှန်မှန် ရွတ်ဆိုပါ။

❖ ဆရာက ရှေ့မှကဗျာကိုရွတ်ဆိုပြီး ကျောင်းသားများကို နောက်မှ ရွတ်ဆိုပါစေ။

❖ ကျောင်းသားဦးရေပေါ်မူတည်၍အုပ်စုဖွဲ့ပါ။ ထိုဖွဲ့ပေးထားသောအုပ်စုကို ကဗျာတစ်ပိုဒ်စီ ရွတ်ဆိုပါစေ။

**လုပ်ငန်းစဉ် ၂**

❖ ဆရာက ဝသန်ကာလ မိုးကျတည့်လျှင်ကဗျာပါ အကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် ညောင်ရမ်းခေတ် လယ်သမားတို့သည် မိမိတို့၏ နေ့စဉ်လူနေမှုဘဝအပေါ် ကျေနပ်ရောင့်ရဲလျက် ပျော်ပျော်ရွှင်ရွှင်နေတတ်ကြပုံကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။

❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ကဗျာ၌ပါရှိသောလယ်သမားမိသားစုတို့၏ ဝတ်စားဆင်ယင်ပုံများ၊ ချက်ပြုတ်စားသောက်သော ဟင်းလျာများ၊ မိသားစု ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့စားသောက်ပုံများ စသည့်အချက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စု ၁ စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့် အချက်များကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များနားလည်သဘောပေါက်အောင် ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဝန်ကြီးပဒေသရာဇာရဲ့ လယ်သမားတို့ဘဝသရုပ်ဖော်ရေးဖွဲ့ထားမှုက ပေါ်လွင်ထင်ရှား တယ်လို့ သင်ယူဆပါသလား။

(၂) ချက်ပြုတ်စားသောက်သော ဟင်းလျာများကိုဖတ်ရပြီး သင့်စိတ်ထဲမှာ ဘယ်လိုခံစားရ သလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၃) ကို ဖြေပါစေ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ ယခုစာသင်ချိန်တွင် ဝသန်ကာလ မိုးကျတည့်လျှင်ကဗျာ၏ ဆိုလိုရင်းကို စကားပြေပြန်တတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများအား လေ့လာရမည့်ပုံစံကိုနမူနာပြပြီး သင်ကြားပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို သင်ပုန်းပေါ်တွင်ရေးပါ။

"မိုးရေစွတ်လို့ အဝတ်ကယ်မပါ သားသမီးကို၊ ကိုယ်ထီးပွေ့လို့သာ ဆေးတံတစ်ထွာ၊ ကိုက်ကာ ထွန်ရင်း လယ်ကွက်ကယ်တစ်ခွင်၊ ထွန်ရေးငင ရေဝင်ပုစွန်တွင်းငယ်နှင့်လေး။"

❖ ကျောင်းသားများကို မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း ကဗျာစာသားကို စကားပြေပြန်ဆိုပါ။

❖ အနက်အဓိပ္ပာယ်မသိသည့် စကားလုံးများကို ခက်ဆစ်အဖွင့်တွင် ရှာကြပါစေ။

### လုပ်ငန်းစဉ် ၂

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ အောက်ပါကဗျာစာပိုဒ်ကို ရွတ်ပါစေ။

"ဖားပေါင်စင်းငယ်၊ ခြင်းပလိုင်းဝယ် ခရုပီလော၊ ရောနှော၍သာလွယ် ဟင်းရွက်ကယ် နုနယ်၊ တစ်သွယ်ကန်စွန်း ဆူးပုပ်ကယ် ကင်းပုံ၊ အလုံးစုံ ဖူးငုံသာရော၍ ပွှမ်းသည်နှင့်လေး။"

❖ ကျောင်းသားအားလုံးကို မှတ်စုစာအုပ်ထဲတွင် စကားပြေပြန်ဆိုကြပါစေ။

❖ ကျောင်းသားများဖြေဆိုနေစဉ်အတွင်း ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် အဖြေကူရှာပါ။

❖ ကျောင်းသားများဖြေဆိုနိုင်လျှင် အသင့်ပြုလုပ်ထားသည့်စာကတ်များကို ဝေပါ။

❖ စာကတ်တွင်ပါသည့်ကဗျာစာသားများကို စကားပြေပြန်ဆိုကြပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဝန်ကြီးပဒေသရာဇာရဲ့ ဝသန်ကာလမိုးကျတည့်လျှင်ကဗျာကို စကားပြေပြန်ဆိုပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ကဗျာ၌ပါသောရသများကို ခံစားကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသားများကို ယောကျ်ားလေး ၁ စု၊ မိန်းကလေး ၁ စု အုပ်စု ၂ စု ဖွဲ့ပါ။

❖ ကျောင်းသားများကို တျာချင်းကဗျာအား ဟန်အမူအရာနှင့် ညီညီညာညာရွတ်ဆိုပါစေ။

❖ ကျောင်းသူများကို ဂရုတစိုက်ကြည့်ရှုနားထောင်ပါစေ။

❖ အားမာန်ပါပါသီဆိုစေရန် ဆရာက လမ်းညွှန်ပါ။

❖ ကဗျာရွတ်သည်ကို နားထောင်ရသည့်အခါ ကျောင်းသူများမည်သို့သော ခံစားချက်များ ခံစားရကြောင်း တင်ပြပါစေ။

❖ ကဗျာရွတ်ဆိုရသည့်အခါ ကျောင်းသားများမည်သို့သော ခံစားချက်များခံစားရကြောင်း တင်ပြပါစေ။

- ♦ အုပ်စု ၂ စု၏တင်ပြချက်ကို ဆရာက သင်ပုန်းပေါ်တွင် ရေးမှတ်ပါ။
- ♦ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ရှင်းလင်း လမ်းညွှန်ပါ။

❖ ထို့နောက်ကျောင်းသားများ၏ တင်ပြချက်ကို ဆရာက အမှားအမှန်စစ်ဆေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄)၊ (၅) ကို ဖြေပါစေ။

❖ ကျောင်းသားများဖြေနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် ကူညီအဖြေရှာပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ညောင်ရမ်းခေတ် လယ်သမားတို့ရဲ့ဘဝကို သင်ဘယ်လိုခံစားရသလဲ။

❖ ညောင်ရမ်းခေတ် လယ်သမားမိသားစုရဲ့ ဝတ်စားထားပုံကိုဖတ်ရလို့ သင်ဘယ်လိုရသမျိုး ခံစားရသလဲ။

❖ ကဗျာရွတ်ဆိုရတာကို နှစ်သက်ပါသလား။ ဘာကြောင့်နှစ်သက်သလဲ။

❖ ကဗျာနားထောင်ရတာကို နှစ်သက်ပါသလား။ ဘာကြောင့်နှစ်သက်သလဲ။

**စာအညွှန်း**

၁။ ဇော်ဂျီနှင့်မင်းသုဝဏ်။ (၁၉၉၃)။ စာပေလောက(တ-ကြိမ်)။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

၂။ တိုက်စိုးနှင့်မင်းယုဝေ။ (၁၉၈၀)။ မြန်မာစာမိတ်ဖွဲ့(တ-ကြိမ်)။ ရန်ကုန်၊ စံပယ်ဦးစာပေ။

DBE BOX - Copyright Protected

# လက်ဆောင်

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | လက်ဆောင် |
| ရည်ရွယ်ချက် | – | မိန်းမပျိုလေး၏ သိမ်မွေ့လှပသောချစ်ခြင်းမေတ္တာကို သိရှိစေရန်၊ လေးဆစ်ကဗျာကို အသံနေအသံထား မှန်မှန်ဖြင့် ရွတ်ဆိုတတ်စေရန် |
| သင်ယူမှုရလဒ် | – | မိန်းမပျိုလေး၏ သိမ်မွေ့လှပသောချစ်ခြင်းမေတ္တာကို ဆေးလိပ်လက်ဆောင်ပေးပုံမှတစ်ဆင့် သိရှိလာမည်။ လေးဆစ်ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုတတ်လာမည်။ |
| သင်ကြားနည်း | – | ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | – | မိန်းကလေး ဆေးလိပ်ပြုလုပ်ပုံအဆင့်ဆင့်ကို ရေးဆွဲထားသည့်ရုပ်ပုံကားချပ်များ၊ ကဗျာစာသားကောက်နုတ်ချက်များ ရေးသားထားသည့်မဲလိပ်များ၊ အသံဖိုင် |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် မယ်ခွေ၏ လက်ဆောင်ကဗျာကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- "မယ်ခွေရဲ့ကဗျာလေးတွေကို ကြားဖူးပါသလား"ဟု ဆရာက ကျောင်းသားများကိုမေးပါ။
- မယ်ခွေသည် ကုန်းဘောင်ခေတ် အမျိုးသမီးစာဆိုတစ်ဦးဖြစ်ကြောင်းရှင်းပါ။
- ထို့နောက် ဆရာက မယ်ခွေ၏အတ္ထုပ္ပတ္တိကိုရှင်းပါ။

DBE BOX - Copyright Protected

- ❖ လေးဆစ်ကဗျာအကြောင်းရှင်းပါ။
- ❖ ဆရာက ကဗျာကိုအစအဆုံး အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပါ။
- ❖ ဆရာက ကဗျာကို ရှေ့မှရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှ ရွတ်ဆိုပါစေ။
- ❖ ကျောင်းသားဦးရေပေါ် မူတည်၍အုပ်စုဖွဲ့ပါ။ ထိုဖွဲ့ပေးထားသောအုပ်စုအား ကဗျာကို တစ်လှည့်စီ ရွတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

- ❖ ဆရာက လက်ဆောင်ကဗျာပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။
- ❖ ထိုသို့ရှင်းပြရာတွင် ချစ်သူသောက်ရန်ဆေးလိပ်ကို ကိုယ်တိုင်တယုတယလိပ်ပေးသည့် ကုန်းဘောင်ခေတ် မိန်းမပျိုလေးတစ်ယောက်၏ချစ်ခြင်းမေတ္တာကို ထင်ရှားပေါ်လွင်အောင် ရှင်းပါ။
  - ♦ မိန်းကလေးသည် ဆေးလိပ်လိပ်မည့်ဖက်ကိုမဝယ်ဘဲ ကိုယ်တိုင်ခူးပုံ
  - ♦ စိုနေသောဖက်ကို မီးမကင် နေပူမလှန်းဘဲ မိမိ၏ ကိုယ်ငွေ့ဖြင့်သာခြောက်စေရန် အိပ်ရာအောက်ထားပုံ
  - ♦ ဆေးရွက်ထိပ်အညှာကို ရှေ့သွားဖြင့်ကိုက်ဖြတ်ပေးပုံ
  - ♦ ဆေးလိပ်ကို ဝါချည်ဖြူလေးနှင့်ရစ်ပတ်ပုံ
  - ♦ အင်းဝရွှေမြို့တော်သို့သွားသည့် မောင့်ထံသို့ လက်ဆောင်ပါးလိုက်ပုံ

  တို့ကို ပေါ်လွင်အောင်ရှင်းပါ။
- ❖ ထို့နောက် ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။
- ❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ကဗျာဆိုလိုရင်းကို ပြောပါစေ။
- ❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။
- ❖ ထို့နောက် ကျောင်းသားများ၏အဖြေကို ဆရာက အမှားအမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များနားလည်သဘောပေါက်အောင်ရှင်းပါ။

DBE BOX - Copyright Protected

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ကုန်းဘောင်ခေတ် မိန်းမပျိုလေးရဲ့ ချစ်သူအပေါ်ထားရှိတဲ့စေတနာကို သင်ဘယ်လိုထင်မြင်ယူဆသလဲ။

(၂) မိန်းမပျိုလေးဟာ ဆေးလိပ်ကိုဈေးကဝယ်မပေးဘဲ ဘာကြောင့် ကိုယ်တိုင်ပြုလုပ်ပေးရတာလဲလို့ သင်ထင်သလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် လက်ဆောင်ကဗျာ၏ ဆိုလိုရင်းကို စကားပြေပြန်တတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများအား လေ့လာရမည့်ပုံစံကိုနမူနာပြပြီး သင်ကြားပါ။

❖ အောက်ပါကဗျာစာသားကို ရွတ်ပါစေ။

"မဝယ်ဘူး မယ်ခူးတဲ့ဖက်စို

မီးမကူ နေပူမှာမကင်အားတာကြောင့် ထားရတယ် အိပ်ရာအောက်မှာ"

❖ ကျောင်းသားများကို မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း ကဗျာစာသားကို စကားပြေပြန်ဆိုပါ။

❖ ကျောင်းသားများ စကားပြေပြန်ဆိုနိုင်ပြီဆိုလျှင် အသင့်ပြုလုပ်ထားသည့်မဲလိပ်များကို ဝေငှပါ။

❖ ကျောင်းသားအားလုံးကို မှတ်စုစာအုပ်ထဲတွင် စကားပြေပြန်ဆိုကြပါစေ။

❖ ကျောင်းသားများဖြေဆိုနေစဉ်အတွင်း ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် အဖြေကူရှာပေးပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

DBE BOX Copyright Protected

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

❖ ကျောင်းသားများဖြေနေစဉ် ဆရာကလိုက်လံ အကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားများကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် ကူညီအဖြေရှာပါ။

❖ လိုအပ်လျှင် ကဗျာကို ပြန်ရှင်းပါ။

❖ အဖြေ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကဗျာကို ကျောင်းသားများအား အသံတိတ်ဖတ်ပါစေ။

❖ မည်သို့သောခံစားချက်များ ခံစားရကြောင်းကို ကျောင်းသားများတင်ပြပါစေ။

❖ မည်သည့်အချက်ကြောင့် ထိုကဲ့သို့ခံစားရကြောင်း မေးမြန်းပါ။

❖ ထို့နောက် ကျောင်းသားများ၏ တင်ပြချက်ကို ဆရာက အမှားအမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင် ရှင်းပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင်ကဗျာ၌ပါသော ရသများကို ခံစားကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ ပထမအုပ်စုက လေးဆစ်ကဗျာကိုရွတ်ဆိုနေချိန်တွင် ကျန်အုပ်စုအားဂရုတစိုက်နားထောင်ပါစေ။

DBE BOX - Copyright Protected

❖ ဒုတိယအုပ်စုက လေးဆစ်ကဗျာကို ရွတ်ဆိုနေချိန်တွင် ကျန်အုပ်စုအား ဂရုတစိုက်နားထောင်ပါစေ။

❖ "လက်ဆောင်ကဗျာရဲ့အသံက ဘယ်လိုအသံမျိုးလဲ" ဟူသည့် မေးခွန်းကိုမေးပါ။

❖ ဆရာက လက်ဆောင်ကဗျာကို ထပ်မံရွတ်ဆိုပြပါ။ (အသံဖိုင်ရှိက ဖွင့်ပြပါ။)

❖ ကဗျာ၏အသံမှာ ချိုသာကြောင်း လက်တွေ့ရွတ်ဆိုပြပြီးမှ ထိုအသံကို ကြိုက် မကြိုက်မေးပါ။

❖ ကြိုက်ရခြင်း၊ မကြိုက်ရခြင်း၏အကြောင်းရင်းကိုမေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

❖ ကျောင်းသားများဖြေနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် ကူညီအဖြေရှာပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကုန်းဘောင်ခေတ် အမျိုးသမီးစာဆိုတစ်ဦးရဲ့ကဗျာစွမ်းရည်ကို သင်ဘယ်လိုထင်မြင်သလဲ။

**စာအညွှန်း**

၁။ ခင်ခင်လေး၊ **ဒဂုန်**။ (၂၀၁၇)။ အမျိုးသမီးအနုပညာရှင်များ (ဒု-ကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၂။ မိမိလေး၊ **ဒေါ်**။ (၂၀၀၃)။ အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ။ ရန်ကုန်၊ ပညာရေးဝန်ကြီးဌာန။

DBE BOX - Copyright Protected

# ဖုံတော်သား

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – ဖုံတော်သား |
| **ရည်ရွယ်ချက်** | – ကုန်းဘောင်ခေတ်ကျေးလက်ရိုးရာဖုံပွဲကိုသိရှိစေရန်၊ ကုန်းဘောင်ခေတ်လယ်သမားတို့၏ဘဝကို သိရှိစေရန်၊ ကောက်စိုက်ဖုံကြီးသီချင်းသီဆိုပုံကို သိရှိစေရန် |
| **သင်ယူမှုရလဒ်** | – ကုန်းဘောင်ခေတ်၏ ကျေးလက်ရိုးရာဖုံပွဲအကြောင်းကို သိရှိလာမည်။ ဖုံကြီးသီချင်းကို သီဆိုတတ်လာမည်။ |
| **သင်ကြားနည်း** | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| **သင်ထောက်ကူပစ္စည်း** | – သရုပ်ဖော်အဖွဲ့များကို ရေးမှတ်ထားသည့် စာကတ်ပြားများ၊ လင်းကွင်း၊ နှဲ၊ ဝါးလက်ခုပ်၊ ဖုံကြီး ပစ္စည်းစစ် သို့မဟုတ် ရုပ်ပုံကားချပ်၊ အသံဖိုင် |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခုပြုလုပ်ရန် |
| **စာသင်ချိန်** | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

DBE BOX - Copyright Protected

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် ဖုံတော်သားကဗျာကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက ကုန်းဘောင်ခေတ်တွင် ဖုံပွဲများထွန်းကားခဲ့ပုံအကြောင်းကိုရှင်းပါ။

❖ ကောက်စိုက်ဖုံကြီးသံအကြောင်းကို ရှင်းပြပါ။ ဖုံကြီးသီချင်းသီဆိုပုံကိုရှင်းပါ။

❖ ဆရာက ကဗျာကိုအစအဆုံး အသံနေအသံထားမှန်မှန် သီဆိုပြပါ။

❖ ဆရာက ရှေ့မှကဗျာကိုရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှ လိုက်ပြီးရွတ်ဆိုပါစေ။

❖ ကျောင်းသားတစ်ဖွဲ့ ကျောင်းသူတစ်ဖွဲ့ အဖွဲ့ဖွဲ့ပေးပါ။ ဗုံတော်သားရွတ်ဆိုသော အပိုဒ်ကို ကျောင်းသားများအားရွတ်ဆိုစေ၍ ကောက်စိုက်သမများရွတ်ဆိုသောအပိုဒ်ကို ကျောင်းသူများအား ရွတ်ဆိုပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ ဆရာက ဗုံတော်သားကဗျာပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် ကောက်စိုက်သမကလေးများ၏ အချစ်ရေးနှင့် လယ်သမားတို့၏ ရုန်းကန်လှုပ်ရှားရသောဘဝကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ဆရာက ကျောင်းသားများကို ယောကျ်ားလေး ၁ ဖွဲ့၊ မိန်းကလေး ၁ ဖွဲ့ ဖွဲ့ပါ။

❖ ကဗျာကို " မောင့်ဗုံသံ ----ပေးရက်ကဲ့လား"အထိ တစ်ပိုင်း၊ "လုပ်ရတယ် --- မိုးကူပ့ါလေး" အထိ တစ်ပိုင်းစီ ရွတ်ဆိုပါစေ။

❖ မိန်းကလေးများအား "မောင့်ဗုံသံ ----ပေးရက်ကဲ့လား"ဟူသည့်အပိုင်း၊ ယောကျ်ားလေးများအား "လုပ်ရတယ် --- မိုးကူပ့ါလေး"ဟူသည့်အပိုင်းကို အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ကဗျာ၌ပါရှိသောအချက်များကို ထုတ်နုတ်ပါစေ။

❖ ကောက်စိုက်သမလေး၏ အချစ်ရေး၊ နှလုံးသားခံစားချက်များကို ထုတ်နုတ်ပါစေ။

❖ လယ်သမားတို့၏ဘဝသရုပ်များကို ထုတ်နုတ်ပါစေ။

❖ ကဗျာများကို ခေါင်းစဉ်တပ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဗုံတော်သားနဲ့ ကောက်စိုက်သမတွေ အပြန်အလှန်ပြောစကားအပေါ် ဘယ်လို ထင်မြင်ယူဆသလဲ။

(၂) ကဗျာမှာပါတဲ့ လယ်သမားတို့ရဲ့ဘဝကို တင်ပြပါ။

(၃) ကောက်စိုက်သမလေးများရဲ့ အချစ်ရေးခံစားချက်များကို ကဗျာမှာ ဘယ်လိုတွေ့ရသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း

❖ ယခုစာသင်ချိန်တွင် ဗုံတော်သားကဗျာမှ လယ်သမားတို့၏ဘဝကို လေ့လာကြည့်မည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "လုပ်ရတယ်တဲ့ကိုင်ရတယ် ---မိုးကူပဲ့လေး"ကို အသံနေအသံထားမှန်မှန်နှင့် ရွတ်ဆိုပါ။

❖ ကဗျာစာသား၌ပါသည့် လယ်သမားတို့၏ဘဝကို ဆရာက အသေးစိတ်ရှင်းပါ။

❖ ကျောင်းသားများကို ဂရုတစိုက်နားထောင်ပါစေ။

❖ ကျောင်းသားများကို ကဗျာအားအသံတိတ်ပြန်ဖတ်စေ၍ လယ်သမားတို့၏ဘဝကို စကားပြေပြန်ဆိုပါစေ။ အဖြေကို မှတ်စုစာအုပ်ထဲ၌ ရေးသားထားပါစေ။

❖ ကျောင်းသားများ စကားပြေပြန်ဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

### လုပ်ငန်းစဉ် ၂

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ဆရာက ယခုစာသင်ချိန်တွင် သရုပ်ဖော်အရေးအသားကိုရေးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ သရုပ်ဖော်အရေးအသားဟူသည်မှာ ပုံပန်းသွင်ပြင်များ၊ မြင်ကွင်းများကို စိတ်မျက်စိထဲတွင် မြင်ယောင်လာအောင်ရေးသားရသည့် အရေးအသားဖြစ်ကြောင်းရှင်းပါ။

❖ အသင့်ပြုလုပ်ထားသည့် စာကတ်များ၏အကူအညီဖြင့် သရုပ်ဖော်အဖွဲ့ကို ရှင်းနိုင်အောင် ရှင်းပါ။

❖ အောက်ပါကဗျာစာသားများကို ရွတ်ပါစေ။

"ဗုံပွဲကိုတဲ့ ရှုမယ်လာ ကိုက်ဗျာဆံရှည်ပါလှတယ် သားများ့မေလား"

"ပြတင်းရယ် လေသာပေါက်က မေးထောက်လို့မှာ"

"လုပ်ငန်းရယ်တဲ့မတွင်သာ နွားပြာပိန် ချိုလိမ်ကော့က အားပျော့လို့ဗျာ"

❖ ကျောင်းသားများအား ဟောပြောဆွေးနွေးသည့်ပုံစံဖြင့် ကဗျာဆိုလိုရင်းကိုပြောပါ။

❖ ထိုကဗျာဆိုလိုရင်းကို သရုပ်ဖော်အရေးအသားဖြင့် ပြန်လည်ရေးပြပါ။



DBE BOX _Copyright Protected

❖ ကဗျာမှ သရုပ်ဖော်အဖွဲ့စာသားများအချို့ကို ဆရာက သင်ပုန်းပေါ်တွင်ရေးပါ။

❖ ကျောင်းသားများကို ပထမအဆင့် စကားပြေပြန်ဆိုပါစေ။

❖ ထိုစကားပြေပြန်ဆိုချက်ကိုမူတည်၍ သရုပ်ဖော်အရေးအသားဖြင့်ရေးသားပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ပုံတော်သားကဗျာက သရုပ်ဖော်အရေးအသားတွေကို ရွေးနုတ်ပြီး စကားပြေပြန်ပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄) ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင်ကဗျာ၌ပါသော ရသများကို ခံစားကြည့်ကြမည်ဖြစ်ကြောင်း ပြောပါ။

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ ပထမအုပ်စုက ကဗျာကိုရွတ်ဆိုနေချိန်တွင် ကျန်အုပ်စုအား ဂရုတစိုက်နားထောင်ပါစေ။

❖ ဒုတိယအုပ်စုက ကဗျာကို ရွတ်ဆိုနေချိန်တွင် ကျန်အုပ်စုအား ဂရုတစိုက် နားထောင်ပါစေ။

❖ ကျောင်းသားများ ကဗျာကို အသံတိတ်ဖတ်ပါစေ။

❖ ကျောင်းသားများ မည်သို့သောခံစားချက်များ ခံစားရကြောင်းကို တင်ပြပါစေ။

❖ မည်သည့်အချက်ကြောင့် ထိုကဲ့သို့ခံစားရကြောင်းမေးပါ။

❖ ထို့နောက် ကျောင်းသားများ၏တင်ပြချက်ကို ဆရာက အမှားအမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက်အောင်ရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ဆရာက ပုံတော်သားကဗျာကို ထပ်မံရွတ်ဆိုပြပါ။ (အသံဖိုင်ရှိက ဖွင့်ပြပေးပါ။)

❖ ကဗျာပါအကြောင်းအရာများကို အကျဉ်းမျှထပ်မံရှင်းပါ။

DBE BOA - Copyright Protected

❖ ကဗျာမှာ အပိုင်းနှစ်ပိုင်းပါဝင်နေကြောင်း၊ မည်သည့်အပိုင်းကို ပိုကြိုက်နှစ်သက်သနည်း၊ အဘယ်ကြောင့်နည်းဟူသည့်မေးခွန်းကိုမေးပါ။

❖ "အပိုင်းနှစ်ပိုင်းကပေးသည့် ခံစားချက်များက တူညီပါသလား။ ဘယ်လိုခံစားချက်တွေလဲ" ဟူသည့် မေးခွန်းကိုမေးပါ။ အဖြေကို မှတ်စုစာအုပ်တွင် ရေးမှတ်ထားပါစေ။

❖ "ဘယ်လိုခံစားချက်တွေက မတူညီတာလဲ" ဟူသည့် မေးခွန်းကိုမေးပါ။ အဖြေကို မှတ်စု စာအုပ်တွင် ရေးမှတ်ထားပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

❖ လိုအပ်ပါက ဖြည့်စွက်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ "ရွှေနားတောင်းကိုလ ဗုံခေါင်းလောက်ဝတ်စေ့မယ်။ ဗုံကြီးသည့်လိမ်လည်လှည့် နားချဲ့မိတယ်" ဆိုတဲ့ ကဗျာစာသားကိုဖတ်ရတဲ့အခါ ဘယ်လိုခံစားရသလဲ။

❖ ကဗျာကိုဖတ်ပြီး ကောက်စိုက်သမလေးများရဲ့ဘဝကို ဘယ်လိုခံစားရသလဲ။

❖ ကဗျာကိုဖတ်ပြီး ဗုံတော်သားဘဝကို ဘယ်လိုခံစားရသလဲ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

(မှတ်ချက်။ မှတ်စုစာအုပ်၌ရေးမှတ်ထားသည့်အချက်များကို အခြေခံ၍ ဖြေပါစေ။)

**စာအညွှန်း**

၁။ ဇော်ဂျီနှင့်မင်းသုဝဏ်။ (၁၉၉၃)။ စာပေလောက(တ-ကြိမ်)။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။
၂။ တိုက်စိုးနှင့်မင်းယုဝေ။ (၁၉၈၀)။ မြန်မာစာမိတ်ဖွဲ့ (တ-ကြိမ်)။ ရန်ကုန်၊ အညာသားစာပေ။

DBE BOX - Copyright Protected

## အင်းလယ်ကန္တော်ကြာပန်း

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – အင်းလယ်ကန္တော်ကြာပန်း |
| ရည်ရွယ်ချက် | – အင်းလေးဒေသရိုးရာပွဲဖြစ်သော တေးတိုက်ပွဲတွင် တိုက်တေးသီဆိုကြပုံကိုသိရှိစေရန်၊ အင်းလေး တိုက်တေးကို သီဆိုတတ်ရန်၊ တေးချိုးတတ်စေရန် |
| သင်ယူမှုရလဒ် | – အင်းလေးဒေသရိုးရာပွဲဖြစ်သော တေးတိုက်ပွဲတွင် တိုက်တေးသီဆိုကြပုံကို သိရှိလာမည်။ အင်းလေး တိုက်တေးကို သီဆိုတတ်လာမည်။ တေးချိုးတတ်လာစေမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | – အင်းလေးတိုက်တေးသီဆိုနေကြပုံရုပ်ပုံကားချပ်၊ အသံဖိုင် |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခုပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ယခုစာသင်ချိန်တွင် အင်းလယ်ကန္တော်ကြာပန်းကဗျာကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ဆရာက အင်းလေးတိုက်တေးသီဆိုပုံအကြောင်းကို အသေးစိတ်ရှင်းပါ။
- ဆရာက ကဗျာကိုအစအဆုံးအသံနေအသံထားမှန်မှန်၊ မိန်းမသံ၊ ယောကျ်ားသံပေါ်လွင်အောင် ရွတ်ဆိုပြပါ။ အသံဖိုင်ရှိက ဖွင့်ပြပါ။
- ဆရာက ရှေ့မှကဗျာကိုရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှ လိုက်ပြီးရွတ်ဆိုပါစေ။

DBE BOX - Copyright Protected

❖ ကျောင်းသားတစ်ဖွဲ့ ကျောင်းသူတစ်ဖွဲ့ ဖွဲ့ပါ။ မောင် နေရာတွင် ကျောင်းသားများကို ရွတ်ဆိုစေ၍ မယ် နေရာတွင် ကျောင်းသူလေးများကို ရွတ်ဆိုပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ဆရာက အင်းလယ်ကန္တေကြာပန်းကဗျာပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပြပါ။

❖ ထိုသို့ရှင်းပြရာတွင် အင်းလေးဒေသရိုးရာတေးတိုက်ပွဲအကြောင်းကို ထင်ရှားပေါ်လွင်အောင် ရှင်းပါ။

❖ ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ကဗျာ၌ပါရှိသောအချက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စု ၁ စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့် အချက်များကို ဆရာက အမှားအမှန် စစ်ဆေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်၍ တပည့်များနားလည်သဘောပေါက်အောင် ထပ်မံရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အင်းလယ်ကန္တေကြာပန်းကဗျာပါ မောင်နဲ့မယ်အပြန်အလှန်ပြောစကားအပေါ် သင် ဘယ်လို ထင်မြင်ယူဆသလဲ။

(၂) လက်တန်းစပ်ဆိုရတဲ့ တိုက်တေးကဗျာကို အတုယူပြီး အကြောင်းအရာတစ်ရပ်ရပ်ကို လက်တန်းစပ်ဆိုပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၅) ကို ဖြေပါစေ။

DRE-BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် အင်းလယ်တိုက်တေးမှ မောင်နှင့်မယ်တို့၏ ဖြတ်ထိုးဉာဏ်ကို လေ့လာကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို ရွတ်ပါစေ။

"မောင် - သည်မောင်ကို ရမလားလို့ တစ်ညများ တစ်ခါနှစ်ခါ လိမ်းတဲ့နံ့သာ။ မောင်မလာ၊ နံ့သာတဲ့အရှုံး။ ပါးပေါ်မှာ နံ့သာစက်ကိုလ (မကြီးရယ်) ညည်း ရှက်ပါအုံး။

မယ် - သည်မယ်ကို ရမလားလို့ အင်္ကျီများ တစ်ထေနှစ်ထေ။ လဲလှယ်လို့နေ။ လဲလို့သာနေ မယ့်ကိုလေရဘဲ။ ရွှေအင်းတိမ် ကန်တော်ပွဲမှာ (မောင်ကြီးရယ်) ကြွေးတွေကဝဲ။"

❖ ကျောင်းသားများကို ယောကျ်ားလေး ၁ စု၊ မိန်းကလေး ၁ စု အုပ်စုနှစ်စုဖွဲ့ပါ။

❖ ယောကျ်ားလေးအုပ်စုကို ကဗျာမှမောင်၏အဆိုကို အသံနေအသံထား၊ ဟန်အမူအရာပါပါ ဆိုပါစေ။

❖ မိန်းကလေးအုပ်စုကို ကဗျာမှ မယ်၏အချေကို အသံနေအသံထား၊ ဟန်အမူအရာပါပါဆိုပါစေ။

❖ ဆရာက အဆိုထဲမှ မိန်းကလေးများ မခံချင်အောင်ဖွဲ့စပ်ထားသော စကားများကို ထုတ်နုတ်ပြပါ။

❖ မယ်၏ ဖြတ်ထိုးဉာဏ်ဖြင့် ပြန်လည်ချေပချက်ကို ထုတ်နုတ်ပြပါ။

❖ လက်တန်းစပ်ဆိုရသည့်တေးကဗျာဖြစ်သည့်အတွက် တစ်ဖက်လူ၏စကားကို အချက်ကျကျ ပြန်လည်ချေပရသည်ဖြစ်ရာ ဖြတ်ထိုးဉာဏ်ရှိရန်လိုကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါကဗျာစာပိုဒ်များကို ရွတ်ပါစေ။

"**မောင်** – အင်းလယ်မှာ ရွှေကြာပန်း၊ ကြာပန်းလေး နှစ်ပွင့်ဆိုင်။ ခူးမယ်လို့ကိုင်၊ မပိုင်တဲ့မောင်က။ အင်းလယ်မှာ ရွှေကြာပန်း (မကြီးရယ်) လှမ်းလို့မရ။

**မယ်** – ပန်ပါတဲ့ ပန်ပါ။ အရှေ့လေ တောင်ပေါ်ထိပ် ပန်းရွှေလိပ်ပြာ။ ပန်ကြပါ၊ ရွာသူမို့ရပ်သား။ ပန်းလိပ်ပြာ သည်တောင်ကုန်းမှာ (မောင်ကြီးရယ်) ဖုန်းစိုက်လို့ထား။"

❖ ကျောင်းသားများကို ဖြတ်ထိုးဉာဏ်ဖြင့် ချေပချက်များကို ထုတ်နုတ်ပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂) ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် အင်းလယ်ကန္တြကြာပန်းကဗျာ၏ ဆိုလိုရင်းကို စကားပြေပြန်တတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများအား လေ့လာရမည့်ပုံစံကိုနမူနာပြပြီးသင်ပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို ရွတ်ဆိုပါစေ။

"သည်မောင်ကို ရမလားလို့ တစ်ညများတစ်ခါနှစ်ခါ လိမ်းတဲ့နံ့သာ"

❖ ကျောင်းသားများကို မေးခွန်းမေးနည်းပုံစံဖြင့် လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့် လည်းကောင်း ကဗျာစာသားကို စကားပြေပြန်ဆိုပြပါ။

❖ အောက်ပါကဗျာစာသားများကို ရွတ်ဆိုပါစေ။

"သည်မယ်ကိုရမလားလို့ အင်္ကျီများ တစ်ထေနှစ်ထေ။ လဲလှယ်လို့နေ"

"အင်းလယ်မှာရွှေကြာပန်း၊ ကြာပန်းလေးနှစ်ပွင့်ဆိုင်၊ ခူးမယ်လို့ကိုင်၊ မပိုင်တဲ့မောင်က"

❖ ကျောင်းသားအားလုံးကို မှတ်စုစာအုပ်ထဲတွင် စကားပြေပြန်ဆိုကြပါစေ။

❖ ကျောင်းသားများဖြေဆိုနေစဉ်အတွင်း ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် အဖြေကူရှာပါ။

❖ ကျောင်းသားများဖြေဆိုနိုင်လျှင် အသင့်ပြုလုပ်ထားသည့်စာကတ်များကို ဝေပါ။

❖ စာကတ်တွင်ပါသည့်ကဗျာစာသားများကို စကားပြေပြန်ဆိုကြပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

DEEBOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ကဗျာ၌ပါသောရသများကို ခံစားကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။ အုပ်စုတွင်း၌ ယောကျ်ားလေးရော မိန်းကလေးပါ ပါပါစေ။

❖ ပထမအုပ်စုက တိုက်တေးကဗျာကိုရွတ်ဆိုနေချိန်တွင် ကျန်အုပ်စုအားဂရုတစိုက်နားထောင်ပါစေ။

❖ ဒုတိယအုပ်စုက တိုက်တေးကဗျာကို ရွတ်ဆိုနေချိန်တွင် ကျန်အုပ်စုအား ဂရုတစိုက် နားထောင်ပါစေ။

❖ အသံဖိုင် သို့မဟုတ် ဗီဒီယိုဖိုင်ရှိက ဖွင့်ပြပါ။

❖ "တိုက်တေးကဗျာဆိုရတာ၊ နားထောင်ရတာ ဘယ်လိုခံစားရလဲ" ဟူသည့် မေးခွန်းကိုမေးပါ။

❖ ခံစားချက်၏အကြောင်းရင်းကို မေးပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄) ကို ဖြေပါစေ။

❖ ကျောင်းသားများဖြေနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကိုဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် ကူညီအဖြေရှာပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**စာအညွှန်း**

၁။ တင်မြိုင်၊ **မောင်** (အင်းလေး)။ (၁၉၇၀)။ အင်းလေးတိုက်တေးများ (ပ-ကြိမ်)။ ရန်ကုန်၊ ကမ္ဘောဇစာပေ။

၂။ သီရိ၊ **မယ်**(အင်းလေး)။ (၂၀၁၉)။ အင်းလေးဒေသမှအဲင်းဆားတိုက်တေးများ။ ရန်ကုန်၊ ရွှေယောမြေ စာပေ။

DBE BOX - Copyright Protected

# ပတ္တမြားရွှေဂူ

| | |
|---|---|
| **သင်ခန်းစာခေါင်းစဉ်** | – ပတ္တမြားရွှေဂူ |
| **ရည်ရွယ်ချက်** | – တစ်ပါးသူကို မလိုလားမရှုဆိတ်မကြည်ဖြူ မဖြစ်သင့်ကြောင်း သိရှိစေရန်၊ လေးဆစ်ကဗျာကို သီဆိုတတ်စေရန် |
| **သင်ယူမှုရလဒ်** | – တစ်ပါးသူကိုမလိုလားမရှုဆိတ်မကြည်ဖြူမဖြစ်သင့်ကြောင်း သိရှိလာမည်။ လေးဆစ်ကဗျာကို သီဆိုတတ်လာမည်။ |
| **သင်ကြားနည်း** | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| **သင်ထောက်ကူပစ္စည်း** | – လမင်းကိုမော့ကြည့်၍ချွေးဟောင်နေသည့်ရုပ်ပုံကားချပ်၊ ပတ္တမြားရွှေဂူကို ဝက်တို့ ညွန်များနှင့်ပွတ်တိုက်နေသည့် ရုပ်ပုံကားချပ်၊ ဥပမာအလင်္ကာများကိုရေးမှတ်ထားသည့် စာကတ်ပြားများ |
| **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်** | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| **စာသင်ချိန်** | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ယခုစာသင်ချိန်တွင် ပတ္တမြားရွှေဂူကဗျာကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ❖ မန်လည်ဆရာတော်၏အတ္ထုပ္ပတ္တိအကြောင်းကို ဆရာကရှင်းပါ။
- ❖ လေးဆစ်ကဗျာအကြောင်း ဆရာကရှင်းပါ။
- ❖ ကဗျာကို အစအဆုံး အသံနေအသံထားမှန်မှန် ဆရာကရွတ်ဆိုပါ။
- ❖ ကဗျာကို ဆရာက ရှေ့မှ ရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှလိုက်ပြီး ရွတ်ဆိုပါစေ။
- ❖ ကျောင်းသားများကိုအုပ်စုဖွဲ့ပေးပြီး အုပ်စုလိုက် ကဗျာကိုရွတ်ဆိုပါစေ။

DRE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း၊ လေ့ကျင့်ခြင်း**

❖ ပတ္တမြားရွှေဂူကဗျာပါအကြောင်းအရာများကို ဆရာကဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် သူတစ်ပါးကိုအပြစ်တင်ပြောဆိုပါက အကျိုးရှိမည် မဟုတ်ကြောင်းကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

- ♦ လမင်းကိုမော့ပြီးခွေးဟောင်သော်လည်း လမင်း၏အရောင်မှာ မှေးမှိန်သွားမည်မဟုတ်ကြောင်းရှင်းပါ။
- ♦ ပတ္တမြားရွှေဂူအရောင်ကိုမှေးမှိန်အောင် ဝက်တို့က ရွှံ့ညွှန်များနှင့်ပွတ်တိုက်သော်လည်း အရောင်မှာမှေးမှိန်သွားမည်မဟုတ်ကြောင်းရှင်းပါ။
- ♦ သူတစ်ပါးကို အပြစ်မရှိအပြစ်ရှာပြောနေပါသော်လည်း အပြောခံရသူမှာမည်သို့မှ အကျိုးမယုတ် မထိခိုက်ကြောင်းကိုရှင်းပါ။

❖ ထို့နောက် ကျောင်းသားများကို ဆရာက အုပ်စု ၂ စုဖွဲ့ပါ။

❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ ကဗျာ၌ပါရှိသောအချက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့် အချက်များကို ဆရာက အမှားအမှန်စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များနားလည်သဘောပေါက်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ပတ္တမြားရွှေဂူကဗျာကိုဖတ်ပြီး သင်ဘယ်လိုအသိအမြင်တွေကိုရရှိသလဲ။

(၂) သူများကို အပြစ်ပြောတာမျိုး မလုပ်သင့်ဘူးဆိုတာကို အချင်းချင်းဆွေးနွေးဖူးသလား။

(၃) အပြစ်ပြောတတ်တဲ့သူကို တခြားသူတွေက ဘယ်လိုဆက်ဆံပြုမူတတ်သလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂)၊ (၃) ကို ဖြေပါစေ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဥပမာအလင်္ကာအကြောင်း သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ မိမိဆိုလိုချင်သည့်အကြောင်းအချက်ကို ပို၍ပေါ်လွင်အောင် သဘောတရားတူသည့်အချက်တို့နှင့် ခိုင်းနှိုင်းထားလျှင် ဥပမာအလင်္ကာဖြစ်ကြောင်းရှင်းပါ။

❖ အသင့်ပြုလုပ်ထားသည့် စာကတ်ပြားများ၏အကူအညီဖြင့် ဥပမာအလင်္ကာအကြောင်းကိုရှင်းပါ။

❖ ကျောင်းသားများကို အုပ်စု ၃ စု ဖွဲ့ပါ။ အသင့်ပြုလုပ်ထားသည့် အလင်္ကာ ၅ မျိုးစလုံးပါသည့် စာကတ်ပြားများကို တစ်ဖွဲ့လျှင် တစ်ကတ်စီဝေပါ။

❖ အုပ်စုတွင်း အချင်းချင်း အပြန်အလှန် ဆွေးနွေးအဖြေရှာသောနည်းဖြင့် ဥပမာအလင်္ကာများကို ရွေးထုတ်ပါစေ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊လေ့ကျင့်ခြင်း**

❖ ဥပမာအလင်္ကာ၏သဘောကို သိပြီဆိုလျှင် ကဗျာ၌ပါသော ဥပမာအလင်္ကာများကို ဖော်ထုတ်ကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ကဗျာကို သင်ပုန်းပေါ်တွင်ရေးပါ။

❖ ကျောင်းသားများအား မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း ဥပမာအလင်္ကာများကို ဖော်ထုတ်ပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ကဗျာမှာပါတဲ့ ဥပမာအလင်္ကာတွေကို ရွေးထုတ်ပြပါ။

(၂) ဥပမာအလင်္ကာတွေဟာ ကဗျာအကြောင်းအရာကို ပေါ်လွင်ပါစေသလား။ အကြောင်းပြဖြေပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို ဖြေပါစေ။

DBE BOX - Copyright Protected

## စာသင်ချိန် ၃

### လုပ်ငန်းစဉ် ၁

### သင်ကြားခြင်း၊ လေ့ကျင့်ခြင်း

❖ ယခုစာသင်ချိန်တွင် ပတ္တမြားရွှေဂူကဗျာ၏ ဆိုလိုရင်းကို စကားပြေပြန်တတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ ဆရာက ကျောင်းသားများအား လေ့လာရမည့်ပုံစံကိုနမူနာပြပြီး သင်ကြားပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို ရွတ်ပါစေ။

"ပြစ်မရှိပြစ်ရှာ၊ လမင်းကိုခွေးဟောင်လို့ ရွှေလရောင် ပြောင်မပျက်တယ် ထွန်းလျက်ပင်သာ"

❖ ကျောင်းသားများကို မေးခွန်းမေးနည်းပုံစံဖြင့် လည်းကောင်း၊ ဟောပြောဆွေးနွေးသည့် ပုံစံဖြင့် လည်းကောင်း ကဗျာစာသားကို စကားပြေပြန်ဆိုပြပါ။

❖ အောက်ပါကဗျာစာသားကို ရွတ်ပါစေ။

"မြရွှေဂူပတ္တမြားကိုလ ဝက်များကပြူးစူးစွာ ညွှန်လူးကာတိုက်နဲ့"

"ပွတ်လေလေ ဂူရွှေမှာ အရောင်ထွက်တယ် ရှေးကထက်ကဲ"

❖ ကျောင်းသားအားလုံးကို မှတ်စုစာအုပ်ထဲတွင် စကားပြေပြန်ဆိုကြပါစေ။

❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်သောနည်းဖြင့် အဖြေကူရှာပါ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

### လုပ်ငန်းစဉ် ၂

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို ဖြေပါစေ။

❖ အဖြေ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

❖ ကဗျာကိုဖတ်ပြီး ဘယ်လိုခံစားရသလဲ။

❖ ကဗျာကိုဖတ်ပြီး ဘယ်လိုသင်ခန်းစာတွေရရှိသလဲ။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

**စာအညွှန်း**

၁။ ညောင်ကန်ဆရာတော်။ (မ-၁၃၂၅)။ ငါးရာ့ငါးဆယ်။ ရန်ကုန်၊ ဝင်းညီနောင်စာပေ။

၂။ မန်လည်ဆရာတော်။ (၁၉၆၂)။ အဘိုးတန်မန်လည်ကဗျာများ။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်စာပေ။

၃။ မန်လည်ဆရာတော်။ (၁၉၇၉)။ ကဗျာပေါင်းချုပ်ကြီး။ ရန်ကုန်၊ မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့။

DBE BOX - Copyright Protected

## လှိုင်းကလေးသင်

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – လှိုင်းကလေးသင် |
| ရည်ရွယ်ချက် | – မည်သည့်နေရာ မည်သည့်ဒေသရောက်စေကာမူ သူတစ်ပါးအကျိုးကို ဆောင်ရွက်တတ်သော စိတ်ဓာတ်ရှိစေရန်၊ သူတစ်ပါးအားကူညီစောင့်ရှောက်ခြင်း၊ ကယ်ဆယ်ခြင်းသည် လေးစားဖွယ်ဂုဏ်ရည်ဖြစ်ကြောင်းသိရှိစေရန်၊ လေးချိုးကဗျာကို ရွတ်ဆိုတတ်စေရန် |
| သင်ယူမှုရလဒ် | – မည်သည့်နေရာမည်သည့်ဒေသရောက်စေကာမူ သူတစ်ပါးအကျိုးကို ဆောင်ရွက်တတ်သော စိတ်ဓာတ်ရှိလာမည်။ သူတစ်ပါးအားကူညီစောင့်ရှောက်ခြင်း၊ ကယ်ဆယ်ခြင်းသည် လေးစားဖွယ်ဂုဏ်ရည်ဖြစ်ကြောင်း သိရှိလာမည်။ လေးချိုးကဗျာကို ရွတ်ဆိုတတ်လာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | – ပင်လယ်ကမ်းခြေတွင် စင်ရော်ငှက်ကလေးများ လှိုင်းစီးနေသည့် ရုပ်ပုံကားချပ်၊ ကဗျာစာသားများကို ရေးမှတ်ထားသည့် မဲလိပ်များ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

DBE BOX - Copyright Protected

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင်လှိုင်းကလေးသင်ကဗျာကိုသင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ လှိုင်းကလေးသင်ကဗျာကို ကိုလိုနီခေတ်တွင် ဆရာဇော်ဂျီရေးဖွဲ့ခဲ့ကြောင်းရှင်းပါ။

❖ ဆရာဇော်ဂျီ၏အတ္ထုပ္ပတ္တိကို မိတ်ဆက်ပါ။

❖ လေးချိုးအကြောင်း ဆရာကရှင်းပါ။

❖ ကဗျာကိုအစအဆုံး အသံနေအသံထားမှန်မှန်ဖြင့် ဆရာကရွတ်ဆိုပြပါ။

❖ ကဗျာကိုရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှလိုက်၍ ဆရာကရွတ်ဆိုပါစေ။

❖ ကျောင်းသားများကိုအုပ်စုဖွဲ့ပေးပြီး အုပ်စုလိုက်ကဗျာကို ဆရာကရွတ်ဆိုပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ လှိုင်းကလေးသင်ကဗျာပါအကြောင်းအရာများကို ဆရာကရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင်စာဆို၏ရည်ရွယ်ချက်ကိုပေါ်လွင်အောင်ရှင်းပါ။

❖ လှိုင်းကလေး၏ သွားလာလှုပ်ရှားပုံနှင့် လှိုင်းကလေး၏ရည်ရွယ်ချက်ကို ထင်ရှားပေါ်လွင်အောင် ရှင်းပါ။

❖ ကျယ်ပြောသောပင်လယ်စခန်းဆီမှ လှိုင်းကလေးသည်ကမ်းသောင်ယံရှိ စေတီဦးကိုဖူးမြော်ရန် ရောက်ရှိလာပုံကိုရှင်းပါ။

❖ တစ်ဖန်ကမ်းသောင်ယံမှနေ၍ပင်လယ်စခန်းဆီပြန်းကြွမည့်ပုံကိုရှင်းပါ။

❖ မုန်တိုင်းမိထားသောစင်ရော်ငှက်ကလေးများကို ဖောင်သဖွယ်ကျောပေါ်တင်ပြီး ကူညီတတ်သော လှိုင်းကလေးစိတ်ဓာတ်ကို ပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက်ဆရာကကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။

❖ အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ ကဗျာ၌ပါရှိသောအချက်များကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက်ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့် အချက်များကို ဆရာက အမှား၊ အမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက် အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) ဒီကဗျာကိုဖတ်ပြီးသင်ဘယ်လို အတွေးအမြင်တွေရသလဲ။

(၂) လှိုင်းကလေးလို သင်ဖြစ်ချင်ပါသလား။ ဘာကြောင့်လဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂)၊ (၄) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် ဆရာဇော်ဂျီ၏စကားအသုံးအနှုန်းကို လေ့လာတတ်ရန်သင်ကြား ပေးမည်ဖြစ်ကြောင်းနိဒါန်းပျိုးပါ။

❖ စကားလုံးအသုံးအနှုန်းကို လေ့လာရာတွင် ထူးခြားသည့်အသုံးများကို လေ့လာကြည့်ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို ရွတ်ပါစေ။

"သည်ကမ်းယံ စေတီဦးဆီသို့ ဖူးမြော်ရန် ရောက်လာရင်းပေလော့၊ ဘော အိုအချင်း လှိုင်းကလေးသင်။ ကမ်းရောက်ပြန်တော့ . . ၊ တဖြောက်မြည်သံကျူ၍ နဂိုမူ စွန့်ကာပစ်ပါလို့ မူသစ်တစ်ဆင်ခြယ်၍၊ ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီသို့ မြန်းကြွမည့်သွင်"

❖ အထက်ပါစာပိုဒ်မှ ထူးခြားသည့် စကားအသုံးအနှုန်းများကို မျဉ်းသားပြပါ။

❖ ထိုစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို ခက်ဆစ်အဖွင့်တွင် ဖတ်ပါစေ။

❖ ခက်ဆစ်အဖွင့်၌မပါသည့် စကားလုံးများကို ဆရာကရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ကျောင်းသားများအား ကဗျာကို အသံတိတ်ဖတ်စေ၍ ထူးခြားသည့် စကားအသုံးအနှုန်းများကို ရွေးထုတ်ပါစေ။

❖ ထိုစကားလုံးများ၏ အနက်အဓိပ္ပာယ်ကို ဆရာကရှင်းပါ။

❖ ကျောင်းသားများအား ကဗျာတစ်ပုဒ်လုံးတွင် စာဆိုထပ်ကာထပ်ကာသုံးထားသည့် အသုံးများကို ရှာပါစေ။

❖ "သင်" ဟူသည့်အသုံးတို့ကို စာဆိုက ကဗျာတစ်ပုဒ်လုံးတွင် ထပ်ကာ ထပ်ကာ သုံးသွားကြောင်း၊ အဘယ်ကြောင့် ထိုသို့သုံးသည်ဟုထင်သနည်း ဟူသည့်မေးခွန်းကိုမေးပါ။



DBE BOX - Copyright Protected

❖ ကျောင်းသားများကိုယ်တိုင် ဖြေဆိုပါစေ။

❖ ထို့နောက် ကဗျာ၌ "သင်"ဟူသည့် စကားလုံးမှာ ကဗျာဖတ်သူကို ရည်ညွှန်းသည့် စကားလုံးဖြစ်ကြောင်း၊ စာဆိုက ကဗျာဖတ်သူကို တိုက်ရိုက်ပြောပြနေဟန်ပေါ်လွင်စေသောကြောင့် ထိုစကားလုံးကို ထပ်ကာထပ်ကာ သုံးထားခြင်းဖြစ်ကြောင်းရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ လှိုင်းကလေးသင်ကဗျာရဲ့ အရေးအသားကိုပြောပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ကဗျာဆိုလိုရင်းကို အဓိပ္ပာယ်ပြန်တတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း ပြောပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို ရွတ်ပါစေ။

"ဘယ်ဒေသဆီက . . သင်ကြွကာ သည်ကိုလာ၍ ဘယ်နေရာ ဘယ်ကမ်းဆီသို့ မြန်းမယ်လို့ သင်ဟန်ပြင်၊ ကြံချင်ဘူး သည်အရေး"

❖ ကျောင်းသားများအား မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း ထိုကဗျာစာသား၏ဆိုလိုရင်းကို ဖော်ထုတ်ပါ။

❖ ကျောင်းသားများကို အသင့်ပြုလုပ်ထားသည့် မဲလိပ်များအား နှိုက်ပါစေ။

❖ မိမိကျရာ မဲလိပ်မှ ကဗျာစာသား၏ ဆိုလိုရင်းကို ဖွင့်ဆိုပါစေ။

❖ ထိုသို့ဖွင့်ဆိုရာတွင် ခက်ဆစ်အဖွင့်၊ အဘိဓာန်တို့၏ အကူအညီကို ယူပါစေ။

❖ ကျောင်းသားများ နားမလည်သည့်စကားလုံး၏အနက်ကို ဆရာကရှင်းပါ။

❖ ကျောင်းသားများဖြေဆိုနေစဉ်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အကူအညီလိုသည့် ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

❖ ကျောင်းသားများဖြေနေစဉ်အတွင်း ဆရာက လိုက်လံအကဲဖြတ်ပါ။

❖ အခက်အခဲရှိသည့် ကျောင်းသားများကို ဆရာက ဆွေးနွေးအဖြေရှာသောနည်းဖြင့် အဖြေရှာပါ။

❖ အဖြေ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။

**စာအညွှန်း**

၁။ ထီလာစစ်သူ။ (၂၀၀၃)။ အမျိုးသားစာဆိုတော်ကြီး ဆရာဇော်ဂျီ၏ကဗျာစာတမ်း။ ရန်ကုန်၊ မြန်မာရွှေပြည်စာပေ။

၂။ ဟုန်ဝမ်၊ **မောင်** (ကထိက)။ (၂၀၁၇)။ ဇော်ဂျီနှင့်ကဗျာ။ ရန်ကုန်၊ ဓူဝံစာပေ။

DBE BOX - Copyright Protected

# သပြေညို

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – သပြေညို |
| ရည်ရွယ်ချက် | – ဝံသာနုစိတ်ဓာတ်ဖြင့် တိုင်းသူပြည်သားတိုင်း မလျှော့သော ဇွဲလုံ့လနှင့် ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရှိစေရန် |
| သင်ယူမှုရလဒ် | – ဝံသာနုစိတ်ဓာတ်ဖြင့် တိုင်းသူပြည်သားတိုင်း မလျှော့သော ဇွဲလုံ့လနှင့် ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေး အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရှိလာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ ဖွင့်ဆိုရှင်းပြနည်း၊ အမေးအဖြေနည်း၊ ခြုံယူဆင်ခြင်နည်း |
| သင်ထောက်ကူပစ္စည်း | – သပြေပန်းပုံ ပန်းချီကား၊ လွတ်လပ်ရေးအောင်ပွဲကျင်းပနေပုံ ပန်းချီကား၊ စကားလုံးကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင်လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် သပြေညိုကဗျာကိုသင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- သပြေညိုကဗျာကို ကိုလိုနီခေတ်တွင် ဆရာကြီးမင်းသုဝဏ်ရေးဖွဲ့ခဲ့ကြောင်း၊ သပြေညိုကဗျာ ရေးဖွဲ့ပြီး ဆယ်နှစ်တိတိပြည့်သောနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ကြောင်းကို မိတ်ဆက်ပါ။
- ဆရာက ဆရာကြီးမင်းသုဝဏ်၏အတ္ထုပ္ပတ္တိကိုရှင်းပါ။
- လေးချိုးကဗျာအကြောင်းရှင်းပါ။
- ကဗျာကိုအစအဆုံး အသံနေအသံထားမှန်မှန်၊ အားမာန်ပါပါ ဆရာကရွတ်ဆိုပြပါ။

DBE BOX - Copyright Protected

❖ ကဗျာကို ဆရာကရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှလိုက်ပြီး ရွတ်ဆိုပါစေ။

❖ ကျောင်းသားများကိုအုပ်စုဖွဲ့ပေးပြီး အုပ်စုလိုက်ကဗျာကို ရွတ်ဆိုပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ သပြေညိုကဗျာပါအကြောင်းအရာများကို ဆရာကဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာတွင် သပြေညိုကဗျာ၏ရည်ရွယ်ချက်နှင့် လွတ်လပ်ရေးတိုက်ပွဲဝင်သူများအတွက် အားမာန်ဖြစ်စေသည့်အချက်တို့ကိုထင်ရှား ပေါ်လွင်အောင်ရှင်းပါ။

❖ ထိုသို့ ရှင်းပြရာတွင် သပြေညိုရွှေဘိုပန်း ဟူသည်မှာ လူတိုင်းလူတိုင်းတွင် ရှိနေရသည့် ဝံသာနု စိတ်ဓာတ်ကို သင်္ကေတပြုထားခြင်းဖြစ်ကြောင်း ပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက်ဆရာကကျောင်းသားများကို အုပ်စုဖွဲ့ပါ။

❖ အုပ်စုတွင်းအချင်းချင်းဆွေးနွေးစေ၍ကဗျာ၌ပါရှိသောအချက်များကိုထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့်အချက်များကို ဆရာက အမှားအမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များ နားလည်သဘောပေါက် အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) သပြေပန်းကို ဘယ်လိုပန်းလို့ မြန်မာတွေကသတ်မှတ်သလဲ။

(၂) ဒီကဗျာဟာ မြန်မာတို့စိတ်ကိုဘယ်လိုဖြစ်လာစေဖို့အတွက် ရေးဖွဲ့ထားသလဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် သပြေညိုကဗျာပေါ်ပေါက်လာသည့် နောက်ခံအကြောင်းအချက်များကို ရှင်းပြမည် ဖြစ်ကြောင်းပြောပါ။

DEEBOX - Copyright Protected

❖ ၁၉၃၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်၌ အရှေ့တိုင်း အာဖရိကဘာသာရပ်များ လေ့လာရေးကျောင်းတွင် ဘာသာစကားနှင့် အထွေထွေဘာသာဗေဒကို သင်ယူနေစဉ်၊ ခရစ်စမတ်ကျောင်းပိတ်၍ ဝေလပြည်မြောက်ပိုင်း ဟာဒင်ရွာရှိ စိန့်ဒိုင်းနီးရဲ စာကြည့်တိုက်၌ စာကြည့်နေခိုက် ဖွဲ့ဆိုခဲ့သည့် ကဗျာဖြစ်ကြောင်းရှင်းပါ။

❖ မင်းသုဝဏ်သည် တိုင်းတစ်ပါးသို့ရောက်နေသော်လည်း မိမိတိုင်းပြည်နှင့် လူမျိုးကိုမမေ့ကြောင်း၊ မိမိတိုင်းပြည်၌ဖြစ်ပွားနေသော အရေးအခင်းများကို မျက်ခြည်မပြတ်သတိထားကြောင်းရှင်းပါ။

❖ ၁၉၃၇ ခုနှစ် မတ်လတွင် တို့ဗမာအစည်းအရုံး၏ တတိယအကြိမ်မြောက် သခင်ညီလာခံ ကျင်းပကြောင်းသတင်းနှင့် မြန်မာတစ်မျိုးသားလုံး ဝံသာနုစိတ်ဓာတ်များ နိုးကြားတက်ကြွနေကြကြောင်းသတင်းကို ကြားသိရသည့်အခါ စာဆိုသည် အလွန်ဝမ်းမြောက်မိကြောင်းရှင်းပါ။

❖ ဤသို့ လူတန်းစားအသီးသီးက ကိုယ်ကျိုးမငဲ့ဘဲ တစ်စိတ်တစ်ဝမ်းတည်း လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျှင် မကြာမီပင်လွတ်လပ်ရေးရရှိတော့မည်ဟု စာဆိုက တထစ်ချယုံကြည်မိကြောင်းရှင်းပါ။

❖ ထို့ကြောင့် အမျိုးသားဝံသာနုစိတ်၊ လွတ်လပ်ရေးစိတ်ကို လှုံ့ဆော်ပေးသည့် သပြေညိုကဗျာကို ရေးဖွဲ့ခဲ့ကြောင်းရှင်းပါ။

❖ သပြေညိုကဗျာ၌ ပြည်သူလူထု၏ စည်းရုံးတက်ကြွမှု၊ ပြည်သူလူထု၏ ဖွဲ့လုံ့လ၊ ပြည်သူလူထု၏ တိုက်ပွဲ၊ ပြည်သူလူထု၏အင်အားကို အကြွင်းမဲ့ယုံကြည်သော မင်းသုဝဏ်၏ ယုံကြည်ချက်ကို တွေ့ရကြောင်း၊ မိမိယုံကြည်ချက်အတိုင်းပင် လွတ်လပ်ရေးတိုက်ပွဲဝင်ကြသော ပြည်သူလူထုဘက်က တစ်သမတ်တည်း ရပ်တည်ခဲ့ကြောင်းကိုလည်းရှင်းပါ။

❖ ဆရာက ထိုအချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

❖ ကျောင်းသားများအား သင်ပုန်းပေါ်မှအချက်များကို မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

❖ ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့ပါ။ အဖွဲ့ ၁ ဖွဲ့ကို လေ့ကျင့်ခန်းမေးခွန်း (၄)၊ ကျန်အဖွဲ့ကို လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

❖ အုပ်စုတွင်း အချင်းချင်း ဆွေးနွေးအဖြေရှာပါစေ။

❖ ကျောင်းသားများဖြေဆိုနေစဉ် ဆရာက လိုက်လံအကဲခတ်ပါ။

DBE BOX - Copyright Protected

❖ ဖြေဆိုရန်ခက်ခဲနေသည့်အဖွဲ့ကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အဖြေများကို အဖွဲ့ချင်း အပြန်အလှန် အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ကဗျာ၏ဆိုလိုရင်းအဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ အောက်ပါကဗျာစာပိုဒ်ကို သင်ပုန်းပေါ်တွင် ချရေးပါ။

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့ပြေ(ပြည်)မှာ တို့မေ ကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။

❖ ခက်ဆစ်အဖွင့်၏ အကူအညီကိုယူ၍ ကဗျာစာသား၏ ဆိုလိုရင်းကိုဖွင့်ဆိုပြပါ။

❖ ကျန်ကဗျာစာသားကို ကျောင်းသားများအားဖြေဆိုပါစေ။

❖ ကျောင်းသားများဖြေဆိုနေစဉ်ဆရာက လိုက်လံအကဲခတ်ပါ။

❖ ဖြေဆိုရန် အခက်အခဲရှိသည့်ကျောင်းသားများကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

**လုပ်ငန်းစဉ် ၂**

❖ အောက်ပါကဗျာစာပိုဒ်ကို ရွတ်ဆိုပါစေ။

ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ



DBE BOX_Copyright Protected

ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။

❖ ကျောင်းသားများနှင့် မေးခွန်းမေးနည်းပုံစံဖြင့်လည်းကောင်း၊ ဟောပြောဆွေးနွေးသည့်ပုံစံဖြင့်လည်းကောင်း အလင်္ကာ၊ ရသများ၊ သရုပ်ဖော်အဖွဲ့များကို ဖော်ထုတ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကဗျာကိုဖတ်ပြီးသင့်စိတ်ထဲမှာ ဘယ်လိုဖြစ်ပေါ်လာသလဲ။

❖ 'လာတော့မကွဲရွှေပဟိုရ် လေချိုကအသွေး' ဆိုတဲ့ အဓိပ္ပာယ်ကိုရှင်းပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို ဖြေပါစေ။

**စာအညွှန်း**

၁။ ထီလာစစ်သူ။ (၁၉၉၃)။ နှစ်ဆယ်ရာစုမြန်မာစာဆိုမြန်မာကဗျာ။ ရန်ကုန်၊ ဘာရတီစာပေ။

၂။ ဝင်းမွန်၊ (တက္ကသိုလ်-)။ ( ၁၉၇၄)။ ခေတ်သစ်ကဗျာမိတ်ဖွဲ့ (ဒု-ကြိမ်)။ ရန်ကုန်၊ ပညာကြေးမုံစာပေ။

DBE BOX - Copyright Protected

## အလွမ်းပြေစာတစ်စောင်

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | အလွမ်းပြေစာတစ်စောင် |
| ရည်ရွယ်ချက် | – | မိခင်တစ်ယောက်၏ စေတနာနှင့်မေတ္တာတရားကိုသိရှိစေရန်၊ လေးချိုးကဗျာကို ရွတ်ဖတ်တတ်စေရန် |
| သင်ယူမှုရလဒ် | – | မိခင်တစ်ယောက်၏ စေတနာနှင့်မေတ္တာတရားကို သိရှိလာမည်။ လေးချိုးကဗျာကို ရွတ်ဖတ်တတ်လာမည်။ |
| သင်ကြားနည်း | – | ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း၊ လက်တွေ့သရုပ်ဆောင်သင်ကြားနည်း |
| သင်ထောက်ကူပစ္စည်း | – | စကားလုံးကတ်ပြား |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ယခုစာသင်ချိန်တွင် အလွမ်းပြေစာတစ်စောင်ကဗျာကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ဆရာက ဆရာတင်မိုး၏ အတ္ထုပ္ပတ္တိကိုရှင်းပါ။
- လေးချိုးကဗျာအကြောင်းရှင်းပါ။
- ကဗျာကိုအစအဆုံး အသံနေအသံထားမှန်မှန်ဖြင့် ဆရာက ရွတ်ဆိုပြပါ။
- ဆရာက ကဗျာကိုရွတ်ဆိုပြပြီး ကျောင်းသားများကို နောက်မှလိုက်ပြီး ရွတ်ဆိုပါစေ။
- ဆရာက ကျောင်းသားများကိုအုပ်စုဖွဲ့ပေးပြီး ကဗျာကို အုပ်စုလိုက်ရွတ်ဆိုပါစေ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

- ဆရာက "အလွမ်းပြေစာတစ်စောင်"ကဗျာပါအကြောင်းအရာများကို ဖွင့်ဆိုရှင်းပါ။

❖ ထိုသို့ရှင်းပြရာ၌ အမေ၏မေတ္တာကို ထင်ရှားပေါ်လွင်အောင်ရှင်းပါ။

❖ ထို့နောက် ဆရာက ကျောင်းသားများကို အုပ်စုငယ်များဖွဲ့ပါ။

❖ အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ ကဗျာ၌ပါရှိသည့် အမေ၏အကြောင်းများကို ထုတ်နုတ်ပါစေ။

❖ အုပ်စုတစ်စု၏အဖြေကို ကျန်အုပ်စုက အကဲဖြတ်ပါစေ။

❖ ထို့နောက် ကျောင်းသားများအုပ်စုလိုက်ထုတ်နုတ်ထားသည့် အချက်များကို ဆရာက အမှား၊ အမှန် စစ်ဆေးပေးပြီး လိုအပ်သည့်အချက်များကို ဖြည့်စွက်ပေး၍ တပည့်များနားလည်သဘောပေါက်အောင်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အမေ့လက်ရေးက ဘယ်လိုလက်ရေးမျိုးဖြစ်သလဲ။

(၂) အမေ့စာမှာ ဘယ်လိုအချက်တွေကို တွေ့ရသလဲ။

(၃) အမေရဲ့ စာရေးပုံကို သရုပ်ဖော်ပြပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို ဖြေပါစေ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ကဗျာမှပေးသည့် ခံစားချက်များကို ခံစားကြည့်ကြမည်ဖြစ်ကြောင်းပြောပါ။

❖ ကဗျာကို လွမ်းမောဖွယ်ဖြစ်အောင် ဆရာက သီဆိုပြပါ။

❖ "ကဗျာနားထောင်ရတာ ဘယ်လိုခံစားရလဲ၊ ဘာကြောင့်လဲ"ဟူသည့် မေးခွန်းကိုမေးပါ။

❖ ကျောင်းသားများ၏အဖြေကို ဆရာက မှတ်သားပါ။

❖ ကဗျာအကြောင်းအရာကို ရသပေါ်အောင် ဆရာက ထပ်မံရှင်းပါ။

❖ ကျောင်းသားများကို မည်သို့ခံစားရသနည်း ဟူသည့်မေးခွန်းကို မေးပါ။

❖ မည်သည့်အချက်များကြောင့် ခံစားရသနည်း ဟူသည့်မေးခွန်းကိုမေးပါ။

❖ ကျောင်းသားများပြောကြားသည့် ခံစားချက်များကို ရသအမည် သတ်မှတ်ပေးပါ။

❖ ရသဟူသည်မှာ မိမိ၏ စိတ်ခံစားချက်ကို ဖော်ထုတ်ပြခြင်းပင်ဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ အောက်ပါကဗျာစာသားများကို သင်ပုန်းပေါ်တွင် ချရေးပါ။

အလွမ်းပြေ အမေရှေးတဲ့
ကောက်ကွေးကွေး အက္ခရာ။
ခဲတံကို တံတွေးဆွတ်လို့
ဖျက်ပွတ်ရာ အစုံစုံနဲ့
စာသတ်ပုံ မမှန်ကန်လဲ
အမေ့ညဏ် ဘယ်လိုကောင်းပါလိမ့်
ပျောင်းညွတ်သည့်စာ။

❖ မည်သို့ ခံစားရကြောင်း၊ မည်သည့်ရသမြောက်ကြောင်း မှတ်စုစာအုပ်တွင် ဖြေပါစေ။

❖ အဖြေ မှန်၊ မမှန် ဆရာက စစ်ဆေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အမေရဲ့ စေတနာမေတ္တာနဲ့ အမေ့လက်ရေးဟာ တိုက်ရိုက်သက်ဆိုင်နေသလား။

(၂) အမေ့လက်ရေးကိုကြည့်ပြီး အမေ့စေတနာကို ခန့်မှန်းနိုင်သလား။ ဘာကြောင့်လဲ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄) ကို ဖြေပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**သင်ကြားခြင်း**

❖ "အမေ့ဆီက အလွမ်းပြေ စာတစ်စောင်ရဖူးပါသလား"ဟု မေးပါ။

❖ ရဖူးသည်ဆိုလျှင် မည်သို့ခံစားရသလဲဟူသည့်မေးခွန်းကို မေးပါ။



DBE BOX - Copyright Protected

❖ မိမိကရော “အမေ့ဆီကို အလွမ်းပြေစာတစ်စောင် ရေးဖူးပါသလား” ဟု မေးပါ။

❖ မရေးဖူးလျှင် ယခုစာသင်ချိန်၌ လက်တွေ့ရေးသားကြည့်မည်ဖြစ်ကြောင်းပြောပါ။

❖ သူငယ်ချင်းအချင်းချင်း အလွမ်းပြေစာတစ်စောင်စီရေးပါစေ။

❖ မိမိရေးသည့် အလွမ်းပြေစာကို ဖတ်ပါစေ။

❖ မည်သည့် ခံစားချက်မျိုးကို ခံစားရသလဲ ဟူသည့်မေးခွန်းကိုမေးပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ဆရာက အလွမ်းပြေ ပေးစာတစ်စောင်ကို အသံနေအသံထားမှန်မှန်၊ အဖြတ်အရပ်မှန်မှန် နမူနာဖတ်ပြပါ။

❖ ဆရာက ဖတ်နေစဉ် ကျောင်းသားများကပါ ဂရုတစိုက် နားထောင်ပါစေ။

❖ မည်သို့ ခံစားရကြောင်းကို အုပ်စုတွင်းအချင်းချင်း ပြောဆိုဆွေးနွေးပါစေ။

❖ တစ်အုပ်စု၏အဖြေကို တစ်အုပ်စုမှ အကဲဖြတ်ပါစေ။

❖ လိုအပ်လျှင် ဆရာက ဝင်ရောက်ရှင်းလင်း လမ်းညွှန်ပါ။

**လေ့ကျင့်ရန်မေးခွန်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅) ကို ဖြေပါစေ။

**စာအညွှန်း**

၁။ တင်မိုး။ (၂၀၁၃)။ ကဗျာပေါင်းချုပ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

၂။ ထီလာစစ်သူ။ (၁၉၉၃)။ နှစ်ဆယ်ရာစု မြန်မာစာဆိုမြန်မာကဗျာ။ ရန်ကုန်၊ ဘာရတီစာပေ။

DBE BOX - Copyright Protected

## အခန်း – ၁။ စာအရေးအသားအခြေခံလမ်းညွှန်

## သဒ္ဒါအသုံးအနှုန်းမှန်ကန်ခြင်း

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – သဒ္ဒါအသုံးအနှုန်းမှန်ကန်ခြင်း |
| ရည်ရွယ်ချက် | – စာပေရေးသားရာတွင်သဒ္ဒါအသုံးအနှုန်းမှန်ကန်စွာ သုံးနှုန်းတတ်စေရန် |
| သင်ယူမှုရလဒ် | – စာပေရေးသားရာတွင်သဒ္ဒါအသုံးအနှုန်းမှန်ကန်စွာ သုံးနှုန်းတတ်လာမည်။ |
| သင်ကြားနည်း | – ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း |
| သင်ထောက်ကူပစ္စည်း | – သဒ္ဒါအသုံးအနှုန်းများကို ရေးမှတ်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၄ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၅ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

- စာပေရေးသားရာတွင် စနစ်တကျရေးသားရမည်ဖြစ်ကြောင်း၊ သဒ္ဒါအသုံးအနှုန်းမှန်ကန်အောင် သုံးနှုန်းတတ်မည်ဆိုလျှင် စာအရေးအသားကို စနစ်တကျရေးသားတတ်မည်ဖြစ်ကြောင်း၊ ယခုစာသင်ချိန်တွင် သဒ္ဒါအသုံးအနှုန်းများကို မှန်မှန်ကန်ကန်သုံးတတ်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- အများအားဖြင့် မှားသုံးမိတတ်သည့် သဒ္ဒါစကားလုံးတို့မှာ "မှ နှင့် က"၊ "ကို နှင့် အား"၊ "အနက် နှင့် တွင်"၊ "သည် နှင့် မှာ"၊ "နည်းတူ နှင့် ကဲ့သို့"၊ "စသော နှင့် ဟူသော"၊ "မျှ နှင့် မဆို"၊ "၏၊ လျက်၊ ကာ"၊ "တို့၊ များ၊ တွေ"၊ "ဖြစ်စေ . . ဖြစ်စေ၊ သော်လည်းကောင်း . . သော်လည်းကောင်း၊ . . သော်လည်းကောင်း၊ သို့မဟုတ်" စသည့် အသုံးအနှုန်းများဖြစ်ကြောင်းရှင်းပါ။
- ယခုစာသင်ချိန်တွင် "မှ နှင့် က" အသုံးများကို ရှင်းပြမည်ဖြစ်ကြောင်းပြောပါ။
- "မှ နှင့် က"သည် ထွက်ခွာရာကိုဖော်ပြသည့် ထွက်ခွာရာပြနောက်ဆက်များဖြစ်ကြောင်း သာဓကနှင့်တကွရှင်းပါ။

DBE BOX - Copyright Protected

**သာဓက–**

- ♦ ဈေးမှလာသည်။ (အရေး)
- ♦ ဈေးကလာတယ်။ (အပြော)
- ♦ ဈေးကလာသည်။ (အရေး)

ဟု အသုံးပြုကာရေးသားလေ့ရှိကြောင်း ရှင်းပြပေးပါ။ မြန်မာစကားတွင် အပြောစကားနှင့် အရေးစကားရှိရာ "မှ"ကို အရေးတွင်သာသုံး၍ "က"ကို အရေးရော၊ အပြောမှာပါသုံးကြောင်း ရှင်းပြပေးပါ။

❖ ထို့ပြင် "က"သည် "ပြုသူ၊ ဖြစ်သူ၊ ရှိသူ"ကို ဖော်ပြနေသည့် ကတ္တားနောက်ဆက်လည်းဖြစ်ကြောင်း သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

- ♦ သူက အိုးပိုင်အိမ်ပိုင်ရှိတယ်။ (ရှိသူ)
- ♦ မောင်မောင်က ဆရာဝန်တစ်ယောက်ပေါ့။ (ဖြစ်သူ)
- ♦ သူ က ရှေးဟောင်းစာအုပ်တွေကို ရောင်းတယ်။ (ပြုသူ)

❖ ထို့နောက် (သင်ပုန်းပေါ်တွင်ရေး၍ သို့မဟုတ် အသင့်ပြုလုပ်ထားသည့် စာကတ်အကူအညီဖြင့်) အောက်ပါဝါကျများထဲမှ အသုံးမှန်ကို ရွေးပါစေ။

(က) မမက ကျွန်တော့်ကို စာကူလုပ်ပေးတယ်။

(ခ) ဆရာကြီးမှ အိမ်စာလုပ်ခဲ့ရန် မှာကြားလိုက်သည်။

(ဂ) မေမေမှ ကျွန်တော့်ကို မုန့်ဖိုးပေးလိုက်တယ်။

♦ အဖြေမှန် (က)

DBE BOX- Copyright Protected

## လုပ်ငန်းစဉ် ၂

## လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

အဖြေမှန်- ၃။ (၁) က၊ (၂) က၊ (၃) က၊ (၄) မှ၊ (၅) မှ

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## လုပ်ငန်းစဉ် ၃
## နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ယခုစာသင်ချိန်တွင် ထပ်မံ၍ "ကို နှင့် အား" သဒ္ဒါအသုံးအနှုန်းမှန်ကန်အောင် သုံးတတ်စေရန် သင်ကြား ပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "ကို နှင့် အား" တွင် "ကို" သည် ကံနောက်ဆက်ဖြစ်၍ အပြုခံရသူ၊ အပြုခံရသည့်အရာကို ဖော်ပြရာ၌ သုံးကြောင်းကို သာဓကများနှင့်တကွ ရှင်းပါ။

**သာဓက–**

- ♦ မောင်မောင့်ကို မဆူပါနဲ့။ (အပြုခံရသူ)
- ♦ ခဲတံကို ချွန်ထားပါ။ (အပြုခံရသည့်အရာ)

❖ 'အား' သည် လက်ခံပြနောက်ဆက်ဖြစ်၍ လက်ခံသူကိုဖော်ပြရာ၌ သုံးရကြောင်း၊ ပေးခြင်းခံ ရသူ သို့မဟုတ် လက်ခံရရှိသူ၏နောက်တွင် လက်ခံပြနောက်ဆက် "အား" ကို အသုံးပြုရ ကြောင်း သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

- ♦ ဖြူဖြူက သီတာ့အား နှင်းဆီပန်းတစ်ပွင့် နေ့တိုင်းနေ့တိုင်း ပေးတတ်သည်။

ဟူသည့် ဝါကျတွင် သီတာသည် နှင်းဆီပန်းပေးခြင်းခံရသူ သို့မဟုတ် နှင်းဆီပန်းကို လက်ခံရရှိသူဖြစ် သဖြင့် သီတာ၏နောက်တွင် လက်ခံပြနောက်ဆက် "အား"ကို ရေးရမည်ဖြစ်ကြောင်းရှင်းပါ။

❖ ထို့နောက်အောက်ပါဝါကျများထဲမှ အသုံးမှန်သည့် ဝါကျကိုရွေးပါစေ။ အသုံးမှားသည့် ဝါကျ များကို အမှန်ပြင်ရေးပါစေ။

(က) ခွေးအား ရိုက်သည်။
(ခ) သူ့ကို လက်ဆောင်ပေးသည်။
(ဂ) လူနာများ ဓာတ်စာစားရန် ဆရာဝန်ကြီးကို အလှူငွေအား ပေးအပ်လှူဒါန်းခဲ့သည်။

♦ အဖြေမှန် (ခ)

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DREBOX - Copyright Protected

**လုပ်ငန်းစဉ် ၄**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

အဖြေမှန်- ၁။ (၁) ကို၊ အား (၂) ကို၊ (၃) အား၊ (၄) ကို၊ အား၊ (၅) ကို

၂။ (၁) မှား (မီးသတိပေးပို့စတာကြီးကို---)

(၂) မှန်

(၃) မှား (ဆရာဝန်သည် ဆေးကို လူနာအား ---)

(၄) မှန်

(၅) မှန်

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခု စာသင်ချိန်တွင် "အနက် နှင့် တွင်" အသုံးများကို သဒ္ဒါအထားအသိုမှန်ကန်အောင် သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "အနက် နှင့် တွင်" ဟူသည့် စကားလုံးများသည် အစုအပေါင်းမှ တစ်စိတ်တစ်ပိုင်းကို ခွဲထုတ်ပြသော စကားလုံးများဖြစ်သဖြင့် အစုအပေါင်းထဲမှ တစ်စိတ်တစ်ပိုင်းကို ခွဲထုတ်ပြလိုလျှင် "အနက်" သို့မဟုတ် "တွင်" တစ်ခုကိုသာ သုံးရမည်ဖြစ်ကြောင်းကို သာဓကများနှင့်တကွ ရှင်းပါ။

**သာဓက–**

♦ မောင်မောင်သည် ကျောင်းသားများတွင် အတော်ဆုံးဖြစ်သည်။

♦ မောင်မောင်သည် ကျောင်းသားများအနက် အတော်ဆုံးဖြစ်သည်။

## လုပ်ငန်းစဉ် ၂

## လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း

❖ ဆရာက အောက်ပါလေ့ကျင့်ခန်းများကို သင်ပုန်းပေါ်တွင်ရေးပါ။

❖ အမှား၊ အမှန် ရွေးပါစေ။ မှားနေသောဝါကျကို အမှန်ပြင်ပါစေ။

(က) ပန်းများအနက်တွင် စံပယ်ပန်းကို ကျွန်ုပ်မအကြိုက်ဆုံးဖြစ်သည်။

(ခ) မောင်နှမများအနက် မထွေးသည် အငယ်ဆုံးဖြစ်သည်။

(ဂ) ကျောင်းသားငါးဆယ်ရှိသည့်အနက်တွင် မောင်မောင်သည် အားကစားအထူးချွန်ဆုံးဖြစ်သည်။

(ဃ) အနံ့ပြင်းသောသစ်သီးများတွင် ဒူးရင်းသီးသည် အနံ့အပြင်းဆုံးဟု ကျွန်ုပ်ထင်မြင်မိပါသည်။

(င) မင်းသမီးများတွင် မည်သူ့ကို အကြိုက်ဆုံးဖြစ်သနည်း။

♦ အဖြေမှန်- (ခ၊ ဃ၊ င)

❖ အဖြေကို ကျောင်းသားအချင်းချင်း စာအုပ်လဲ၍ အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## လုပ်ငန်းစဉ် ၃

## နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း

❖ ယခု စာသင်ချိန်တွင် ထပ်မံ၍ "သည် နှင့် မှာ" အသုံးများကို သဒ္ဒါအထားအသိုမှန်ကန်အောင် သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "သည် နှင့် မှာ" သည် "ပြုသူ၊ ဖြစ်သူ၊ ရှိသူ"ဖြစ်ကြောင်းကို ဖော်ပြသည့် ကတ္တားနောက်ဆက်များ ဖြစ်ကြောင်းရှင်းပါ။

❖ "သည်" ကိုသုံးခြင်းသည် သာမန်ကတ္တားနောက်ဆက်အဖြစ်ဖော်ပြခြင်းဖြစ်၍ "မှာ" ကိုသုံးခြင်းမှာ ကွဲပြားခြားနားမှုကိုဖော်ပြလိုသောကြောင့်ဖြစ်ကြောင်း သာဓကများနှင့်တကွရှင်းပါ။

**သာဓက–**

♦ ကျွန်တော့်သူငယ်ချင်းများသည် လုပ်အားပေးနေကြသည်။ ကျွန်တော့်မှာ ကျန်းမာရေး ချို့တဲ့သောကြောင့် လုပ်အားမပေးနိုင်ပါ။

♦ တောင်သူဦးကြီးတို့သည် ထွန်ယက်စိုက်ပျိုးကြ၏။ အချို့မှာ သီးထပ်စိုက်ပျိုး၏။ အချို့မှာ သီးညှပ်စိုက်ပျိုး၏။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၄**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသားများကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ "သည် နှင့် မှာ "ပါသည့် ဝါကျဆယ်ကြောင်းရေးပါစေ။

❖ အုပ်စုအချင်းချင်းလဲလှယ်၍အဖြေကို အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခု စာသင်ချိန်တွင် "နည်းတူ နှင့် ကဲ့သို့" အသုံးများကို သဒ္ဒါအထားအသိုမှန်ကန်အောင် သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "နည်းတူ နှင့် ကဲ့သို့" ဟူသောအသုံးများကို တူညီသည့်အနက်ဖြင့်သုံးခြင်းဖြစ်ကြောင်းကို သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

◆ မောင်မောင် စားနိုင်သည်။

◆ ကျွန်တော် စားနိုင်သည်။

ထိုဝါကျ နှစ်ကြောင်းတွင် စားနိုင်သည် ဟူသည့် ကြိယာပုဒ်တို့မှာ အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ထိုကြိယာပုဒ်ကို တစ်ခါသာယူ၍ မတူညီသည့်ကတ္တားပုဒ်နှစ်ခုကို "နည်းတူ၊ ကဲ့သို့" နှင့်ဆက်၍

◆ မောင်မောင်နည်းတူ ကျွန်တော် စားနိုင်သည်။

◆ မောင်မောင်ကဲ့သို့ ကျွန်တော် စားနိုင်သည်။

ဟုရေးနိုင်ပါသည်။

❖ သတိပြုရမည့်အချက်မှာ "နည်းတူ နှင့် ကဲ့သို့" ဟူသည့် သဒ္ဒါစကားလုံးတို့ကို အငြင်းပြ စကားလုံး "မ"ပါသော ကြိယာနှင့်တွဲသုံးလျှင် ရှေ့ကတ္တားတွင် သက်ဆိုင်ရာကြိယာဖြည့်သုံးပါမှ အဓိပ္ပာယ် ရှင်းလင်းမည်ဖြစ်ကြောင်း သာဓကနှင့်တကွရှင်းပါ။

DBE BOX - Copyright Protected

**သာဓက–**

♦ မောင်မောင် မစားနိုင်သည့်နည်းတူ ကျွန်တော် မစားနိုင်ပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ အောက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးပါ။ "နည်းတူ နှင့် ကဲ့သို့" အသုံးများပါသည့် ဝါကျများတည်ဆောက်ပါစေ။

၁။ မမ လှသည်။ မြမြ လှသည်။

♦ အဖြေမှန်- မမ ကဲ့သို့ /နည်းတူ မြမြ လှသည်။

၂။ မေမေကို ချစ်သည်။ ဖေဖေကို ချစ်သည်။

♦ အဖြေမှန်- မေမေ ကဲ့သို့/ နည်းတူ ဖေဖေကို ချစ်သည်။

၃။ မောင်မောင် အားကစားလိုက်စားသည်။ ကျွန်တော်အားကစားလိုက်စားသည်။

♦ အဖြေမှန်- မောင်မောင် ကဲ့သို့ /နည်းတူ ကျွန်တော် အားကစားလိုက်စားသည်။

၄။ ရန်ကုန်မြို့ စည်ကားသည်။ မန္တလေးမြို့ စည်ကားသည်။

♦ အဖြေမှန်- ရန်ကုန်မြို့ ကဲ့သို့ / နည်းတူ မန္တလေးမြို့ စည်ကားသည်။

၅။ နှင်းဆီပန်း မွှေးသည်။ စံပယ်ပန်း မွှေးသည်။

♦ အဖြေမှန်- နှင်းဆီပန်း ကဲ့သို့ / နည်းတူ စံပယ်ပန်း မွှေးသည်။

❖ အောက်ပါဝါကျများကို သင်ပုန်းပေါ်တွင်ရေးပါ။ ဆန့်ကျင်ဘက်အနက်ရှိဝါကျများ တည်ဆောက်ပါစေ။

၁။ လိမ္မော်သီးချိုသည့်နည်းတူ စပျစ်သီးချိုသည်။

♦ အဖြေမှန်-လိမ္မော်သီးမချိုသည့်နည်းတူ စပျစ်သီး မချိုပါ။

၂။ မမကဲ့သို့ မောင်မောင် အပြေးမြန်သည်။

♦ အဖြေမှန်- မမ အပြေးမမြန်သကဲ့သို့ မောင်မောင် အပြေးမမြန်ပါ။

၃။ ဘိုးဘိုးစည်းကမ်းကြီးသည့်နည်းတူ ဘွားဘွားလည်း စည်းကမ်းကြီးသည်။

♦ အဖြေမှန်- ဘိုးဘိုး စည်းကမ်းမကြီးသည့်နည်းတူ ဘွားဘွားလည်း စည်းကမ်းမကြီးပါ။

၄။ မိုးမိုးအသံကောင်းသည့်နည်းတူ စိုးစိုးအသံကောင်းသည်။

DBE BOX - Copyright Protected

♦ အဖြေမှန်- မိုးမိုး အသံမကောင်းသည့်နည်းတူ စိုးစိုး အသံမကောင်းပါ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပေးပါ။

**လုပ်ငန်းစဉ် ၃**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခု စာသင်ချိန်တွင် ထပ်မံ၍ "စသော နှင့် ဟူသော" အသုံးများကို သဒ္ဒါအထားအသို မှန်ကန်အောင် သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါ။

❖ "စသော"ကို အချက်အလက်အားလုံးမဖော်ပြဘဲ အချို့ကိုသာဖော်ပြသည့်အခါတွင်သုံးကြောင်း သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

♦ ဆင်းရဲခြင်း၊ ချမ်းသာခြင်း စသော လောကဓံတရား ၈ ပါး

♦ ဘုရား၊ တရား စသော ရတနာသုံးပါး

❖ "ဟူသော"ကိုမူ အချက်အလက်အပြည့်အစုံကို ဖော်ပြသည့်အခါတွင်သုံးကြောင်း သာဓကနှင့် တကွရှင်းပါ။

**သာဓက–**

♦ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် ဟူသော မြန်မာ့တူရိယာ ၅ ပါး ရှိသည်။

♦ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါး

**လုပ်ငန်းစဉ် ၄**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၅)၊ (၆) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

အဖြေများ- ၅။ (၁) မှန်၊ (၂) မှန်၊ (၃) မှား၊ (၄) မှား၊ (၅) မှန်

၆။ (၁) ဟူသော၊ (၂) စသော၊ (၃) စသော၊ (၄) ဟူသော၊ (၅) ဟူသော

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၄

### လုပ်ငန်းစဉ် ၁
### နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ယခု စာသင်ချိန်တွင် " မျှ နှင့် မဆို" အသုံးများကို သဒ္ဒါအသုံးအနှုန်း မှန်ကန်အောင်သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "မည်သူ၊ မည်သည်" တို့၏နောက်တွင် "မျှ၊ မဆို" ကို သုံးနိုင်ကြောင်း၊ "မျှ" ကိုသုံးလျှင် ကြိယာ၏ရှေ့တွင် "မ"ဟူသည့် အငြင်းပြစကားလုံး ထည့်ပေးရမည်ဖြစ်ကြောင်းကို သာဓကနှင့် တကွရှင်းပါ။

သာဓက–

◆ မိသားစုထမင်းဝိုင်းတွင် လူကြီးမိဘများ မစားရသေးခင် မည်သူမျှ မစားရ။
ဟူသည့်ဝါကျတွင် "မည်သူ" ၏နောက်တွင် "မျှ" ဟူသည့် စကားလုံးကိုတွဲထားသဖြင့် ကြိယာ "စား" ၏ရှေ့တွင် "မ"ဟူသည့် အငြင်းပြစကားလုံးထည့်ပေးရကြောင်းရှင်းပါ။

◆ ဉာပန်းဥယျာဉ်အတွင်းရှိ မည်သည့်ပန်းကိုမျှ ပိုင်ရှင်မသိဘဲ မခူးရ။
ဟူသည့်ဝါကျတွင်မူ "မည်သည်"၏နောက်တွင် "မျှ" ဟူသည့် စကားလုံးကိုတွဲထားသဖြင့် ကြိယာ "ခူး"၏ရှေ့တွင် "မ"ဟူသည့် အငြင်းပြစကားလုံးကိုထည့်ပေးရကြောင်းရှင်းပါ။

❖ "မဆို"ကို သုံးလျှင်မူ ကြိယာ၌"မ" ဟူသည့် အငြင်းပြစကားလုံး ထည့်စရာမလိုကြောင်း သာဓကနှင့်တကွရှင်းပါ။

သာဓက–

◆ မေမေဝယ်လာသည့်မုန့်ကို မည်သူမဆိုစားနိုင်သည်။
ဟူသည့်ဝါကျတွင် "မည်သူ"၏နောက်တွင် "မဆို" ဟူသည့် စကားလုံးကို တွဲထားသဖြင့် ကြိယာ "စား"၏ ရှေ့တွင် "မ"ဟူသည့် အငြင်းပြစကားလုံး ထည့်ရန်မလိုကြောင်းရှင်းပါ။

◆ မေမေသည် မည်သည့်မုန့်မျိုးကိုမဆို လုပ်နိုင်သည်။
ဟူသည့်ဝါကျတွင် "မည်သည်"၏နောက်တွင် "မဆို"ဟူသည့် စကားလုံးကို တွဲထားသဖြင့် ကြိယာ "လုပ်"၏ရှေ့တွင် "မ"ဟူသည့် အငြင်းပြစကားလုံးထည့်ရန်မလိုကြောင်းရှင်းပါ။

DBE BOX - Copyright Protected

## လုပ်ငန်းစဉ် ၂

## လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၄) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

အဖြေများ- ၄။ (၁) မည်သူမဆို၊ (၂) မည်သူမျှ၊ (၃) မည်သူမဆို၊ (၄) မည်သူမျှ၊ (၅) မည်သူမဆို

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## လုပ်ငန်းစဉ် ၃

## နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ယခု စာသင်ချိန်တွင် "၍နှင့် လျက်" အသုံးများကို သဒ္ဒါအထားအသိုမှန်ကန်အောင် သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "၍"ဟူသည့် နောက်ဆက်ကို တစ်ခုပြီးတစ်ခုဆောင်ရွက်သည်ကိုပြရာ၌ သုံးကြောင်းကို သာဓကနှင့်တကွ ရှင်းပါ။

**သာဓက–**

◆ အိမ်စာလုပ်ပြီး၍ ကစားသည်။

ဟူသည့်ဝါကျတွင် အိမ်စာလုပ်ခြင်းသည် အလုပ်တစ်ခု၊ ကစားခြင်းသည် အလုပ်တစ်ခုဖြစ်ကြောင်း၊ အိမ်စာလုပ်ခြင်း အလုပ်ပြီးမှ ကစားသည့်အလုပ်ကို လုပ်သည်ဖြစ်ရာ ထိုအလုပ်နှစ်ခုကြားတွင် "၍"ကို ထားခြင်းဖြစ်ကြောင်းရှင်းပါ။

❖ "လျက်" ဟူသည့်စကားလုံးကို တစ်ပြိုင်နက်ဆောင်ရွက်ကြောင်းပြရာ၌သုံးကြောင်း သာဓကများနှင့်တကွရှင်းပါ။

**သာဓက–**

◆ ရုပ်ရှင်ကြည့်လျက် ထမင်းစားနေသည်။

ဟူသည့်ဝါကျတွင် ထမင်းစားခြင်းသည် အလုပ်တစ်ခု၊ ရုပ်ရှင်ကြည့်ခြင်းသည် အလုပ်တစ်ခုဖြစ်ကြောင်း ထမင်းစားခြင်းအလုပ်နှင့် ရုပ်ရှင်ကြည့်ခြင်းအလုပ်ကို တစ်ပြိုင်နက်လုပ်ခြင်းဖြစ်ရာ ထိုအလုပ်နှစ်ခုကြားတွင် "လျက်" ကို ထားခြင်းဖြစ်ကြောင်းရှင်းပါ။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၄**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၇) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

အဖြေများ- ၇။ (၁) မှန်၊ (၂) မှန်၊ (၃) မှား၊ (၄) မှန်၊ (၅) မှန်

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၅

DREBOX - Copyright Protected

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခု စာသင်ချိန်တွင် "တို့၊ များ၊ တွေ" အသုံးများကို သဒ္ဒါအထားအသိုမှန်ကန်အောင် သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "တို့၊ များ၊ တွေ" သည် အများပြနောက်ဆက်များသာဖြစ်သော်လည်း သူ့နေရာနှင့်သူ အသုံးမှန်အောင်သတိပြုရမည်ဖြစ်ကြောင်းရှင်းပါ။

❖ "တို့"ဟူသည့် အများပြနောက်ဆက်ကို တစ်မျိုးတည်း သို့မဟုတ် နီးနွယ်ပတ်သက်နေသည့် အမျိုးအစားတို့ကို အကြွင်းအကျန်မရှိ တပေါင်းတစည်းတည်းဖြစ်ကြောင်း ဖော်ပြလိုလျှင် အသုံးပြုကြောင်း သာဓကများနှင့်တကွရှင်းပါ။

**သာဓက–**

- ◆ ငါတို့ မနက်ဖြန် ဘုရားသွားကြရအောင်။
- ◆ နင်တို့ မပါဘဲ ငါမသွားချင်ပါဘူး။
- ◆ မင်းတို့ရော လိုက်ကြအုံးမှာလား။

❖ "များ၊ တွေ"ဟူသည့် အများပြနောက်ဆက်များကိုမူ တစ်ခုမက များပြားသော အရေအတွက်ရှိသည့် အမျိုးအစားကို ဖော်ပြလိုသောအခါ အရေးတွင် "များ"ကိုသုံး၍ အပြောတွင် "တွေ" ကို သုံးရကြောင်းကို သာဓကများနှင့်တကွရှင်းပါ။

**သာဓက–**

- ♦ ပန်းများသည် ရနံ့သင်းပျံ့စွာ ဖူးပွင့်နေကြသည်။ (အရေး)
- ♦ ခြံထဲမှာ ပန်းတွေ ပွင့်နေကြတယ်။ (အပြော)

❖ "များ၊ တွေ" ကို ကိန်းဂဏန်းများ၊ နာမ်စားများ၊ တစ်ဦးဆိုင်နာမ်များနှင့် တွဲ၍မသုံးရကြောင်း၊ တွဲသုံးပါက အဓိပ္ပာယ်မှားယွင်းသွားနိုင်ကြောင်းကို သာဓကများနှင့်တကွရှင်းပါ။

- ♦ ၆၈ တွေ၊ ၂ များ
- ♦ ငါများ၊ နင်တွေ
- ♦ ဧရာဝတီတွေ၊ ချင်းတွင်းမြစ်များ

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသားများကို အုပ်စုနှစ်စုဖွဲ့ပါ။

❖ ကိုယ်ပိုင်မေးခွန်း ၅ ခုစီ စဉ်းစား၍ ထုတ်ပါစေ။ မေးခွန်းထုတ်ချိန် ၁၀ မိနစ်ပေးပါ။

❖ မေးခွန်းများ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပေးပါ။ မေးခွန်းမှားနေလျှင် ဆွေးနွေးအဖြေရှာသောနည်းဖြင့် အမှန်ဖြစ်အောင် တည့်မတ်ပါ။

❖ အုပ်စုတစ်စု၏အမေးကို ကျန်အုပ်စုတစ်စုက ဖြေပါစေ။

❖ အမှား အမှန်ကို အုပ်စုတစ်စုစီမှ ကျောင်းသားတစ်ယောက်ချင်းစီလဲလှယ်၍ အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၃**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခု စာသင်ချိန်တွင် "ဖြစ်စေ . . ဖြစ်စေ၊ သော်လည်းကောင်း . . သော်လည်းကောင်း၊ သို့မဟုတ်" အသုံးများကို သဒ္ဒါအထားအသိုမှန်ကန်အောင် သုံးတတ်စေရန် သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ တစ်ခုမဟုတ်တစ်ခု ပြုမူဖြစ်ပျက်သည်ကို ပြလိုလျှင် "ဖြစ်စေ . . ဖြစ်စေ၊ သော်လည်းကောင်း . . သော်လည်းကောင်း၊ သို့မဟုတ်"ကို သုံးနိုင်ကြောင်း၊ ထိုသို့သုံးရာတွင် "ဖြစ်စေ"ကိုသုံးလျှင် "ဖြစ်စေ . . ဖြစ်စေ" သို့မဟုတ်ကိုသုံးလျှင် "သို့မဟုတ်" သော်လည်းကောင်းကိုသုံးလျှင် "သော်လည်းကောင်း . . သော်လည်းကောင်း"ဟု သုံးရမည် ဖြစ်ကြောင်းကို သာဓကများနှင့်တကွရှင်းပါ။

**သာဓက–**

"ဖြစ်စေ . . ဖြစ်စေ" ကိုသုံးလျှင်

DBEBOX - Copyright Protected

◆ မောင်မောင် ဖြစ်စေ  မမ ဖြစ်စေ လာပါ။

ဟု “နာမ် + ဖြစ်စေ + နာမ် + ဖြစ်စေ” ဟုသုံးရမည်ဖြစ်ကြောင်း၊ “သို့မဟုတ်” ကိုသုံးလျှင်

◆ မောင်မောင် သို့မဟုတ် မမ လာပါ။

ဟု နာမ်+သို့မဟုတ်+နာမ် ဟု သုံးရမည်ဖြစ်ကြောင်း၊ သော်လည်းကောင်းကို သုံးလျှင်

◆ မောင်မောင် သော်လည်းကောင်း၊ မမ သော်လည်းကောင်း လာပါ။

ဟု “နာမ် + သော်လည်းကောင်း + နာမ် + သော်လည်းကောင်း” ဟု သုံးရမည်ဖြစ်ကြောင်း ရှင်းပါ။

**လုပ်ငန်းစဉ် ၄**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသားများကို အုပ်စုသုံးစုဖွဲ့ပါ။

❖ အုပ်စုတစ်စုချင်းစီကို အုပ်စုတွင်း အချင်းချင်းဆွေးနွေးစေ၍ တစ်စုကို “ဖြစ်စေ. . ဖြစ်စေ” တစ်စုကို “သော်လည်းကောင်း . . သော်လည်းကောင်း”၊ တစ်စုကို “သို့မဟုတ်” ပါသည့် ဝါကျ ဆယ်ကြောင်းစီရေးပါစေ။

❖ အုပ်စုအချင်းချင်းလဲလှယ်၍အဖြေကို စစ်ဆေးပါစေ။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၀)။ လူတိုင်းအတွက်အသုံးချမြန်မာစာ။ ရန်ကုန်၊ ဇင်ရတနာစာပေ။

၂။ ဖေမောင်တင်၊ **ဦး**။ (၁၉၆၅)။ မြန်မာသဒ္ဒါနှင့် အသုံးအနှုန်း။ ရန်ကုန်၊ စာပေဗိမာန်။

၃။ လှဘေနှင့်အများ၊ **ဒေါက်တာ**။ (၂၀၁၂)။ စည်းနဲ့ကမ်းနဲ့မြန်မာစာ။ ရန်ကုန်၊ ရွှေပြည်တန်စာပေ။

DBE BOX Copyright Protected

## စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း |
| ရည်ရွယ်ချက် | – စာပေအရေးအသားဆိုင်ရာစည်းကမ်းတစ်ခုဖြစ်သည့် စာလုံးပေါင်းသတ်ပုံကို မှန်ကန်စွာရေးသားတတ်ရန် |
| သင်ယူမှုရလဒ် | – စာပေအရေးအသားဆိုင်ရာစည်းကမ်းတစ်ခုဖြစ်သည့် စာလုံးပေါင်းသတ်ပုံကို မှန်ကန်စွာရေးသားတတ်လာမည်။ |
| သင်ကြားနည်း | – ဆွေးနွေးအဖြေရှာနည်း၊ အမေးအဖြေနည်း၊ ညဏ်ဖွင့်ဆွေးနွေးနည်း |
| သင်ထောက်ကူပစ္စည်း | – စာလုံးပေါင်းသတ်ပုံ စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၅ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ စာလုံးပေါင်းသတ်ပုံသည် စာပေအရေးအသားဆိုင်ရာ စည်းကမ်းတစ်ခုဖြစ်ကြောင်း၊ စာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံမှန်ကန်အောင်မရေးလျှင် အနက်အဓိပ္ပာယ်လွဲသွားတတ်ကြောင်း၊ မြန်မာစာရေးသားနည်းစနစ်သည် စာလုံးပေါင်း၍ ရေးသားရသည့် ထုံးနည်းစနစ်ဖြစ်ကြောင်း၊ ထို့ကြောင့် စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးသည် အခြေခံအချက်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ယခုစာသင်ချိန်တွင် စာလုံးပေါင်းသတ်ပုံ မှန်မှန်ကန်ကန်ရေးတတ်ရန်အတွက် မှားတတ်သည့် ဗျည်းများအကြောင်းကို သတိထားရေးသားနိုင်ရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ စာလုံးပေါင်း သတ်ပုံမှားရခြင်း၏ အဓိကအကြောင်းမှာ အသံတစ်သံအတွက်ဖော်ပြနိုင်သော စာလုံးပေါင်းမှာ နှစ်မျိုး သုံးမျိုးရှိနေခြင်းကြောင့်ဖြစ်ကြောင်းရှင်းပါ။

❖ မိမိလိုချင်သည့်အဓိပ္ပာယ်အတွက် မည်သည့်စာလုံးပေါင်းကိုသုံးရမည်ဟုသိလျှင် စာလုံးပေါင်းသတ်ပုံမှားတော့မည်မဟုတ်ကြောင်းရှင်းပါ။

❖ မှားတတ်သော ဗျည်းများတွင် “ဉ” နှင့် “ည”၊ “ဌ” နှင့် “ဋ” တို့ပါဝင်ကြောင်းရှင်းပါ။

❖ "ဉ" နှင့် "ည"သည် မှားယွင်းရေးသားတတ်သောဗျည်းများဖြစ်ကြောင်း "ဉ" သည် ပါဠိစာလုံးဖြစ်၍ "ည" သည် မြန်မာစာလုံးဖြစ်ကြောင်း၊ ပါဠိတွင် "ဉ" နှစ်လုံး ဆင့်လျှင် "ည" ဖြစ်ကြောင်း၊ ပါဠိမှ မွေးစားယူထားသော "ဉာတကာ၊ ဉာတိ၊ ဉာဏ်၊ ဉာဉ်" တို့ကို "ဉ" နှင့် ရေးရသည်။ "ညအခါ၊ လိမ်ညာ၊ ဆူညံ၊ ညီအစ်ကို၊ ညှုတုတု၊ နူးညံ့"တို့မှာ မြန်မာစကားဖြစ်၍ "ည" နှင့်ရေးရကြောင်းရှင်းပါ။

❖ ပါဠိစာလုံးအတွက်သုံးသော ဌ နှစ်မျိုးသည်လည်း မှားတတ်ကြောင်း၊ လည်ရစ်ပါသော ဌနှင့် လည်ရစ်မပါသော ဌ ဟူ၍ရှိကြောင်း။ လည်ရစ်ပါသော "ဋ္ဌ" မှာ ဋ နှင့် ဌ ကို ဆင့်ထားခြင်းဖြစ်ကြောင်း၊ အဋ္ဌမ(အဋ် + ဌမ)၊ ဥက္ကဋ္ဌ( ဥက္ကဋ် + ဌ) စသည်တို့တွင် လည်ရစ်ပါသော ဋ္ဌ ကို သုံးကြောင်း၊ "ဌာန၊ သူဌေး"တို့တွင် လည်ရစ်မပါရသော ဌကို သုံးရကြောင်းကိုရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁)၊ (၂) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

**အဖြေမှန်-**

၁။ (၁) တကွ၊ (၂) တစ်ခါတလေ၊ (၃) တစေ့တစောင်း၊ (၄) တထစ်ချ၊ (၅) တလုံးတစည်း၊ (၆) တစ်ကိုယ်ကောင်း၊ (၇) တစ်ခဲနက်၊ (၈) တစ်ခြမ်း၊ (၉) တစ်ပြိုင်နက်၊ (၁၀) တစ်လျှောက်

၂။ (၁) စနည်းနာ၊ (၂) မထုံတက်သေး၊ (၃) သန်ဘက်ခါ၊ (၄) ကိုယ်စားလှယ်၊ (၅) စကောစက၊ (၆) စားမာန်ခုပ်၊ (၇) စိစစ်၊ (၈) မြား၊ (၉) ဆည်းလည်း၊ (၁၀) ပြတင်းပေါက်

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် စာလုံးပေါင်းသတ်ပုံမှန်မှန်ကန်ကန်ရေးတတ်ရန်အတွက် မှားတတ်သည့် အသတ်များအကြောင်းကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

DBEBOX - Copyright Protected

❖ မှားတတ်သည့် အသတ်များမှာ "င သတ်(---င်)နှင့် ညကလေးသတ် (---ဉ်)၊ "တသတ် (---တ်) နှင့် ပသတ် (---ပ်) တို့ ဖြစ်ကြောင်းရှင်းပါ။

❖ ငသတ်နှင့် ညကလေးသတ်တို့သည်လည်း မှားရေးတတ်ကြောင်း၊ "လက်ရွေးစင်" ကို "လက်ရွေးစဉ်"၊ "ဖိတ်စဉ်"ကို "ဖိတ်စင်"ဟု မှားရေးတတ်သဖြင့် သေချာမှတ်သားသင့်ကြောင်း ရှင်းပြပေးပါ။ စင်ကြယ်ခြင်းအနက်ရှိလျှင် "ငသတ်"ကိုသုံးရပြီး၊ အဝေးသို့လွင့်ထွက်သည့်အနက်ရှိလျှင် "ညလေးသတ်" သုံးရမည်ဖြစ်ကြောင်း ရှင်းပါ။ "စပ်ဖျဉ်းဖျဉ်း" ကို "စပ်ဖျင်းဖျင်း"၊ "ညှဉ်းဆဲ" ကို "ညှင်းဆဲ" ဟု မှားလေ့ရှိသဖြင့် ထိုအသုံးတို့ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း အနားကပ်လာသည်ကို "ချဉ်းကပ်"ဟု သုံးပြီး အထဲသို့ဝင်ရောက်သည်ကို "ချင်းနင်း" ဟု သုံးရသည်ဟု ယှဉ်တွဲမှတ်သားထားသင့်ကြောင်းရှင်းပါ။

❖ "တ်" နှင့် "ပ်" သည်လည်း မှားယွင်းတတ်သော စာလုံးပေါင်းသတ်ပုံဖြစ်ကြောင်း၊ "လခထုတ်မယ်" တွင် "တ်" သုံးရသော်လည်း "မုန့်ကို ဖက်နှင့်ထုပ်ထားသည်" တွင် "ပ်" ကို အသုံးပြုရမည်ဖြစ်ကြောင်း၊ အပြင်ကိုထုတ်လျှင် တသတ်"တ်"၊ အထဲကိုသွင်းလျှင် ပသတ် "ပ်" ဟု ခွဲခြားမှတ်သားရမည်ဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဆရာက လေ့ကျင့်ခန်းမေးခွန်းများကိုမေးပါ။

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် စာလုံးပေါင်းသတ်ပုံ မှန်မှန်ကန်ကန်ရေးတတ်ရန်အတွက် မှားတတ်သည့် ဆင်တူရိုးမှား စာလုံးပေါင်းသတ်ပုံများအကြောင်းကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

DBE BOX - Copyright Protected

❖ မှားတတ်သည့် စာလုံးပေါင်းများမှာ "ပဲ နှင့် ဘဲ၊ ဖက်နှင့် ဘက်၊ မီနှင့် မှီ၊ ဖူးနှင့် ဘူး၊ တစ်နှင့် တ၊ လည်နှင့် လယ်၊ ကိုနှင့် ကိုယ်"တို့ဖြစ်ကြောင်းရှင်းပါ။

❖ "ပဲနှင့်ဘဲ"သည် မှားယွင်းတတ်သောအသုံးများဖြစ်ကြောင်း၊ "ပဲ"သည် အနက်စွဲ အရေးဖြစ်၍ "ပင်"နှင့် အတူတူပင်ဖြစ်ကြောင်း၊ "ပဲ၊ ပင်" တို့၏ အနက်မှာ "စင်စစ်"ဟု အနက်ရကြောင်း၊ ထို့ကြောင့် "ပဲ" နေရာတွင် "ပင်" နှင့် "စင်စစ်"ကို ဖလှယ်ကြည့်ပါက

- "နင်ပဲ၊ နတ်ပဲ၊ ကျောင်းသားပဲ၊ ဆရာပဲ"
- "နင်ပင်၊ နတ်ပင်၊ ကျောင်းသားပင်၊ ဆရာပင်"
- "နင်စင်စစ်၊ နတ်စင်စစ်၊ ကျောင်းသားစင်စစ်၊ ဆရာစင်စစ်"

ဟု အနက်ရကြောင်းရှင်းပါ။

❖ "ဘဲ" သည် "ဖဲ"၏ အသံစွဲအရေးဖြစ်ကြောင်း၊ "ဖဲ"သည် ရှောင်ကြဉ်ခြင်း၊ တားမြစ်ခြင်း၊ ငြင်းပယ်ခြင်း အနက်ရှိကြောင်း၊ ထို့ကြောင့် "ဘဲ"ကိုတားမြစ်ခြင်း၊ ငြင်းပယ်ခြင်းအနက်ရှိသည့် "မ"နှင့် တွဲကာ သုံးရကြောင်းကို သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

- မသိဘဲ၊ မစားဘဲ၊ မခေါ်ဘဲ။

(မှတ်ရန်မှာ 'မ' နှင့် 'ဘဲ' ကြားတွင်ကြိယာလိုက်ရသည်။)

❖ "ဖက်"နှင့်"ဘက်"သည် မှားယွင်းတတ်သော အသုံးများဖြစ်ကြောင်း၊ "ဖက်"ကား အနက်စွဲ အရေးဖြစ်၍ "ဘက်"ကား အသံစွဲအရေးဖြစ်ကြောင်းရှင်းပြ၍ ဖက်အသုံး ၃ နေရာနှင့် "ဘက်" အသုံး ၄ နေရာကို အလွယ်တကူသဘောပေါက်အောင်ရှင်းပါ။

## "ဖက် – အသုံး"

၁။ ကြိယာအနက် "စုံဖက်၊ လိုက်ဖက်၊ ယှဉ်ဖက်"

၂။ ကိန်းဂဏန်းသင်္ချာနှင့်တွဲလျှင် "သုံးဖက်မြင်၊ လေးလုံးခြောက်ဖက်"

၃။ အဖော်အဖက် "ကူဖော်လောင်ဖက်၊ ကြင်ဖော်ကြင်ဖက်"

❖ ခြွင်းချက်အနေဖြင့်"ရဲဘော်ရဲဘက်"ကိုမူ အသုံးတွင်ကျယ်မှုအရ"ဘက်"နှင့်ပင် ရေးရမည်ဖြစ်ကြောင်း ရှင်းပါ။

## "ဘက် – အသုံး"

၁။ အရပ်မျက်နှာ "အရှေ့ဘက်၊ အနောက်ဘက်"

DBE BOX Copyright Protected

၂။ တည်နေရာ               "အိမ်ဘက်၊ ဈေးဘက်၊ ဝဲဘက်"

၃။ သူ၊ ငါ၊ ကျား၊ မ               "သူ့ဘက်၊ ငါ့ဘက်၊ အဖေ့ဘက်၊ အမေ့ဘက်"

၄။ အာဒိစကားလုံး               "ဘက်ကန်၊ ဘက်လိုက်"

❖ "ကာ"နှင့်"ခါ"သည် အရေးမတူသော်လည်း အသံထွက်တူသောကြောင့် မှားယွင်းတတ်သော အသုံးများဖြစ်ကြောင်းရှင်းပါ။

❖ တစ်ပြိုင်နက်၊ ဆက်တိုက်ဆိုလျှင် "ကာ" ကိုသုံးရကြောင်း သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

- ◆ အိပ်ကာစားကာ နေသည်။
- ◆ ငိုကာရှိုက်ကာ ပြောသည်။
- ◆ ဆေးလိပ်ကိုက်ကာ စာဖတ်နေသည်။

❖ အချိန်၊ အခါ၊ ကာလဆိုလျှင် "ခါ" ကိုသုံးရကြောင်း သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

- ◆ ကြီးခါမှ နောင်တရမည်။
- ◆ ရောက်ခါနီးပြီ။

❖ "မီ"နှင့်"မှီ"သည် အသံထွက်တူသဖြင့် မှားယွင်းတတ်သော စာလုံးပေါင်းများဖြစ်ကြောင်း၊ "မီ" ကား "မိ" နှင့်အတူတူပင်ဖြစ်ကြောင်း၊ "မိ"ဟူသည်မှာ ထိမိ၊ ဆက်စပ်၊ ပေါင်းယှဉ်၊ ပူးတွဲ၊ ညီမျှ၊ ကိုက်ညီသည့်အနက်ဖြစ်ကြောင်း၊ "မီ"ကို ထိမိ၊ ကိုက်ညီ၊ ညီမျှ၊ တူညီသည့်အနက်တို့ကို ဖော်ပြရာတွင်သုံးရကြောင်းကို သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

- ◆ မီ (ကြိယာ) = မိ (ကြိယာ)
- ◆ မိ = ထိမိ၊ ဆက်စပ်၊ ပေါင်းယှဉ်၊ ပူးတွဲ၊ ညီမျှ၊ ကိုက်ညီ
- ◆ လက်လှမ်းမီ (ထိမိခြင်းအနက်)၊ အချိန်မီ (ကိုက်ညီခြင်းအနက်)၊ စံချိန်မီ (ညီမျှခြင်း အနက်)။

❖ "ခင်"နှင့်ဖလှယ်၍ "မကြာခင်၊ မစားခင်" ဟုလည်း သုံးနိုင်ကြောင်း၊ အချိန်မတိုင်သေးခင်ဟူသည့် အနက်ဖြင့် ထောက်ပံ့ပေးသောစကားလုံးဖြစ်ကြောင်း၊ "မှီ"ကိုမူ ယှဉ်ကပ်အားပြုခြင်း၊ အားကိုး အားထားပြုခြင်းအနက်တို့တွင် အသုံးပြုကြောင်းရှင်းပါ။

DBE BOX Copyright Protected

**သာဓက–**

- ♦ မှီ (ကြိယာ) = ယှဉ်ကပ်အားပြုခြင်း၊ အားကိုးအားထားပြုခြင်း
- ♦ မှီခို၊ မှီငြမ်း၊ မှီအုံး

❖ "ဖူး"နှင့်"ဘူး"သည် အသံထွက်တူသဖြင့် မှားတတ်သော စာလုံးပေါင်းများဖြစ်ကြောင်းရှင်းပါ။

❖ "ဖူး"ကိုအမှန်တကယ် ကြုံတွေ့သိမြင်ခံစားဖြစ်ပျက်ခဲ့သည်တို့ကို ထင်ရှားစေလိုသောအခါတွင် "ဖူး"အား သုံးရကြောင်းကို သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

- ♦ သူ့ကို မြင်ဖူးတယ်။ ရန်ကုန်ကို သွားဖူးတယ်။

❖ "ဘူး"ကိုမူ ငြင်းပယ်ခြင်းအနက်ရှိသည့်"မ"နှင့် တွဲသုံးကာ အမှန်တကယ်ကြုံတွေ့ သိမြင်ခံစား ဖြစ်ပျက်ခဲ့ဖူးခြင်းမရှိကြောင်းကို ထင်ရှားအောင်ပြရာ၌ အသုံးပြုရကြောင်းကို သာဓကနှင့်တကွ ရှင်းပါ။

**သာဓက–**

- ♦ သူ့ကို မမြင်ဖူးဘူး။
- ♦ ရန်ကုန်ကို မသွားဖူးဘူး။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဆရာက လေ့ကျင့်ခန်းမေးခွန်းများကို မေးပါ။

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၄

### လုပ်ငန်းစဉ် ၁

### ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ယခုစာသင်ချိန်တွင် စာလုံးပေါင်းသတ်ပုံ မှန်မှန်ကန်ကန်ရေးတတ်ရန်အတွက် အသံနှင့် အရေး ရောထွေးတတ်သည့် စာလုံးပေါင်းသတ်ပုံများအကြောင်းကို သတိထားရေးသားတတ်ရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်းရှင်းပါ။

❖ အသံနှင့် အရေး ရောထွေးသောစာလုံးပေါင်းများတွင် "တစ်နှင့် တ"၊ "နေ့လည်နှင့် နေ့လယ်"၊ "ကိုယ်နှင့် ကို" တို့ပါဝင်ကြောင်း ရှင်းပါ။

❖ "တစ်နှင့် တ"သည် မှားယွင်းတတ်သော စာလုံးပေါင်းသတ်ပုံများ ဖြစ်သည်။

❖ အရေအတွက်အဓိပ္ပာယ်ဆောင်သည့် စကားလုံးများကို "တစ်"ဟု စ သတ်ဖြင့် ရေးရကြောင်း သာဓကစကားလုံးများနှင့်တကွ ရှင်းပါ။

**သာဓက**– တစ်ကိုယ်တော်၊ တစ်ခါတစ်ခေါက်၊ တစ်ခုခု၊ တစ်ခြမ်း၊ လူတစ်စု၊ တစ်ပြိုင်နက်

❖ "တ" ကိုမူ အရေအတွက်အဓိပ္ပာယ် "တစ်"မဟုတ်သည့် နေရာတွင် သုံးရမည်ဖြစ်ကြောင်း၊ "တ"သည် ရှေ့ကဆက်၍ သုံးသည့် ရှေ့ဆက်စကားတစ်မျိုးဖြစ်ကြောင်း သာဓကနှင့်တကွ ရှင်းပါ။

**သာဓက**– တငိုငို၊ တရီရီ

တကွ၊ တခြား

တကွဲတပြား၊ တပျော်တပါး၊ တစေ့တစောင်း

❖ "နေ့လည်နှင့် နေ့လယ်"တွင် စာလုံးပေါင်းသတ်ပုံအမှန်မှာ "နေ့လယ်" ဖြစ်ကြောင်း၊ လယ်မှာ အလယ်ဗဟိုဟု အနက်ရကြောင်း၊ နေ့တစ်နေ့၏ အလယ်ဖြစ်သဖြင့် နေ့လယ်ဟုရေးမှ မှန်မည်ဖြစ်ကြောင်း၊ "လည်" ကို လည်ပတ်သည့်အနက်တွင်သုံးကြောင်း၊ ထို့ကြောင့် နှစ်တစ်နှစ် လည်သွားသည့် အနက်ရှိသည့် နှစ်ပတ်လည်ကို "လည်"ဟုရေးမှ မှန်မည်ဖြစ်ကြောင်း ရှင်းပြပါ။

❖ "ကိုယ့်ကိုယ်ကို" "ကိုယ့်ကိုကို" "ကိုယ့်ကိုယ်ကိုယ်"ဟူသည့် စာလုံးပေါင်းတွင် မည်သည့် စကားလုံးက အမှန်ဖြစ်သနည်းဟု မေးပါ။

❖ ပြီးမှ "သူ့ကိုယ်သူ"၊ ငါ့ကိုယ်ငါ"၊ "မိမိကိုယ်မိမိ" ဟူသည့် စကားလုံးများကို သင်ပုန်းပေါ်တွင် ရေးပေးပြီး နှိုင်းယှဉ်ပါစေ။

DBE BOX - Copyright Protected

❖ "သူ၊ ငါ၊ မိမိ"တို့နေရာ၌ "ကိုယ်"ဟူသည့် နာမ်စားကိုထည့်ကြည့်ပါက အဖြေမှန်ရလာမည် ဖြစ်ကြောင်းရှင်းပါ။

❖ မှားတတ်သောစာလုံးများကို မမှားအောင် စာလုံးပေါင်းကွဲပြီး အသံတူသောစာလုံးများ၊ အသံချင်း ဆင်တူယိုးမှားသည့် စကားလုံးများကို ယှဉ်တွဲကြည့်ခြင်းအားဖြင့် မှတ်မိနိုင်ကြောင်း ရှင်းပြ၍ သင်ကြားခြင်းကို အဆုံးသတ်ပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄)၊ (၅) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

**အဖြေများ–** ၃။ (၁) တိပ်ခွေ၊ (၂) ဥပုသ်၊ (၃) ပျက်သုဉ်း၊ (၄) ဆုလာဘ်၊ (၅) လွင့်စဉ်၊ (၆) ခွဲစိတ်၊
(၇) အခမ်းအနား၊ (၈) ထုတ်ဝေ၊ (၉) အမြင်ကတ်၊ (၁၀) ပုပ်သိုး

၄။ (၁) လက်လှမ်းမီ၊ (၂) လျောက်ပတ်၊ (၃) လျှင်မြန်၊ (၄) သွားလျက်လာလျက်၊
(၅) အလျဉ်မီ၊ (၆) မင်အိုး၊ (၇) အမွေးအမှင်၊ (၈) ကောက်နုတ်၊ (၉) မှူးမတ်၊
(၁၀) ထုတ်နုတ်

၅။ (၁) မီ၊ မီ၊ ဘူး

(၂) မှီ၊ တစ်၊ ကာ၊ ကာ၊ ခါ၊ ဖက်

(၃) မီ၊ ထုတ်ဝေ၊ ပဲ၊ ခုနစ်၊ ခုနစ်၊ မီ၊ မှီ၊ တထစ်ချ၊ ကြ

(၄) စားနေတုန်း၊ ဝယ်နေကျ၊ ဖြည်းဖြည်း၊ ဘူး၊ မင်၊ မျှား၊ မြား၊ ပဲ၊ မျှား၊ မသိလိုက် မသိဘာသာ၊ ဒဏ်

(၅) တ၊ တ၊ စိပ်၊ ပုတီး၊ တစ်၊ ဖူး၊ ဘူး

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ဆရာက မိမိနှစ်သက်ရာ လေ့ကျင့်ခန်းမေးခွန်းများကို သင်ပုန်းပေါ်တွင်ရေးပါ။

❖ ကျောင်းသားများကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

**လုပ်ငန်းစဉ် ၂**

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

**စာအညွှန်း**

၁။ မြင့်ထွန်း၊ **မောင်**(ရွှေဒါး-)။ ( ၂၀၁၅)။ မှားတတ်သောသတ်ပုံနှင့် မမှားသင့်သောသတ်ပုံများ အနှစ်ချုပ်။ ရန်ကုန်၊ ပန်းဝေဝေစာပေ။

၂။ ရဲဝေ၊ **ဦး**(မြန်မာစာ)။ (၂၀၀၉)။ မြန်မာစကားနှင့်မှားတတ်သောသတ်ပုံ။ ရန်ကုန်၊ စံပယ်ပွင့်စာပေ။

DBE BOX - Copyright Protected

## ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း |
| ရည်ရွယ်ချက် | – | ဝါကျတစ်ကြောင်းကိုဖွဲ့ထုံးမှန်ကန်စွာဖွဲ့တတ်ရန် |
| သင်ယူမှုရလဒ် | – | ဝါကျတစ်ကြောင်းကိုဖွဲ့ထုံးမှန်ကန်စွာဖွဲ့တတ်လာမည်။ |
| သင်ကြားနည်း | – | ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေပြုနည်း |
| သင်ထောက်ကူပစ္စည်း | – | ဝါကျရိုးဖွဲ့နည်း ၁၁ နည်းကို ရေးမှတ်ထားသည့် စာကတ်ပြားများ၊ ဝါကျရေများကို ရေးမှတ်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၅ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဆိုလိုသည့်အဓိပ္ပာယ်ရောက်အောင် စနစ်တကျစီစဉ်ထားသော ပုဒ်အစုအပေါင်းကို ဝါကျဟု ခေါ်ကြောင်းနိဒါန်းပျိုးပါ။

❖ ဝါကျတစ်ခုတွင် ပြုသူ၊ ဖြစ်သူ၊ ရှိသူ သို့မဟုတ် ပြုသည့်အရာ၊ ဖြစ်သည့်အရာ၊ ရှိသည့် အရာကိုဖော်ပြသည့် နာမ်ပုဒ်တစ်ခုနှင့် ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကိုဖော်ပြသည့် ကြိယာပုဒ်တစ်ခု ပါဝင်ကြောင်းကို သာဓကနှင့်တကွရှင်းပါ။

သာဓက–

| | | |
|---|---|---|
| ♦ ဥဩ တွန်သည်။ | ဥဩ + တွန်သည်။ | (ပြုခြင်းပြကြိယာ) |
| | နာမ်ပုဒ် + ကြိယာပုဒ် | |
| ♦ မောင်မောင် စာတော်သည်။ | မောင်မောင် + စာတော်သည်။ | (ဖြစ်ခြင်းပြကြိယာ) |
| | နာမ်ပုဒ် + ကြိယာပုဒ် | |
| ♦ ကားတစ်စီး ရှိသည်။ | ကားတစ်စီး + ရှိသည်။ | (ရှိခြင်းပြကြိယာ) |
| | နာမ်ပုဒ် + ကြိယာပုဒ် | |

DBE BOX - Copyright Protected

❖ ဝါကျတွင် ဝါကျရိုးနှင့် ဝါကျရောပူး၍ နှစ်မျိုးရှိကြောင်းရှင်းပါ။

❖ ယခုစာသင်ချိန်တွင် ဝါကျရိုးအကြောင်း ရှင်းလင်းပြမည်ဖြစ်ကြောင်းနိဒါန်းပျိုးပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ ဝါကျရိုးဖွဲ့နည်း ၁၁ နည်း၏ ဖွဲ့စည်းပုံအကြောင်းကို သင်ထောက်ကူစာကတ်များ၏ အကူအညီဖြင့် ရှင်းပြပါ။ (မှတ်ချက်- ဝါကျရိုးဖွဲ့နည်းများသည် အလယ်တန်းတွင် သင်ယူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ပြန်လှန်သင်ကြားသည့်အနေဖြင့်သာ စာသင်ချိန် ၁ ချိန် သတ်မှတ်ထားပါသည်။ လိုအပ်ပါက အရန်စာသင်ချိန်များထဲမှ အချိန်ယူ၍သင်ကြားနိုင်ပါသည်။)

❖ ဝါကျရိုးဖွဲ့နည်း ၁၁ နည်းကို စာကတ်များ၏ အကူအညီဖြင့် ရှင်းပါ။

(၁) ကတ္တားပုဒ် + ကြိယာပုဒ်

(၂) ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်

(၃) ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

(၄) ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်

(၅) ကတ္တားပုဒ် + ကံပုဒ် + လက်ခံပုဒ် + ကြိယာပုဒ်

(၆) ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ် + ကြိယာပုဒ်

(၇) ကတ္တားပုဒ် + ရှေးရှုရာပြပုဒ်+ ကြိယာပုဒ်

(၈) ကတ္တားပုဒ် + နေရာပြပုဒ် + ကြိယာပုဒ်

(၉) ကတ္တားပုဒ် + အချိန်ပြပုဒ် + ကြိယာပုဒ်

(၁၀) ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ်

(၁၁) ကတ္တားပုဒ် + ကံပုဒ် + အသုံးခံပုဒ် + ကြိယာပုဒ်

❖ ဝါကျရိုးဖွဲ့နည်း တစ်နည်းချင်းစီကို စာကတ်ပြားများ၏အကူအညီဖြင့်ရှင်းပါ။

**ရှင်းလင်းချက် (၁)**

"စာမေးပွဲအောင်သည်။"

စာမေးပွဲ + အောင်သည်။

ကတ္တားပုဒ် + ကြိယာပုဒ်

DBE BOX - Copyright Protected

စာမေးပွဲဟူသည့် ကတ္တားပုဒ်(၁)ခုနှင့် အောင်(သည်)ဟူသည့် ကြိယာပုဒ်(၁)ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၂)**

"ဖေဖေသည် ဆရာဝန်တစ်ယောက်ဖြစ်သည်။"

ဖေဖေသည် + ဆရာဝန်တစ်ယောက် + ဖြစ်သည်။

ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်

ဖေဖေဟူသည့် ကတ္တားပုဒ်(၁)ခု၊ ဆရာဝန်တစ်ယောက်ဟူသည့် အဖြည့်ကတ္တား(၁)ခုနှင့် ဖြစ်(သည်) ဟူသည့်ကြိယာပုဒ်(၁) ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၃)**

"သားသမီးများသည်မိဘကိုလုပ်ကျွေးသည်။"

သားသမီးများသည် + မိဘကို + လုပ်ကျွေးသည်။

ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

ဟူသည့်ဝါကျတွင် သားသမီးများသည်ဟူသည့် ကတ္တားပုဒ် ၁ ခု၊ မိဘကိုဟူသည့် ကံပုဒ် ၁ ခုနှင့် လုပ်ကျွေး(သည်) ဟူသည့်ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၄)**

"အနော်ရထာမင်းသည် ကျန်စစ်သားကို စစ်သူကြီးခန့်သည်။"

အနော်ရထာမင်းသည် + ကျန်စစ်သားကို + စစ်သူကြီး + ခန့်သည်။

ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်

ဟူသည့်ဝါကျတွင် အနော်ရထာမင်းသည် ဟူသည့်ကတ္တားပုဒ် ၁ ခု၊ ကျန်စစ်သားကိုဟူသည့် ကံပုဒ် ၁ ခု၊ စစ်သူကြီးဟူသည့် အဖြည့်ကံ ၁ ခုနှင့် ခန့်(သည်) ဟူသည့်ကြိယာပုဒ် ၁ ခု ပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်း ရှင်းပါ။

**ရှင်းလင်းချက် (၅)**

"ဆရာက တပည့်ကို သင်္ချာပုစ္ဆာအား မေးသည်။"

ဆရာက + တပည့်ကို + သင်္ချာပုစ္ဆာအား + မေးသည်။

ကတ္တားပုဒ် + ကံပုဒ် + လက်ခံပုဒ် + ကြိယာပုဒ်

DBEBOX - Copyright Protected

ဟူသည့်ဝါကျတွင် ဆရာက ဟူသည့်ကတ္တားပုဒ် ၁ ခု၊ တပည့်ကိုဟူသည့် ကံပုဒ် ၁ ခု၊ သင်္ချာပုစ္ဆာအားဟူသည့် လက်ခံပုဒ် ၁ ခုနှင့်မေး(သည်) ဟူသည့်ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၆)**

"လေ့လာရေးအဖွဲ့သည် ပုဂံမြို့က (မှ) ထွက်ခွာသည်။"

လေ့လာရေးအဖွဲ့သည် + ပုဂံမြို့က(မှ) + ထွက်ခွာသည်။

ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ် + ကြိယာပုဒ်

ဟူသည့် ဝါကျသည် လေ့လာရေးအဖွဲ့သည်ဟူသည့် ကတ္တားပုဒ် ၁ ခု၊ ပုဂံမြို့က ဟူသည့် ထွက်ခွာရာပြပုဒ် ၁ ခုနှင့် ထွက်ခွာ(သည်)ဟူသည့်ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုး ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၇)**

"သူတော်ကောင်းတို့သည် နတ်ပြည်သို့ရောက်၏။"

သူတော်ကောင်းတို့သည် + နတ်ပြည်သို့ + ရောက်၏။

ကတ္တားပုဒ် + ရှေးရှုရာပြပုဒ် + ကြိယာပုဒ်

ဟူသည့်ဝါကျတွင် သူတော်ကောင်းတို့သည်ဟူသည့် ကတ္တားပုဒ် ၁ ခု၊ နတ်ပြည်သို့ဟူသည့် ရှေးရှုရာပြပုဒ် ၁ ခုနှင့် ရောက် (၏)ဟူသည့် ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၈)**

"ဖေဖေက တက္ကသိုလ်မှာစာသင်သည်။"

ဖေဖေက + တက္ကသိုလ်မှာ + စာသင်သည်။

ကတ္တားပုဒ် + နေရာပြပုဒ် + ကြိယာပုဒ်

ဟူသည့် ဝါကျတွင် ဖေဖေကဟူသည့် ကတ္တားပုဒ် ၁ ခု၊ တက္ကသိုလ်မှာဟူသည့် နေရာ ပြပုဒ် ၁ ခုနှင့် စာသင်(သည်) ဟူသည့်ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၉)**

"မေမေသည် နံနက်တိုင်း ပဌာန်းရွတ်သည်။"

မေမေသည် + နံနက်တိုင်း + ပဌာန်းရွတ်သည်။

ကတ္တားပုဒ် + အချိန်ပြပုဒ် + ကြိယာပုဒ်

ဟူသည့် ဝါကျသည် မေမေကဟူသည့် ကတ္တားပုဒ် ၁ ခု၊ နံနက်တိုင်းဟူသည့် အချိန်ပြပုဒ် ၁ ခုနှင့် ပဌာန်းရွတ်(သည်) ဟူသည့် ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၁၀)**

"မဟာဇနကသည် လှံ့လကြောင့် သေဘေးလွတ်၏။"

မဟာဇနကသည် + လုံ့လကြောင့် + သေဘေးလွတ်၏။

ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ်

ဟူသည့်ဝါကျသည် မဟာဇနကသည်ဟူသည့် ကတ္တားပုဒ် ၁ ခု၊ လုံ့လကြောင့်ဟူသည့် အကြောင်းပြပုဒ် ၁ ခုနှင့် သေဘေးလွတ် (၏) ဟူသည့်ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၁၁)**

"မေမေသည် ငါးပါးသီလကို ကံသုံးပါးဖြင့်စောင့်ထိန်း၏။"

မေမေသည် + ငါးပါးသီလကို + ကံသုံးပါးဖြင့် + စောင့်ထိန်း၏။

ကတ္တားပုဒ် + ကံပုဒ် + အသုံးခံပုဒ် + ကြိယာပုဒ်

ဟူသည့်ဝါကျသည် မေမေသည်ဟူသည့်ကတ္တားပုဒ် ၁ ခု၊ ငါးပါးသီလကိုဟူသည့် ကံပုဒ် ၁ ခု၊ ကံသုံးပါးဖြင့်ဟူသည့် အသုံးခံပုဒ် ၁ ခုနှင့် စောင့်ထိန်း (၏) ဟူသည့်ကြိယာပုဒ် ၁ ခုပါဝင်သည့် ဝါကျရိုးဖြစ်ကြောင်းရှင်းပါ။

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ဝါကျရိုးနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ကြောင်းတည်းဖြစ်စေရန် အဆက်စကားလုံးတစ်ခုခုနှင့် ဆက်၍ရေးထားသော ဝါကျမှာ ဝါကျရောဖြစ်ကြောင်း သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

"မောင်မောင်သည် စာတော်သည်။"

"သူသည် အားကစားလည်း ထူးချွန်သည်။"

ဟူသည့် ဝါကျနှစ်ကြောင်းတွင် ပထမဝါကျ၌ မောင်မောင်သည် ကတ္တား၊ စာတော်သည် ကြိယာဖြစ်



DRE BOX - Copyright Protected

သည်။ ထိုဝါကျတွင် ကတ္တားတစ်ခုနှင့် ကြိယာတစ်ခုသာ ပါဝင်သောကြောင့် ဝါကျရိုးဖြစ်ကြောင်း၊ ဒုတိယ ဝါကျတွင် သူသည် ကတ္တား၊ ထူးချွန်သည် ကြိယာဖြစ်သည်။ ထိုဝါကျတွင်လည်း ကတ္တားတစ်ခုနှင့် ကြိယာတစ်ခုသာ ပါဝင်သောကြောင့် ဝါကျရိုးဖြစ် ကြောင်း ထိုဝါကျရိုးနှစ်ကြောင်းကို သကဲ့သို့ ဟူသည့် အဆက်စကားလုံးနှင့်ဆက်သည့်အခါ

"မောင်မောင်သည်စာတော်သကဲ့သို့ အားကစားလည်းထူးချွန်သည်။"

ဟူသည့် ဝါကျရောတစ်ကြောင်းဖြစ်လာကြောင်းရှင်းပါ။

❖ ဝါကျရောဖွဲ့နည်း နှစ်နည်းရှိကြောင်း

- ♦ ကတ္တား၊ ကံ စသည့်ပုဒ်အချို့ကို မြုပ်၍ဖွဲ့နည်း
- ♦ ဝါကျရိုး နှစ်ခုထက်ပို၍ပါဝင်သောဝါကျရောဖွဲ့နည်း

တို့ဖြစ်ကြောင်း၊ ဝါကျ၏အဓိပ္ပာယ်မပျက်ပါက ကတ္တား၊ ကံ စသည့် ပုဒ်အချို့ကိုမြုပ်၍ ဖွဲ့နိုင်ကြောင်း သာဓကနှင့်တကွရှင်းပါ။

**ရှင်းလင်းချက် (၁)**

"လှေထိုးသားတို့သည် လှေကိုကမ်း၌ဆိုက်ကာ လှေထိုးသားတို့သည် ပျော်ရွှင်စွာချက်ပြုတ် စားသောက်ကြသည်။"

ဟူသောဝါကျရောတွင် လှေထိုးသားတို့သည်ဟူသော ကတ္တားပုဒ်သည် ရှေ့ဝါကျ၊ နောက်ဝါကျနှစ်ခု စလုံး၌ပါဝင်နေသဖြင့် တစ်ခုကိုမြုပ်၍

"လှေထိုးသားတို့သည် လှေကိုကမ်း၌ဆိုက်ကာ ပျော်ရွှင်စွာ ချက်ပြုတ်စားသောက်ကြသည်။"

"လှေကိုကမ်း၌ဆိုက်ကာ လှေထိုးသားတို့သည် ပျော်ရွှင်စွာ ချက်ပြုတ်စားသောက်ကြသည်။"

ဟုရေးနိုင်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၂)**

"ဆရာဝန်က လူနာကိုဂရုတစိုက် ကုသသဖြင့် လူနာသည် ၃ ရက်အတွင်း ကျန်းမာလာ သည်။"

ဟူသည့် ဝါကျတွင် ရှေ့ဝါကျမှ လူနာကိုသည် ကံပုဒ်ဖြစ်ပြီး နောက်ဝါကျမှ လူနာသည် ကတ္တားပုဒ် ဖြစ်သည်။ ရှေ့ဝါကျမှ ကံပုဒ်ကိုမြုပ်၍

"ဆရာဝန်က ဂရုတစိုက်ကုသဖြင့် လူနာသည် ၃ ရက်အတွင်း ကျန်းမာလာသည်။"

ဟု ရေးနိုင်သကဲ့သို့ နောက်ဝါကျမှ ကတ္တားပုဒ်ကိုမြုပ်၍

DBEBOX - Copyright Protected

"ဆရာဝန်က လူနာကို ဂရုတစိုက်ကုသသဖြင့် ၃ ရက်အတွင်း ကျန်းမာလာသည်။"

ဟုလည်း ရေးနိုင်ကြောင်းကိုရှင်းပါ။

❖ ထို့ပြင် နှစ်ကြောင်းထက်ပိုသော ဝါကျရိုးများကိုလည်း ဝါကျရောအဖြစ် ရေးဖွဲ့နိုင်ကြောင်းကို ရှင်းပါ။

**ရှင်းလင်းချက် (၁)**

(က) ကျောင်းမှ မောင်မောင် ပြန်လာသည်။

(ခ) သူ့ကို ကျွန်တော် တွေ့သည်။

(ဂ) သူ့ကို ကျွန်တော် လှမ်းခေါ်လိုက်သည်။

ဟူသည့် ဝါကျရိုး ၃ ကြောင်းကို "ကို"၊ "သောအခါ" ဟူသည့် အဆက်စကားလုံးများသုံး၍

"ကျောင်းမှ မောင်မောင်ပြန်လာသည်ကို ကျွန်တော်တွေ့သောအခါ လှမ်းခေါ်လိုက်သည်။"

ဟူ၍ ဒုတိယနှင့် တတိယဝါကျရိုးနှစ်ကြောင်းမှ သူ့ကိုဟူသည့် ကံပုဒ်များကိုမြုပ်၍ ဝါကျရောတစ်ကြောင်း ဖြစ်အောင် ဖွဲ့စည်းနိုင်ကြောင်းရှင်းပါ။

❖ ဝါကျရောများကို ဖွဲ့စည်းရာတွင် ပုဒ်အသီးသီးကို နေရာတကျထား၍ ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ ဝါကျတွင်ရှိသောပုဒ်တို့သည် နေသားတကျမရှိပါက ဆိုလိုသည့်အဓိပ္ပာယ်သို့ မရောက်ရုံမျှမက အဓိပ္ပာယ်လွဲမှားသွားတတ်ကြောင်း၊ သို့ဖြစ်၍ ဝါကျရောဖွဲ့ရာ၌ ပုဒ်တို့ကို နေရာတကျထားသိုရန်လိုအပ်ကြောင်း ဝါကျဖွဲ့ရာတွင်

- ◆ ကတ္တား အထားအသို
- ◆ ကံ အထားအသို
- ◆ နာမ်အထူးပြု အထားအသို
- ◆ ကြိယာအထူးပြု အထားအသို

တို့ကို သတိပြုရမည်ဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခုစာသင်ချိန်တွင် ကတ္တားအထားအသိုကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။



DBE BOX Copyright Protected

**ရှင်းလင်းချက် (၁)**

"မောင်ညိုလှသည် သတင်းစာကို ဖတ်သည်။"

"သတင်းစာကို မောင်ညိုလှ ဖတ်သည်။"

ဟူသည့် ဝါကျများတွင် ကတ္တားပုဒ်ဖြစ်သည့် မောင်ညိုလှသည်ကို ဝါကျအစ၌လည်းကောင်း၊ ကြိယာ၏ ရှေ့၌သော်လည်းကောင်း ကပ်လျက်ထားသည်ကိုတွေ့ရကြောင်း၊ ကတ္တားသည် အခြားပုဒ်များကြောင့် ကြိယာနှင့် ကွာလှမ်းသွားသည့်အခါ ဆိုလိုသည့်အဓိပ္ပာယ်သို့ မရောက်ဘဲ လွဲမှားသွားတတ်ကြောင်း၊ ထို့ကြောင့် ယင်းသို့သောဝါကျမျိုးတွင် ကတ္တားနှင့် ကြိယာကို နီးကပ်စွာထားရမည်ဖြစ်ကြောင်းကို သာဓကများနှင့်တကွရှင်းပါ။

**ရှင်းလင်းချက် (၂)**

"လပြည့်ဝန်းစာပေတိုက်က ကလေးစာပေများကို ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။"

ဟူသည့်ဝါကျသည် လပြည့်ဝန်းစာပေတိုက်ပိုင်ကလေးစာပေများကို ထုတ်ဝေရန်စီစဉ်နေသည်ဟု အဓိပ္ပာယ်ရနေပါကြောင်း၊ ထိုဝါကျ၌ လပြည့်ဝန်းစာပေတိုက်သည် ကတ္တားဖြစ်ကြောင်း၊ ကတ္တားသည် သူနှင့်သက်ဆိုင်သည့်ကြိယာနား၌ နီးနီးကပ်ကပ်ရှိရမည်ဖြစ်သော်လည်း ကြိယာ၏ရှေ့၌ မရှိဘဲ ကလေးစာပေဟူသည့် နာမ်ပုဒ်စုရှေ့၌ရှိနေသည့်အတွက် အဓိပ္ပာယ်လွဲချော်ကုန်ကြောင်း၊ ထို့ကြောင့် ကတ္တားကို ကြိယာ၏ရှေ့၌ထား၍

"ကလေးစာပေများကိုထုတ်ဝေရန် လပြည့်ဝန်းစာပေတိုက်က စီစဉ်လျက်ရှိသည်။"

ဟု ရေးသားမှ ဆိုလိုချင်သည့် အဓိပ္ပာယ်သို့ရောက်မည်ဖြစ်ကြောင်းရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၁) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

**မေးခွန်းများ–** ၁။ (၁) တွေ့ရာကို ချိုဖြင့် လိုက်လံခတ်ကာ ရွာသားများကို အနှောင့်အယှက်ပေးနေသော ကျွဲရိုင်းကို ဖိုးသာအောင်က ဖမ်းဆီးလိုက်သည်။

(၂) ဆေးလိပ်ကို အလွန်အကျွံသောက်၍ အဆုတ်ရောဂါဖြစ်ကြသဖြင့် ဆေးလိပ်ကို မသောက်ကြရန် ဆရာဝန်ကြီးများက တားမြစ်ကြသည်။

(၃) ကြမ်းတမ်းစွာကစားသည့်အပြင် ပြိုင်ဘက်ကစားသမားများကို ရန်စတတ်သော ဘောလုံးသမား ဖိုးတုတ်ကို ဒိုင်လူကြီးများက ပြင်းထန်စွာသတိပေးလိုက်သည်။

DRE BOX Copyright Protected

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။

❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။

❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဝါကျအတွင်းရှိ ကံအထားအသိုကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

**ရှင်းလင်းချက် (၁)**

"မိဘများကို အပြစ်မှလွတ်စေရန် ဦးချကန်တော့ပါ။"

ဟူသည့် ဝါကျကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ ထိုဝါကျတွင် ကတ္တားပုဒ်မြုပ်ထားကြောင်း ဦးစွာ ရှင်းပါ။

ဝါကျအဓိပ္ပာယ်မှာ အပြစ်လုပ်သူသည် မိဘများဖြစ်နေသည်။ စင်စစ် မိဘများသည် ပြုလုပ်ခြင်းကိုခံရသည့် ကံပုဒ်ဖြစ်သည်။ ကံပုဒ်သည် ၎င်းနှင့်သက်ဆိုင်သော ကြိယာနှင့် နီးနီး ကပ်ကပ်ရှိနေရမည်ဖြစ်သော်လည်း သက်ဆိုင်ရာကြိယာ၏ရှေ့၌မရှိဘဲ အပြစ်ဟူသည့် နာမ်ပုဒ်စု၏ရှေ့၌ ရှိနေသည့်အတွက် အပြစ်လုပ်သူမှာ မိဘတွေဟုအဓိပ္ပာယ်ရနေကြောင်း၊ ကံပုဒ်ကို ၎င်းနှင့်သက်ဆိုင်သည့် ကြိယာ၏ရှေ့၌ ထားလိုက်သည့်အခါမှသာ

"အပြစ်မှလွတ်စေရန် မိဘများကို ဦးချကန်တော့ပါ။"

ဟူသည့် ဆိုလိုချင်သည့် အဓိပ္ပာယ်အမှန်ကိုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကံပုဒ်ကို သက်ဆိုင်ရာ ကြိယာ၏ရှေ့တွင် ထားရမည်ဖြစ်ကြောင်း ရှင်းပြသင်ကြားပါ။

**လုပ်ငန်းစဉ် ၂**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ နာမ်အထူးပြု အထားအသိုတွင် သတိပြုရမည့်အချက်ကို ဆက်လက်သင်ကြားမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ နာမ်အထူးပြုများနှင့် မိတ်ဆက်ပါ။



DBE BOA - Copyright Protected

- “သော၊ သည့်” ပစ္စည်းပါသည့် နာမ်အထူးပြု
- နာမ်အထူးပြုအဖြစ် အသုံးပြုသည့် “က” ဝိဘတ်ပါသည့် နေရာပြပုဒ်
- အစဉ်ပြ သချ်ာနာမ်အထူးပြု

တို့ကိုအထူးပြုခံရမည့် နာမ်၏ရှေ့တွင် ကပ်ထားရမည်ဖြစ်ကြောင်း သာဓကများနှင့်တကွရှင်းပါ။

**ရှင်းလင်းချက် (၁)**

“ပေ ၇၀ ရှည်သော မောင်မောင်သည် ကြိုးတစ်ခွေကို ဝယ်လာသည်။”

ဟူသည့်ဝါကျတွင် မောင်မောင်၏အရပ်သည် ပေ ၇၀ ကျော်ရှည်သည်ဟု အဓိပ္ပာယ်ရနေကြောင်း၊ ထိုဝါကျ၌ ပေ ၇၀ ရှည်သောသည် နာမ်အထူးပြုပုဒ်၊ မောင်မောင်နှင့် ကြိုးခွေသည် နာမ်ပုဒ်များဖြစ်ကြောင်း၊ နာမ်အထူးပြုပုဒ်သည် နာမ်၏ရှေ့၌ရှိရမည်ဆိုသော်လည်း ဝါကျတစ်ကြောင်းထဲ၌ နာမ်တစ်ခုထက်မကပါနေလျှင် နာမ်အထူးပြုပုဒ်သည် သက်ဆိုင်ရာ နာမ်၏ရှေ့၌သာရှိရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပေ ၇၀ ကျော် ရှည်သောဟူသည့် နာမ် အထူးပြုသည် ၎င်းနှင့်သက်ဆိုင်သော ကြိုးတစ်ခွေ ဟူသည့် နာမ်ပုဒ်စုရှေ့၌ထားရမည်ဖြစ်ကြောင်း၊ သို့မှသာ

“မောင်မောင်သည် ပေ ၇၀ ရှည်သောကြိုးတစ်ခွေကို ဝယ်လာသည်။”

ဟူသည့် ဆိုလိုရင်းအဓိပ္ပာယ်အမှန်ကို ရမည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၂)**

“ကျွန်တော်သည် ကျောင်းအိမ်ထဲက အစ်ကိုကြီးအား ငါးကြော်တစ်ကောင်ကိုပေးလိုက်ပါသည်။”

ဟူသည့်ဝါကျတွင် “က” ဝိဘတ်ပါသည့် နေရာပြပုဒ်ကို သက်ဆိုင်ရာနာမ်၏ရှေ့တွင် မထားမိသဖြင့် အစ်ကိုကြီးသည် ကျောင်းအိမ်ထဲသို့ရောက်သွားကြောင်း၊ သက်ဆိုင်ရာနာမ်ဖြစ်သည့် ငါးကြော် ရှေ့တွင် ထားလိုက်သည့်အခါမှ

“ကျွန်တော်သည် အစ်ကိုကြီးအား ကျောင်းအိမ်ထဲကငါးကြော်တစ်ကောင်ကို ပေးလိုက်ပါသည်။”

ဟူသည့် ဆိုလိုရင်းအဓိပ္ပာယ်အမှန်ကို ရမည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၃)**

“ငါးကြိမ်မြောက် မသန်စွမ်းသူများ၏ အားကစားပြိုင်ပွဲကို ယနေ့ကျင်းပသည်။”

ဟူသည့်ဝါကျတွင် အစဉ်ပြသချ်ာနာမ်အထူးပြုကို သက်ဆိုင်ရာနာမ်၏ရှေ့တွင် မထားမိသဖြင့် ငါးကြိမ်သည် မသန်စွမ်းသူများနှင့် သက်ဆိုင်သွားပါကြောင်း၊ သက်ဆိုင်ရာနာမ်ဖြစ်သည့် အားကစားပြိုင်ပွဲ၏ ရှေ့တွင် ထားလိုက်သည့်အခါမှ

DBE BOX - Copyright Protected

"မသန်စွမ်းသူများ၏ ငါးကြိမ်မြောက် အားကစားပြိုင်ပွဲကို ယနေ့ကျင်းပသည်။"

ဟူသည့် အားကစားပြိုင်ပွဲ၏ အကြိမ်အရေအတွက်ကိုဖော်ပြသည့် ဆိုလိုရင်းအဓိပ္ပာယ်အမှန်ကို ရမည်ဖြစ်ကြောင်းရှင်းပါ။

## စာသင်ချိန် ၄

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ကြိယာအထူးပြုပုဒ် အထားအသိုတွင် သတိပြုရမည့်အချက်ကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ကြိယာအထူးပြုပုဒ်များကို မိတ်ဆက်ပေးပါ။

၁။ "စွာ" ပစ္စည်းပါသည့် ကြိယာအထူးပြုပုဒ်

၂။ ကြိယာအထူးပြုပုဒ်

၃။ ကြိယာအထူးပြုပုဒ် အဖြစ်သုံးသော "က" ဝိဘတ်ပါသည့် အချိန်ပြပုဒ်နှင့်နေရာပြပုဒ်

၄။ "တွင်" ဝိဘတ်ပါသည့် နေရာပြပုဒ်

၅။ "နှင့်" ဝိဘတ်ပါသည့် အသုံးခံပြပုဒ်

တို့ကို ကြိယာရှေ့တွင်ထားရမည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၁)**

"သူသည် လျင်မြန်စွာ ထမင်းစား၍ ကျောင်းသွားသည်။"

ဟူသည့် ဝါကျတွင် လျင်မြန်စွာဟူသည့် ကြိယာအထူးပြုပုဒ်သည် ထမင်းစားဟူသည့် နာမ်ပေါင်းကြိယာရှေ့တွင်ရှိနေသဖြင့် ထမင်းကို အလျင်အမြန်စားနေသည်ဟု အနက်အဓိပ္ပာယ်ရနေကြောင်း

"သူသည် ထမင်းစား၍ လျင်မြန်စွာ ကျောင်းသွားသည်။"

ဟူသည့် ဝါကျတွင်မူ လျင်မြန်စွာ ဟူသည့် ကြိယာအထူးပြုပုဒ်သည် ကျောင်းသွားဟူသည့် နာမ်ပေါင်းကြိယာရှေ့တွင် ရှိနေသဖြင့် ကျောင်းကို အလျင်အမြန်သွားနေသည်ဟု အနက် အဓိပ္ပာယ်ရနေကြောင်း မိမိအလေးပေးလိုသည့် ကြိယာရှေ့တွင် ကြိယာအထူးပြုပုဒ်ကို ထားပေးခြင်းဖြင့် ဆိုလိုချင်သည့် အဓိပ္ပာယ်အမှန်ကိုရမည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၂)**

"ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် လမ်းတွင် စနစ်တကျ အမှိုက်များကိုစွန့်ပစ်ပါ။"



DBE BOX - Copyright Protected

ဟူသည့်ဝါကျမှာ လမ်းပေါ်တွင် အမှိုက်များကို စွန့်ပစ်ရမည်ဟု အဓိပ္ပာယ်ရနေကြောင်း၊ ထိုဝါကျ၌ စနစ်တကျဟူသည့်စကားလုံးသည် ကြိယာအထူးပြုပုဒ်ဖြစ်ကြောင်း၊ ကြိယာအထူးပြုပုဒ်သည် ကြိယာ၏ ရှေ့၌သာရှိရမည်ဖြစ်သဖြင့် ကြိယာအထူးပြုကိုကြိယာ၏ ရှေ့၌ထားလိုက်သည့် အခါမှသာ

"ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လမ်းတွင်အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ။"

ဟူသည့် ဆိုလိုရင်းအဓိပ္ပာယ်အမှန်ကိုရရှိမည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၃)**

"မလှသည် မနေ့က ပေါင်မုန့်ကို စားသည်။"

ဟူသည့်ဝါကျမှာ ပေါင်မုန့်သည် မနေ့ကပေါင်မုန့်ဟု အနက်ရနေကြောင်း၊ ပြောလိုသည်မှာ ပေါင်မုန့် စားခဲ့ခြင်းသည် မနေ့က စားခဲ့သည်ဟု ပြောလိုရင်းဖြစ်ကြောင်း၊ ထို့ကြောင့် မနေ့ကဟူသည့် ကြိယာ အထူးပြုအဖြစ်သုံးသော "က" ဝိဘတ်ပါသည့် အချိန်ပြပုဒ်ကို ၎င်းနှင့် သက်ဆိုင်သည့် ကြိယာ "စား" ၏ ရှေ့တွင်ထားပါမှ

"မလှသည် ပေါင်မုန့်ကို မနေ့က စားသည်။"

ဟူသည့် ဆိုလိုချင်သည့် အဓိပ္ပာယ်သို့ရောက်မည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၄)**

"လှေပေါ်က ကြာပန်းကို ခူးသည်။"

ဟူသည့်ဝါကျမှာ ကြာပန်းသည် လှေပေါ်၌ပေါက်နေသည်ဟု အနက်ရနေကြောင်း၊ ပြောလိုသည်မှာ လှေပေါ်မှနေ၍ကြာပန်းကို ခူးခဲ့သည်ဟု ပြောလိုရင်းဖြစ်ကြောင်း၊ ထို့ကြောင့် လှေပေါ်ကဟူသည့် ကြိယာအထူးပြုအဖြစ်သုံးသော "က" ဝိဘတ်ပါသည့် နေရာပြပုဒ်ကို ၎င်းနှင့်သက်ဆိုင်သည့် ကြိယာ "ခူး" ၏ ရှေ့တွင်ထားပါမှ

"ကြာပန်းကို လှေပေါ်က ခူးသည်။"

ဟူသည့် ဆိုလိုချင်သည့် အဓိပ္ပာယ်သို့ရောက်မည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၅)**

"စာသင်ခန်းတွင် လိမ်မပြောရန် တပည့်များကို ဆရာက ဆုံးမသည်။"

ဟူသည့်ဝါကျမှာ ဆရာက တပည့်များကို စာသင်ခန်းထဲတွင်သာ လိမ်မပြောကြရန် ဆုံးမနေသည်ဟု အနက်ရနေသည်။ ထို့ကြောင့် "တွင်" ဝိဘတ်ပါသည့်နေရာ ပြပုဒ်ကို ၎င်းနှင့် သက်ဆိုင်သည့်ကြိယာ "ဆုံးမ" ၏ ရှေ့တွင်ထားပါမှ

"လိမ်မပြောရန် တပည့်များကို ဆရာက စာသင်ခန်းတွင် ဆုံးမသည်။"

ဟူသည့် ဆိုလိုချင်သည့် အဓိပ္ပာယ်သို့ရောက်မည်ဖြစ်ကြောင်းရှင်းပါ။

DBE BOX - Copyright Protected

**ရှင်းလင်းချက် (၆)**

"မောင်ဘက တုတ်နှင့် မောင်လှကို ရိုက်သည်။"

ဟူသည့်ဝါကျမှာ မောင်ဘက တုတ်ကြီးကိုင်ထားသော မောင်လှကို ရိုက်လိုက်သည်ဟု အနက်ရနေကြောင်း၊ ပြောလိုသည်မှာ မောင်ဘက မောင်လှကို တုတ်နှင့်ရိုက်သည်ဟု ပြောလိုရင်း ဖြစ်ကြောင်း၊ ထို့ကြောင့် "နှင့်" ဝိဘတ်ပါသည့် အသုံးခံပြုပုဒ်ကို ၎င်းနှင့် သက်ဆိုင်သည့် ကြိယာ "ရိုက်" ၏ ရှေ့တွင် ထားပါမှ

"မောင်ဘက မောင်လှကို တုတ်နှင့်ရိုက်သည်။"

ဟူသည့် ဆိုလိုချင်သည့်အဓိပ္ပာယ်သို့ရောက်မည်ဖြစ်ကြောင်း ရှင်းပါ။

❖ ကြိယာရှေ့တွင် ကြိယာအထူးပြုပုဒ်များထားသကဲ့သို့ နာမ်ပေါင်းကြိယာများရှေ့တွင်လည်း ကြိယာအထူးပြုပုဒ်ကို ထားရမည်ဖြစ်ကြောင်းရှင်းပါ။

**ရှင်းလင်းချက် (၇)**

"စာ အပြင်းအထန် ကြိုးစားသည်။"

ဟူသည့် ဝါကျသည် "စာ"က အပြင်းအထန်ကြိုးစားနေသည်ဟု အဓိပ္ပာယ်ရနေကြောင်း ရှင်းပြပေးပါ။ ထိုဝါကျ၌ "စာကြိုးစား"ဟူသည့် ပုဒ်စုမှာ နာမ်ပေါင်းကြိယာဖြစ်ကြောင်း၊ နာမ်ပေါင်းကြိယာ၏ ရှေ့တွင် ကြိယာအထူးပြုပုဒ်ကို ထားရမည်ဖြစ်ကြောင်း၊ သို့မှသာ

"အပြင်းအထန် စာကြိုးစားသည်။"

ဟူသည့် ဆိုလိုရင်းအဓိပ္ပာယ်အမှန်ကို ရမည်ဖြစ်ကြောင်းရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါ လေ့ကျင့်ခန်းမေးခွန်း (၂) ကို မှတ်စုစာအုပ်တွင် ဖြေပါစေ။

**အဖြေများ–** ၂။ (၁) ကျွန်တော်သည် ဆရာကို မော်လမြိုင်က ဒူးရင်းသီးဖြင့် ကန်တော့သည်။

(၂) မလှသည် မမြအား သဇင်ပန်းများကို လက်ဆောင်အဖြစ်ယမန်နှစ်ကပေးသည်။

(၃) မမသည် ခရေပွင့်များကို အပ်ချည်နှင့် သီသည်။

(၄) ရပ်ကွက်လူငယ်များ စာကြည့်တိုက်၏ ၁၀ ကြိမ်မြောက် စာပေဟောပြောပွဲကို ယခုနှစ် တွင် ကျင်းပမည်။

(၅) ကျွန်တော်သည် လယ်ကွင်းများကို သစ်ပင်ပေါ်က လှမ်းမြင်ရသည်။

DBE BOX - Copyright Protected

❖ ကျောင်းသားများဖြေဆိုနေချိန်တွင် ဆရာက လိုက်လံအကဲခတ်ပါ။
❖ အခက်အခဲရှိသည့်ကျောင်းသားကို ဆရာက ဆွေးနွေးလမ်းညွှန်ပါ။
❖ အုပ်စုအချင်းချင်း အပြန်အလှန်အကဲဖြတ်ပါစေ။
❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသုံးစာအုပ်ပါလေ့ကျင့်ခန်းမေးခွန်း (၃)၊ (၄)၊ (၅) တို့ကို လေ့ကျင့်ခန်းစာအုပ်တွင်ဖြေပါစေ။

**အဖြေများ–** ၃။ (၁) ကျောင်းမှန်မှန်မတက်သည့်အတွက် ကျောင်းသားများ ကျောင်းကို မှန်မှန်တက်ကြရန် ဆရာကြီးက သတိပေးသည်။

(၂) ချော်လဲ၍ ခြေထောက်နာနေသဖြင့် ငိုနေသောဖိုးဇော်ကို ဖေဖေက အငိုတိတ်အောင် ချော့နေသည်။

(၃) ပုံပြင်အလွန်ကြိုက်သော မောင်လေးကို မေမေက ပုံပြင်ပြော၍ သိပ်နေသည်။

(၄) ကျွန်တော့်ကိုကိုသည် အေးချမ်းလှသော မေမြို့တွင် နေထိုင်သည်။

(၅) ဖေဖေသည် အသက်(၁၀၀)ကျော်ပြီဖြစ်သော ဘွားဘွား၏ အချစ်ဆုံးသားဖြစ်သည်။

**အဖြေများ–** ၄။ (၁) မေမေသည် သားသမီးများကို ရန်မဖြစ်ရန် အိပ်ခန်းထဲတွင် ဆုံးမသည်။

(၂) မမ၏ လှပသော အရုပ်လေးမှာ သူ၏မွေးနေ့လက်ဆောင်အဖြစ် ဖေဖေက ပေးထားခြင်း ဖြစ်သည်။

(၃) အိမ်စာမပြီးသေးသောကြောင့် စိုးရိမ်နေသော မောင်လေးကို အိမ်စာကူလုပ်ပေးမည့်အကြောင်း မေမေသည် နှစ်သိမ့်နေသည်။

(၄) ဆရာကြီးမှာ လှပသော သမီးတစ်ယောက်ရှိသည်။

(၅) ညီလေးသည် ခြင်းထဲမှအဝတ်များကို အစ်ကိုကြီးအား ကူသိမ်းပေးနေသည်။

DBE BOX - Copyright Protected

**အဖြေများ–** ၅။ (၁) ကြာပန်းကို လှေပေါ်က ခူးသည်။

(၂) တပည့်များကို လိမ်မပြောရန် စာသင်ခန်းတွင် ဆရာက ဆုံးမသည်။

(၃) ဆရာသည် လိမ္မာသော တပည့်ကို ချစ်သည်။

(၄) ကျွန်တော်သည် မုန့်သည်ကို အိမ်ပေါ်က ခေါ်သည်။

(၅) မေမေသည် မုန့်ဖတ်များကို ဖက်ရွက်နှင့် ထုပ်သည်။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ အုပ်စုချင်း အပြန်အလှန်စစ်ဆေးပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၆)။ မြန်မာစာကိုယ်ခံတည့်ဆောက်ရေး(ဒု-ကြိမ်)။ ရန်ကုန်၊ the key collection.

၂။ ဖေမောင်တင်၊ **ဦး**။ (၁၉၆၅)။ မြန်မာဝါကျဖွဲ့ထုံးကျမ်း။ ရန်ကုန်၊ စာပေဗိမာန်။

၃။ သစ်ဝင်း၊ **မောင်**။ (၁၉၉၉)။ အခြေခံစာရေးနည်းလမ်းညွှန်။ ရန်ကုန်၊ ကံ့ကော်မြိုင်စာပေ။

DBE BOX - Copyright Protected

# အခန်း – ၂။ စာပုံစံအမျိုးမျိုး

## ပေးစာ

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – ပေးစာ |
| ရည်ရွယ်ချက် | – ပေးစာ၏ သဘောသဘာဝကိုသိရှိပြီး ပေးစာတစ်စောင်ကို စနစ်တကျရေးသားတတ်ရန် |
| သင်ယူမှုရလဒ် | – ပေးစာ၏ သဘောသဘာဝကိုသိရှိပြီး ပေးစာတစ်စောင်ကို စနစ်တကျရေးသားတတ်လာမည်။ |
| သင်ကြားနည်း | – အမေးအဖြေပြုနည်း၊ ဟောပြောဆွေးနွေးနည်း |
| သင်ထောက်ကူပစ္စည်း | – ပေးစာ၏ သဘောသဘာဝနှင့် ပတ်သက်သည့်အချက်များကို မှတ်တမ်းတင်ထားသည့်စာကတ်ပြားများ၊ သင်ကြားခဲ့ဖူးသော ပေးစာများမှ စာပိုဒ်အချို့ကို ကောက်နုတ်မှတ်တမ်းတင်ထားသည့်စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

- ❖ ပေးစာဟူသည်မှာ လူမှုကိစ္စနယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အပေးအယူ ပြုလုပ်လေ့ရှိကြသော စာများဖြစ်ကြောင်းနိဒါန်းပျိုးပါ။
- ❖ မိတ်ဆွေအချင်းချင်း၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား စသည့် အချင်းချင်းဆက်ဆံရာ၌ အပြန်အလှန် စာပေးစာယူပြုခြင်းသည် အရေးပါသော လူမှုရေးလုပ်ငန်း တစ်ရပ်ဖြစ်ကြောင်းရှင်းပါ။
- ❖ နေ့စဉ်လိုပင် လူတစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ လုပ်ငန်းတစ်ခုနှင့်တစ်ခု လူ အချင်းချင်း ဆက်သွယ်ရန်ခက်ခဲသောကိစ္စများ၌ မြန်ဆန်ချောမွေ့စေရန် စာများဖြင့်အပြန်အလှန် ပေးပို့ဆက်ဆံကြရကြောင်း၊ ထို့ကြောင့်ပေးစာများရေးတတ်ရန်လိုကြောင်းပြောပါ။

DEE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**
**ရှင်းပြခြင်း**

❖ စာပါအကြောင်းအရာ၊ စာပေးပို့သူနှင့်စာ၏ ရည်ရွယ်ချက်ကိုလိုက်၍ ပေးစာများကို အမျိုးမျိုး ခွဲခြားနိုင်ကြောင်း၊ အဓိကအားဖြင့် ပေးစာနှစ်မျိုးရှိကြောင်း

(၁) လူမှုရေးသဘောသက်ဝင်သော ပေးစာများ

(၂) လုပ်ငန်းသဘောသက်ဝင်သော ပေးစာများ

ရှိကြောင်း အသင့်ပြုလုပ်ထားသည့် ပေးစာစာကတ်ပြားများ၏အကူအညီဖြင့်ရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ပေးစာဆိုတာ ဘယ်လိုစာမျိုးကို ခေါ်သလဲ။

❖ ပေးစာတွေကို ဘယ်လိုအကြောင်းကိစ္စတွေနဲ့ စပ်လျဉ်းပြီး အသုံးပြုကြသလဲ။

❖ ပေးစာအမျိုးအစားတွေကို ဘယ်လိုခွဲခြားနိုင်သလဲ။

❖ ပေးစာ ဘယ်နှမျိုးရှိသလဲ။

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ စနစ်ကျသော ပေးစာတစ်စောင်ရေးသားရာတွင် ပေးစာ၏အင်္ဂါရပ်များနှင့် ပြည့်စုံရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းတို့တွင် သင်ကြားခဲ့ဖူးသည့် ပေးစာတို့ကိုအခြေခံ၍ ပေးစာသဘောကို လေ့လာကြည့်ကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ပေးစာတွေ ဖတ်ခဲ့ဖူးပါသလား။ ဘယ်သူတွေရဲ့ ပေးစာတွေကို ဖတ်ခဲ့ဖူးသလဲဟု မေးပါ။

❖ အလယ်တန်းမှာ ပေးစာတွေ သင်ခဲ့ဖူးပါသလား။ ဘယ်သူတွေရဲ့ပေးစာတွေကို သင်ခဲ့ဖူးသလဲ ဟု မေးပါ။

❖ ပေးစာတွေမှာ ဘယ်လိုအင်္ဂါရပ်တွေပါတယ်ဆိုတာ သိခဲ့ဖူးသလား သို့မဟုတ် မှတ်မိသေးသလား ဆိုတဲ့မေးခွန်းကို မေးပါ။

❖ အခုစာသင်ချိန်တွင် ပေးစာတစ်စောင်၌ ပါဝင်ရမည့်အချက်အလက်များ ရှင်းပြပေးမည်ဖြစ်ကြောင်း၊ စာသင်ချိန် ၃ တွင် ပေးစာကို လက်တွေ့ရေးကြည့်ကြရမည်ဖြစ်ကြောင်းပြောပြ၍ အဆုံးသတ်ပါ။

DBE BOX - Copyright Protected

## လုပ်ငန်းစဉ် ၂
## ရှင်းပြခြင်း၊ သင်ကြားခြင်း

❖ ပေးစာတစ်စောင်တွင် စာရေးသူ၏နေရပ်နှင့် စာရေးသည့်ရက်စွဲကို ပထမစာမျက်နှာ၏ လက်ယာဘက် ထိပ်ဆုံး၌ ထားရှိရမည်ဖြစ်ကြောင်းရှင်းပါ။

❖ နှုတ်ခွန်းဆက်စကားသည် ပထမစာကြောင်းအောက် လက်ဝဲဘက်အစွန်း၌ ရေးသားရကြောင်း၊ နှုတ်ခွန်းဆက်စကားသည် စာပေးပို့သူနှင့် စပ်လျဉ်း၍ အမျိုးမျိုးပြောင်းလဲ သုံးစွဲရကြောင်း ရှင်းပါ။

❖ စာကိုယ်မှာ မိမိရေးသားလိုသောအကြောင်းအရာများကိုရေးသားရမည်ဖြစ်ကြောင်း၊ စာကိုယ်တွင် အောက်ပါအချက်အလက်များကို လိုက်နာရေးသားရကြောင်း

- ◆ ရင်းနှီးသောမိတ်ဆွေချင်း ရေးသားသောစာများနှင့် မိမိထက်ဂုဏ်ထူး၊ ရာထူး အသက်ဝါကြီး ရင့်သူများထံ ရေးသားသောစာများသည် အကြောင်းအရာချင်းတူစေကာမူ ရေးဟန်မတူနိုင် ကြောင်း
- ◆ မိတ်ဆွေချင်း ရေးရာ၌ စကားပြောသကဲ့သို့ ရေးနိုင်ကြောင်း
- ◆ ဂုဏ်ထူးရာထူးကြီးမြင့်သူများထံ ရေးသောစာနှင့် အလုပ်သဘောသက်ဝင်သော ပေးစာများ၌ စကားပြောသကဲ့သို့မရေးရဘဲ စာရေးသားဟန်သက်သက်ဖြင့်သာ ရေးရကြောင်း
- ◆ အကြောင်းအရာအချက်အလက်ကိုလိုက်၍ စာပိုဒ်ခွဲရန်လိုအပ်ကြောင်း
- ◆ လွယ်ကူရှင်းလင်း၍ သိသာလွယ်သော စကားများကို သုံးရကြောင်း
- ◆ မိမိဖော်ပြလိုသော အချက်အလက်အလုံးစုံပါဝင်အောင် ရေးသားရကြောင်း

ရှင်းပါ။

❖ ပေးစာရေးရာ၌ သေသပ်သန့်ရှင်းမှုကို အထူးဂရုပြုရမည်။

❖ ပေးစာကို တုံးတိတိဖြတ်၍ အဆုံးမသတ်သင့်ပေ။

❖ အချို့ပေးစာများ၌ ဆုတောင်းစကားများဖြင့် မိမိစာကိုအဆုံးသတ်ရေးသားကြကြောင်း၊ ဆုတောင်း စကားမှာ မိမိနှစ်သက်ရာ ဆုတောင်းစကားကို အသုံးပြုနိုင်ကြောင်းရှင်းပါ။

❖ စာရေးသူအပေါ်၌ထားရှိသော မိမိ၏သဘောထားကို အတိုဆုံးအသုံးအနှုန်းဖြင့် နှုတ်ဆက်စကား ပြောကြားရမည်ဖြစ်ကြောင်းပြောပါ။

❖ စာအဆုံးတွင် စာရေးသူ၏ လက်မှတ်ကို လက်ယာဘက်ထောင့်တွင် ရေးထိုးရမည်ဖြစ်ကြောင်း၊ လက်မှတ်အောက်၌ မိမိအမည်ကိုဖော်ပြရမည်ဖြစ်ကြောင်းရှင်းပါ။

DBE BOX Copyright Protected

❖ ပေးစာ စာအိတ်၌ လက်ယာဘက်ထောင့်စွန်းတွင် (လိုအပ်လျှင်) တံဆိပ်ခေါင်းကပ်ရမည်ဖြစ်ကြောင်း၊ လိပ်စာကို လက်ဝဲဘက်မှစ၍ရေးရကြောင်း၊ လိပ်စာရေးရာ၌ အမည်၊ ရာထူး၊ နေရပ်၊ မြို့နှင့် (လိုအပ်လျှင် ) ခရိုင်၊ ဒေသ စသည်တို့ကိုပါ ဖော်ပြရမည်ဖြစ်ကြောင်း ဆရာက လမ်းညွှန်ပါ။

❖ စကားအဖြတ်အတောက်၊ ဝါကျအဖြတ်အတောက်များကို ဂရုပြု၍ ရေးသားရမည်ဖြစ်ကြောင်း ရှင်းပြ၍ သင်ကြားခြင်းကိုအဆုံးသတ်ပါ။

## စာသင်ချိန် ၃

### လုပ်ငန်းစဉ် ၁

### သင်ကြားခြင်း

❖ ယခုစာသင်ချိန်တွင် ပေးစာတစ်စောင်ကို လက်တွေ့ရေးသားကြမည်ဖြစ်ကြောင်းနိဒါန်းပျိုးပါ။

❖ ဆရာက တပည့်များအား အင်္ဂါရပ်တစ်ချက်ချင်းစီကို အပြန်အလှန်ဆွေးနွေးကြပါစေ။

❖ အချက်တစ်ချက်ပြောပြီးတိုင်း တစ်ခါ လက်တွေ့ရေးသားပါစေ။

❖ ပေးစာပုံစံ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

### လုပ်ငန်းစဉ် ၂

### လေ့ကျင့်ခြင်း

❖ အမေ့ထံသို့ပေးစာ၊ သူငယ်ချင်းထံသို့ပေးစာ၊ အဖေ့ထံသို့ပေးစာ၊ ဆရာမထံသို့ပေးစာ စသည့် ခေါင်းစဉ်တို့ကို မဲလိပ်ပြုလုပ်၍ ကျောင်းသားများကို မဲနှိုက်ပါစေ။ မိမိကျရာ အကြောင်းအရာကို ပေးစာအင်္ဂါရပ်နှင့်အညီ ရေးသားကြပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

DBE BOX - Copyright Protected

### စာအညွှန်း

၁။ စိုးဝင်းရည်၊ **ဦး**။ (၁၉၆၇)။ နေ့စဉ်သုံးစာရေးနည်းအထွေထွေ။ ရန်ကုန်၊ ဓာတ်စာပေ။

၂။ မင်းသော်တာ။ (၁၉၈၈)။ ပေးစာပြန်စာရေးနည်း။ ရန်ကုန်၊ စကြာအေးစာပေ။

## နေ့စဉ်မှတ်တမ်း

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – နေ့စဉ်မှတ်တမ်း |
| ရည်ရွယ်ချက် | – နေ့စဉ်မှတ်တမ်း၏ သဘောသဘာဝကို သိရှိစေရန်၊ နေ့စဉ်မှတ်တမ်း ရေးသားတတ်လာစေရန် |
| သင်ယူမှုရလဒ် | – နေ့စဉ်မှတ်တမ်း ရေးသားတတ်လာမည်။ |
| သင်ကြားနည်း | – အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ လက်တွေ့လေ့ကျင့်နည်း |
| သင်ထောက်ကူပစ္စည်း | – နေ့စဉ်မှတ်တမ်း၏ သဘောသဘာဝနှင့် ပတ်သက်သည့်အချက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**
**နိဒါန်းပျိုးခြင်း**

❖ နေ့စဉ်မှတ်တမ်းဟူသည့် ဝေါဟာရ၏အဓိပ္ပာယ်နှင့် နေ့စဉ်မှတ်တမ်း၏သဘောသဘာဝများကို နိဒါန်းပျိုးပါ။

**လုပ်ငန်းစဉ် ၂**
**ရှင်းပြခြင်း**

❖ နေ့စဉ်မှတ်တမ်းတွင် ပါဝင်ရမည့် အင်္ဂါရပ်များကိုရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဆရာက တပည့်တွေကို နေ့စဉ်မှတ်တမ်း အင်္ဂါရပ်တစ်ချက်ချင်းစီကို ပြောပါစေ။

❖ နေ့စဉ်မှတ်တမ်းရေးသားရာတွင် ထိုအလေ့အကျင့်ကောင်းများ ရှိရန်လိုအပ်ကြောင်း ရှင်းပြ၍ နိဂုံးချုပ်ပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း**

❖ နေ့စဉ်မှတ်တမ်းတစ်စောင်ရေးသားရာတွင် လိုက်နာသင့်သည့် အခြေခံအချက်များကိုရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

❖ ပုဂ္ဂိုလ်တစ်ဦး၏ နေ့စဉ်မှတ်တမ်းတစ်ခုကို သာဓကဆောင်၍ နေ့စဉ်မှတ်တမ်း၏ သဘော သဘာဝ အင်္ဂါရပ်များနှင့် ချိန်ထိုးသင်ကြားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဆရာက တပည့်များကို လိုက်နာရမည့် အချက်တစ်ချက်ချင်းစီကို ပြောပါစေ။

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း၊ သင်ကြားခြင်း**

❖ ယခု စာသင်ချိန်တွင် စနေနေ့အတွက် နေ့စဉ်မှတ်တမ်းကို လက်တွေ့ရေးသားကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက တပည့်များကို အင်္ဂါရပ်တစ်ချက်ချင်းစီကို ပြောပါစေ။

❖ အချက်တစ်ချက်ပြောပြီးတိုင်း တစ်ခါ လက်တွေ့ရေးပါစေ။

❖ နေ့စဉ်မှတ်တမ်းပုံစံ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ဘုရားဖူးသွားသည့်နေ့တစ်နေ့၊ ရေကူးသွားသည့် နေ့တစ်နေ့၊ ဈေးသွားသည့်နေ့တစ်နေ့၊ စာပေဟောပြောပွဲသွားသည့် နေ့တစ်နေ့၊ စာမေးပွဲဖြေသည့်နေ့တစ်နေ့ စသည့် ခေါင်းစဉ်တို့ကို မဲလိပ်ပြုလုပ်၍ ကျောင်းသားများကို မဲနှိုက်ပါစေ။ မိမိကျရာ အကြောင်းအရာကို နေ့စဉ်မှတ်တမ်း အင်္ဂါရပ်နှင့်အညီ ရေးပါစေ။

**မှတ်ချက်။ ။ အသေးစိတ်လုပ်ငန်းစဉ်များကို ပေးစာသင်ခန်းစာ၏ သင်ကြားနည်းလုပ်ငန်းစဉ်များ အတိုင်း သင်ကြားပေးရမည်ဖြစ်ပါသည်။**

**စာအညွှန်း**

၁။ ကြင်ခဲ၊ **ဆရာ**။ (၁၉၇၄)။ နေ့စဉ်မှတ်တမ်း။ ရန်ကုန်၊ ပန်းချီစာပေတိုက်။

၂။ ချစ်မောင်၊ **ဦး**(ဂျာနယ်ကျော်-)။ ( ၁၉၄၆)။ နေ့စဉ်မှတ်တမ်း။ ရန်ကုန်၊ ဂျာနယ်ကျော် စာအုပ်တိုက်။

၃။ တာရာ၊ **ဒဂုန်**။ (၂၀၁၂)။ နေ့စဉ်မှတ်တမ်း။ ရန်ကုန်၊ နေမျိုးစာပဒေသာ။

## နေ့စဉ်မှတ်တမ်း

| | |
|---|---|
| သင်ခန်းစာခေါင်းစဉ် | – နေ့စဉ်မှတ်တမ်း |
| ရည်ရွယ်ချက် | – နေ့စဉ်မှတ်တမ်း၏ သဘောသဘာဝကို သိရှိစေရန်၊ နေ့စဉ်မှတ်တမ်း ရေးသားတတ်လာစေရန် |
| သင်ယူမှုရလဒ် | – နေ့စဉ်မှတ်တမ်း ရေးသားတတ်လာမည်။ |
| သင်ကြားနည်း | – အမေးအဖြေနည်း၊ ဟောပြောဆွေးနွေးနည်း၊ လက်တွေ့လေ့ကျင့်နည်း |
| သင်ထောက်ကူပစ္စည်း | – နေ့စဉ်မှတ်တမ်း၏ သဘောသဘာဝနှင့် ပတ်သက်သည့်အချက်များကို မှတ်တမ်းတင်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – ၃ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း**

❖ နေ့စဉ်မှတ်တမ်းဟူသည့် ဝေါဟာရ၏အဓိပ္ပာယ်နှင့် နေ့စဉ်မှတ်တမ်း၏သဘောသဘာဝများကို နိဒါန်းပျိုးပါ။

**လုပ်ငန်းစဉ် ၂**

**ရှင်းပြခြင်း**

❖ နေ့စဉ်မှတ်တမ်းတွင် ပါဝင်ရမည့် အင်္ဂါရပ်များကိုရှင်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဆရာက တပည့်တွေကို နေ့စဉ်မှတ်တမ်း အင်္ဂါရပ်တစ်ချက်ချင်းစီကို ပြောပါစေ။

❖ နေ့စဉ်မှတ်တမ်းရေးသားရာတွင် ထိုအလေ့အကျင့်ကောင်းများ ရှိရန်လိုအပ်ကြောင်း ရှင်းပြ၍ နိဂုံးချုပ်ပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း**

❖ နေ့စဉ်မှတ်တမ်းတစ်စောင်ရေးသားရာတွင် လိုက်နာသင့်သည့် အခြေခံအချက်များကိုရှင်းပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

❖ ပုဂ္ဂိုလ်တစ်ဦး၏ နေ့စဉ်မှတ်တမ်းတစ်ခုကို သာဓကဆောင်၍ နေ့စဉ်မှတ်တမ်း၏ သဘော သဘာဝ အင်္ဂါရပ်များနှင့် ချိန်ထိုးသင်ကြားပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဆရာက တပည့်များကို လိုက်နာရမည့် အချက်တစ်ချက်ချင်းစီကို ပြောပါစေ။

DPF BOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း၊ သင်ကြားခြင်း**

❖ ယခု စာသင်ချိန်တွင် စနေနေ့အတွက် နေ့စဉ်မှတ်တမ်းကို လက်တွေ့ရေးသားကြမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဆရာက တပည့်များကို အင်္ဂါရပ်တစ်ချက်ချင်းစီကို ပြောပါစေ။

❖ အချက်တစ်ချက်ပြောပြီးတိုင်း တစ်ခါ လက်တွေ့ရေးပါစေ။

❖ နေ့စဉ်မှတ်တမ်းပုံစံ မှန်၊ မမှန်ကို ဆရာက စစ်ဆေးပါ။

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ ဘုရားဖူးသွားသည့်နေ့တစ်နေ့၊ ရေကူးသွားသည့် နေ့တစ်နေ့၊ ဈေးသွားသည့်နေ့တစ်နေ့၊ စာပေဟောပြောပွဲသွားသည့် နေ့တစ်နေ့၊ စာမေးပွဲဖြေသည့်နေ့တစ်နေ့ စသည့် ခေါင်းစဉ်တို့ကို မဲလိပ်ပြုလုပ်၍ ကျောင်းသားများကို မဲနှိုက်ပါစေ။ မိမိကျရာ အကြောင်းအရာကို နေ့စဉ်မှတ်တမ်း အင်္ဂါရပ်နှင့်အညီ ရေးပါစေ။

**မှတ်ချက်။ ။ အသေးစိတ်လုပ်ငန်းစဉ်များကို ပေးစာသင်ခန်းစာ၏ သင်ကြားနည်းလုပ်ငန်းစဉ်များ အတိုင်း သင်ကြားပေးရမည်ဖြစ်ပါသည်။**

**စာအညွှန်း**

၁။ ကြင်ခဲ၊ **ဆရာ**။ (၁၉၇၄)။ နေ့စဉ်မှတ်တမ်း။ ရန်ကုန်၊ ပန်းချီစာပေတိုက်။

၂။ ချစ်မောင်၊ **ဦး**(ဂျာနယ်ကျော်-)။ ( ၁၉၄၆)။ နေ့စဉ်မှတ်တမ်း။ ရန်ကုန်၊ ဂျာနယ်ကျော် စာအုပ်တိုက်။

၃။ တာရာ၊ **ဒဂုန်**။ (၂၀၁၂)။ နေ့စဉ်မှတ်တမ်း။ ရန်ကုန်၊ နေမျိုးစာပဒေသာ။

## အခန်း – ၃။ စာအရေးအသားအတတ်ပညာ

## အလင်္ကာ

သင်ခန်းစာခေါင်းစဉ် – အလင်္ကာ

ရည်ရွယ်ချက် – စာပေ၏အဆင်တန်ဆာဖြစ်သည့် အလင်္ကာများ၏ သဘောသဘာဝကိုသိရှိစေရန်နှင့် သင်ခန်းစာများတွင် ပါဝင်သည့် အလင်္ကာများကို မည်သည့်အလင်္ကာဖြစ်ကြောင်း ကိုယ်တိုင်ဖော်ထုတ်တတ်ရန်၊ ဖန်တီးတတ်ရန်

သင်ယူမှုရလဒ် – စာပေ၏အဆင်တန်ဆာဖြစ်သည့် အလင်္ကာများ၏ သဘောသဘာဝကိုသိရှိလာပြီး အလင်္ကာများကို အမျိုးအစားခွဲခြားဖော်ထုတ်တတ်လာမည်။

သင်ကြားနည်း – ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း

သင်ထောက်ကူပစ္စည်း – အလင်္ကာများကို ရေးသားထားသည့် စာကတ်ပြားများနှင့် ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများထဲမှ အလင်္ကာပါသောစာပိုဒ်များကို ရေးမှတ်ထားသည့် စာကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် – စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၁ ခု ပြုလုပ်ရန်

စာသင်ချိန် – ၆ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ်

### စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ လူတစ်ယောက်ကို လှပစေရန် အဝတ်အစား၊ လက်ဝတ်ရတနာ စသည်တို့နှင့် တန်ဆာဆင်မွမ်းမံရသကဲ့သို့ စာပေကိုလှပစေရန် အလင်္ကာနှင့် တန်ဆာဆင်ရကြောင်း၊ အလင်္ကာဟူသည်မှာ စာပေ၏ အဆင်တန်ဆာပင်ဖြစ်ကြောင်းအလင်္ကာ၏သဘောကို နိဒါန်းပျိုးပါ။

❖ ကျောင်းသားအားလုံးကို ကျောင်းသုံးစာအုပ်ပါ "အလင်္ကာ"သင်ခန်းစာကို အပိုင်းလိုက်ဖတ်ပါစေ။ တစ်ပိုင်းပြီးလျှင် ထိုတစ်ပိုင်းကို ကျောင်းသားနားလည်အောင် ဆရာက ရှင်းပြပါ။ လိုအပ်လျှင် သင်ထောက်ကူစာကတ်ပြားများကို အသုံးပြုပါ။

❖ ရသစာပေတစ်ပုဒ်တွင် အလင်္ကာကောင်းလျှင်ကောင်းသလောက် စာပေ၏တန်ဖိုးမှာ မြင့်မားလာရကြောင်း ပြောပြနိဂုံးချုပ်ပါ။

DBE BOX – Copyright Protected

## စာသင်ချိန် ၂

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ဥပမာအလင်္ကာအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ဥပမာအလင်္ကာဟူသည် တူညီသောဂုဏ်ရည်နှစ်ခုကို ခိုင်းနှိုင်းဖွဲ့ဆိုထားသည့် အဖွဲ့ဖြစ်ကြောင်း၊ ရှင်းပြပေးပါ။ အဖွဲ့တစ်ခုသည် ဥပမာအလင်္ကာ မြောက်၊ မမြောက်ကို

(၁) အနှိုင်းနှင့် အနှိုင်းခံပုဒ်တို့ ပါဝင်ခြင်း

(၂) အနှိုင်းနှင့် အနှိုင်းခံတို့၏ တူမျှသောဂုဏ်ရည် ပါဝင်ခြင်း

(၃) အနှိုင်းပြ စကားလုံးများ ပါဝင်ခြင်း

ဟူသည့် အချက်တို့နှင့် ဆန်းစစ်ကြည့်နိုင်ကြောင်းရှင်းပါ။ အဖွဲ့တစ်ခုသည် ဥပမာအလင်္ကာ မြောက်ကြောင်း ဖော်ထုတ်တင်ပြရာတွင်မူ

(၁) ဘာကို ဘာနှင့် နှိုင်းထားကြောင်း

(၂) မည်သည့်အချက်၌ တူ၍ ခိုင်းနှိုင်းထားကြောင်း

ကိုဖော်ထုတ်တင်ပြရမည်ဖြစ်ကြောင်း သာဓကဝါကျအမျိုးမျိုးဖြင့်ရှင်းပြပြီး လေ့ကျင့်ပါစေ။

DPE BOX - Copyright Protected

## စာသင်ချိန် ၃

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် ရူပကအလင်္ကာအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ရူပကအလင်္ကာဟူသည် တူညီသောဂုဏ်ရည်တူနှစ်ခုကို ထပ်တူပြုဖွဲ့ဆိုထားတဲ့အဖွဲ့ဖြစ်ကြောင်း ရှင်းပါ။ အဖွဲ့တစ်ခုသည် ရူပအလင်္ကာ မြောက်၊ မမြောက်ကို

(၁) အနှိုင်းနှင့် အနှိုင်းခံပုဒ်တို့ ပါဝင်ခြင်း

(၂) အနှိုင်းနှင့် အနှိုင်းခံတို့၏ တူမျှသောဂုဏ်ရည်ပါဝင်ခြင်း

(၃) အနှိုင်းပြစကားလုံးမပါဝင်ခြင်း

(၄) အနှိုင်းနှင့် အနှိုင်းခံတို့ တစ်ထပ်တည်းကျခြင်း

ဟူသည့်အချက်တို့ဖြင့် ဆန်းစစ်ရမည်ဖြစ်ကြောင်းရှင်းပါ။

❖ 'ဥပမာအလင်္ကာ'နှင့် 'ရူပကအလင်္ကာ' နှစ်မျိုးစလုံးသည် 'အနှိုင်း'နှင့် 'အနှိုင်းခံ'တို့ကို အခြေပြု၍ ဖော်ထုတ်ရသည်ဖြစ်သဖြင့် ထိုအလင်္ကာတို့၏သဘောကို ကျောင်းသားများ ကွဲပြားစွာ သိရှိထားရန် ရှင်းပြပါ။

❖ ဥပမာအလင်္ကာ၌တူသောဂုဏ်သည် အနှိုင်းခံ၌ရောအနှိုင်း၌ပါ ထင်ရှားသော်လည်း ရူပကအလင်္ကာ၌မူ တူသောဂုဏ်ရည်မှာ အနှိုင်း၌သာ ထင်ရှားကြောင်းကို သဘောပေါက်အောင် ရှင်းပါ။

❖ ထိုအလင်္ကာနှစ်ခုအနက် ဥပမာအလင်္ကာသည် အနက်ကိုထင်ရှားစေရုံသာရှိ၍ ရူပကအလင်္ကာမှာမူ အနက်ကိုဆန်းကြယ်စေသည်။

❖ အဖွဲ့တစ်ခုသည် ရူပကအလင်္ကာမြောက်ကြောင်း ဖော်ထုတ်တင်ပြရာတွင်မူ

(၁) ဘာကို ဘာနှင့် ထပ်တူပြုထားကြောင်း

(၂) မည်သည့်ဂုဏ်ရည်၌ တူ၍ ထပ်တူပြုထားကြောင်း

တို့ကို ဖော်ထုတ်တင်ပြရမည်ဖြစ်ကြောင်း သာဓကဝါကျအမျိုးမျိုးဖြင့် ရှင်းပြပြီး လေ့ကျင့်ပါစေ။

## စာသင်ချိန် ၄

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ဝက်ဝုတ္တိအလင်္ကာအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပြောပါ။

❖ ဝက်ဝုတ္တိအလင်္ကာဆိုသည်မှာ စာရေးသူက မိမိပြောချင်သောအချက်ကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောထားသည့် အဖွဲ့ဖြစ်ကြောင်း အလင်္ကာစာကတ်များနှင့် ရှင်းပါ။

❖ အဖွဲ့တစ်ခုသည် ဝက်ဝုတ္တိအလင်္ကာ မြောက် မမြောက်ကို

(၁) တိုက်ရိုက်အနက်ဖွင့်ဆို၍ မရခြင်း

(၂) သွယ်ဝိုက် ပြောဆိုထားခြင်း

ဟူသည့်အချက်တို့နှင့် ချိန်ထိုးကြည့်ရမည်ဖြစ်ကြောင်း ရှင်းပါ။

❖ အဖွဲ့တစ်ခုသည် ဝက်ဝုတ္တိအလင်္ကာမြောက်ကြောင်း ဖော်ထုတ်တင်ပြရာတွင်မူ

(၁) ဘာကို သွယ်ဝိုက်ဖွဲ့ဆိုထားတာလဲ

(၂) ဘယ်လို သွယ်ဝိုက်ဖွဲ့ဆိုထားတာလဲ

ဟူသည့်အချက်တို့ကို ဖော်ထုတ်တင်ပြရမည် ဖြစ်ကြောင်း သာဓကဝါကျအမျိုးမျိုးဖြင့် ရှင်းပြပြီး လေ့ကျင့်ပါစေ။

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း**

❖ ယခုစာသင်ချိန်တွင် အတိသယဝုတ္တိအလင်္ကာနှင့် မြည်သံစွဲအလင်္ကာအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ အတိသယဝုတ္တိအလင်္ကာဆိုသည်မှာ စာရေးသူက မိမိပြောချင်သည့်အချက်ကို သာမန်မပြောဘဲ အလွန်အကြူးပြောဆိုထားသည့် အဖွဲ့ဖြစ်ကြောင်းရှင်းပါ။

❖ အတိသယဝုတ္တိအလင်္ကာတွင်-

(၁) လောကဖြစ်ရိုးဖြစ်စဉ်ထက်လွန်၍ ဖွဲ့ဆိုခြင်း

(၂) လောကဖြစ်ရိုးအတိုင်း လွန်ကဲဖွဲ့ဆိုခြင်းတို့ရှိသည်ကို တွေ့ရပါသည်။

❖ အဖွဲ့တစ်ခုသည် အတိသယဝုတ္တိအလင်္ကာ မြောက် မမြောက်ကို

(၁) အဖွဲ့ခံ

(၂) တန်ဆာဆင်ဖွဲ့ဆိုထားသော အဖွဲ့အနွဲ့ အစီအကုံး

(၃) အလွန်အကြူးဖွဲ့ဆိုခြင်း

ဟူသည့် အချက်တို့နှင့် ဆန်းစစ်ကြည့်ရမည်ဖြစ်ကြောင်း ရှင်းပါ။

❖ အဖွဲ့တစ်ခုသည် အတိသယဝုတ္တိအလင်္ကာမြောက်ကြောင်းကို ဖော်ထုတ်ရာတွင်

(၁) မည်သည့်အရာကိုဖွဲ့ဆိုထားကြောင်း

(၂) မည်သို့ဖွဲ့ဆိုထားကြောင်း

တို့ကို ဖော်ထုတ်တင်ပြရမည်ဖြစ်ကြောင်း သာဓကဝါကျအမျိုးမျိုးဖြင့် ရှင်းပြပြီး လေ့ကျင့်ပါစေ။

❖ မြည်သံစွဲအလင်္ကာဆိုတာ “ဝုန်း” “ဒုန်း” “ဖျောက်”ကဲ့သို့ မြည်သံများကို စာထဲတွင်ထည့်သွင်းရေးဖွဲ့ထားသည့် အဖွဲ့ဖြစ်ကြောင်း ရှင်းပါ။

❖ အဖွဲ့တစ်ခုသည် မြည်သံစွဲအလင်္ကာမြောက်ကြောင်းကို ဖော်ထုတ်ရာတွင်

(၁) ဘယ်မြည်သံကို သုံးထားကြောင်း

(၂) မြည်သံကို ဘာအတွက် သုံးထားကြောင်း

(၃) မည်သည့်အကြောင်းကြောင့် မြည်သံထွက်ပေါ်လာကြောင်း

ဟူသည့် အချက်တို့ကို ဖော်ထုတ်တင်ပြရမည်ဖြစ်ကြောင်း သာဓကဝါကျအမျိုးမျိုးဖြင့် ရှင်းပြပြီး လေ့ကျင့်ပါစေ။

❖ ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။

❖ အသင့်ပြင်ဆင်ထားသည့် အလင်္ကာမြောက်အဖွဲ့ပါ စာကတ်များကို အုပ်စုအလိုက်ခွဲပေးပါ။ တစ်ဖွဲ့လျှင် စာကတ်ပြား ၅ ကတ် ပေးပါ။ (အလင်္ကာ ၅ မျိုးစလုံးပါအောင် သတိပြုပါ။)

❖ မည်သည့်အလင်္ကာဖြစ်ကြောင်း အုပ်စုတွင်း အချင်းချင်းဆွေးနွေး၍ အဖြေထုတ်ပါစေ။

❖ အလင်္ကာများကို စာအုပ်တွင် ရေးမှတ်စေပြီး အဖြေများကို ထိုဘေး၌ဖြေထားပါစေ။

❖ အလင်္ကာကတ်များကို အဖွဲ့ချင်းဖလှယ်စေ၍ အဖြေများကို စာအုပ်တွင်ဖြေဆိုပါစေ။

❖ ကတ်အားလုံးကို အဖွဲ့အားလုံး ဖြေပြီးပြီဆိုလျှင် အဖြေကို အဖွဲ့အချင်းချင်း စစ်ဆေးပါစေ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ဥပမာအလင်္ကာနဲ့ ရူပကအလင်္ကာတို့ရဲ့ ကွာခြားချက်ကိုဖော်ပြပါ။

❖ အတိသယဝုတ္တိအလင်္ကာရဲ့ အင်္ဂါရပ်တွေကိုဖော်ပြပါ။

❖ ဝက်ဝုတ္တိအလင်္ကာဖြစ်ကြောင်း ဘယ်လိုအချက်တွေကိုထောက်ပြီး သိနိုင်သလဲ။

❖ မြည်သံစွဲအလင်္ကာအဖြစ် ဘယ်လိုမြည်သံတွေကို ရေးဖွဲ့လေ့ရှိသလဲ။

❖ "ဝီရိယနှစ်မျိုး" ကတွေ့ရတဲ့ အလင်္ကာတွေကို ဖော်ပြပါ။

## စာသင်ချိန် ၆

**လုပ်ငန်းစဉ် ၁**

**လေ့ကျင့်ခြင်း**

❖ ကျောင်းသားများကို အောက်ပါမေးခွန်းများအား မှတ်စုစာအုပ်တွင် ဖြေဆိုပါစေ။

**လေ့ကျင့်ရန်မေးခွန်းများ**

❖ အောက်ပါအဖွဲ့များသည် မည်သည့်အလင်္ကာမြောက်သနည်း။

(က) ဖျင်းကိုအားထုတ်၍ စကားသင်သော်လည်း ကျေးသားကဲ့သို့ တတ်မည်မဟုတ်သဖြင့် ထိုအားထုတ်သောဝီရိယကို အမှားဟူ၍ ဆိုရ၏။

(ခ) စာဖတ်ခြင်းသည် လူတို့၌ ထမင်းစားခြင်း၊ ရေသောက်ခြင်း၊ အသက်ရှူခြင်းတို့ကဲ့သို့ပင် အရေးကြီးသော ဆောင်ရွက်ဖွယ်တစ်ရပ်ဖြစ်ပေသည်။

(ဂ) အလွန်ရေပေါ်သော အရပ်ဌာန၌ ရေကန်တူးသောဝီရိယ၊ ကုန်းခေါင်ခေါင်မှာ မြေတောင်ဖို့၍ တံတားခင်းသော ဝီရိယမျိုးကဲ့သို့တည်း။

(ဃ) ဖခင်သာယာဝတီမင်းလည်း နတ်ရွာစံတော်မူရာ ကံဆိုးရှာသူ လှိုင်ထိပ်ခေါင်တင်မှာ "အမိမဲ့သား ရေနည်းငါး"ကဲ့သို့ "ဥမမယ်စာမမြောက်" သေးသည့်အရွယ်တွင် လောကကြီး အလယ်၌ ယောင်လည်လည်နှင့် ကျန်ခဲ့ရှာသည်။

(င) စာဆို၏ ဘဝပတ်ဝန်းကျင်က လှုံ့ဆော်ပေးသဖြင့် စာဆို၏အသည်းနှလုံးမှ တေးဂီတများ ပေါက်ဖွားခဲ့ရသည်။

(စ) ရဟန်းဖြစ်လျက် တောတောင်အတွင်းမှာ ထင်းခွေသော ဝီရိယ၊ သစ်ဆွဲသောဆင်ကို ကောက်ရိုးလှည်းတွင် ရုန်းစေသောဝီရိယ၊ ဤကဲ့သို့ မဆိုင်ရာ၌ အသုံးပြုသော ဝီရိယမျိုးများကိုလည်း အမှားဟူ၍ ဆိုရလေသည်။

(ဆ) မင်းတုန်းမင်းကြီးနှင့် မိဖုရားကြီးတို့၏ ပြန်လည်စေ့စပ်ပေးမှုကြောင့် လှိုင်ထိပ်ခေါင်တင်၏ ချစ်ပန်းနွယ်ကလေးသည် ကနောင်မင်းသား၏ မေတ္တာမိုးရေဖြင့် ပြန်လည်လန်းဆန်း လာနိုင်ခဲ့ပေသည်။

(ဇ) ဂီတစာဆိုကျော် လှိုင်ထိပ်ခေါင်တင်သည် သက်တော် ၄၂ နှစ် အရွယ်၌ လူ့လောကကြီးကို စွန့်ခွာသွားလေသည်။

(ဈ) ညဦးလရောင်အောက်တွင် ရွာကလေးကို ထုတ်ချင်းခပ် မြည်ဟိန်းသွားသော မုန့်ဆန်းထောင်း လက်ဆုံသည် အိုးစည်သံနှင့် သမီးမောင်နှံပမာ ဘုရားသွားကျောင်းတက် အတူထွက်ပေါ်လာလေသည်။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါ။

❖ အဖြေမှန်မရသည့် ကျောင်းသားကို ဆရာက ဆွေးနွေးအဖြေရှာသောနည်းဖြင့် အဖြေမှန် ရအောင် ကူညီပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ အလင်္ကာ ၅ မျိုးရဲ့ နာမည်တွေကို ဖော်ပြပါ။

၂။ ဥပမာအလင်္ကာနဲ့ ရူပကအလင်္ကာတို့ဟာ ဘယ်လိုကွာခြားသလဲ။

၃။ ဝက်ဝုတ္တိအလင်္ကာနဲ့ အတိသယဝုတ္တိအလင်္ကာတို့ဟာ ဘယ်လိုကွာခြားသလဲ။

၄။ အလင်္ကာ ၅ မျိုးကို အဖတ်အရွတ်သင်ခန်းစာက စကားပြေ၊ ကဗျာတွေမှာပါတဲ့ အရေးအသားတွေနဲ့ သာဓကပြပါ။

၅။ အလင်္ကာမြောက်တဲ့ အရေးအဖွဲ့တွေကို သင်ရဲ့ကိုယ်ပိုင်စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးသားပါ။ ဘာအလင်္ကာမြောက်တယ်ဆိုတာကိုလဲဖော်ပြပါ။

❖ ဆရာက အဖြေ မှန်၊ မမှန်ကို စစ်ဆေးပါစေ။

❖ အဖြေမှန်မရသည့် ကျောင်းသားကို ဆရာက ဆွေးနွေးအဖြေရှာသောနည်းဖြင့် အဖြေမှန်ရအောင် ကူညီပါ။

**စာအညွှန်း**

၁။ ကုမာရ (**အရှင်**-)။ (၂၀၀၀)။ အလင်္ကာပန်းကုံး (သတ္တမ အကြိမ်)။ ရန်ကုန်၊ ပါရမီစာပေ။

၂။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၆)။ စကား၊ စာ၊ အလင်္ကာ။ ရန်ကုန်၊ ညီညီစာပေ။

၃။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၉)။ စကားအကြောင်း၊ စာအကြောင်း၊ ကဗျာလင်္ကာများအကြောင်း။ ရန်ကုန်၊ ဖူးပွင့်ဝေဝေစာအုပ်တိုက်။

၄။ စံကျောင်းဆရာတော်။ (မ-၁၃၁၅)။ အလင်္ကာနိဿယသစ်။ ရန်ကုန်၊ သုဓမ္မဝတီစာပုံနှိပ်တိုက်။

၅။ စန္ဒဝရ၊ **အရှင်**(ဇေယျ-)။ (၁၉၉၅)။ အလင်္ကာစံအိမ်။ ရန်ကုန်၊ အသိုင်းအဝိုင်းစာပေ။

DBE BOX - Copyright Protected

# ရသ

| | | |
|---|---|---|
| သင်ခန်းစာခေါင်းစဉ် | – | ရသ |
| ရည်ရွယ်ချက် | – | ရသစာပေ၏ အသက်ဖြစ်သည့် ရသကိုးပါး၏ သဘောသဘာဝကိုသိရှိစေရန်နှင့် သင်ခန်းစာပါ စာများကိုဖတ်ရှု၍ မည်သို့ခံစားရကြောင်း၊ မည်သည့် ရသမြောက်ကြောင်းများကို ကိုယ်တိုင်ဖော်ထုတ်တတ်ရန် |
| သင်ယူမှုရလဒ် | – | ရသကိုခံစားတတ်လာပြီး ရသအမည်များကို ဖော်ထုတ်တတ်လာမည်။ |
| သင်ကြားနည်း | – | ဟောပြောဆွေးနွေးနည်း၊ အမေးအဖြေနည်း |
| သင်ထောက်ကူပစ္စည်း | – | ရသမြောက်စာပိုဒ်များကို ရေးမှတ်ထားသည့် စာကတ်ပြားများနှင့် ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာများထဲမှ ရသပါသောစာပိုဒ်များကို ရေးမှတ်ထားသည့် စာကတ်ပြားများ |
| သင်ကြားသင်ယူမှုလုပ်ငန်းစဉ် | – | စာသင်ချိန် ၁ ချိန်တွင် လုပ်ငန်းစဉ် ၂ ခု ပြုလုပ်ရန် |
| စာသင်ချိန် | – | ၅ ချိန်၊ စာသင်ချိန် ၁ ချိန် ၄၅ မိနစ် |

## စာသင်ချိန် ၁

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း**

❖ ယခု စာသင်ချိန်တွင် ရသအကြောင်းကို သင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ "ရသဆိုတာ ဘာလဲ သိလား"ဟူသည့် မေးခွန်းမေးပါ။

❖ "ရသဆိုသည်မှာ အရသာပင်ဖြစ်ကြောင်း၊ အစားအသောက်တစ်ခုခုစားရလျှင် စိတ်ထဲ၌ ကြိုက်လျှင် ကျေနပ်လျှင် ထပ်ကာထပ်ကာစားချင်နေသည်ဆိုရင် ဒီစားစရာဟာ အရသာရှိလို့မဟုတ် လား။ အဲသည်လိုပဲ စာတစ်ပုဒ်ကိုဖတ်ပြီး စိတ်ထဲမှာ ကြိုက်တယ်၊ ကျေနပ်တယ်၊ ထပ်ကာ ထပ်ကာ ဖတ်ချင်တယ်ဆိုရင် အဲဒါဟာလဲ အရသာတွေ့တာပဲ။ စာပေကျတော့ အရသာလို့ မခေါ်ဘဲ ရသလို့ခေါ်ရတယ်" ဆိုပြီး ကျောင်းသားများအလွယ်တကူနားလည်အောင်ရှင်းပါ။

❖ ကျောင်းသားအားလုံးကို ကျောင်းသုံးစာအုပ်ပါ "ရသ"သင်ခန်းစာကို အပိုင်းလိုက်ဖတ်ပါစေ။

EBL BOX - Copyright Protected

❖ ကျောင်းသားမည်မျှ မှတ်မိသည်ကို သိရန် အဓိကအချက်အချို့ကိုမေးပါ။

❖ 'ရသ'သည် ဖတ်ရှုသူ၏ စိတ်အခြေအနေကိုလိုက်၍ အမျိုးမျိုးကွဲပြားနိုင်သည် ဟူသည့် အချက်ကို ကျောင်းသားများ နားစွဲအောင် ရှင်းပြပေးပါ။ စာပေအဖွဲ့တစ်ခုသည် တစ်ခါတစ်ရံတွင် ရသတစ်မျိုးမက ဖြစ်နိုင်ကြောင်း၊ ထိုအခါဖတ်ရှုသူ၏ စိတ်အခြေအနေပေါ် မူတည်၍ ရသသည် အမျိုးမျိုးကွဲပြားသွားနိုင်ကြောင်းကို စာကတ်ပြားများဖြင့်ရှင်းပါ။

**သာဓက–**

- "မောင်စို လက်ကောက်ဝတ်ကို သံပတ္တာတွင် သွင်းကြသည်။ လက်ဝါးတစ်ဖက်စီကို ပါးကွက်တစ်ယောက်စီက ဖြန့်ချကြသည်။ ကျန်တစ်ယောက်က တရုတ်အပ်တစ်ချောင်းစီဖြင့် သစ်သားလက်ခတ်တစ်လက်ကိုင်ပြီးလျှင် လက်သည်းကြားကလေးတွေတွင် အသာအယာ ခပ်ဆတ်ဆတ်ရိုက်သွင်းကြသည်။ သေးကွေးကျစ်လျစ်သော မောင်စိုကိုယ်ကလေးမှာ တလင်းပြောင်တွင် တလွန့်လွန့် ဖြစ်နေသည်။

**(နန္ဒ၏ သံနှင့်သွေး ဝတ္ထု)**

ဟူသည့်အဖွဲ့သည် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့မှုကိုခံစားရသဖြင့် ဘယာနကရသမြောက်သည့်အပြင် မောင်စိုကို သနားမိသဖြင့် ကရုဏာရသလည်း မြောက်ပါသည်။

❖ ရသစာပေတစ်ပုဒ်တွင် ရသမြောက်အဖွဲ့များ မပါမဖြစ်ပါရမည်ဖြစ်ကြောင်း၊ ရသစာပေ၌ ရသသည် အဓိကပင်ဖြစ်ကြောင်း ပြောပြနိဂုံးချုပ်ပါ။

**လုပ်ငန်းစဉ် ၂**

**သင်ကြားခြင်း**

❖ ရသကိုးပါး၏အမည်များကို မှတ်မိအောင် ဆရာက အဓိကအချက်ကိုပြော၍ ကျောင်းသားအား မည်သည့်ရသ ဖြစ်ကြောင်းမေးပါ။ ကျောင်းသားများက ရသအမည်ကို ဖြေပါစေ။ ၃ ကြိမ်၊ ၄ ကြိမ်ခန့် အမေးအဖြေလုပ်ပါ။

**သာဓက–**

| ဆရာမေးရန် | ကျောင်းသားဖြေရန် |
| --- | --- |
| ◆ ချစ်ခင်နှစ်သက်ခြင်းကို ဖြစ်စေရင် | သိင်္ဂါရရသ |
| ◆ ရယ်မောပျော်ရွှင်ခြင်းကို ဖြစ်စေရင် | ဟဿရသ |
| ◆ သနားခြင်းကို ဖြစ်စေရင် | ကရုဏာရသ |

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ကျောင်းသားတစ်ဦးချင်းဆီကို အသင့်ပြုလုပ်ထားတဲ့ စာကတ်ပြားတွေပြပြီး ခံစားချက်တွေနဲ့ ရသနာမည်တွေကိုမေးပါ။

**စာသင်ချိန် ၂**

**လုပ်ငန်းစဉ် ၁**

**ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ သိင်္ဂါရရသမြောက်အဖွဲ့ဆိုသည်မှာ မောင်နှင့်မယ်တို့၏ ချစ်ခြင်းမေတ္တာအကြောင်းကို ရေးထားသည့် အဖွဲ့မျိုးဖြစ်ကြောင်း၊ မောင်နှင့်မယ် ပေါင်းဆုံရသည်ဖြစ်စေ၊ ခွဲခွာရသည်ဖြစ်စေ မောင်က မယ့်ကို၊ မယ်က မောင့်ကို ချစ်ခင်ကြင်နာသည့်အကြောင်း ရေးဖွဲ့ထားသည့်အဖွဲ့များကို သိင်္ဂါရရသမြောက်အဖွဲ့များဖြစ်ကြောင်း သာဓကနှင့်တကွရှင်းပါ။

**သာဓက–**

♦ "လရောင်ကား ခြံထောင့်ရှိ သရက်ပင်အရွက်များကိုဖောက်ထွင်း၍ မကျရောက်နိုင်သဖြင့် မလေး၏ ဝင်းပပရွှေမျက်နှာကို သဲကွဲစွာမမြင်နိုင်သော်လည်း တစ်ဦး၏အသက်ရှူသံကိုမူ တစ်ဦး ကြားနေရ၏။

ကိုရင် ကျုပ်ကို ဘယ်တော့လာတောင်းမလဲဟင်။ မိန်းကလေးကချည်း စပြောနေရတာ ကျုပ်ရှက်တောင်လာပြီ သိရဲ့လား။

မလေး၏လက်ဖဝါးအစုံကို ယုယစွာဆုပ်ကိုင်ထားသော ကိုရင်မောင် လက်ကြမ်းကြီးတွေက ရုတ်တရက် လျှော့ကျသွားသည်။"

**(မိချော၏ စပါးပေါ်ချိန်)**

❖ ထိုအဖွဲ့သည် ကိုရင်မောင်နှင့် မလေးတို့၏ ချစ်ခြင်းမေတ္တာကိုရေးဖွဲ့ထားသဖြင့် သိင်္ဂါရရသမြောက်သည့်အပြင် မနီးစပ်နိုင်သေးသည့်ဘဝကို ဖော်ပြနေသည့်အတွက် ကရုဏာရသမြောက်အဖွဲ့ဟုလည်းဆိုနိုင်ကြောင်း ရှင်းပါ။

❖ ဟဿရသမြောက်အဖွဲ့ဆိုသည်မှာ ရယ်မောပျော်ရွှင်စရာ၊ ပြုံးချင်စရာအဖွဲ့မျိုးဖြစ်ကြောင်း ရှင်းပါ။

DBE BOX - Copyright Protected

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

❖ အသင့်ပြင်ဆင်ထားသော ရသမြောက်စာပိုဒ်များကို ရေးမှတ်ထားသည့် စာကတ်များအား အုပ်စုအလိုက်ခွဲပေးပါ။ တစ်ဖွဲ့လျှင် စာကတ် ၄ ကတ်စီ ပေးပါ။ (ရသ ၂ မျိုးစလုံးပါအောင် သတိပြုပါ။)

❖ မည်သည့်ရသဖြစ်ကြောင်း အုပ်စုတွင်း အချင်းချင်းဆွေးနွေး၍ အဖြေထုတ်ပါစေ။

❖ စာကတ်များကို အဖွဲ့ချင်းဖလှယ်စေ၍ အဖြေများကို ဖြေပါစေ။

❖ အဖြေကို အဖွဲ့အချင်းချင်း အကဲဖြတ်ပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

---

**စာသင်ချိန် ၃**

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် ကရုဏာရသနှင့် ဘယာနကရသအကြောင်းကိုသင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ ကရုဏာရသမြောက်အဖွဲ့ဆိုသည်မှာ စာနာသနားစရာဖြစ်ရပ်များ၊ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်များကို ရေးဖွဲ့ထားသည့် အဖွဲ့ဖြစ်ကြောင်းရှင်းပါ။

❖ ကရုဏာရသမြောက်အဖွဲ့များကို သာဓကများနှင့်တကွရှင်းပါ။

**သာဓက–**

♦ "အဲဒီညဟာ မေမေ နောက်အိမ်ထောင်ပြုတဲ့ည။ ဟုတ်တယ်၊ ဖေဖေ မရှိတော့ဘူး။ ကွပ်ပျစ်ပေါ်မှာ ကျွန်တော်ငိုနေခဲ့တယ်။ ကျွန်တော့်ကို ချော့မဲ့၊ အားပေးမဲ့လူ တစ်ယောက်မှ အနားမှာမရှိဘူး။ မိုးတွေကရွာပြီး လရောင်ရှိနေတယ်။ ဖားအော်သံနဲ့ ပုစဉ်းအော်သံတွေ ကြားနေရတယ်။ ကျွန်တော်က တိတ်တိတ် အိပ်ရာက ထတယ်။ ဘယ်သူတွေမှ မသိအောင် ထွက်ပြေးချင်တယ်။ တတ်နိုင်ရင် ကျွန်တော် တစ်နေရာမှာ ဘယ်သူမှမသိတဲ့ လူသစ်တစ်ယောက်ဖြစ်နေချင်တယ်။ ဟုတ်တယ်။ ကျွန်တော် ထွက်ပြေးတာပါပဲ။"

"ညိုမှိုင်းသည် ဟက်ဟက်ပက်ပက်ရယ်သည်။ ရယ်သံမှာ ကြေကွဲသံပါနေ၏။ ခဏကြာ၍မူ ပါမောက္ခ ဦးညိုမှိုင်းမှာ ချုံးပွဲချငိုနေရှာပြန်လေသည်တကား။"

**(တက္ကသိုလ်ဘုန်းနိုင်၏ မိုးညအိပ်မက်မြူ)**

DBE BOX Copyright Protected

◆ "ဆယ်ကျော်သက်က၊ ကြင်ဖက်အတူ၊ တောင်းဆုယူသည်၊ အိမ်သူချောသွယ် သုံးယောက်မယ်နှင့်၊ ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်းမကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင် ပူခွင့်ရှည်ရေး ရှိချေသေး၏။"

**( လက်ဝဲသုန္ဒရ၏ 'ဝေဿန်းစန္ဒာ'ရတု)**

❖ ဘယာနကရသမြောက် အဖွဲ့ဟူသည်မှာ အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖြစ်အောင်၊ ကြောက်စရာလန့်စရာကောင်းအောင် ရေးဖွဲ့ထားသည့် အဖွဲ့မျိုးဖြစ်ကြောင်းကို သာဓကများနှင့်တကွ ရှင်းပါ။

**သာဓက–**

◆ "ကျွန်တော်သည် ကွေ့ပတ်လှည့်ပြေးရင်း တောင်ပေါ်သို့ တဖြည်းဖြည်းရောက်လာသည်။ ဆင်ပြောင်ကြီးသည်လည်း ကျွန်တော့်နောက်ကိုပင် တန်းတန်းမတ်မတ် လိုက်ပါလာ၏။ တောင်တစ်လုံးကျော်၍ ဝါးရုံတောကြီးတစ်ခုသို့ရောက်သောအခါ ကျွန်တော့်မှာ ရှေ့သို့ဆက်၍မပြေးနိုင်လောက်အောင် မောပန်းနေတော့၏။ လူတစ်ကိုယ်လုံးမှာလည်း ကြောက်စိတ်နှင့် ချွေးတွေပြန်ကာ ဟောဟဲဟောဟဲ ဖြစ်နေသည်။"

**(ဖိုးကျော့၏ ဆင်လိုက်ခြင်း)**

◆ "ထိုခဏ၌ တိုင်းလုံးကျော်သည် ကိုဇော်ဟိတ်၏ပေါင်ကြားသို့ ခြေနှင့်ခတ်လိုက်ရာ ပရိသတ်က ဟေးမလုပ်နဲ့ဟု အော်လိုက်ကြသဖြင့် ကျွန်ုပ်လည်း သေနတ်ကိုဆွဲထုတ်လိုက်မိ၏။ သို့ရာတွင် ကိုဇော်ဟိတ်က ပေါင်တစ်ဖက်ကို လျှင်မြန်စွာလိမ်လိုက်သဖြင့် ကောင်းစွာမထိချေ။ ထိုအချိန်မှစ၍ ကိုဇော်ဟိတ်သည် တိုင်းလုံးကျော်၌ ညစ်ချင်စိတ်ပေါ်လာခြင်းကို ရိပ်မိသဖြင့် လျှင်မြန်စွာပြီးစေခြင်းငှာ ခံစစ်မှ တိုက်စစ်သို့ ပြောင်းရန်ပြင်ဆင်လေတော့၏။ တိုင်းလုံးကျော်သည် လျှာထွက်မတတ် မောဟိုက်နေပြီဖြစ်ရာ ကိုဇော်ဟိတ်သည် လက်ဝဲလက်ယာတို့မှ မိုးသီးမိုးပေါက်ကဲ့သို့ တိုင်းလုံးကျော်၏မျက်နှာကို ဖြိုးဖြိုးဖြောင်းဖြောင်း၊ ဒိုးဒိုးဒေါင်းဒေါင်းမြည်သည့်တိုင်အောင် လက်သီးမိုးရွာချလေ၏။"

**(ရွှေဥဒေါင်း၏ ဇော်ဟိတ်နှင့်တိုင်းလုံးကျော်တို့ လက်ဝှေ့ပွဲ)**

◆ "မောင်စို လက်ကောက်ဝတ်ကို သံပတ္တာတွင် သွင်းကြသည်။ လက်ဝါး တစ်ဖက်စီကို ပါးကွက်တစ်ယောက်စီက ဖြန့်ချကြသည်။ ကျန်တစ်ယောက်က တရုတ်အပ်တစ်ချောင်းစီဖြင့် သစ်သားလက်ခတ်တစ်လက်ကိုင်ပြီးလျှင် လက်သည်းကြားကလေးတွေတွင် အသာအယာခပ်ဆတ်ဆတ် ရိုက်သွင်းကြသည်။ သေးကွေးကျစ်လျစ်သော မောင်စိုကိုယ်ကလေးမှာ တလင်းပြောင်တွင် တလွန့်လွန့်ဖြစ်နေသည်။ xxx လည်ပင်းကြားသို့လည်း သံပတ္တာတစ်ခုခတ်ကြသည်။ လက်နှစ်ဖက်လည်း သံကွင်းလျှိုကြသည်။ ပြီးလျှင် ခြေချောင်းလေးတွေ

DRE BOX - Copyright Protected

ဆယ်ချောင်းစလုံး၊ လက်ချောင်းလေးတွေ ဆယ်ချောင်းစလုံး မိမိရရင့်၍ သံညှပ်ဖြင့် ဖိကြသည်။ မောင်စို မခံနိုင်ပေ။ မခံလိုပေ၊ မခံရဲပေ”

**( နန္ဒ၏ သံနှင့်သွေး)**

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း**

- အသင့်ပြင်ဆင်ထားသော ရသမြောက်စာပိုဒ်များ ရေးမှတ်ထားသည့်စာကတ်များကို အုပ်စုအလိုက် ခွဲပေးပါ။ တစ်ဖွဲ့လျှင် စာကတ်ပြား ၄ ကတ်စီ ပေးပါ။ (ရသ ၂ မျိုးစလုံးပါအောင် သတိ ပြုပါ။)
- မည်သည့်ရသဖြစ်ကြောင်း အုပ်စုတွင်း အချင်းချင်းဆွေးနွေး၍ အဖြေထုတ်ပါ။
- စာကတ်များကို အဖွဲ့ချင်းဖလှယ်စေ၍ အဖြေများကို ဖြေဆိုပါ။
- အဖြေကို အဖွဲ့အချင်းချင်း စစ်ဆေးပါ။
- ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

DBE BOX - Copyright Protected

## စာသင်ချိန် ၄

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

- ယခုစာသင်ချိန်တွင် ဝိဘစ္ဆရသ၊ ရုဒ္ဒရသနှင့် ဝီရရသအကြောင်းကိုသင်ကြားပေးမည် ဖြစ်ကြောင်း နိဒါန်းပျိုးပါ။
- ဝိဘစ္ဆရသမြောက်အဖွဲ့ဟူသည်မှာ စက်ဆုပ်ရွံရှာဖွယ်မြင်ကွင်း၊ စက်ဆုပ်ရွံရှာဖွယ်ဇာတ်ဆောင်တို့၏ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးသော အမူအရာများ၊ ရွံရှာဖွယ် ချွဲ၊ သလိပ်တို့အကြောင်းကို ရေးသားထားသောအဖွဲ့တို့သည် ဝိဘစ္ဆရသမြောက်အဖွဲ့များဖြစ်ကြောင်း သာဓကများနှင့်တကွ ရှင်းပါ။

**သာဓက–**

- “ဇူဇကာပုဏ္ဏားသည်လည်း ချုံထဲသို့ဝင်ပြီးသော် နွယ်ကိုသွားဖြင့်ကိုက်ဖြတ်၍ ယူခဲ့ပြီးလျှင် ဇာလီမင်းသား၏လက်ယာလက်ကို ကဏှာဇိန်မင်းသမီး၏ လက်ဝဲလက်နှင့်ပူးတွဲလျက် ထိုနွယ်ဖြင့်တုပ်နှောင်ပြီးမှ နွယ်စကို လက်တစ်ဖက်ကကိုင်၍ လက်တစ်ဖက်ကလျှင်ကန်ဖြင့် ပုတ်ခတ်မောင်းမဲလျက် ဘုရားလောင်း မျက်မှောက်၌ပင်လျှင် သွားလေ၏။

**(မင်းဘူးဦးသြဘာသ၏ ဝေဿန္တရာဇာတ်ဝတ္ထုတော်ကြီး)**

❖ ရုဒ္ဒရသမြောက်အဖွဲ့ဟူသည်မှာ ကြမ်းကြုတ်ခက်ထန်စွာ ပြုမူသောအပြုအမူများ၊ အပြောအဆိုများ၊ တိုက်ခိုက်လှုပ်ရှားမှုများကို ဖွဲ့ဆိုထားသော အဖွဲ့များဖြစ်ကြောင်းကို သာဓကများနှင့် တကွရှင်းပါ။

**သာဓက –**

◆ "အုအေနောက ချွန်မြနေသည့် ဓားဦးဖြင့် မောင်ရွှေအောင်၏ လည်ပင်းကိုရစ်၍ လှီးလိုက်ပါသည်။ မောင်ရွှေအောင်မှာ တွန့်ခနဲတစ်ချက်လှုပ်ရှားသွားပါသည်။ အုအေနောက မောင်ရွှေအောင်၏ ကိုယ်ကိုစောင်းလှည့်ကာ ဓားရာချင်းဆက်သွားအောင် လှီးလိုက်ပါသည်။"

**(ဒွေးမောင်၏ တိုက်ပွဲခေါ်သံ)**

◆ "နွားကျောင်းသားငယ်
ကျော့ကွင်းရယ်တယ်
ဘယ် - ဘယ်ကို - ဘယ်ကိုရယ်မိ
ခြေကိုမိလို့။
ဘယ် - ဘယ်ကို - ဘယ်ကိုရယ်ခွဲ
ရင်ကိုခွဲလို့
ရှားမီးခဲတွင် ရဲရဲငယ်ကင်
အကျွန်မမြင်ဝံ့ပါပြီကလား
ရွှေချိုးဖိုရယ်လေ
မယ့်လင်သား"

(အမည်မသိရှေးစာဆို)

❖ ဝီရရသမြောက်အဖွဲ့ဟူသည်မှာ လုံ့လဝီရိယကိုအရင်းခံ၍ တက်ကြွစွာ အားထုတ်ကြိုးပမ်းသော အပြုအမူ၊ ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြုမူသော အပြုအမူတို့ကို ရေးသားထားသည့် အဖွဲ့မျိုးဖြစ်ကြောင်း သာဓကများနှင့်တကွရှင်းပါ။

**သာဓက –**

◆ ထီမထင်အောင်၊ ပြည်ခွင်ကို ချစ်ခဲ့ကြ
ရဲစစ်တပ်ခြံအရံ၊ မြန်မာနယ်တရိုး
ရန်ထိုထိုကို၊ ရန်လိုလျှင်ချိုးခဲ့၍
မြို့ရိုးမြင့်ပြည်ပုဂံ၊ ရဲစစ်တပ် အပြန်မှာ

LIBRE BOX - Copyright Protected

အောင်လံတွေ ရောင်ပုံမြူးကာပဲ့ တပ်ဦးမှာတချီချီနဲ့
အောင်ရွှေစည်အောင်သံ ညှင်းလိုက်တော့၊
ပြည်တွင်းမှာ ဆူညံညံနဲ့
ကျန်ရစ်သူပုဂံသားတို့မှာလ၊ အားတက်ကြမှာ
(ဇော်ဂျီ၏ ရွှေခေတ်ပုဂံပြည်)

♦ ပန်းဖူးနွယ်ညွှန့်၊ မလွန့်သာအောင်
ကျောက်တောင်နှင့်ဖိ၊ သတ်လေဘိလည်း
ဘူမိမြေမှ၊ အမြစ်ကွဲ၍
မိုးဝတိုင်ရောက်၊ ထိုးဝင်ဖောက်သည်
အိုကျောက်တောင်ကြီး
သင်သာ ရှက်ဖွယ်လိလိတည်း။
(ဒေါင်းနွယ်ဆွေ၏ အားမာန်သစ်)

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း၊**

❖ အသင့်ပြင်ဆင်ထားသော ရသမြောက်စာပိုဒ်များ ရေးမှတ်ထားသည့်စာကတ်ပြားများကို အုပ်စုလိုက် ခွဲပေးပါ။ တစ်ဖွဲ့လျှင် စာကတ် ၆ ကတ်စီ ပေးပါ။ (ရသ ၃ မျိုးစလုံးပါအောင် သတိပြုပါ။)

❖ မည်သည့်ရသဖြစ်ကြောင်း အုပ်စုတွင်း အချင်းချင်းဆွေးနွေး၍ အဖြေထုတ်ပါစေ။

❖ စာကတ်များကို အဖွဲ့ချင်းဖလှယ်စေ၍ အဖြေများကို ဖြေဆိုပါစေ။

❖ အဖြေကို အဖွဲ့အချင်းချင်း စစ်ဆေးပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပါ။

## စာသင်ချိန် ၅

**လုပ်ငန်းစဉ် ၁**

**နိဒါန်းပျိုးခြင်း၊ ရှင်းပြခြင်း၊ သင်ကြားခြင်း**

❖ ယခုစာသင်ချိန်တွင် အဗ္ဘုတရသအကြောင်းကိုသင်ကြားပေးမည်ဖြစ်ကြောင်း နိဒါန်းပျိုးပါ။

❖ အဗ္ဘုတရသမြောက်အဖွဲ့ဟူသည်မှာ သာမန်ဖြစ်ရိုးဖြစ်စဉ်တို့ထက်ကျော်လွန်၍ အလွန်အမင်း အံ့သြဖွယ်ဖြစ်အောင် အဆန်းတကြယ်ရေးသားထားသောအဖွဲ့တို့သည် အဗ္ဘုတရသမြောက် အဖွဲ့များဖြစ်ကြောင်း သာဓကများနှင့်တကွရှင်းပါ။



DBE BOX - Copyright Protected

**သာဓက –**

♦ "ယခုကာလ မင်းသမီးများလည်း ကိန္နရာကများ ကကြသည်။ သို့သော် ၎င်းတို့ ကသည်မှာ လက်တွင် ကိန္နရာတောင်ပံတပ်၍ထားပြီး လက်ဝါးခါပြခြင်းသာ ဖြစ်သည်။ အလွန်ဆုံး ကတတ်လှပါသည်ဆိုမှ ကိန္နရာအဆင်းလောက်သာလျှင် ကတတ်ကြသည်။ မထွေးလေး ကသည့် ကိန္နရာကမှာ ကိန္နရာကလေးက အထက်သို့ ပျံတက်တော့မည်ရှိသည့်အခါ၌ ကိန္နရာရင်ခွဲဟုခေါ်သော အတောင်ပံကို အရှိန်ယူ၍ခတ်ဟန် ခတ်ကသည့် အကဖြစ်၍ ဟန်မှာ တကယ်ထပျံတော့မည့်ငှက်ကဲ့သို့ရှိ၍ အလွန်ကြည့်ကောင်းသည်။"

**(လူထုဒေါ်အမာ၏ သတင်းကြီးသည့် မင်းသမီးမထွေးလေး)**

❖ သန္တရသမြောက်အဖွဲ့ဟူသည်မှာ လောကုတ္တရာနှင့်ဆိုင်သော တည်ငြိမ်အေးချမ်းသည့် အကြောင်းအရာ၊ အဖြစ်အပျက်နှင့် သဘာဝပတ်ဝန်းကျင်၏ သာယာလွမ်းမောဖွယ်မြင်ကွင်းတို့သည် စိတ်အေးငြိမ်းသာယာမှုကိုပေးစွမ်းသည့် သန္တရသမြောက်အဖွဲ့များဖြစ်ကြောင်း သာဓကများနှင့်တကွရှင်းပါ။

**သာဓက–**

♦ "ကမ်းခြေတစ်လျှောက်ကို ရှုမျှော်၍လာပြန်လျှင်လည်း သာယာတင့်တယ် ရှုချင်ဖွယ်ကောင်းလှ၏။ တောင်ထိပ်တောင်ကုန်း ကလေးတွေကိုလည်းကောင်း၊ စိမ်းလန်းလျက်ရှိသော ယာခင်းများကိုလည်းကောင်း၊ တောင်ထိပ်တွေအပေါ်တွင် ဖြူဖြူဖွေးဖွေးစေတီတော်ကလေးတို့ကို လည်းကောင်း၊ ပျက်စီးယိုယွင်း အိုမင်းလျက်နေကြသော စေတီတော်တို့ကိုလည်းကောင်း၊ သဲအတိပြီး၍ ပျော်ကြီးပျော်ချင့်စဖွယ်ကောင်းလှသော သောင်ပြင်တို့ကိုလည်းကောင်း၊ တောင်ကမ်းပါး၊ တောင်ဖြတ်ကြီးတို့ကိုလည်းကောင်း တွေ့မြင်ရလျှင် မည်သူစိတ်မချမ်းမြေ့ စိတ်မကြည်နူးဘဲ နေနိုင်ပါအံ့နည်း။"

**( သိပ္ပံမောင်ဝ၏ မင်းလတ်)**

♦ "ရှေ့သို့မျက်စိတစ်ဆုံး မျှော်ကြည့်လိုက်သောအခါ တောအုပ်ညို့ညို့ ကုန်းမို့မို့ပေါ်တွင် ရွှေတိဂုံစေတီတော်ကြီးကိုလှမ်း၍ ဖူးမြော်ရသည်။ ညနေခင်းနေရောင်ခြည်ကြောင့် စေတီတော်ကြီးသည် ရွှေရောင်ဖြင့် ဖိတ်ဖိတ်တောက်နေသည်။ နောက်ကျောခံ ပြာနှမ်းနှမ်း မိုးပြင်ကြောင့် ရွှေရောင် ပို၍ဝင်းနေသည်။ ကျွန်တော်လည်း စေတီတော်ကြီးကို အာရုံပြုမိသည့်အလျောက် ခြေလှမ်းတို့လည်း ဦးဝိစာရလမ်းအတိုင်း လိုက်လာကြပေသည်။ မြို့ပတ်လမ်းအဝိုင်းသို့ရောက်လျှင်ပင် စေတီတော်ကြီးကို နီးနီးကပ်ကပ်ဖူးရပြီး အဝေးမှ တောအုပ်ညို့ညို့သာ မြင်ရသော ကုန်းမိုမို့အနီးတွင် အောက်ခြေ၌ ထန်းတောကြီးများ၊ အပေါ်ရင်ပြင်၌ လင်းလွန်း၊ မရန်း၊ ညောင် စသောအပင်များဖြင့် အုပ်နေသော ပန်းတည်ခုံကို ဖူးရသည်။"

**(တက္ကသိုလ်မောင်မောင်ကြီး၏ နိုင်ငံတော်မျက်နှာ)**

**လုပ်ငန်းစဉ် ၂**

**လေ့ကျင့်ခြင်း**

❖ အသင့်ပြင်ဆင်ထားသည့် စာကတ်များကို အုပ်စုအလိုက်ခွဲပေးပါ။ တစ်ဖွဲ့လျှင် စာကတ် ၄ ကတ်စီ ပေးပါ။ (ရသ ၂ မျိုးစလုံးပါအောင် သတိပြုပါ။)

❖ မည်သည့်ရသဖြစ်ကြောင်း အုပ်စုတွင်း အချင်းချင်းဆွေးနွေး၍ အဖြေထုတ်ပါစေ။

❖ စာကတ်များကို အဖွဲ့ချင်းဖလှယ်စေ၍ အဖြေများကို ဖြေဆိုပါစေ။

❖ အဖြေကို အဖွဲ့အချင်းချင်း စစ်ဆေးပါစေ။

❖ ဆရာက အဖြေ မှန်၊ မမှန် စစ်ဆေးပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

❖ ရသ ဘယ်နှပါးရှိသလဲ။ ရသတွေကိုပြောပြပါ။

❖ ရုဒ္ဒရသ၊ ဘယာနကရသ၊ ဝိဘစ္ဆရသ တို့ဖြစ်ကြောင်း ဘယ်အချက်ကသိနိုင်သလဲ။

❖ သန္တရသကို ဘယ်လိုအဖွဲ့မျိုးမှာ ခံစားရနိုင်သလဲ။

❖ ဟဿရသနှစ်မျိုးကို ပြောပြပါ။

**လေ့ကျင့်ရန်မေးခွန်းများ**

(၁) ရသအမျိုးအစားအရေအတွက်နှင့် အမည်များကိုဖော်ပြပါ။

(၂) ကဗျာနှင့် စကားပြေကိုလေ့လာ ဖတ်ရှုသည့်အခါ မည်သည့်စာက ရသခံစားမှုကို ပိုမိုဖြစ်ပေါ်စေသည်ဟု သင်ထင်မြင်ယူဆပါသနည်း။

**စာအညွှန်း**

၁။ ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၉)။ ဂုဏ်အလင်္ကာရသသင်ကြားရေး။ ရန်ကုန်၊ သင်းစာပေ။

၂။ ရွှေအောင်၊ **ဦး**။(၂၀၀၃)။ ရသစာပေ၏ရသ။ ရန်ကုန်၊ ရာပြည့်စာပေ။

၃။ သော်ဇင်၊ **ဦး**။(၁၉၆၈)။ စာပေရေးရာအလင်္ကာ(ဒု-ကြိမ်)။ ရန်ကုန်၊ စာပလွေစာပေ။

DBE BOX - Copyright Protected

# ဒသမတန်း စာစီစာကုံးသင်ကြားရေး ဆရာလမ်းညွှန်

## နိဒါန်း

ကျောင်းသားများ မြန်မာစာအရေးအသားအခြေခံခိုင်မာစေရန်နှင့် ကိုယ်တိုင်တွေးခေါ် ရေးသားတတ်စေရန်အတွက် အခြေခံပညာအလယ်တန်း၏ အစဖြစ်သော ဆဋ္ဌမတန်းမှစ၍ စာစီစာကုံးကို စတင်လေ့ကျင့်သင်ကြား ပေးခဲ့ပါသည်။ ထိုမှတစ်ဆင့် အတန်းစဉ်တိုင်းတွင် စာစီစာကုံးကို ဖန်တီးရေးသားတတ်သည့် အလေ့အကျင့်ရရှိစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယခု အခြေခံပညာအထက်အတန်းဆင့်တွင်လည်း စာစီစာကုံးကို အရှိန်အဟုန်မပျက် ဆက်လက်သင်ကြား လေ့ကျင့်ပေးသွားကြရမည် ဖြစ်ပါသည်။ ဆရာများက စာစီစာကုံးသင်ကြားရာတွင် ကျောင်းသားများ စိတ်ဝင်စားလာအောင်၊ စာစီစာကုံးရေးသားရခြင်းကို နှစ်လိုဖွယ်ဖြစ်လာအောင် စည်းရုံးဆွဲဆောင် လေ့ကျင့်သင်ကြားပေးရန် အထူးအရေးကြီးပါသည်။ လေ့ကျင့်သင်ကြားပေးရုံသာမက စာစီစာကုံးများကို ကျောင်းသားများ၏ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်အတင်အပြဖြင့် ဖန်တီးရေးသားတတ်စေရန် အခွင့်အလမ်းဖွင့်ပေးကာ အကြိမ်များစွာ ရေးသားစေရမည်ဖြစ်ပါသည်။ စာစီစာကုံးသင်ကြားရန် အတွက် ပြဋ္ဌာန်းစာအုပ်တွင် သီးခြားသတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိဘဲ ဆရာများကိုယ်တိုင်လေ့လာ ဖတ်မှတ်ထားသည့် မြန်မာစာအခြေခံဖြင့် ကျောင်းသားများကို ကိုယ်တိုင်ရေးသားနိုင်မှုစွမ်းရည်ရရှိ လာအောင် လေ့ကျင့်သင်ကြားပေးရမည့် သင်ခန်းစာဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ဆရာများ ကိုယ်တိုင် စာအဖတ်အရှု အလေ့အလာများပြားရန် လိုအပ်ပါသည်။ ကျောင်းသားများကိုယ်တိုင် ရေးသားနိုင်ရေးအတွက် တစ်ဖက်က မြန်မာစာအရေးအသားစွမ်းရည် တိုးတက်လာအောင်သင်ကြား ပေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ကျောင်းသားတို့၏ အတွေးအခေါ်ထက်မြက်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

## စာစီစာကုံး ဖွင့်ဆိုသတ်မှတ်ချက်

စာစီစာကုံးဝေါဟာရကို မြန်မာအဘိဓာန်တွင် “(ကျောင်းသား၊ ကျောင်းသူတို့) အကြောင်းအရာ တစ်ရပ်ရပ်ကို ဖတ်ရှုချင်စဖွယ်ကောင်းအောင် စကားပြေဖြင့် ရေးသည့်စာ” ဟု ဖွင့်ဆိုထားပါသည်။ ဤဖွင့်ဆိုချက်အရ စာစီစာကုံးသည် အကြောင်းအရာတစ်ရပ်ရပ်ကိုရေးသောစာ၊ ဖတ်ရှုချင်စဖွယ်ဖြစ် အောင်ရေးသောစာ၊ စကားပြေဖြင့်ရေးသောစာဖြစ်သည်ဟူသော အချက်သုံးချက်ကို တွေ့ရမည် ဖြစ်သည်။

အကြောင်းအရာတစ်ရပ်ရပ်ကို စာစီစာကုံးအဖြစ်ရေးသားရာတွင် ကျောင်းသား၏ ကိုယ်ပိုင် အတွေ့အကြုံ စိတ်ကူးစိတ်သန်းကိုအခြေခံပြီး စကားပြေဖြင့် ပြေပြေပြစ်ပြစ် စီကုံးရေးသားရမည်ဖြစ် သည်။ စကားပြေအရေးအသားတွင် စာဟန်နှင့်ပြောဟန်နှစ်မျိုးရှိသည့်အနက် စာစီစာကုံးအရေး

DBEPOX- Copyright Protected

အသား၏ သတ်မှတ်ချက်အရ စာစီစာကုံးရေးသားရာတွင် စာဟန်သာ အသုံးပြုမည်ဖြစ်သည်။ စာစီစာကုံး ဟူသောဝေါဟာရတွင် ပါရှိသည့် "စီကုံး" ဟူသော စကားသည် အဓိကကျသည့် အချက်ဖြစ်သည်။ ပန်းကလေးများကို လှလှပပစီကုံးရသကဲ့သို့ စာကိုလည်း လှလှပပ စီကုံးရေးဖွဲ့ရမည် ဖြစ်သည်။

**စာစီစာကုံး၏ သဘောသဘာဝ**

(၁) စာစီစာကုံးရေးသားရန်အတွက် အကြောင်းအရာရှိရမည်ဖြစ်ပြီး ထိုအကြောင်းအရာသည် ကျောင်းသား၏ ကိုယ်ပိုင်အတွေ့အကြုံ အတွေးအခေါ်နှင့် စိတ်ကူးစိတ်သန်းကို အခြေခံရသည့် အကြောင်းအရာဖြစ်ရပါမည်။ ထိုအတွေ့အကြုံ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းသည် စာတွေ့ကို အခြေခံခြင်းမျိုးဖြစ်နိုင်သကဲ့သို့ ကိုယ်တွေ့ကို အခြေခံခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

(၂) ကျောင်းသားတစ်ယောက် စာစီစာကုံးရေးသားနိုင်ရန်အတွက် ဆရာသည် ထိုကျောင်းသား၏ ပင်ကို ရှိပြီးသော သူ၏ အတွေ့အကြုံ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ စိတ်ကူးစိတ်သန်းတို့ ပေါ်ထွက်လာစေရန် လေ့ကျင့်သင်ကြားပေးရန် အရေးကြီးပါသည်။ ကျောင်းသား၏စိတ်တွင်ကိန်းအောင်းနေသော၊ ငုပ်လျှိုးနေသော အကြောင်းအရာ စိတ်ကူးစိတ်သန်းတို့ကို ဖော်ထုတ်တတ်လာစေရန် ဆရာက လှုံ့ဆော်နှိုးဆွပေးရပါမည်။ ဆရာက မိမိအတွေ့အကြုံ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းဖြင့် ရေးသားထားသည့် စာစီစာကုံးကိုဖြစ်စေ၊ အသင့်ရေးထားသော စာစီစာကုံးစာအုပ်များမှ စာစီစာကုံးများကိုဖြစ်စေ သင်ကြားပြသ ရေးသားစေခြင်း၊ အလွတ်ကျက်မှတ်စေခြင်းတို့ပြုလုပ်နေပါက စာစီစာကုံးသင်ကြားရေးသည် အထမြောက်မည်မဟုတ်ဘဲ ကျောင်းသားများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည့် သင်ကြားရေးသာ ဖြစ်လာပေမည်။ ဆရာက မိမိအတွေ့အကြုံကို အခြေခံ၍ စာစီစာကုံးရေးမည်ဆိုပါက မည်သို့ရေးမည်ကို "ကွန်ချက်ပြ" သင်ကြားပေးရန် ဖြစ်ပါသည်။

(၃) စာစီစာကုံးသည် ဖတ်ရှုချင်စဖွယ်ဖြစ်အောင် စကားပြေဖြင့် ပြေပြေပြစ်ပြစ် ရေးသားရသည့် အဖွဲ့ပုံစံဖြစ်ပါသည်။ ကျောင်းသူကျောင်းသားက စာစီစာကုံးရေးစရာ အကြောင်းအရာရရှိပြီဆိုလျှင် မည်သို့စီကုံးရေးသားမည်ကို ဆရာက လမ်းပြပေးရပါမည်။ စီကုံးရေးသားခြင်းမပြုမီဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်မှာ အချက်အလက် ထုတ်နုတ်ခြင်းနှင့် အချက်အလက်များကို အစီအစဉ်ချခြင်း တစ်နည်းအားဖြင့် ပုံကြမ်းလောင်းခြင်းဖြစ်ပါသည်။ ပုံကြမ်းလောင်းခြင်းသည် စာစီစာကုံးတစ်ပုဒ်ကို စီကုံးရေးသားရန်အတွက် အခြေခံအကျဆုံးအဆင့်ဟု ဆိုနိုင်ပါသည်။ ကျောင်းသားရွေးချယ်ထားသည့် အကြောင်းအရာပေါ်မူတည်ပြီး အချက်အလက်ထုတ်နုတ်ခြင်းနှင့် အစီအစဉ်ချမှတ်ခြင်းတို့ကို ဆရာကလမ်းပြလေ့ကျင့်ပေးသင့်ပါသည်။ စာစီစာကုံး

DDL-ROK - Copyright Protected

ရေးသားခြင်းကို စာမေးပွဲတွင် စစ်ဆေးအကဲဖြတ်ရာ၌ အချက်အလက် (ပုံကြမ်း) ပေးထားလေ့ရှိသည့်အတွက် အချက်အလက်နှင့်အညီရေးသားသည့် အလေ့အကျင့်ကို ကောင်းစွာလေ့ကျင့်သင်ကြားပေးသင့်ပါသည်။

(၄) ထို့နောက်အချက်အလက်များကို အစ၊ အလယ်၊ အဆုံး အစီအစဉ်တကျ ပြေပြစ်ညီညွတ်စွာ ဖတ်ချင်စဖွယ်ဖြစ်အောင် စီကုံးရေးသားရမည်ဖြစ်ပါသည်။ အချက်အလက်များကို စီကာရီကာ ဖတ်ချင်စဖွယ်ဖြစ်အောင် စီကုံးရေးသားတတ်အောင် သင်ကြားပေးရပါမည်။ အချက်အလက်များနှင့်လိုက်ဖက်သော စကားလုံးဝေါဟာရများကို ရွေးချယ်သုံးနှုန်းတတ်အောင်၊ ရွေးချယ်ထားသည့် ဝေါဟာရများကို ဝါကျများအဖြစ် ဆီလျော်စွာ ဖွဲ့တတ်အောင်၊ ဝါကျတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ စာပိုဒ်ဖွဲ့တတ်အောင်၊ စာတစ်ပိုဒ်နှင့် တစ်ပိုဒ် အချိတ်အဆက်မိမိ အစ၊ အလယ်၊ အဆုံး ပြေပြစ်ညီညွတ်စွာ ရေးသားတတ်အောင် ဆရာက လေ့ကျင့်သင်ကြားပေးရပါမည်။

(၅) စာစီစာကုံးအရေးအသား၏ သတ်မှတ်ချက်အရ စာစီစာကုံးသည် ရေးဟန်(စာဟန်) ရေးသားရသော စကားပြေ တစ်မျိုးဖြစ်သည်။ စာစီစာကုံးရေးသားရန်အတွက် အချက်အလက်များကို စဉ်းစားဆွေးနွေးစေရာတွင် စကားပြောဖြင့် ပြောဆိုဆွေးနွေးကြရမည် ဖြစ်သော်လည်း လက်တွေ့ချရေးသည့်အခါ စာစီစာကုံးအရေးအသား စာဟန်ဖြင့် ရေးသားရပါမည်။ ထို့ကြောင့် ဆရာအနေဖြင့် ပြောဟန်နှင့်စာဟန်၏ ကွဲပြားပုံကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထားရမည်ဖြစ်ပြီး ကျောင်းသားများကို လက်တွေ့သင်ကြားရာတွင် ပြောဟန်နှင့် ရေးဟန်ကွဲပြားပုံကို စွဲစွဲမြဲမြဲ သိရှိမှတ်သားသွားစေရန် လေ့ကျင့်သင်ကြားပေးရန်လိုအပ်ပါသည်။ စာစီစာကုံးရေးရာတွင် ရေးဟန် (စာဟန်)နှင့်ပြောဟန်ကို ရောထွေးမရေးမိစေရန် သတိပေးလမ်းညွှန်ရပါမည်။

(၆) စာစီစာကုံးသည် နိဒါန်း၊ စာကိုယ်၊ နိဂုံး ဟူသည့် အစ၊ အလယ် အဆုံး အင်္ဂါသုံးရပ်နှင့် ပြည့်စုံရသည့် စကားပြေအရေးအသားဖြစ်သည်။ စာစီစာကုံးတစ်ပုဒ်သည် တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ နိဒါန်း၊ စာကိုယ်၊ နိဂုံး ဟူသည့် အစ၊ အလယ် အဆုံး အင်္ဂါသုံးရပ် ပြည့်စုံစွာ ပါရှိရမည်ဖြစ်သည်။ မည်သည့်စာစီစာကုံးမျိုးကိုရေးသားသည် ဖြစ်စေ စာစီစာကုံးအင်္ဂါသုံးရပ်နှင့် ကိုက်ညီအောင်ရေးသားရပါမည်။

**အရေးအသား ၄ မျိုးနှင့် စာစီစာကုံး**

စာစီစာကုံးရေးသားရာတွင် အရေးအသား ၄ မျိုးကို အခြေခံရေးတတ်အောင် လေ့ကျင့်သင်ကြားရပါမည်။ ထိုအရေးအသား ၄ မျိုးမှာ သရုပ်ဖော်အရေးအသား၊ ဖြစ်စဉ်ပြအရေးအသား၊

DBE BOX - Copyright Protected

ဖွင့်ဆိုရှင်းပြအရေးအသား၊ ကျိုးကြောင်းပြအရေးအသားတို့ဖြစ်ပါသည်။ ထိုအရေးအသား ၄ မျိုးပေါ် မူတည်၍ စာစီစာကုံးအမျိုးအစားကို ၄ မျိုးခွဲလေ့ရှိပါသည်။ (က) သရုပ်ဖော်စာစီစာကုံး၊ (ခ) ဖြစ်စဉ်ပြစာစီစာကုံး၊ (ဂ) ဖွင့်ဆိုရှင်းပြစာစီစာကုံး၊ (ဃ) ကျိုးကြောင်းပြစာစီစာကုံး ဟူ၍ဖြစ်သည်။

သရုပ်ဖော်စာစီစာကုံးသည် သက်ရှိသက်မဲ့တို့၏ ပုံပန်းသွင်ပြင်များ၊ အသံများ၊ ဖြစ်ပျက်လှုပ်ရှားမှုများ စသည်တို့ကို မြင်ယောင်ကြားယောင်လာအောင် ရေးဖွဲ့ထားရသည့် အရေးအဖွဲ့မျိုးဖြစ်သည်။ သရုပ်ဖော်အဖွဲ့တွင် မြင်ကွင်း သို့မဟုတ် ရှုခင်းရှုကွက်တို့ကို အသေးစိတ်သရုပ်ဖော် ရေးဖွဲ့ရသည်။

ဖြစ်စဉ်ပြစာစီစာကုံးသည်အချိန်ကာလရွေ့လျားသည့်အစဉ်အတိုင်း အဖြစ်အပျက်များကို စီကာစဉ်ကာရေးဖွဲ့ရသည့် အရေးအဖွဲ့မျိုးဖြစ်သည်။ ဖြစ်စဉ်ပြအဖွဲ့တွင် အဖြစ်အပျက်များကို ကွင်းဆက်မိမိ ဖော်ပြရသည်။

ဖွင့်ဆိုရှင်းပြစာစီစာကုံးသည်အကြောင်းအရာတစ်ခုခုကိုနားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြရသည့် အရေးအဖွဲ့မျိုး ဖြစ်သည်။

ကျိုးကြောင်းပြစာစီစာကုံးသည်သဘောတစ်ခုခု အယူအဆတစ်ခုခုကို ယုံကြည်လက်ခံအောင် အကျိုးအကြောင်း ဆက်စပ်ဖွဲ့ပြရသည့် အရေးအဖွဲ့မျိုး ဖြစ်ပါသည်။

စာစီစာကုံးပါအဖွဲ့များသည် အရေးအသား ၄ မျိုးမှ တစ်မျိုးစီကို အခြေခံရေးသော်လည်း စာစီစာကုံးတစ်ပုဒ်တွင် အဖွဲ့ပုံစံတစ်မျိုးတည်းဖြစ်လိမ့်မည်ဟု မှတ်ယူ၍မရနိုင်ပါ။ အဖွဲ့ပုံစံတစ်မျိုးနှင့်အတူ အခြားအဖွဲ့ပုံစံများကိုလည်း တွေ့ရနိုင်ပါသည်။ စာစီစာကုံးအမျိုးအစားသတ်မှတ်ရာတွင် အလေးကဲမှုအပေါ်တွင်မူတည်၍ အမျိုးအစားသတ်မှတ်ခြင်း ဖြစ်ပါသည်။ အများအားဖြင့် အဖွဲ့ပုံစံများတွင် သရုပ်ဖော်အဖွဲ့နှင့် ဖြစ်စဉ်ပြအဖွဲ့တို့သည် တွဲဖက်လေ့ရှိပြီး ဖွင့်ဆိုရှင်းပြအဖွဲ့နှင့် ကျိုးကြောင်းပြအဖွဲ့တို့သည် တွဲဖက်လေ့ရှိပါသည်။ အဖွဲ့ပုံစံတစ်မျိုးချင်း၏ သဘောသဘာဝကို ကျောင်းသားများ သိမြင်လာအောင် လေ့ကျင့်သင်ကြားပေးသင့်ပါသည်။

**စာစီစာကုံးသင်ကြားရေးအဆင့်ဆင့်**

(၁) အကြောင်းအရာရွေးချယ်ခြင်း

(၂) ခေါင်းစဉ်သတ်မှတ်ခြင်း

(၃) အချက်အလက်စုဆောင်းခြင်း

(၄) အချက်အလက်ကိုအစီအစဉ်ချခြင်း

(၅) အချက်အလက်နှင့်လိုက်ဖက်မည့် စကားအသုံးအနှုန်းရွေးချယ်ခြင်း

(၆) ဝါကျတည်ဆောက်ခြင်း

(၇) စာပိုဒ်ဖွဲ့ခြင်း

(၈) စာတစ်ပုဒ်လုံးချိတ်ဆက်ခြင်း

တို့ဖြစ်ပါသည်။

**(၁) အကြောင်းအရာရွေးချယ်ခြင်း**

စာစီစာကုံးရေးသားရန်အတွက် ရေးသားမည့်အကြောင်းအရာကို ကျောင်းသား အသက်အရွယ်နှင့် တွေ့ကြုံသိမြင်နိုင်သော အကြောင်းအရာမျိုးကို စဉ်းစားရွေးချယ်ပါစေမည်။ ကျောင်းသား၏ ရေးလိုသော အကြောင်းအရာပေါ် ထွက်လာစေရန် ဆရာက ဖော်ထုတ်ပေးသင့်ပါသည်။ ကျောင်းသားက ရေးမည့်အကြောင်းအရာကို ရုတ်တရက်စဉ်းစားမရလျှင် ဆရာကရေးသင့်သည့် အကြောင်းအရာများကို လမ်းကြောင်းပေးရပါမည်။ ကျောင်းသားသည် မိမိရေးမည့် အကြောင်းအရာအပေါ် စိတ်ဝင်စားမှု များပြားသည်နှင့်အမျှ စဉ်းစားလိုစိတ်သည်လည်း နိုးကြားလာမည် ဖြစ်သည်။ စာစီစာကုံး ရေးသားရမည့် အကြောင်းအရာသည် ကျောင်းသား၏ စိတ်ဝင်စားမှုကို အခြေမခံပါက စာစီစာကုံးကို ငြီးငွေ့သွားစေနိုင်ကြောင်း အထူးသတိပြုရပါမည်။

စာစီစာကုံးသည် အတွေ့အကြုံကိုအခြေခံ၍ ရေးသားရသည်ဖြစ်ရာ ရေးမည့်အကြောင်းအရာသည် မိမိကိုဗဟိုပြုရသည့် သဘောရှိပါသည်။ မိမိသင်ယူရသော ဘာသာရပ်များအနက်မှ စိတ်အဝင်စားဆုံးဘာသာရပ်၊ မိမိကြည့်ရှုဖူးသည့် ရုပ်ရှင်များမှ အနှစ်သက်ဆုံးရုပ်ရှင်၊ မိမိဖတ်ဖူးသည့် ကဗျာများမှ အနှစ်သက်ဆုံးကဗျာ၊ မိမိသွားရောက်ခဲ့ဖူးသည့် ခရီးသွားအတွေ့အကြုံ၊ မိမိကြည်ညို လေးစားရသောပုဂ္ဂိုလ်တစ်ဦး စသည့်အကြောင်းအရာမျိုးကို ရေးသားနိုင်ကြောင်း ဆရာက လမ်းကြောင်းပေးရပါမည်။ စာမေးပွဲအဖြစ် စစ်ဆေးအကဲဖြတ်သောအခါတွင်မူ ကျောင်းသားနှင့် သင့်လျော်သော အကြောင်းအရာမျိုးကို ရေးသားစေရမည်ဖြစ်သည်။

**(၂) ခေါင်းစဉ်သတ်မှတ်ခြင်း**

စာစီစာကုံးသင်ကြားရာတွင် ကျောင်းသားကိုယ်တိုင် ရေးသားမည့်အကြောင်းအရာကို စဉ်းစားပြီးနောက် အကြောင်းအရာနှင့် လိုက်လျောညီထွေဖြစ်မည့် ခေါင်းစဉ်ကို စဉ်းစားစေရမည် ဖြစ်ပါသည်။ မည်သည့်အကြောင်းအရာကို မည်သည့်ခေါင်းစဉ်ဖြင့်ရေးမည်ဆိုရာတွင် ကျောင်းသား ကိုယ်တိုင်စဉ်းစားဆုံးဖြတ်စေခြင်းဖြင့် စဉ်းစားတွေးခေါ်မှုကို ရင့်သန်လာစေမည်ဖြစ်ပါသည်။

**(၃) အချက်အလက်စုဆောင်းခြင်း**

ရေးသားမည့် အကြောင်းအရာ၊ ခေါင်းစဉ်နှင့် ကိုက်ညီမည့် အချက်အလက်များကို စုဆောင်းစေပါမည်။

DRE BOX Copyright Protected

## (၄) အချက်အလက်များကို အစီအစဉ်ချခြင်း

ကျောင်းသားများသည် မိမိအတွေ့အကြုံအလျောက် စိတ်ကူးဉာဏ်တွင် ပေါ်လာသော အချက်အလက်များကို မည်သို့ရှေ့နောက်ထားရေးသင့်သည်ကို အချက်အလက်ပြန်စီစဉ်ပါစေမည်။ ထိုသို့အချက်အလက်စီစဉ်ရာတွင် ဆရာက လိုအပ်သလို ဆွေးနွေးလမ်းညွှန်ပေးသင့်ပါသည်။

## (၅) အချက်အလက်နှင့် ကိုက်ညီမည့်စကားလုံးအသုံးအနှုန်းများကိုရွေးချယ်ခြင်း

စိတ်ကူးဉာဏ်တွင် ပေါ်လာသောအချက်အလက်များကို မည်သည့်စကားအသုံးအနှုန်းဖြင့် ဖော်ပြမည် ဆိုသည်ကို ဆရာကသင်ပြပေးသင့်ပါသည်။ စကားလုံးများတွင် အနက်အဓိပ္ပာယ် အပြည့်အဝ ရှိသော အနက်ပြစကားလုံး (နာမ်စကားလုံး၊ ကြိယာစကားလုံး၊ ကြိယာအထူးပြုစကားလုံး၊ နာမ် အထူးပြုစကားလုံး) တို့နှင့် ဝါကျတည်ဆောက်မှုအတွက်အသုံးပြုရသော အသုံးပြစကား (နာမ် နောက်ဆက်၊ ကြိယာနောက်ဆက်၊ ဝါကျအဆုံးသတ်) တို့အကြောင်းကို ရှင်းလင်းပြောပြပြီး မည်သည့် စကားလုံးကို မည်သည့်နေရာတွင် အသုံးပြုသင့်သည်ကို သင်ကြားပေးသင့်ပါသည်။ စကား အသုံးအနှုန်းကို လေ့လာရာတွင် မြန်မာစာအဖွဲ့ကထုတ်ဝေသည့် မြန်မာအဘိဓာန်ကို ရည်ညွှန်း ကိုးကားသင့်ပါသည်။

DBE BOX - Copyright Protected

## (၆) ဝါကျတည်ဆောက်ခြင်း

အာရုံခံစားမှုအလိုက် စိတ်ကူးဉာဏ်တွင် ဖြစ်ပေါ်လာသော စကားလုံးကလေးများဖြင့် ဝါကျ များ ရေးနိုင်အောင် ဆရာက လေ့ကျင့်ပေးသင့်ပါသည်။

## (၇) စာပိုဒ်ဖွဲ့ခြင်း

ဝါကျများကို စာပိုဒ်ဖွဲ့ရန်အတွက် စာပိုဒ်အကြောင်းကို ကျောင်းသားများ ရှင်းလင်းစွာ သိမြင်အောင် ဦးစွာသင်ကြားပေးသင့်ပါသည်။ စာပိုဒ်သည် ဝါကျအစုအဝေးဖြစ်ပြီး စာတစ်ပိုဒ်တွင် ပါဝင်သော ဝါကျများသည် အချက်အလက်တစ်ခုကို ဖော်ပြသည့် ဝါကျများသာဖြစ်သင့်ကြောင်း၊ အချက်အလက်တစ်ခုကို ဖော်ပြသည့် ဝါကျများထဲမှ အဓိကကျသည့်ဝါကျကို ဦးဆောင်ဝါကျဟု သတ်မှတ်နိုင်ပြီး ဦးဆောင်ဝါကျကိုဖြည့်ဆည်းပေးသည့် အခြားဝါကျများဖြင့် စာပိုဒ်တစ်ပိုဒ်ကို ရေးသား နိုင်ကြောင်း ရှင်းပြသင့်ပါသည်။

## (၈) စာတစ်ပုဒ်လုံးချိတ်ဆက်ခြင်း

စာစီစာကုံးတစ်ပုဒ်ကို ရေးသားရမည့် အချိန်အတိုင်းအတာပေါ် မူတည်ပြီး ရေးသားမည့် ပမာဏကို ချိန်ဆနိုင်ရန် အရေးကြီးပါသည်။ ရေးရန်ရရှိသည့်အတိုင်းအတာပေါ် မူတည်၍ စာပိုဒ်များ ကို စာတစ်ပုဒ်လုံးအဖြစ် အချိတ်အဆက်မိမိ ဖွဲ့စည်းရမည်ဖြစ်သည်။

**စာစီစာကုံးတစ်ပုဒ်ကို စစ်ဆေးအကဲဖြတ်ခြင်း**

စာစီစာကုံးတစ်ပုဒ်ကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသားတစ်ယောက်၏ ကိုယ်ပိုင်အတွေ့အကြုံ စိတ်ကူးစိတ်သန်းကို ဖော်ထုတ်နိုင်စွမ်း ရှိ၊ မရှိ စာအရေးအသားတတ်မြောက်မှုစွမ်းရည်တို့ကို အဓိကထား၍ စစ်ဆေးအကဲဖြတ်ရန်လိုသည်။ စာစီစာကုံးအရေးအသားကို လေ့ကျင့်သင်ကြားရင်း ကျောင်းသားတစ်ယောက်၏ မြန်မာစာအရည်အသွေးကိုပါ မြှင့်တင်ပေးသွားရန်လိုအပ်သည်။ စာစီစာကုံးအရေးအသားမှတစ်ဆင့် အခြားပြဋ္ဌာန်းစာများကို အကျိုးသင့်အကြောင်းသင့် တင်ပြဖြေဆိုနိုင်သည့် အလေ့အကျင့်ကိုလည်း ရရှိအောင် သင်ကြားသင့်ပါသည်။

DBE BOX - Copyright Protected